

Quality စာအုပ်တိုက်မှ စီစဉ်သည်။
သည်းထိတ်ရင်ဖို
ဒဂုန်ရွှေမျှား ၊ ဆင်ဖြူကျွန်း အောင်သိန်း ၊ ကြူးနှစ် ၊ နန္ဒသူ
မောင်ညိုမှိုင်း(သန်လျင်) ၊ ထောင်မှူးကြီးသိန်းဝင်း ၊ ဝသုန်ဟိန်းထက်
ကျော်မြင့်ကျော် ၊ လင်းသက်ခိုင် ၊ မောင်သာမန်(ဂီးကုန်း) ၊ ကျော်အေးရွှေ
နန်းကြေးသျှင် ၊ မကြည်ပြာ(သချာ)

# သည်းထိတ်ရင်ဖို မဂ္ဂဇင်း

ကုလားအရာဝန်၏ အကြံ

ဝီးရှင်းတုတ်တမ်အားတစ်ယောက်

အမှောင်ခန်းမှ သင်္ကေတများ

ကင်းတာတို့၏ အကြွန်ကမ်း

မာယန် (သို့မဟုတ်) ကလဲ့စားချေသိမ်းပွဲ

အိုင်အိုင်ကျမ်းမိန့်ဝင်းနှင့် မလိမ့်တာပတ် ဘန္ဒစ်

အိမ်ပျက်ကြီးမှ ခရီးသည်

ပုံပြင်မဟုတ်ပါ

ကျွန်မနှင့် အပြာရောင် ဿစ်ခွပန်းချီ

ကာမလွန်နှယ်ဓပ်မှ အပြန်

ညီ့

စံပယ် ကျေနပ်ပါလေတော့ . . .

လက်ချောင်းမရှိသော ဖဲသမားကျောက်ဒိုးနှင့် နားရွက်ပြတ် မှူးကြီး

## ဆုပြည့်စုံထွန်းစာပေမှ ထုတ်ဝေထားသော
## ကျောင်းသား/ကျောင်းသူများနှင့်ကလေးငယ်များဗဟုသုတရပြီး
## သိမှတ်စေရန်စာအုပ်ကောင်းများ

ဆုပြည့်စုံထွန်းစာပေ – အမှတ် ၅၀၈/၅၁၂ (၂–ခ) ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၃၆၆၄၊ ၃၈၆




ကျောင်းသားကျောင်းသူများနှင့်ကလေးများအတွက်ဗဟုသုတရစေရန်နှင့်
ဉာဏ်ပညာကြီးမားစေရန်ရည်ရွယ်၍ ဆုပြည့်စုံထွန်းစာပေမှ ပျော်ရွှင်စရာတီထွင်ကမ္ဘာ၊
ပျော်ရွှင်စရာအ[illegible]ကမ္ဘာ၊ ပျော်ရွှင်စရာမျက်လှည့်ကမ္ဘာ၊ ပျော်ရွှင်စရာဆန်းကြယ်ကမ္ဘာ၊
ပျော်ရွှင်စရာပုံပြင်ကမ္ဘာနှင့် ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ
အစရှိသောစာအုပ်များကို ကာလာများဖြင့် ပြန်လည်ဆန်းသစ်၍
စာအုပ်ကြီးကြီး ထုတ်ဝေလိုက်ပါသည်။

သို့ ..........

မှ ..........

စာအမှတ်..........
ရက်စွဲ..........

Quality စာအုပ်တိုက်မှ စီစဉ်သည်


Quality Publishing House


အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃

Quality Publishing Hous

...်ချုပ်အောင်ဆန်း၏
...သားဘဝနှင့်ပတ်သက်သော
...ကြောင်းအရာများကို
...ွဲ့စုံစွာဖော်ပြထားသော

...်သားကြီးဗိုလ်တေဇ

Quality စာတည်းအဖွဲ့




ဗိုလ်တေဇ

Quality စာတည်းအဖွဲ့




ဗိုလ်ချုပ်အောင်ဆန်း
ရဲဘော်သုံးကျိပ်

ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

ဒုတိယအကြိမ်






## Quality Publishing House


အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။



http://Quality.myanmaronlinesales.com တွင်

တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

2014 August

No:115


ဒုန်ရွှေများ

ကုလားသရာဝန်၏အကြံ ၆

ဆင်ဖြူကျွန်း အောင်သိန်း

ဝါးရင်းတုတ်တပ်သားတစ်ယောက် ၄၁

ဒေသုန့်တိန်းထက်

အမှောင်ခန်းမှ သင်္ကေတများ ၅၂

ကြူးနှစ်

လင်းတတို့၏ အပြန်လမ်း ၆၇

မောင်ညိုမြိုင် (သန်လျင်)

မာယာ (သို့မဟုတ်) ကလဲ့စားချေသိမ်းပွဲ ၇၈

ကျော်မြင့်ကျော်

ဒိုင်ဒုံ ကော့ပ်စိန်ဝင်း နှင့် မလိမ်တပတ် ဘာနုစ် ၉၈

နှင်းညို

အိမ်ပျက်ကြီးမှ ခရီးသည် ၁၂၃

စကြာညီကြာ(သင်္ချာ)

ပုံပြင်မဟုတ်ပါ ၁၅၀

လင်းသဘာခိုင်

ကျွန်မနှင့် အပြာရောင် သစ်ခွပန်းချီ ၁၆၄

မောင်သာမန် (ဦးတာနှိုင်း)

တမလွန်နယ်စပ်မှ အပြန် ၁၈၇

ဗေဒင်မျိုးကြီး သိန်းခင်

ညို့ ၂၀၀

ကျော်အေးရွှေ

စံပယ် ကျေနပ်ပါလေတော့ ။ ၂၁၄

နှင်းကြာသွင်

လက်ချောင်းမရှိသော ဗိသကာ ကောင်းကင်တိုး နှင့်

နားရွက်ဖြတ် မှူးကြီး ၁၅၀

Preview

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ဒေါ်လှမြင့်မောင် (ဝ၉ ၃၁၁၁၆၉၉၉)
အုပ်ချုပ်မှုအယ်ဒီတာ
မခင်မာရွှေ
အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်
ရုံးအဖွဲ့
ကိုစိုးညိမ်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းထွဋ်၊ နေဇင်လတ်၊ ဝေလင်း၊ ကျော်ကျော်၊
ယောမာလှိုင်၊ မြမြမှုးသင်း၊ ဝင်းဝင်းမော်၊ ဝင်းဝင်းမာ၊ အိမြူ၊ ပိုပို၊ မီမီ။
ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-၀၄၂၂၉)Quality Publishing House
အမှတ် - ၅၀၈/၅၁၂(၂ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
ဉာဏ်လင်းထက်
အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စိုးမြင့်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ဖိုးဇော်။
ကွန်ပျူတာနှင့် ဖလင်
Quality
ပုံနှိပ်သူ
ဖြိုးဝေလျှံပုံနှိပ်တိုက်(၀၀၆၅၉)
ဒေါ်ယဉ်ယဉ်မွန်၊ ဆန်စက်အပိုင်းရွှေပြည်းစက်ရုံးဝင်း၊ အထက်ပုဇွန်တောင်လမ်း၊
စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
ဇင်မေထွန်း
အုပ်ရေ- ၅၀၀
တန်ဖိုး- ၁၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် - ၅၀၈/၅၁၂ (၂ခ)လွှာ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၃၈၃၆၆၄၊ ၃၈၆၈၃၃။

Next Month Preview




**ထောင်ထမင်း**
မောင်ညိုမှိုင်း (သန်လျင်)

**ချွေးတစ်စက်**
တွင်းကြီးသား တင်ဝင်းဦး






**နက်ကျောအန္တရာယ်**
နန္ဒသူ


ဝတ္ထု -
ဒဂုန်ရွှေမျှား
ကုလားအရာဝန်အောက်ကြွ
ထောင်မင်းသားဦးဘိုးထော်
တို့မည်သည် မိမိ…က်သာသူတစ်ယောက်က ထိုသူ၏
ဆင့်အတန်း…ခြင်း၊ အရည်အချင်းရှိခြင်းဟူသော အကြောင်းအချက်တို့ကို
ကြည့်ဘဲ မျက်စိမှိတ်ထားကြပြီးလျှင် မတော်လောဘဖြင့်သာ ထိုသူ၏နေရာကို
သူလိုချင်တတ်ကြ၏။ ထိုသူ၏ ပျက်စီးရာ ပျက်စီးကြောင်းကို ကြံတတ်ကြ၏။
နည်းနှင့်မရခဲ့သော် အကြမ်းနည်းကို သုံးကြ၏။ နောက်ဆုံး
သူသေသည်အထိ လုပ်ကြံတတ်ကြလေသည်။
အကျဉ်းကျဘဝတူချင်း
သူနိုင်ကိုယ်နိုင် အသေအကြေ
ဘက်ပြိုက်လုပ်ကြံကြရာတွင် နည်းမျိုးစုံဖြင့်
ုပ်ကြံကြပေရာ နောက်ဆုံးတွင် အသက်ဘေးမှ
မျှလင့်ဘဲ ခံခံကလေး လွတ်မြောက်သွားရသည့်
ထောင်မင်းသားကြီးတစ်ယောက်အကြောင်း ..
2014

လူတို့မည်သည် မိမိထက်သာသူတစ်ယောက်က ထိုသူ၏ အဆင့်အတန်းမြင့်ခြင်း၊ အရည်အချင်းရှိခြင်းဟူသော အကြောင်းအချက်တို့ကို မကြည့်ဘဲမျက်စိမှိတ်ထားကြပြီးလျှင်မတော်လောဘဖြင့်သာထိုသူ၏နေရာကိုလုယူလိုချင်တတ်ကြ၏။ ထိုသူ၏ပျက်စီးရာ ပျက်စီးကြောင်းကိုကြံတတ်ကြ၏။ အနုနည်းနှင့်မရခဲ့သော် အကြမ်းနည်းကို သုံးကြ၏။ နောက်ဆုံး ထိုသူသေသည်အထိ လုပ်ကြံတတ်ကြလေသည်။

ထိုကိစ္စမျိုးမှာ စာရေး၊ စာရေး၊ မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင်၊ မင်းကြီးစသည့် ရာထူးကြီးကျယ်သော သူချင်းသာမဟုတ်၊ လူ့လောကတွင် နိမ့်ကျလှသည့် လောကငရဲဟု ထိုအခါကခေါ်သော ကျွန်ုပ်တို့ထောင်အတွင်းထောင်သားအချင်းချင်း၌ပင် ရာထူးလုမှုများ ရှိလေသည်။ တစ်ကြိမ်က ကျွန်ုပ်မှာ ရန်ကုန်ဗဟိုထောင်ကြီး၌ တနွေအဖြစ်ဖြင့် ရှိနေစဉ် (၁၂)မှတ်ရဟာရာတုတ်ကြီးဆိုသူသည် ကျွန်ုပ်အပေါ်၌ ဣဿာမစ္ဆရိယစိတ်ပွားကာ ကျွန်ုပ်အား အလိုလို မျက်မုန်းကျိုး၍နေရုံမျှမက ကျွန်ုပ်၏ရာထူးကိုပင် လိုချင်နေသူတစ်ယောက်ဖြစ်လေသည်။

တုတ်ကြီးမှာ ခွန်အားဗလကောင်းပြီးလျှင် လူတစ်ယောက်အား ရက်စက်စွာ ထိုးခုတ်သတ်ဖြတ်ဝံ့သူဖြစ်သော်လည်း ဉာဏ်ပညာ ဗဟုသုတကားခေါင်းပါးပြီးလျှင် အပေါင်းအသင်းနည်းသူဖြစ်လေသည်။ ကျွန်ုပ်မှာကား မိတ်ဖွဲ့ပေါင်းသည့်နေရာတွင် အထိုက်အလိုက်ရောနှောကာ ပေါင်းသင်းဆက်ဆံတတ်သဖြင့် ထောင်သားများသည် ၎င်းအား ရွံကြောက်ကြောက်ကြကုန်လျက် ကျွန်ုပ်မှာမူ ချစ်ကြောက်ရိုသေစွာ ရှိနေကြသည်။ တစ်နည်းအားဖြင့်ဆိုသော် ထောင်သားများအပေါ်၌ ဩဇာရှိခြင်းမှာ မေတ္တာဓာတ်ကင်းမဲ့လျက် ကျွန်ုပ်ကိုမူ ထောင်သားများသာမက ထောင်အရာရှိကြီးငယ်တို့ကပါ မေတ္တာထားကြလေသည်။



တုတ်ကြီးမှာ အခြားသူများအပေါ်တွင် မည်မျှ မိုက်စွမ်းပြခဲ့စေကာမူ ကျွန်ုပ်အပေါ်တွင်အတိအလင်း အတိုက်ခံမလုပ်ဝံ့ဘဲရှိရကား ကျွန်ုပ်ကလည်း သူ့အပေါ်တွင် ခပ်အေးအေး ခပ်တန်းတန်းနှင့် ခပ်မှန်မှန်သာ ဆက်ဆံခဲ့၏။

ထိုအကြိမ်မှာ ရန်ကုန်ထောင်သို့ ကျွန်ုပ် တတိယရောက်ခဲ့သော အကြိမ်ဖြစ်၍ ကျွန်ုပ်၏အမှုမဖြစ်ပွားမီ သုံးလခန့်က တစ်နေ့သော ည(၉)နာရီအချိန်လောက်တွင် မဂို(ယခုရွှေဘုံသာ)လမ်း၌ ထောင်မှ ထိုနေ့ကပင် လွတ်လာသည့်အကျဉ်းသားတစ်ယောက်အား ထမင်းများကျွေးမွေးလျက်ရှိ၏။ ထမင်းစားသောက်ပြီး၍ ဆိုင်မှထွက်လာရာ ကျွန်ုပ်ရှေ့ မလှမ်းမကမ်းတွင် အဝတ်အစား ခပ်နွမ်းနွမ်းဝတ်ထားသည့် လူတစ်ယောက်သည် မှောင်ရိပ်မှ ရုတ်တရက် ထွက်လာပြီးနောက် ကျွန်ုပ်ရှေ့မှ လမ်းလျှောက်သွားသော လူတစ်ယောက်အား လက်ထဲတွင်ပါသော တုတ်တိုတစ်ချောင်းနှင့် ခပ်ဆတ်ဆတ်ရိုက်လိုက်ပြီးလျှင် ထွက်ပြေးလေ၏။

ကျွန်ုပ်သည် မျက်စိအောက်၌ မတရားလုပ်သည်ကို မကြည့်နိုင်သဖြင့် ထိုသူအား လက်သီးဖြင့် တစ်ချက်လိုက်၍ထိုးရာ ကျွန်ုပ်၏လက်သီးမှာ ချက်ကောင်းကို မမိသဖြင့် ထိုသူသည် ရှေ့သို့ ဟပ်ထိုးဖြစ်ရုံသာ ဖြစ်၍သွားပြီးလျှင် တောင်ဘက်သို့ ထွက်ပြေးလေတော့၏။ ကျွန်ုပ်အဖော်ကမူ အံ့အားသင့်လျက်ရှိ၏။

အရိုက်ခံရသူမှာ ကုလားလူမျိုးတစ်ယောက်ဖြစ်၍ သတိကောင်းသူတစ်ယောက်လည်းဖြစ်ပြီးလျှင် ဦးခေါင်းကို တိမ်းရှောင်လိုက်သည်တွင် တုတ်ချက်မှာ ပခုံးပေါ်သို့သာ ကျရောက်လေသည်။ သို့သော် အရှိန်ကြောင့် နံဘေးသို့ စောင်း၍လဲသွား၏။ ကျွန်ုပ်တို့လည်း ထိုသူအား သွားရောက်မွေ့ထူရာမှာ ဒဏ်ရာမှာ အသားကိုမပေါက်ဘဲ ညိုမည်း၍နေသည်ကိုသာ တွေ့ရ၏။ အရိုက်ခံရသူမှာ မီးခိုးရောင်သက္ကလတ်ဘောင်းဘီရှည်၊ မီးခိုးရောင်ကုတ်အကျီအညိုရောင်၊ ရှူးဖိနပ် စသည်ဖြင့် သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသဖြင့် လူကုံထံတစ်ယောက်နှင့် တူလေသည်။

ထိုသူ ။ ။ "ကျေးဇူးတင်လိုက်လေ ခင်ဗျာ ...။ ကျွန်တော်က သတိနည်းနည်းလစ်သွားတယ်။ ဒီအကောင်တွေ ကျွန်တော့် ကြံစည်နေကြတယ်ဆိုတာ ကျွန်တော်သိတယ် ခင်ဗျ။ ဓာတ်ရထားမမီမှာ စိုးတာနဲ့ ရှေ့ကို စိုက်သွားနေတုန်း ခံလိုက်ရတာ။ ကျွန်တော်နဲ့ ပြိုင်ဘက် အကောင်တွေရဲ့ညက်ပေါ့"

ကျွန်ုပ်။ ။ "ဒဏ်ရာကကော သက်သာရဲ့လား"

သူ ။ ။ "ကိစ္စမရှိပါဘူး ခင်ဗျာ။ အရေပြားပေါ်လောက် သာ ထိသွားတဲ့ဒဏ်ရာပါ။ အိမ်ကျ ဆေးထည့်လိုက်ရင် ပျောက်သွားမှာပဲ"

ကျွန်ုပ်။ ။ "ကောင်းပါလေရဲ့ဗျာ။ မျက်စိအောက်မှာ မတရားတာလုပ်တာ ကျုပ်က မကြည့်ချင်တာနဲ့ လိုက်ထိုးတာပဲ"

သူ ။ ။ "ခင်ဗျားလိုက်ထိုးတာ ကျွန်တော် မြင်လိုက်ပါတယ်။ ဒါထက် - ခင်ဗျားတို့ကို ကျွန်တော် ကျေးဇူးဆပ်ပါရစေဗျာ"

ထိုသူသည် အိတ်ထဲမှ သားရေအိတ်ကို ထုတ်ယူလေ၏။

ကျွန်ုပ်။ ။ "နေပါစေဗျာ - ကိစ္စမရှိပါဘူး"

ဤသို့ ပြောပြောဆိုဆိုနှင့်ပင် ကျွန်ုပ်တို့လည်းထွက်လာရာ အရိုက်ခံရသူလည်းမြင်းရထားတစ်စီးပေါ်သို့တက်ကာမြင်းရထားသည်ဒါလဟိုဇီလမ်းမှ ဆူးလေဘုရားလမ်းဘက်သို့ ချိုးသွားသည်ကို မြင်လိုက်ရလေ၏။

— ★ —

ထောင်သို့ရောက်၍ (၆)လခန့် ကြာပြီးနောက် ကျွန်ုပ်လည်း ထောင်တနေ့အဖြစ်နှင့်ရှိသောအခါ နှစ်ကြီးသမားတစ်ယောက်ဖြစ်သော ဦးထုပ်ပြာ (၁၂)မှတ်ရတုတ်ကြီးသည် ကျွန်ုပ်အပေါ်တွင်ယခင်ကထက်မနာလိုမရှုဆိတ်ရှိခဲ့လေသည်။ ထောင်သားများက ကျွန်ုပ်အပေါ်တွင် ကြည်ညိုလေးစားခြင်းရှိလေလေ၊ ကျွန်ုပ်အပေါ်၌ သူမနာလိုလေလေဖြစ်ခဲ့၏။ သို့သော်အတိအလင်း



အတိုက်အခံမလုပ်ဝံ့သောကြောင့်တစ်နေ့နေ့တွင်ကျွန်ုပ်အားချောင်းမြောင်းကြံစည်လိမ့်မည်ဟုလည်း ကျွန်ုပ်ယုံကြည်ခဲ့၏။

ထောင်သားများ၏ အကျင့်စာရိတ္တကို ပျက်ပြားစေမည့်အရာ၌ ကျွန်ုပ်က အာဏာပိုင်များဘက်မှနေ၍ ထောင်သားများအား ဆုံးမသောအခါ သူသည် ထောင်သားများဘက်မှ အားပေးအားမြှောက်ပြုခဲ့၏။ ထောင်သားများ၏ နစ်နာချက်များကို ကျွန်ုပ်က ခေါင်းဆောင်လျက် အာဏာပိုင်များထံမှ ရဲရဲဝံ့ဝံ့တောင်းဆိုသောအခါ၌မူ သူသည်အာဏာပိုင်များဘက်မှနေ၍ကျွန်ုပ်အား အတိုက်အခံ လုပ်ခဲ့လေသည်။

လူတစ်ယောက်သည်မိမိအကျိုးထက် သူတစ်ပါး၏အကျိုးကိုမည်မျှပင် သည်ပိုးဆောင်ရွက်စေကာမူ အခါခပ်သိမ်းကြည်ညိုလေးစားခြင်းမခံရသည်မှာ မမှတာဖြစ်ကြောင်း ထိုအခါမှ ကျွန်ုပ်လည်း သင်ခန်းစာတစ်ခုရခဲ့၏။

တစ်နေ့သ၌ ထောင်ထဲသို့ ဆတ္တားဆိုသူ ကုလားကပြားဆရာဝန်တစ်ယောက်ရောက်ရှိလာရာ ၎င်းမှာ ပါရစီသူဌေးတစ်ဦး၏မိန်းမနှင့် ချစ်ကြိုက်သဖြင့် သူဌေးအား အဆိပ်ခတ်ရန် ကြံစည်မှုနှင့်သာ လျော့ပေါ့သော အပြစ်ကိုခံရခြင်းဖြစ်လေသည်။ ယခင်ကလည်းဆတ္တားသည်တစ်သက်တစ်ကျွန်းပြစ်ဒဏ်ကို ခံခဲ့ဖူး၏။ သို့သော် ကံအားလျော်စွာ နှစ်များမကြာမီက မဲဖြင့် လွတ်မြောက်လာခဲ့သူတစ်ယောက်ဖြစ်ကြောင်း သိရ၏။

ဤသို့ လွတ်မြောက်လာပြီးနောက် ရန်ကုန်တွင် ဆေးဆိုင်တစ်ဆိုင်ဖွင့်လှစ်ခဲ့ရာ အတော်အတန် ပစ္စည်းဥစ္စာ တိုးတက်ခဲ့လေသည်။ သို့ရှိစဉ် အထက်က ဖော်ပြသည့်အတိုင်း ပါရစီသူဌေးတစ်ဦး၏မိန်းမနှင့် မျောက်မထားကာ လင်ကြီးအားသေ သကြောင်းကြံစည်မှုဖြင့် ယခုအကြိမ် ရောက်ရှိလာခြင်းဖြစ်လေသည်။

တုတ်ကြီးမှာ တပည့်တပန်းများ မွေး၍နေသူဖြစ်သည့်အတိုင်း ထောင်ထဲသို့ရောက်လာသော လူသစ်မှန်သမျှအား ချော့တန်လျှင်ချော့၍လည်းကောင်း၊ ခြောက်တန်လျှင် ခြောက်၍လည်းကောင်း သူ့ဘက်သို့ပါအောင်

ဆွဲတတ်၏။ သို့နှင့် ဆတ္တွားအား အလုပ်ကြမ်းများကို စေခိုင်းရာ၌ တုတ်ကြီးက စောင့်ကြပ်ရန် အလုည့်ကျသောအခါ ဆတ္တွားအတွက် လူစားထိုးခြင်း၊ ပိုက်ဆံပေးရနိုင်က ငွားရမ်းပေးခြင်း အသက်သာဆုံးသောအလုပ်ကို ရွေးချယ်ပေးခြင်းစသည်တို့ဖြင့် ဆွဲဆောင်လျက်ရှိလေရကား တစ်လခန့်မျှကြာသောအခါ ဆတ္တွားမှာ တုတ်ကြီး၏လူလုံးလုံးဖြစ်၍သွားလေပြီ။

ထောင်အတွင်းသို့ စီးကရက်များ၊ ဆေးပြင်းလိပ်များ ခိုး၍သွင်းသော အလုပ်မှာ သမားရိုးကျအလုပ်ဖြစ်၏။ သို့သော် တစ်ခါတစ်ရံ ထို့ထက်ကဲ၍ ဘိန်းများ၊ ကိုကင်းနှင့် ဆေးခြောက်များကို အလွန်ထူးဆန်း လျှို့ဝှက်သော နည်းများဖြင့် သွင်းသေး၏။ ကျွန်ုပ်သိရသမျှမှာ လူမသမာများသည် ထောင်အတွင်းစားဖိုဆောင်သို့ ရောက်လာသည့် ထမင်းချက်များ၊ အိုးသူကြီးများ၏ အကူအညီဖြင့် သွင်းနိုင်ကြလေသည်။

ကိုကင်းနှင့် ဆေးခြောက်များကို ကန်စွန်းရိုးများအတွင်းသို့သွင်း၍လည်းကောင်း၊ ဘိန်းကို ခရမ်းသီးများအတွင်း၌ထည့်၍လည်းကောင်း သွင်းကြရာ တုတ်ကြီးမှာ ဤနည်းဖြင့် ပိုက်ဆံပေးနိုင်သော ထောင်သားများအား ထိုကုန်ပစ္စည်းများကို ဖြန့်ဖြိုးကာ အမြတ်ကြီးစား၍နေသူတစ်ယောက်ဖြစ်လေသည်။ ဆေးလိပ်သောက်ခြင်းမှာ ထောင်ဥပဒေနှင့် ဆန့်ကျင်၏။ သို့သော် ကျွန်ုပ်ကိုယ်တိုင်ပင် မနေနိုင်သည့်အခါများ၌ ဆေးလိပ်ကို ခိုး၍သောက်ခြင်းမှာ ထောင်ဥပဒေနှင့် ဆန့်ကျင်သည်ဆိုစေကာမူ လောကဝတ်အားဖြင့်လည်းကောင်း၊ လူတို့၏ထုံးတမ်းစဉ်လာအရလည်းကောင်း၊ မြတ်စွာဘုရား၏တရားတော်နှင့်လည်းကောင်း တစ်စုံတရာ ဆန့်ကျင်ခြင်း မရှိချေ။ သို့သော် ဘိန်း၊ ဘင်း၊ ကဖော်၊ လော့်စာ၊ အရက်တို့မှာ ဘာသာတရားနှင့် ဆန့်ကျင်သည်ကို ထားဘိဦး၊ ထောင်သားများ၏ အကျင့်စာရိတ္တကိုပို၍ပျက်စီးတတ်ခြင်းကိုကား ကျွန်ုပ်တို့ မငြင်းနိုင်ချေ။



သို့နှင့် ကျွန်ုပ်လည်း တုတ်ကြီးအား အခါအခွင့်ကောင်းကြုံ၍မိလောက်က လက်ပူးလက်ကြပ်ဖမ်းပြီးလျှင် ထောင်မှူးကြီးလက်သို့အပ်မည်ဟု စိတ်ကူးထား၏။ သို့နှင့် တစ်နေ့သောနံနက်ခင်း၌ စားဖိုဆောင်ဆီမှ ခပ်သုတ်သုတ်ထွက်သွားသော တုတ်ကြီးကို ရိပ်ခနဲ မြင်လိုက်ရသည်နှင့် ကျွန်ုပ်လည်း ၎င်းနောက်မှ လိုက်သွားလေ၏။ လက်သမားရုံအနီးသို့ ရောက်သောအခါ ၎င်းအား မီလာသဖြင့် ကျွန်ုပ်က -

"ဟေ့ - တုတ်ကြီး"

ဟု နောက်မှခေါ်လိုက်ရာ ကုတ်ကြီးမှာ မိုးကြိုးထိမှန်သကဲ့သို့ ဖျတ်ခနဲ ဖြစ်သွားလေသည်။ ၎င်း၏ ခါးပိုက်ထောင့်မှာ အနည်းငယ် ဖောင်း၍နေ၏။ ကျွန်ုပ်လည်း ၎င်းရှေ့မှ ရပ်လိုက်ကာ -

"ဟေ့ - မင်းခါးပိုက်ထောင်ထဲမှာ ဘာတွေလဲကွ"

"ကန်စွန်းရိုးတွေဗျာ။ အလကား ကောက်လာတာပါ"

"ဟေ့ - တုတ်ကြီး - ငါပြောတာ မင်းနားထောင်စမ်း။ ဒီကန်စွန်းရိုးတွေ ငါ့လက်ထဲ အပ်လိုက်။ မင့်ကို - ငါ ဘာမှမလုပ်ဘူး။ ထောင်မှူးကလေးတောင် မသိစေရဘူး"

"ကျုပ်က ဘာလုပ်လို့လဲဗျ။ ဒီလူ - ဘာလာပြီးကြောင်နေတာလဲ"

တုတ်ကြီးသည် ကျွန်ုပ်၏နံဘေးမှ ရှောင်ထွက်သွားမည်ပြု၏။ ထိုအချိန်တွင် အတော်ခပ်လှမ်းလှမ်းမှ ထောင်မှူးကလေး လျှောက်လာသည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့လက်ယာဘက် မနီးမဝေးတွင် ဗာရာတစ်ယောက်နှင့် ထောင်သားလေးယောက်တို့ အလုပ်လုပ်နေသည်ကိုလည်းကောင်း၊ မနီးမဝေး တွင်ရပ်နေသော ထောင်ပြာတာတစ်ယောက်ကိုလည်းကောင်း ကျွန်ုပ်သတိပြုလိုက်မိ၏။

တုတ်ကြီးကား အလွယ်နှင့် ပေးအပ်မည့်သူတစ်ယောက်မဟုတ်၊ သို့နှင့် ကျွန်ုပ်လည်း ၎င်း၏လက်တစ်ဖက်ကို ဖမ်း၍ချုပ်ကိုင်လိုက်၏။

တုတ်ကြီးသည် မိမိမလွတ်တော့ပြီဖြစ်ကြောင်း သိသည်နှင့် ကျွန်ုပ်၏ လက်မှ ရုန်းကန်ကာ ၎င်း၏လွတ်နေသော လက်ဝဲဘက်လက်သီးဖြင့် ကျွန်ုပ်၏မျက်နှာကို ချိန်ရွယ်၍ထိုးလေ၏။

သို့သော် ကျွန်ုပ်က ရှောင်း၍ပေးလိုက်သဖြင့် ကျွန်ုပ်၏ပခုံးစွန်းကိုသာ ထိုးမိလေ၏။



ပြုံးရယ်လိုက်သောအခါ၌ သူ၏မျက်လုံးများမှာ အတောက်အတန်ကြည်လင်ပွင့်လင်းသကဲ့သို့ ရှိနေသော်လည်း မျက်လုံးထောင့်၌ မပြုံးမရယ် ကျန်ရစ်ခဲ့သော မျက်နက်ကလေးတစ်ခုကို ကျွန်ုပ် သတိပြုလိုက်မိရာ ၎င်း၏ လက္ခဏာမှာ ပြုံးရယ်ခြင်းထက် ရန်ငြိုးသိုခြင်း၏ အနက်အဓိပ္ပာယ်ကို ပို၍ဆောင်လျက် ရှိ၏။



သို့ရှိစဉ် ထောင်သားလေးယောက်အနက်မှ တစ်ယောက်သည် ကျွန်ုပ်တို့ရှိရာသို့ ပြေးလာပြီးနောက် ကျွန်ုပ်အား လက်သီးဖြင့် ထိုးပြန်၏။

ကျွန်ုပ်အားနောက်ထပ်ထိုးသူမှာအခြားသူမဟုတ်၊ ဆရာဝန်ဆတ္တားပင် ဖြစ်လေသည်။

ထိုအခါ ကျွန်ုပ်မှာ သွေးပူ၍လာပြီးဖြစ်သဖြင့် တုတ်ကြီးထံမှ ဖမ်းဆီးရမည့်ပစ္စည်းများကိုလုံးဝသတိမေ့၍သွားပြီးလျှင် မိမိအသားနာသည့်အတွက်သာ အတိုးနှင့် ပြန်၍ဆပ်ရန်သာ သတိရတော့၏။

ဆတ္တားမှာ အားခွန်ဗလရှိသူတစ်ယောက်မဟုတ်သဖြင့် နားခေါင်းတွင် ကျွန်ုပ်၏ လက်သီးချက်တစ်ချက်မိရုံမျှနှင့် နောက်သို့လန်၍ ဖင်ထိုင်ကျသွားလေ၏။ တုတ်ကြီးမှာမူ ကျွန်ုပ်အား ဆက်ကာဆက်ကာ ထိုးလျက်ရှိရာ ကျွန်ုပ်၏မျက်နှာမှာ နှစ်ချက်ထိ၍ သွားသေး၏။

ထိုအခါ ကျွန်ုပ်လည်း သူ၏လက်သီးကို မရှောင်တော့ဘဲ ဗိုက်ဆီသို့ တစ်ချက်စွတ်၍ထိုးလိုက်ရာ ကျွန်ုပ်၏လက်သီးချက်မှာ အရှိက်ကိုထိ၍သွားသဖြင့် တုတ်ကြီးသည် ပက်လက်လန်၍ ကျသွားလေ၏။

ထိုအချိန်၌ထောင်သားအချို့နှင့်ဗာရာနှစ်ယောက်သည်လည်းကောင်း၊ ထောင်ပြာတာသည်လည်းကောင်း ကျွန်ုပ်တို့ အနီးသို့ ရောက်လာခဲ့လေပြီ။

ထောင်မှူးကလေးသည် ထောင်ပြာတာများ အကူအညီဖြင့် ကျွန်ုပ်၏ လက်ကို ဖမ်းဆီးချုပ်နှောင်လေရာ ကျွန်ုပ်က အကျိုးအကြောင်း ရှင်းလင်းပြောပြသောအခါမှ ကျွန်ုပ်၏လက်ကို လွှတ်လိုက်တော့၏။

ထို့နောက် တုတ်ကြီး၏ခါးပိုက်ထောင်အတွင်းမှ ကန်စွန်းရိုးများကို ယူပြီးလျှင်ကျွန်ုပ်တို့အားလုံးအားထောင်မှူးကြီးရုံးခန်းသို့ခေါ်သွားလေတော့၏။

— ★ —

အထက်ပါမှုခင်းကိစ္စအတွက် တုတ်ကြီးမှာ (၃)လတိုး၍သွား၏။ အိုးသုကြီးစံတင့်မှာ ဆေးခြောက်များကို သွင်းယူခြင်းကြောင့် ထောင်(၆)လမျှ ကျခံရ၏။

ဆတ္တားမှာ ကျွန်ုပ်အား လက်သီးနှင့် ထိုးသည့်အတွက် သုံးရက်မျှ အလုံထောင်တွင် ခံရ၏။ ကျွန်ုပ်မှာ တရားခံအား လက်ရဖမ်းဆီးပေးသည်မှန်သော်လည်း ထောင်သားနှစ်ယောက်တို့အား လက်သီးနှင့် ထိုးခြင်းသည် ထောင်ကို အထိတ်တလန့်ဖြစ်စေခြင်း၊ အကြီးအကဲများအား မရိုသေရာရောက်ခြင်းများ ဖြစ်၍ သတိပေးသည့်အနေနှင့် "လျှော့ရက်" ထဲမှ (၇)ရက်ဖြတ်တောက်ခြင်း ခံရလေသည်။

ထိုကိစ္စဖြစ်ပြီးသည့်နောက် တစ်လခန့်မျှ ကြာလတ်သောအခါ ကျွန်ုပ်နှင့်တုတ်ကြီးသည် ရေချိုးသည့်နေရာတွင် တွေ့ကြရာ တုတ်ကြီးသည် ယခင်ကကဲ့သို့ မျက်နှာထားမတင်းတော့ဘဲ မျက်နှာကို ခပ်ပြုံးပြုံးထားလျက် -

"ကျုပ်အပေါ်မှာ အမှတ်ထားသေးသလား - ကိုဘိုးထော်"

"မထားပါဘူးဗျာ - ခင်ဗျားက ခံရတဲ့လူပဲ။ ထားချင်းထားရင် ခင်ဗျားကသာ ကျုပ်အပေါ်ထားဖို့ ရှိပါတယ်"

"ကျုပ်က မကောင်းတာ လုပ်မိတာကိုးဗျ။ ကျုပ်အပြစ်ကို ကျုပ် ခံရပေမယ်ပေါ့"

"ကျုပ်က ကျေပါတယ်၊ ဘယ်လိုမှ သဘောမထားပါဘူး။ ခင်ဗျားတို့ တောင်ယာဘက်ကလူတွေ ဟင်းအရနည်းတယ်ဆိုလို့ ထောင်မှူးကြီးကို တောင် ကျုပ်ပြောလိုက်ပါသေးတယ်"

"ကျေးဇူးပေါ့ဗျာ"

လူချင်းခွဲကြသောအခါ ကျွန်ုပ်လည်း တုတ်ကြီးအကြောင်းကို ဤသို့ စဉ်းစားမိ၏။ တုတ်ကြီးမှာ သုံးလတိုးရုံမျှမက သူ၏အကြံအစည်လည်း လုံးဝ



ပျက်ပြားသွားသဖြင့် ကျွန်ုပ်အပေါ်တွင် မည်သည့်နည်းနှင့်မျှ ကျေနပ်မည် မဟုတ်ပေ။ လူမိုက်တို့မည်သည် မျက်နှာရျိုသွားရာမှ သေသည်အထိ ရက်စက်တတ်သဖြင့် တုတ်ကြီး၏ပြုံးရယ်ခြင်းမှာလည်း ရိုးသားသော ပြုံးရယ်ခြင်း မဟုတ်တန်ရာချေ။

ပြုံးရယ်လိုက်သောအခါ၌ သူ၏မျက်လုံးများမှာ အတော်အတန်ကြည်လင်ပွင့်လင်းသကဲ့သို့ရှိနေသော်လည်း မျက်လုံးထောင့်၌ မပြုံးမရယ် ကျန်ရစ်ခဲ့သော မျက်နက်ကလေးတစ်ခုကို ကျွန်ုပ် သတိပြုလိုက်မိရာ ၎င်း၏လက္ခဏာမှာ ပြုံးရယ်ခြင်းထက် ရန်ငြိုးသိုခြင်း၏အနက်အဓိပ္ပာယ်ကို ပို၍ဆောင်လျက်ရှိ၏။

"ကျုပ်အပြစ်ကို ကျုပ်ခံရပေမပေါ့"

ဟူသောစကားမှာလည်း တစ်မျိုးတစ်မည်အားဖြင့် ခပ်ထေ့ထေ့ ပြောလိုက်သောစကား ဖြစ်တန်ရာ၏။ သို့ဖြစ်၍ အလုံးစုံကို ခြုံ၍ကြည့်သော် -

"အေးကွယ် - မင်းတော့ - နေနှင့်ဦး။ တစ်နေ့နေ့တော့ - ငါ့အကြောင်း သိရစေမယ်ပေါ့"

ဟူ၍ ဆိုလိုဟန်ရှိကြောင်း ကျွန်ုပ် တွေးထင်မိ၏။ ကျွန်ုပ်တွေးထင်သည့် အတိုင်းလည်း မကြာမီ ဖြစ်ပေါ်လာတော့၏။

နောက် (၁၀)ရက်ခန့်မျှ ကြာသောအခါ ညဥ့် ကျွန်ုပ်တို့ အိပ်ရာဝင်ပြီး နောက်တစ်ခဏမျှကြာသောအခါ ကျွန်ုပ်၏အိပ်သော အခြားအခန်းဘက်မှ ကျွန်ုပ်အမည်ကိုခေါ်ကာ နီးစကလေးတစ်ခုဖြင့် ကျွန်ုပ်ပခုံးကို ထိုးလိုက်၏။ ထရံ၏အခြားဘက်တွင် ကျွန်ုပ်တပည့်ထဲမှ ခွေးပုဆိုသူတစ်ယောက် အိပ်သဖြင့် အကြောင်း တစ်စုံတစ်ရာ အရေးကြီးက ထရံအကြား ကျွန်ုပ်အားခေါ်နိုင်ကြောင်း ယခင်က ပြောထားဖူးသည့်အတိုင်း အချက်ပေးခြင်းဖြစ်ဟန်တူလေသည်။

သစ်သားထရံမှာ ထိုနေရာတွင် ကွဲ၍နေသဖြင့် အက်ကြောင်းကလေး ဖြစ်၍နေရာ ခွေးပုသည် ထိုအက်ကြောင်းကလေးမှ ကျွန်ုပ်၏ပခုံးကို နှီးစဖြင့် ထိုးလိုက်ခြင်းဖြစ်လေသည်။

"ဘယ်သူလဲဟေ့"

"ဆရာ - ဆရာ - ကျွန်တော်ပါ - ခွေးပုပါ"

"ဘာပြောချင်လို့လဲ - ခွေးပု"

"အရေးကြီးလို့ - ဆရာ၊ ထရံကို ဆရာ့နားနဲ့ကပ်ပြီး ထောင်စမ်းပါ"

"အေး - အေး - ထောင်မယ်၊ ကိုင်း - ပြောစမ်း"

"တုတ်ကြီးတို့လူစု - ဆရာ့ကို ကြံခနေတယ် - ဆရာ"

"ဘယ်လိုကြံတာလဲ"

"နက်ဖြန် တနင်္ဂနွေနေ့ မဟုတ်လား - ဆရာရဲ့၊ အမဲသားကျွေးလိမ့်မယ်"

"အဲဒါ - ဘာဖြစ်သလဲ"

"အမဲသားဟင်းထဲမှာ ဆရာ့ကို သူတို့ အဆိပ်ခတ်လိမ့်မယ်"

"သူတို့ချင်းတိုင်ပင်နေတာ ကျွန်တော်ကြားရလို့ပြောတာ - ဆရာ၊ ဒီတော့ - မနက်စာကို ဆရာ မစားပါနဲ့"

"မင်းအမှန်သိရဲ့လား - ခွေးပုရဲ့"

"ကျွန်တော်ပြောရင် ယုံပါ - ဆရာ"

"အေး - ကောင်းပြီ"

"ကျွန်တော်ပြောတယ်ဆိုတာလည်း ဘယ်သူမှမသိပါစေနဲ့နော် ဆရာ"

"အေးကွယ် - ငါနားလည်ပါတယ်၊ မသိစေရပါဘူး"

"သတိ ဝီရိယနဲ့ နေပါ - ဆရာ"

"အေးကွယ် - ခွေးပု၊ မင်းကို ငါကျေးဇူးတင်တယ် ဟေ့"



နောက်တစ်နေ့၌နံနက်စာအတွက်ပုံစံဆွဲသောအချိန်တွင်ကျွန်ုပ်လည်း ပုံစံဆွဲသောအပေါက်မှပုံစံခွက်ကိုလှမ်းယူရာ သာဆန်းဆိုသော ထောင်သားသည် စိတ်ထဲတွင် တစ်စုံတစ်ရာ မလုံသကဲ့သို့သော မျက်နှာနှင့် ပုံစံခွက်ကို ကျွန်ုပ်ရှိရာသို့ အပေါက်မှ ထိုး၍ပေးလိုက်၏။ သာဆန်းမျက်နှာ ပျက်သွားသည်ကိုမြင်သည်နှင့်တစ်ပြိုင်နက် ယမန်နေ့ညက ခွေးပု၏သတိပေးချက်မှာ မှန်လေပြီဟု ကျွန်ုပ် တွက်မိ၏။

ကျွန်ုပ်လည်း ပုံစံခွက်ကိုယူပြီးလျှင် ယခင်ကကဲ့သို့ အပေါင်းအဖော်များနှင့် မစားဘဲ ရေကန်နှင့် အနီးဆုံးသောနေရာတစ်ခုသို့ သွားပြီးလျှင် တစ်ယောက်တည်း စားဟန်ပြု၏။

ထိုနေ့က ထမင်းဆာလိုက်သည်မှာလည်း ပြောစရာမရှိချေ။ အမဲသားဟင်းနှင့် စားရမည့်နေ့တွင်မှ ဤကဲ့သို့ဖြစ်ရသည်ကို ကျွန်ုပ်မှာ စိတ်ထဲတွင် မချင့်မရဲပင်ဖြစ်မိ၏။ ထို့နောက် စားဖိုဆောင်အနီးမှ ကောက်ယူခဲ့သော ငှက်ပျောဖတ်တစ်ခု၌ ထမင်းကိုထည့်၍ ဟင်းနှင့်နယ်ပြီးသော် မိန်းမထောင်ဘက်မှ အဆောင်မှူး၏ခွေးမှာ ကျွန်ုပ်တို့၏ စားကြွင်းစားကျန်များကို နေ့စဉ်လာရောက်စားသောက်လေ့ရှိသည့်အတိုင်း ကျွန်ုပ်လည်း ၎င်းအား ကျွေးလိုက်လေ၏။

ခွေးကြီးသည် အမဲသားဟင်းနှင့်နယ်ထားသောထမင်းကိုအကုန်ဟပ်၍ စားပြီးနောက် မိန်းမထောင်ဘက်သို့ ပြေးနေကျအတိုင်း ပြန်၍ပြေးလေ၏။ သို့သော် ခြံဝရောက်သည်နှင့်တစ်ပြိုင်နက် အတွင်းသို့ မဝင်ဘဲ ပြန်၍လှည့်ပြီးနောက် ထိုနေရာ၌ပင် နှစ်ပတ်သုံးပတ်လှည့်ကာ ရှာရှာလည်၍ လဲကျသွားလေတော့၏။

ကျွန်ုပ်လည်း ထိုအကြောင်းကို အခြားထောင်သားများ မသိစေဘဲ ကျွန်ုပ်အား အထူးကြည့်ရှုစောင့်ရှောက်သည့် ထောင်မှူးကလေးကိုသာ အကျိုးအကြောင်း ပြောပြပြီးလျှင် လျှို့ဝှက်၍ ထားခဲ့လေသည်၊ အဘယ်ကြောင့်ဆို

သော် အဆိပ်ခပ်ကြောင်း ကျွန်ုပ်ရိပ်မိသော်လည်း ကျွန်ုပ်က သူတို့အား တစ်စုံတစ်ရာပြန်၍မလုပ်မှသာလျှင် သူတို့၏ခြေလှမ်း ရုတ်တရက် တန့်၍သွားမည်ဟု ကျွန်ုပ် ယူဆသောကြောင့် ဖြစ်၏။ ထောင်မှူးကလေးကိုသာ ကျွန်ုပ်အသိပေးခဲ့ရာ ထောင်မှူးကလေးလည်း ဤနေ့မှစ၍ ကျွန်ုပ်အား ပုံစံဆွဲသောအချိန်များတွင် ကျွန်ုပ်ကိုယ်တိုင် စားဖိုဆောင်သို့ သွားရောက်၍ အိုးသူကြီးအား ကူညီရန် နေရာတစ်ခု စီမံပေးခဲ့လေသည်။

အဆိပ်ခပ်ရန်မှာ သာမန်ထောင်သားများ ကြံစည်နိုင်သော အချက်မဟုတ်ပေ။ တုတ်ကြီး၏အကြံဟု ဆိုနိုင်စေကာမူ တုတ်ကြီးသည် ဆတ္တွား၏ အကူအညီမရဘဲ ကြံစည်နိုင်မည် မဟုတ်ချေ။ တုတ်ကြီးနှင့် ဆတ္တွားတို့မှာ မည်သည့်အခါ၌မဆို တပူးတွဲတွဲရှိနေခြင်း၊ ကျွန်ုပ်တို့၏ အရိပ်အကဲကို အမြဲစောင့်ကြပ်ကြည့်နေကြခြင်း၊ ကျွန်ုပ်တို့နှင့်တွေ့လျှင် မသိမသာ မျက်နှာပျက်သွားခြင်းတို့မှာ သူတို့၏ပြစ်မှုကို ပို၍ထင်ရှားစေသောအချက် ဖြစ်၏။

ဆတ္တွားမှာ ငွေကြေးတတ်နိုင်သူတစ်ယောက်ဖြစ်၍ အစားကောင်း အသောက်ကောင်းတို့ကို အပြင်မှ အမြဲသွင်း၍ စားသောက်နိုင်သူဖြစ်ရာ တုတ်ကြီးမှာ ဆတ္တွားကိုမှီ၍ ကောင်းစွာ စားသောက်နေရသည့်ပြင် ငင်းကိုလည်း သူ၏စူးဆောက်သဖွယ် အသုံးပြု၍နေခြင်းဖြစ်လေသည်။ တုတ်ကြီးတို့အဆောင်ဘက်၌ အုပ်ချုပ်ရသူ မှာ ကုလားထောင်မှူးတစ်ယောက်ဖြစ်၍ ဆတ္တွားသည် ထိုထောင်မှူးအား အတွင်းကြိတ် ပေးကမ်းနိုင်သူတစ်ယောက်ဖြစ်သည့်အတိုင်း အလုပ်အကိုင် ရှောင်ရှိုရုံမျှမက အပြင်မှ မိမိအလိုရှိသော ဆေးဝါးပစ္စည်းများ၊ ဆေးခြောက်များကိုပင် အလွယ်တကူ သွင်းယူနိုင်သည်ဟု ကြားသိရလေသည်။

အချိန်သည်တဖြည်းဖြည်းကုန်လွန်လာခဲ့ရာ တစ်နေ့တွင် ကျွန်ုပ်တပည့်တစ်ယောက်ဖြစ်ခဲ့ဖူးသော ကျော်သွဲ့ဆိုသူသည် ခါးပိုက်နှိုက်မှုတစ်ခုဖြင့် ရောက်လာ၏။ ကျော်သွဲ့မှာ ဤထောင်တွင် ကျွန်ုပ် ဒုတိယအကြိမ်ရောက်ခဲ့စဉ်က နှစ်လသုံးလခန့်မျှအတူနေခဲ့ဖူးသော ကျွန်ုပ်၏တပည့်ရင်းတစ်ယောက်ဖြစ်၏။ ယုံကြည်အားကိုးလောက်သူတစ်ယောက်လည်းဖြစ်၏။

ကျော်သွဲ့မှာ ကျွန်ုပ်တို့အဆောင်ဘက်တွင် တနင်္ဂနွေတစ်ပတ်ခန့်မျှကြာရှိသောအခါ ဆတ္တွားတို့အဆောင်ဘက်မှ လူလေးယောက်နှင့် လူချင်းလဲရာ၌ တွင် ပါသွားလေ၏။ သို့ဖြစ်၍ ကျွန်ုပ်က ကျော်သွဲ့အား အခြားဘက်သို့ ရောက်သောအခါ ကျွန်ုပ်၏တပည့်ရင်းဖြစ်သည်ကို ဆတ္တွားမသိစေရန်နှင့် ဆတ္တွား၏ အကြံအစည်များကို ကျွန်ုပ်အား အခါအခွင့်ရတိုင်း သတင်းပေးရန်အကြောင်း၊ တုတ်ကြီးကိုလည်း ချစ်ခင်ရှိသေဟန်ပြ၍ တပည့်ခံရန်အကြောင်း စသည်တို့ကို သင်ကြား၍ လွှတ်လိုက်၏။ ထိုအချိန်အတွင်း ကျွန်ုပ်တို့မှာ တစ်ဖက်နှင့်တစ်ဖက် တစ်စုံတစ်ရာ ဖြစ်ပွားခြင်းမရှိဘဲ အေးချမ်းစွာ ရှိနေခဲ့လေသည်။

— ★ —

ထို့နောက် ခေတ်ပြောင်းချိန်သို့ ရောက်၍လာခဲ့၏။ ဂျပန်များသည် အင်္ဂလိပ်နှင့်အမေရိကန်တို့အား စစ်ကြေညာသည်ဟူသောသတင်းကိုကြားရ၏။ မကြာမီ ရန်ကုန်သို့ဂျပန်လေယာဉ်ပျံများ လာရောက်ကာ ဗုံးကြဲချသည်မှာ နှစ်ကြိမ်တိုင်တိုင်ဖြစ်၏။ ထိုအခါ ထောင်ပိုင်များနှင့်တကွ မျက်နှာဖြူထောင်မှူးတို့မှာ နေ့စဉ်ပင် ခေါင်းချင်းရိုက်ကာ ရှိနေကြကုန်၏။ ဗုံးခိုကျင်းများကိုသူတို့အလုပ်တိုက်များအနီးတွင် တူးခြင်း၊ အရေးအရေးကြီးသောနေရာများနှင့် ထောင်တံတိုင်း စန္ဒရီကင်းတဲများတွင် သဲအိတ်များချထားခြင်း စသည့်အကာအကွယ်များကို ပြုလုပ်ကြ၏။

နောက်ရက်အနည်းငယ်အတွင်း၌ "မှောင်ချခြင်း" ပြုလုပ်ပြန်၏။ ဤရက်များအတွင်း နိုင်ငံရေးအချုပ်သမားများလည်း ထောင်အတွင်းသို့ တဖွဲဖွဲရောက်လာကြရာ အပြင်အပ၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို

ကျွန်ုပ်တို့ မသိရသော်လည်း ထောင်အတွင်း၌မူ လှုပ်လှုပ်ရှားရှားဖြစ်ကာ ဂနာမငြိမ်နိုင်အောင် ရှိနေတော့၏။

သို့နှင့် တစ်နေ့သောနံနက်တွင် ကျွန်ုပ်တို့ထောင်မှ အကျဉ်းသားအချို့ကို ရွေးပြီးလျှင် မြင်းခြံထောင်သို့ ပို့မည်ဟူသောသတင်းကို ကြားရ၏။ ထိုနေ့ နေ့လယ်တွင် ကျွန်ုပ်နှင့်ခင်သော ထောင်မှူးကလေးအား ထိုသတင်း မှန်၊ မမှန်ကို ကျွန်ုပ်မေးကြည့်ရာ ထောင်မှူးကလေးက -

"ဟုတ်တယ် - ကိုဘိုးထော်၊ ပို့ဖို့ (၇၆) ယောက် ရွေးပြီးပြီ၊ နှစ်ကြီးသမားထဲကနဲ့ နာမည်ကြီးတဲ့လူတွေပေါ့ဗျာ"

"ဒါဖြင့် - ကျွန်တော်မျိုးတို့လည်း ပါမှာပေါ့"

"နံပါတ်တစ်ထဲက ပါတာပေါ့၊ ခင်ဗျားမိတ်ဆွေတွေလည်း အားလုံးပါတယ်"

"ဘယ်သူတွေ ပြောတာလဲ - သခင်"

"တုတ်ကြီးတို့၊ ဆတ္တွားတို့၊ ဖြူလေးတို့၊ ကျော်သွဲ့တို့ လူစုပေါ့ဗျာ၊ ခင်ဗျားတို့တော့ ပျော်ပျော်ပါးပါး ရေလမ်းခရီးထွက်ကြရဦးမှာပေါ့"

ထို့နောက် ကျွန်ုပ်က မည်သည့်အတွက် ဤသို့ ပြောင်းရွှေ့ကြောင်း ထောင်မှူးကလေးအား မေးမြန်းကြည့်ရာ ၎င်းက ဤကိစ္စမှာ စစ်၊ နိုင်ငံရေး စသည်ကိစ္စများနှင့် တိုက်ရိုက်ပတ်သက်သဖြင့် မိမိ၌ တစ်စုံတစ်ရာ ပြောရေးဆိုခွင့်မရှိကြောင်း၊ နောက်တစ်နေ့ ညရထားနှင့်ပင် ပြည်မြို့သို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ ၎င်းမှတစ်ဖန် သင်္ဘောဖြင့် မြင်းခြံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ ထောင်သားများအား နောက်တစ်နေ့ညနေမှသာ ဤအကြောင်းကို အသိပေးမည်ဖြစ်၍ မည်သူအားမျှမပြောဘဲ နှုတ်လုံရန်အကြောင်း မှာကြားပြီးလျှင် ကျွန်ုပ်ထံမှ ထွက်သွားလေ၏။

နောက်တစ်နေ့ ညနေ (၃) နာရီ၌ ထောင်မှူးကြီး၊ ဒုတိယထောင်မှူးကလေးတို့သည် ဘုံစင်အနီးရှိ အလယ်ကွက်ပြင်တွင် ကျွန်ုပ်တို့အား တန်းစီစေပြီးနောက် ဤထောင်မှ အကျဉ်းသား (၇၆) ယောက်ကို မြင်းခြံထောင်သို့



ပြောင်းရွှေ့ရန် အထက်အစိုးရ အမိန့်ရရှိသဖြင့် ထို (၇၆) ယောက်တို့အား ထိုနေ့ည ရန်ကုန်မှ (၉) နာရီခွဲတွင်ထွက်မည့် ပြည်အဆန်ရထားနှင့် လိုက်ပါရမည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့နှင့်အတူ ကျွန်ုပ်တို့အား စောင့်ကြပ်ရသည့် သေနတ်ကိုင်ထောင်ပြာတာ (၂၀) အပြင် ထောင်မှူးကလေးနှစ်ယောက်လည်း လိုက်ပါမည်ဖြစ်ကြောင်း၊ ပြည်ရထားတွင် ကျွန်ုပ်တို့အတွက် လူစီးတွဲကြီး (၄) တွဲ အထူးသီးခြားထားမည်ဖြစ်ရာ ထောင်မှ (၈) နာရီခွဲတိတိတွင် ထွက်ရမည်ဖြစ်သည့်အတိုင်း မိမိတို့အဝတ်အစားများနှင့် အိပ်ရာလိပ်များကိုပါ အသင့်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ရန်ကုန်မှ ပြည်မြို့အထိ မီးရထားပေါ်၌လည်းကောင်း၊ ပြည်မြို့မှ မြင်းခြံအထိ သင်္ဘောပေါ်၌လည်းကောင်း ထောင်ပြာတာများနှင့်တကွ အထက်အရာရှိများကိုပါ တစ်စုံတစ်ရာ အနှောင့်အယှက်မပေးဘဲ စည်းကမ်းသေဝပ်စွာဖြင့် လိုက်ပါကြပါရန်အကြောင်း နောက်ဆုံး သတိပေးစကားပြောကြားပြီးလျှင် လိုက်ရမည့်သူ (၇၆) ယောက်အား တစ်ယောက်စီ အမည်စာရင်းခေါ်စေ၍ ထောင်မှူးကလေး ပြောခဲ့သည့်အတိုင်း ကျွန်ုပ်အား အတိုက်အခံလုပ်၍နေသူ တုတ်ကြီးတို့လူစုလည်း အမည်စာရင်းတွင် ပါရှိလေရာ ကျွန်ုပ်တို့မှာ ထိုသူများနှင့် ရန်ကုန်ထောင်ကြီး၌သာမဟုတ်၊ မြင်းခြံထောင်သို့ပင် သွား၍ ရေစက်ဆုံကြရဦးမည်အကြောင်းကို တွေးမိပြီးလျှင် တစ်ယောက်တည်း ကြိတ်၍ ရယ်မောမိသေး၏။

ည (၈) နာရီခွဲတွင် ထောင်ကြီးမှထွက်ခဲ့ရ၍ ကော်မရှင်နာလမ်းတစ်လျှောက်မှ မီးရထားဘူတာအထိ လျှောက်ခဲ့ရလေရာ ကျွန်ုပ်မှာ ထောင်ကြီးကို ပြန်၍ကြည့်ကာ ဝမ်းနည်းရတော့မည်ကဲ့သို့လည်းကောင်း၊ ဝမ်းသာရတော့မည်ကဲ့သို့လည်းကောင်း စိတ်ထဲတွင် တစ်မျိုးတစ်ဖုံဖြစ်မိ၏။ လူတို့မည်သည် မည်မျှပင် ဆင်းရဲဒုက္ခရောက်သည့်နေရာ၌ နေရစေကာမူ ထိုဌာနမှ ခွဲခွာ၍ တခြားတစ်နေရာသို့ ပြောင်းရွှေ့သွားကြရသောအခါ မိမိနေထိုင်ခဲ့သည့် နေရာဟောင်းကို တွယ်တာခင်မင်သည့် သံယောဇဉ်ကလေးသည် နှောင်

**ထူးဆန်းပုံမှာ ထိုငနွားငနဲ့**
**မျောက်ကလေးသည် ကြီးမွေးသည်သောဥတိုင်ကလေး**
**ပေါ်သို့တက်၍ ကစားနေရာမှ ရုတ်တရက် လဲကျကာ**
**ကိုယ်ကို ဆန့်ချည်တင်းချည် ပြုလုပ်ပြီးနောက် ငါးမိနစ်ခန့်**
**အတွင်း၌ပင် သေဆုံး၍ သွားလေ၏။**



ကြီးကလေးသဖွယ်ငြိတွယ်ရစ်ပတ်၍နေတတ်သည့်အလား ကျွန်ုပ်မှာ မျက်ရည်များ လည်းမတတ်ဖြစ်မိ၏။ အချို့သူများလည်း ၎င်းတို့၏မျက်နှာကိုမြင်ရခြင်းဖြင့် ကျွန်ုပ်ကဲ့သို့ပင် ရှိနေလိမ့်မည်ဟုထင်မိ၏။

ဘူတာရုံသို့ ရောက်သောအခါ မီးရထားမှာ လူများအလွန်စည်ကားပြည့်ကြပ်လျက် အထုပ်အပိုး ဝန်စည်စလယ်များစွာတို့နှင့် ရှိနေကြသဖြင့် ရန်ကုန်မြို့မှအထက်အညာသို့လူများအတော်ပြောင်းရွှေ့၍နေပြီဖြစ်ကြောင်း သိရ၏။

ကျွန်ုပ်တို့အတွက် သီးသန့်ထားသည့် တွဲကြီးလေးတွဲပေါ်တွင် ကျွန်ုပ်တို့နေရာရရှိပြီးသော်မီးရထားလည်းထွက်လေရာ ကျွန်ုပ်မှာ မောင်ရှဝေားသဖြင့် မဖူးမြော်နိုင်သော ရွှေတိဂုံစေတီတော်ကြီးဘက်သို့လှည့်၍ မျှော်မှန်းရမ်းဆကာ လက်အုပ်ချီ၍ အရှိအသေပြုမိ၏။



ကျွန်ုပ်တို့လိုက်ပါလာသော မီးရထားသည် ပြည်မြို့သို့ နံနက်(၆)နာရီခန့်တွင် ရောက်ရှိ၍ ကျွန်ုပ်တို့အား ဘူတာရုံမှ ကမ်းနားလမ်းတစ်လျှောက်သို့ ခေါ်ဆောင်သွားပြီးလျှင် သင်္ဘောဆိပ်သို့ရောက်သောအခါ ကျွန်ုပ်တို့အတွက် သီးသန့်ထားရှိသော သင်္ဘောတစ်စင်းပေါ်သို့ တက်ရ၏။

ထိုသင်္ဘောမှာ ပြည်နှင့် သရက်မြို့သွား ကူးတို့သင်္ဘောအရွယ်မျှရှိ၍ နှစ်ထပ်သင်္ဘောတစ်စင်း ဖြစ်လေသည်။ ပြည်ဆိပ်ကမ်းမှထွက်၍ ရေလယ်သို့သင်္ဘောရောက်သောအခါ ကျွန်ုပ်လည်းပတ်ဝန်းကျင်ရှုမျှော်ခင်းများကို ကြည့်ရှုမိ၏။

တောင်ဘက်တွင် စိမ်းလန်းစိုပြည်သော တော၊ တောင်များနှင့် လက်ဝဲဘက် ခပ်ကျကျ တောင်ထိပ်တစ်ခုပေါ်တွင် ရွှေတို့ဖြင့် ဝင်းလျက်ရှိနေသော ရွှေဆံတော် စေတီတော်ကြီးကိုလည်းကောင်း၊ မျက်နှာချင်းဆိုင်ကမ်းရှိ တောင်ဘက်ခပ်ယွန်းယွန်း၌ “တန့်ကြည့်တောင်” စေတီတော်ကိုလည်းကောင်း၊ ထိုမှတစ်ဖန် သင်္ဘောဦးဆီသို့ မျှော်လိုက်ပြန်သော် မြင့်မားသော တောင်ထိပ်ပေါ်ရှိ “ဖိုးဦးတောင်” စေတီတော်ကိုလည်းကောင်း ဖူးမြော်ရ၏။

မြို့၏မြောက်ဘက်တွင် လှေများရှိနေ၍ ၎င်း၏ အရှေ့ဘက်၌ ကျွန်ုပ်နှစ်ကြိမ်ရောက်ခဲ့ဖူးသော ပြည်မြို့ထောင်ကြီးကို သင်္ဘောပေါ်မှပင် မမြင်ရသော်လည်း မှန်းဆ၍ လွမ်းဆွတ်မိသေး၏။

သင်္ဘောမှာ နှစ်ထပ်သင်္ဘောဖြစ်သည့်အတိုင်း အောက်ထပ်တစ်ထပ်လုံးတွင် ကျွန်ုပ်တို့အားလုံးအား ထားရှိ၍ အထက်ထပ်တွင် သင်္ဘောအရာရှိများ၊ ထောင်မှူးများ ရှိလေသည်။

သင်္ဘောပေါ်သို့ရောက်သောအခါ သင်္ဘောဦးပိုင်းနှင့်ပဲ့ပိုင်းအပြင် အပေါ်ထပ်သို့ တက်သောလှေကားနှစ်ခု၌ သေနတ်ကိုင် ထောင်စောင့်များ ချထားလျက် ကျွန်ုပ်တို့အား တစ်စုံတစ်ရာ ချည်နှောင်ခြင်းမပြုဘဲ လွှတ်လပ်စွာ ထားလေသည်။

သင်္ဘော၏အလယ်၌ရှိသော စက်ခန်းကိုလည်းကောင်း၊ သင်္ဘောဦးမှ ကပ္ပတိန်၏အခန်းကိုလည်းကောင်း၊ ပဲ့ပိုင်းမှ သင်္ဘောကုလားများ အိပ်သော နေရာကိုလည်းကောင်း သစ်သားများဖြင့် ယာယီအကာအရံပြုလုပ်ထား၏။

သို့နှင့်ပင် ကျွန်ုပ်တို့မှာ အတော်အတန် လွတ်လပ်ချောင်ချိစွာ နေနိုင်လေသည်။

ပြည်မြို့ဆိပ်ကမ်းမှ ထွက်ခဲ့၍ သင်္ဘောသည် သရက်မြို့သို့ ရောက်သောအခါမှ ရပ်နားလေသည်။ ကျွန်ုပ်တို့၏နံနက်စာအတွက် စီစဉ်ပြီးဖြစ်သည့်အတိုင်း သရက်မြို့ဆိုင်ရာ အာဏာပိုင်တို့ထံမှပို့သော ထမင်းများကို စားရ၏။

သင်္ဘောမှာ ကျွန်ုပ်တို့လူစုနှင့် မလိုက်အောင် ကျယ်ဝန်းသဖြင့် တစ်နေ့လုံး ကျွန်ုပ်တို့လူစုမှာ လွတ်လပ်စွာရှိနေကြ၏။

သို့ရှိနေသည့်အတွင်း ဆဋ္ဌားသည် သင်္ဘောဦးခန်းဆီသို့ လမ်းသလားကာ ကပ္ပတိန်၏ ဘဏ္ဍာစိုးနှင့်လည်းကောင်း၊ ဘွိုင်ကုလားနှင့်လည်းကောင်း မိတ်ဖွဲ့ကာ စကားပြောဆိုလျက်ရှိနေသည်ကို မြင်ရသဖြင့် ၎င်းမှာ ထိုသူများထံမှ အစားသောက်ကလေးများကို ဝယ်ယူလို၍ သာကပ်ရပ်နေခြင်းဖြစ်သည်ဟု ထင်မိ၏။

သင်္ဘောဦးပိုင်းတွင် အကျဉ်းသားများရှိသော နေရာနှင့် ကပ္ပတိန်၏ အခန်းကို ခြားထားသော ယာယီပြုလုပ်ထားသည့် သစ်သားတန်းများ၏ အခြားဘက်၌ မျောက်ကလေးတစ်ကောင်ချည်ထားသည်ကို တွေ့ရ၏။

၎င်းမှာ သင်္ဘောကပ္ပတိန်၏ မျောက်ကလေးဖြစ်၍ ဘွိုင်ကုလား သည် မျောက်ကလေးအား ယုယပွတ်သပ်၍ပေးခြင်း၊ အစာကျွေးခြင်းများပြုလုပ်ကာ ထိန်းကျောင်းရ၏။ ဆဋ္ဌားသည် ဘွိုင်ကုလားနှင့် မိတ်ဖွဲ့ပြီးလျှင် မျောက်ကလေး၏ ဦးခေါင်းကိုပင် ပွတ်သပ်ကာ မျောက်ကလေးအား အရောတဝင် ပြုလုပ်နေသည်ကိုလည်း မြင်ရ၏။

ကျွန်ုပ်မှာ မြစ်ကမ်းနဖူးများတွင် တည်ထားသည့် ကျေးရွာများကိုလည်းကောင်း၊ သင်္ဘောပေါ်မှ ဖူးမြော်နိုင်သည့် ဘုရားပုထိုးများကိုလည်းကောင်း၊



စိမ်းလန်းသာယာသည့် ဝဲယာနှစ်ဖက်မှ ရှုမျှော်ခင်းများကိုလည်းကောင်း ကြည့်ရှုရင်း လိုက်ပါလာရာ တစ်ခါတစ်ရံ စိတ်ထဲတွင် မိမိကိုယ်ကို သာမန် အကျဉ်းသားတစ်ယောက်မဟုတ်ဘဲ ကုန်သည်တစ်ယောက်အနေနှင့် အထက်မြို့ကျေးရွာသို့ ခရီးသွားနေဘိသကဲ့သို့ ထင်မှတ်မိလေ၏။

ထူးဆန်းပုံမှာ ထိုနေ့ညနေ၌ မျောက်ကလေးသည် ကြိုးခွေချည်သော ငုတ်တိုင်ကလေးပေါ်သို့တက်၍ ကစားနေရာမှ ရုတ်တရက် လဲကျကာ ကိုယ်ကို ဆန့်ချည်တင်းချည် ပြုလုပ်ပြီးနောက် ငါးမိနစ်ခန့်အတွင်း၌ပင် သေဆုံး၍ သွားလေ၏။

ကပ္ပတိန်သည် မျောက်ကလေးသေရာသို့ လာရောက်ကြည့်ရှုကာ ဘွိုင်ကုလားအား စကားတစ်ခွန်းမျှ မေးမြန်းပြောဆိုပြီးနောက် တစ်ခဏမျှ မျောက်ကလေး၏အလောင်းကို ကိုင်တွယ်ကြည့်ရှုပြီးလျှင် ရေထဲသို့ ဖြည်းညင်းစွာ ချလိုက်၏။ လွန်ခဲ့သော (၁၀)မိနစ်ခန့်က ငှက်ပျောသီးကလေးတစ်လုံးကို အခွံနွှာ၍စားကာ ကြိုးချည်သော သံငုတ်ပေါ်တွင် တက်ချည်ဆင်းချည် ကစား၍နေခဲ့သော မျောက်ကလေးမှာ ရုတ်တရက် သေဆုံးသွားသည်ကို မြင်ရသောအခါ ကျွန်ုပ်မှာ များစွာစိတ်မကောင်းဖြစ်မိ၏။

လူသော်လည်းကောင်း၊ တိရစ္ဆာန်သော်လည်းကောင်း အဆင်မသင့်က ရုတ်တရက်သေဆုံးသွားတတ်ရာမတည်မြဲသော အနိစ္စသဘောတရားကိုပင် အခိုက်အတန့်အားဖြင့် သဘောပေါက်မိ၏။ ကျွန်ုပ်အနီးရှိ အခြားသူများမှာလည်း ကျွန်ုပ်ကဲ့သို့ပင် စိတ်မကောင်းဖြစ်ကြသည့် လက္ခဏာရှိ၍ ဆဋ္ဌားမှာမူ အခြားသူများထက်ပို၍ ရင်းနှီးရကား မျက်နှာမကောင်းဖြစ်ကာ စုတ်တသပ်သပ်ဖြင့် ရှိနေလေသည်။

— ★ —

ညနေ (၅)နာရီကျော်ကျော်ခန့်တွင် သင်္ဘောလည်း ဆင်ပေါင်ဝဲမြို့သို့ ဆိုက်ရောက်လာလေရာ ကျွန်ုပ်တို့သည် ထိုမြို့တွင် ညစာစားသောက်ကြရ၍

ဆိုင်ရာမြို့နယ်အရာရှိများနှင့် တင်ကြိုစီမံထားဟန် လက္ခဏာရှိပေသည်။ ဆင်ပေါင်ဝဲမြို့ကလေးမှာဧရာဝတီမြစ်အရှေ့ကမ်းတွင်တည်ရှိ၍သင်္ဘောများ မီးထိုးရန်အတွက်ထင်းများဖြည့်တင်းတင်ဆောင်ရသည့်စခန်းတစ်ခုဖြစ်လေသည်၊ သို့ဖြင့် ကျွန်ုပ်တို့ သင်္ဘောဆိပ်ကမ်းသို့ကပ်ပြီးသော် (၁) နာရီခန့်မျှ ထင်းများသယ်ယူသည်ကိုစောင့်ဆိုင်းနေရ၏။ ထို့နောက်ညနေဝင်ရီတရော အချိန်တွင်မြစ်လယ်သို့ထွက်ခွာ၍ ထိုညအဖို့ ကျောက်ချ၍ အိပ်လေသည်၊

ဤကဲ့သို့ ကမ်း၌ ကပ်၍မအိပ်ဘဲ ရေလယ်တွင် ကျောက်ချအိပ်ခြင်း အကြောင်းကို မေးမြန်းကြည့်သောအခါ ဆိပ်ကမ်း၌ အခြားသင်္ဘောများ အဝင်အထွက်ရှိနေသည်ကို အနှောင့်အယှက်မဖြစ်စေရန်တစ်ကြောင်း၊ ညဥ့်အချိန်တွင် သင်္ဘောပေါ်သို့ အပြင်လူများ မတက်စေရန်တစ်ကြောင်း၊ အကျဉ်းသားများ လက်လွတ်ထွက်ပြေးမည်ကို စိုးရိမ်သဖြင့်တစ်ကြောင်း စသည်တို့ကြောင့် ကမ်းမှခွာ၍အိပ်ကြောင်း နောင်မှသိရှိရလေသည်၊

ထိုည၌ကျွန်ုပ်တို့လည်းမိမိတို့ကြိုက်နှစ်သက်ရာနေရာကလေးများကို ရွေးချယ်ပြီးလျှင် မိမိတို့နှင့် အပေါင်းအသင်းဆန့်သူ အချင်းချင်း စုရုံးကာ နေရာယူကြလေ၏။ ကျွန်ုပ်မှာ သင်္ဘောဦးဘက်အစွန်းသို့ရောက်၍ ဆတ္တွားမှာ ကျွန်ုပ်နှင့် လေးငါးယောက်ခြား၌လည်းကောင်း၊ တုတ်ကြီးမှာ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်တန်းတွင် မျက်စောင်းထိုးလောက်ကျသော နေရာ၌လည်းကောင်း၊ ကျော်ဆန်းမှာ ဆတ္တွား၏ အခြားဘက်လူနှစ်ယောက်၊ သုံးယောက် ခြား၌လည်းကောင်း နေရာယူကြလေသည်၊ သင်္ဘောမှာ ကျွန်ုပ်တို့ လူဦးရေနှင့်စာလျှင် ကျယ်ဝန်းလှသဖြင့် ကျွန်ုပ်တို့အိပ်ရာမှာ တစ်ခုနှင့်တစ်ခု ပူးပူးကပ်ကပ် မရှိလှချေ။

ည(၈)နာရီထိုးတွင် အိပ်ရမည်ဖြစ်သဖြင့် အိပ်ရန် အချက်ပေးသံချောင်း ခေါက်သောအခါ ကျွန်ုပ်တို့သည် အိပ်ရာများ အသီးသီးပြင်ကြလေ၏။ သို့နှင့် ကျွန်ုပ်လည်း အိပ်ရာလိပ်ကို ဖြေလိုက်သောအခါ အိပ်ရာလိပ်အတွင်းမှ



ကင်းမလက်မည်းကဲ့သို့ မည်းမည်းအကောင်ကလေးတစ်ကောင် တက်လာပြီးနောက် စောင်ပေါ်တွင် ခင်းထားသော ကျွန်ုပ်၏ နံငယ်ပိုင်းပေါ်တွင် တရွရွ သွားလျက်ရှိလေ၏။ သင်္ဘောဦးပိုင်းတွင် လက်ဆွဲမီးအိမ်ကြီးတစ်လုံး ထွန်းထားသော်လည်းရန်သူလေယာဉ်ပျံများကိုကြောက်ရွံ့သဖြင့်အပြင်မှကွယ်၍ ထွန်းထားရသည့်ပြင် ကျွန်ုပ်အိပ်ရာမှာလည်း မှောင်ရိပ်ကျသဖြင့် ထိုအကောင်ကလေးကို သဲကွဲစွာ မမြင်ရချေ။

သို့နှင့် ကျွန်ုပ်လည်း ခြေဖြင့် ဖယ်ရှားလိုက်ပြီးလျှင် ရေပြင်ထက်သို့ ကန်၍ချလိုက်လေ၏။ ထို့နောက်ကျွန်ုပ်တို့လူစုလည်း ဘုရားပုထိုးရှိခိုးခြင်း၊ မေတ္တာပို့ခြင်း၊ စိပ်ပုတီးစိပ်ခြင်းအမှုများကို တစ်နာရီခန့်မျှပြုပြီးသော် (၉) နာရီကျော် ကျော်လောက်တွင်မှ ကျွန်ုပ်မှာ အိပ်ပျော်သွားလေသည်၊

မည်မျှလောက် အချိန်ကြာအောင် အိပ်ပျော်သွားသည် မသိရချေ၊ ကျွန်ုပ်မှာပက်လက်လှန်ကာ လက်ကိုအပေါ်သို့ပစ်လျက် သင်္ဘောလက်ရန်း သံတိုင်ကိုလက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း အိပ်ပျော်သွားလေရာ ထိုလက်၏ လက်ညှိုးအရင်းနားတွင် ဆေးလိပ်မီးနှင့် ထိုးလိုက်သကဲ့သို့ ပူခနဲဖြစ်၍ သွားပြီးနောက် အိပ်ရာမှ လန့်နိုးလေ၏။ လက်ကိုလည်း ဖျတ်ခနဲ ရုတ်လိုက်မိလေသည်၊ အချိန်မှာ ကျွန်ုပ်စိတ်ထင်အားဖြင့် (၁၂) နာရီကျော်ကျော်မျှသာ ရှိပေဦးမည်၊

ထိုအချိန်၌ အောက်ထပ်ရှိ မီးအိမ်များကို ငြိမ်းထားပြီးဖြစ်၍ အပြင်လရောင်ထိုးနေသည်မှတစ်ပါး မှောင်နှင့်မည်းမည်း ရှိနေ၏။

ကျွန်ုပ်သည် ခေါင်းရင်းသို့ လှမ်း၍ကြည့်လိုက်ရာ ကျွန်ုပ်လက်ဖြင့် ဆုပ်ကိုင်ထားခဲ့သော လက်ရန်းပေါ်သို့တရွရွသွားနေသည့်ညဥ့်ဦးကတွေ့ခဲ့သော ကင်းမလက်မည်းကဲ့သို့ မည်းမည်းအကောင်ကလေးတစ်ကောင် သွားနေသည်ကို မြင်ရ၏။

ကျွန်ုပ် လက်ညှိုးရင်း၌ ပူခနဲဖြစ်သွားခြင်းမှာ ၎င်းကိုက်လိုက်ခြင်းဖြစ်ဟန်တူလေသည်။

နီးကပ်စွာလိုက်၍ကြည့်ရှုသောအခါမှ ဆေးဖြူသုတ်ပြီးစ သဘော်လက်ရန်း အောက်ခြေသံရောင်းတန်းပေါ်တွင် တရွရွသွားနေသည့် ပင့်ကူနက်ကလေးတစ်ကောင်ကို တွေ့မြင်ရလေ၏။

လရောင်မှာ သံတိုင်လက်ရန်းပေါ်သို့ ထင်ရှားစွာ ကျရောက်လျက် ရှိရကား အမွေးအမှင်ကလေးများ ဖုံးအုပ်လျက်ရှိသည့် ၎င်း၏ခြေရောင်း၊ လက်ရောင်းကလေးများအပြင် အပေါ်ကျောလယ်တွင် ငွေမတ်စေ့ခန့်ရှိ နီနီဝိုင်းကလေးတစ်ခုကိုပင် တွေ့မြင်နိုင်လေသည်။

မည်သို့ပင်ဖြစ်စေ၊ မည်သည့်အကောင်ပင်ဖြစ်စေ ကျွန်ုပ်လည်း စဉ်းစား၍မနေဘဲ အနီးတွင် လက်နက်တစ်စုံတစ်ရာမရှိသည်နှင့် အိပ်ရာလိပ်သောကြိုးကိုကပျာကယာလေးခေါက်ချိုးပြီးလျှင်တစ်ချက်တည်းရိုက်၍ချလိုက်ရာ ပင့်ကူကလေးသည် ထက်ပိုင်းပြတ်ပြီးနောက် ရေထဲသို့ကျသွားလေ၏။

ပင့်ကူရုပ်ခြင်းများမှာ ကျွန်ုပ်တို့ မြန်မာအယူအဆအားဖြင့် ဆီနှင့်မထိလျှင် တစ်စုံတစ်ရာ စိုးရိမ်ရန်မရှိချေ။ သာမန်အဆိပ်ဖြေရွက်ကလေးများ၏အရည်ကို လိမ်းကျံရုံမျှနှင့် ပျောက်ကင်းနိုင်၏။

သို့သော် မည်သည့်ဆေးဝါးဟူ၍မျှလည်း မရှိချေ။

ထို့ပြင် ၎င်းကိုက်လိုက်သောနေရာမှ သွေးကလေးပင် စို့ထွက်လျက်အပူသက်သာ၍သွားသည် ဆိုရစေကာမူ လက်ညှိုးတစ်ခုလုံးသည် တဖြည်းဖြည်း ထုံ၍လာလေ၏။

တစ်ဖန် လက်ညှိုးမှ ကျန်လက်ချောင်း၊ လေးချောင်းသို့ ကူးစက်လာပြန်၏။

ကျွန်ုပ်လည်း အိပ်ရာချင်းကပ်နေသော သာဆန်းဆိုသူအား နှိုး၍ပြောရာ သာဆန်းသည် အိပ်မှုန်စုံမွှားနှင့် ထပြီးနောက် -



"ပင့်ကူရုပ်တာလောက်တော့ကိစ္စမရှိပါဘူး - ဆရာရယ်။ တံတွေးကလေးနည်းနည်းတို့ထားလိုက်ပေါ့ - ပျောက်သွားပါလိမ့်မယ်။ တံတွေးဟာ ဆေးတစ်ပါးပဲ - ဆရာရဲ့"

ဟုပြောပြီးနောက်မကြာမီ တခေါခေါဟောက်ကာ အိပ်ပျော်၍သွားလေ၏။

ထုံကျဉ်ခြင်းသည်ကား မသက်သာဘဲ တဖြည်းဖြည်း အထက်သို့တက်၍လာလေရာ နံနက်လင်းသောအခါတွင် ကျွန်ုပ်၏ လက်ယာဘက်လက်မှာ မမြောက်နိုင်တော့ချေ။

နံနက်လင်း၍ ကျွန်ုပ်လည်း ထောင်မှူးကလေးအား အကျိုးအကြောင်းပြောပြသောအခါ ထောင်မှူးကလေးသည် ပင့်ကူကိုက်သော နေရာကို "တင်ရာ" ဆေးရည်များ ထည့်၍ပေး၏။

သို့သော် တစ်ခဏမျှသာ သက်သာရာရသကဲ့သို့ ရှိပြီးနောက် ထုံကျဉ်ခြင်းသည် လက်မောင်းတွင် မရပ်သေးဘဲ လက်မောင်းမှသည် ကိုယ်၏လက်ယာဘက်ခြမ်းသို့ တဖြည်းဖြည်း ရောက်လာခဲ့လေ၏။

— ★ —

သင်္ဘောမှာ နံနက် (၄) နာရီအချိန်တွင် ထွက်ခဲ့၍ (၈) နာရီခန့်တွင် မိချောင်းရဲရွာကလေးကို ကျော်လွန်ပြီးနောက် နံနက် (၁၀) နာရီသာသာတွင် မြန်မာမင်းများလက်ထက် ခံတပ်မြို့ဟောင်းဖြစ်ခဲ့ဖူးသည့် မင်းလှမြို့သို့ ဆိုက်ကပ်မိလေသည်။

ထိုဆိပ်ကမ်းတွင် နံနက်စာ စားကြ၏။ သို့သော် ကျွန်ုပ်မှာ ထမင်းကို တစ်လုတ်နှစ်လုတ်မျှသာ စားနိုင်ပြီးလျှင် ညနေစောင်းသို့ ရောက်သောအခါ ကိုယ်တစ်ခြမ်းမှာ အတော်ပင် မာကြောတောင့်တင်းလျက် ရှိနေလေပြီ။

ခွေးပုနှင့် ကျော်သွဲ့တို့လည်း ကျွန်ုပ်အနီးသို့ လာရောက်ကာ တတ်နိုင်သမျှပြုစုလျက်ရှိကြကုန်ရာ ထောင်မှူးကလေးသည် ကျွန်ုပ်အား ခွေးထုတ်ဆေးနှင့် ရေနွေးများကို သောက်စေ၏။

ခွေးအနည်းငယ် ထွက်လာသဖြင့် အတန်ငယ် သက်သာရာရသကဲ့သို့ ရှိနေသော်လည်း ထိုညတွင် ညစာ မစားနိုင်တော့ချေ။

ကျွန်ုပ်တို့မှာ ညစာကို မကျွေးမြို့မှ တင်ပို့သဖြင့် ဖက်ရွက်များနှင့်ထုပ်၍ ယူခဲ့ကြရလေသည်။

ဤသို့ဖြင့် အစဉ်အတိုင်း ဆန်တက်ခဲ့ရာ သင်္ဘောသည် "ညောင်လှ" သို့ ဆိုက်ရောက်သောအခါ အတော်ပင် မိုးချုပ်ခဲ့လေပြီ။

သို့နှင့်ရေနံချောင်းသို့အထိ ဆန်တက်ခြင်းမပြုဘဲ ညောင်လှတွင်ကမ်းမှ အနည်းငယ်ခွာပြီးလျှင် ကျောက်ချ၍ အိပ်လေ၏။ ကျွန်ုပ်၏ဝေဒနာမှာ မစံမရပ်နိုင်အောင် ကိုက်ခဲနာကျင်ခြင်း မရှိချေ။

သို့သော် ကိုယ်အင်္ဂါများ တဖြည်းဖြည်း ထုံ၍လာခြင်းကိုကား သိသိသာသာကြီး ခံစားရလေသည်။ ခွေးပုသည် ကျွန်ုပ်အား နှိပ်၍နေရာမှ -

"ဘယ့်နှယ်နေသေးလဲ - ဆရာ"

"လူကတော့ နေကောင်းသလိုလိုပဲကွယ့်။ ဒါပေမဲ့ - ဒီဘက်က ကိုယ်တစ်ခြမ်းက သေရှင်လာတယ်"

"လက်ကကော - ဆရာ"

"လက်ကတော့ တစ်ခါတည်း ဘာမှမရှိတော့သလိုပဲ နာလည်းမနာ၊ ကျဉ်လည်းမကျဉ် - ဘာမှမသိတော့ဘူးကွာ"

"ပင့်ကူရုပ်တာမှ ဟုတ်ရဲ့လား - ဆရာ"

"သေသေချာချာတော့ မသိဘူးပေါ့ကွယ်။ နို့ပေမဲ့ - ငါ့လက် ရုတ်လိုက်တော့ အကောင်ကို အတွေ့ရသားပဲကွာ"



"ဆရာပြောတာက ပင့်ကူအနက်ကလေးဆိုတော့ တောပင့်ကူကြီးများလား - ဆရာ"

"တောပင့်ကူဆိုရင်လည်း အကောင်ကြီးမှာပေါ့ကွယ့်။ အခုတော့ သိပ်မကြီးလှဘူး ခပ်ငယ်ငယ်ပဲ"

"ကျွန်တော့်စိတ်ထင်တော့ ဆင်ပေါင်ဝဲက ထင်းတင်ရင်း ပါလာတယ် ထင်တယ် - ဆရာ"

"ထင်းတွေ ပုံထားတာက အလယ်စက်ခန်းနားမှာပဲကွယ်"

"ဒါပေမဲ့ - ထင်းပုံက လက်ရန်းကိုတက်ပြီး လက်ရန်းက လျှောက်လာတာဖြစ်မှာပေါ့ - ဆရာရဲ့၊ အခုတွေ့ရတာလည်း လက်ရန်းက အောက်တန်းပေါ်မှာ မဟုတ်လား"

"အေး - ဟုတ်တယ်"

"ဟုတ်ပါပြီ - ဆရာ၊ ထင်းထဲမှာပါလာတဲ့ တောပင့်ကူကိုက်တာပါပဲ၊ နက်ဖြန် - ပျောက်သွားပါလိမ့်မယ်"

ထို့နောက် အိပ်ရန်သံချောင်းခေါက်လေရာ ကျော်သွဲ့နှင့် ခွေးပုတို့လည်း ၎င်းတို့နေရာသို့ အသီးသီး ပြန်သွားကြပြီဖြစ်၍ ကျွန်ုပ်လည်း မျက်စိကို ဖွတ်မှိတ်၍ အိပ်ရလေ၏။

အိပ်မပျော်မီ ကျွန်ုပ်လည်း အောက်ပါအတိုင်း စဉ်းစားမိ၏။ ငါသည် အရွယ်ရောက်သည့်အချိန်မှစ၍ထောင်အမျိုးမျိုးတွင် ကျခံခဲ့ဖူးရာ ငါမရောက်ဖူးသည့် ထောင်ဟူ၍ မရှိသလောက်ဖြစ်ခဲ့၏။ ဤအသက်အရွယ်ထိ ထောင်ထဲတွင် နေရသောနှစ်မှာ အပြင်တွင် နေရသည့်နှစ်ထက် များခဲ့၏။ ထိုထောင်များတွင်လည်း အများအားဖြင့် ထောင်တန္တေအဖြစ်ဖြင့် နေခဲ့ရာ ငါသည် ထိုအခွင့်အရေးကိုယူကာ ထောင်သားများအားမည်သည့်အခါမျှ မတရားနှိပ်စက်ခြင်းကို မပြုခဲ့ဘူးချေ။

ထောင်သားများ၏အခွင့်အရေးကိုအစွမ်းကုန်ရအောင်ဆောင်ရွက်ခဲ့၏။ မိုက်သောသူများကို ဆုံးမခဲ့၏။ လိမ္မာသောသူများထံ ချဉ်းကပ်ခဲ့၏။ လူကြီးမိဘဆရာသမားများကိုရိုသေခဲ့၏။ လူတို့၏အကျင့်စာရိတ္တကိုထိန်းသိမ်းခဲ့၏။ ပညာဗဟုသုတကို ရှာမှီးခဲ့၏။ လူအများအား ကြင်နာသနားခဲ့၏။ သို့ပင်ဖြစ်လင့်ကစား တစ်ခါတစ်ရံ ယုတ်မာသောသူများ ပေါ်ပေါက်လာကာ ငါ့အားမလိုမုန်းတီးလျက် အဆိပ်ကျွေး၍သတ်သည်အထိ လုပ်ကြံခြင်းခံရ၏။

သို့သော် ငါကား ဘဝကုသိုလ်ကြောင့် ရင်းတို့လက်နက်ဖြင့် မသေခဲ့ချေ။ နောက်ဆုံးတွင် ဘာမဟုတ်သော တောပင့်ကူတစ်ကောင်ကိုက်ခြင်းဖြင့် သေရချေတော့အံ့ဟု အောက်မေ့မိ၏။ ယခင်က ကျွန်ုပ်ဖြစ်ပျက် တွေ့ကြုံခဲ့ဖူးသည့်အကြောင်းများကို အပ်ချည်အမျှင်တန်းသကဲ့သို့ လျှောက်၍စဉ်းစားမိလေ၏။ ထို့နောက် ဤသို့စဉ်းစားနေရာမှ မေ့စနဲ့ဖြစ်သွားပြီးလျှင် အိပ်ပျော်၍သွားလေ၏။

— ★ —

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိရချေ။ ကျွန်ုပ်၏ကိုယ်ပေါ်သို့ အလွန်လေးလံသော အရာကြီးတစ်ခု လာ၍ပိသကဲ့သို့ ထင်မှတ်ရပြီးနောက် ကျွန်ုပ်လည်း အလွန်ကြောက်ရွံ့ပြီးလျှင် အိပ်ရာမှ ဖျတ်ခနဲ လန့်၍နိုးလေ၏။ ထိုအချိန်၌ကား သဘောတစ်စင်းလုံး တိတ်ဆိတ်လျက်ရှိပြီးလျှင် မီးအိမ်အားလုံးမှာ ငြိမ်းထားပြီဖြစ်၍ မှောင်နှင့်မည်းမည်းရှိလေရာ သဘောနံဘေးမှ လှိုင်းပုတ်သောအသံကလေးများသာ တစ်ခါတစ်ရံကြားရလေသည်။

ကျွန်ုပ်လည်း မျက်လုံးများကိုဖွင့်ကြည့်ရာ လူတစ်ယောက်သည် ကျွန်ုပ်ရင်ဘတ်ပေါ်သို့ ခွ၍စီးလျက် ဓားမြှောင်တစ်လက်ဖြင့်လည်း ကျွန်ုပ်၏လည်မျိုကိုထောက်ထားလေသည်။ ထို့နောက် ကျွန်ုပ်နားနားသို့ကပ်၍ လေသံဖြင့်-



"မအော်နဲ့နော် - ဓားမြှောင်ဖျားမှာ အသက်ပျောက်သွားမယ် နားလည်လား"

"မအော်ပါဘူးဗျာ - မအော်ပါဘူး။ ခင်ဗျား - ဘာလိုချင်လို့လဲ"

"ကောင်းကောင်းနိုးပြီလား - ကိုဘိုးထော်။ မကြောက်ပါနဲ့ - ကျုပ်ပါဗျ"

"နိုးပါပြီဗျ။ နေပါဦး - ခင်ဗျား - ဘယ်သူလဲ"

"တိုးတိုးပြောဗျ။ အနားကကောင်တွေ နိုးကုန်မယ်။ ကျုပ်ဟာ ဆတ္တားလေ။ ခင်ဗျားကို အရင်က မကောင်းကြံခဲ့တဲ့ ဆရာဝန်ဆတ္တားပေါ့"

သူသည် ဓားမြှောင်ကို ရုတ်သိမ်းလိုက်ပြီးနောက် ကျွန်ုပ်၏ကိုယ်ပေါ်မှ ဆင်းကာ ကျွန်ုပ်နံဘေးတွင်လှဲ၍ အိပ်လိုက်လေ၏။

"အခုလို အကြမ်းလုပ်ရတာက ခင်ဗျား အိပ်ရာကနိုးပြီး ယောင်အော်လိုက်မှာစိုးလို့ လုပ်ရတာပါ - ကိုဘိုးထော်။ စိတ်မရှိနဲ့နော်။ အခုရလည်တော့ ခင်ဗျား - ကျုပ်ကို ခွင့်လွှတ်နိုင်ပါလိမ့်မယ်"

ထိုအခါမှ ကျွန်ုပ်လည်း အခြေအနေကို ကောင်းစွာ သိရှိနားလည်တော့၏။ ဆတ္တားမှာ ကျွန်ုပ်၏ရန်သူတစ်ယောက်ဖြစ်ပြီးလျှင် ကျွန်ုပ်အား ဓားမြှောင်နှင့် ထိုးသတ်ခွင့်ကြုံပါလျက် အဘယ်ကြောင့် မသတ်လေသနည်း။

"အခုလို အကြမ်းကိုင်ရတာက အခြားမဟုတ်ဘူး - ကိုဘိုးထော်၊ အိပ်မှုန်စုံမွှားနဲ့ ခင်ဗျားက လန့်ပြီးအော်လိုက်ရင် ကျုပ်ဒုက္ခဖြစ်မှာစိုးလို့ ကာကွယ်ရတာဗျ။ ဒီဟာကို - ပထမ - ခင်ဗျား နားလည်စေချင်တယ်"

"နားလည်ပါပြီဗျာ"

"ပြီးတော့ - ခင်ဗျားကို ကျုပ်ရန်ရှာရအောင် လာတာမဟုတ်ဘူး ကိုဘိုးထော်။ ခင်ဗျားကို အရင်က တုတ်ကြီးနဲ့ပေါင်းပြီး ကျုပ် မကောင်းကြံခဲ့တာ မှန်တယ်၊ ဒါပေမဲ့ - ခင်ဗျားဟာ ကျုပ်ကျေးဇူးရှင်တစ်ယောက်ဖြစ်ကြောင်းသိတာနဲ့တစ်ပြိုင်နက် ကျုပ်မှားပြီဆိုတာ ဝန်ခံပြီး ခင်ဗျားကို တောင်းပန်ဖို့ပဲ ရှိတော့တယ်၊ ခင်ဗျားဟာ ကျုပ်အသက်ကို ကယ်ခဲ့ဖူးတဲ့ လူတစ်ယောက်ဗျ"

"ခင်ဗျားအသက်ကို ကျုပ် ကယ်ဖူးတယ် - ဟုတ်စ။ ဘယ်တုံးက ကျုပ် ကယ်ခဲ့လို့လဲ"

"ခင်ဗျားထောင်မကျခင် သုံးလလောက်တုန်းက ညတစ်ည မဂိုလမ်းမှာ ကုလားလူမျိုးတစ်ယောက်အသက်ကို ကယ်ခဲ့ဖူးတယ်မဟုတ်လား။ ကံကောင်းလို့ဗျာ - ကျေးဇူးရှင်တစ်ယောက်အပေါ် လက်လွန်တော့မလို့၊ ကျော်သွဲ့ဆိုတဲ့အကောင်က အစမှပြောတယ်ဗျ။ ကျုပ်ကိုရိုက်တဲ့အကောင်ကိုလက်သီးနဲ့လိုက်ထိုးတာ ခင်ဗျားမဟုတ်လား။ ဘယ်သူလဲ - ဘယ့်နှယ်လဲ ကိုဘိုးထော် - ခင်ဗျား - မှတ်မိပြီလား"

ထိုအခါမှကျွန်ုပ်လည်းမဂိုလမ်းတွင်ကျော်သွဲ့အားထမင်းကျွေးနေစဉ်က တွေ့ကြုံခဲ့သည့် အဖြစ်အပျက်များကို ပြန်၍ သတိရမိလေ၏။

"ဟုတ်တယ် - ကျုပ် - အမှတ်ရပါပြီ"

"အဲဒါ - ကျုပ်ပေါ့ဗျ - ကိုဘိုးထော်ရဲ့၊ ကျုပ်က ခင်ဗျားကို မမှတ်မိဘူး။ ခင်ဗျားကလည်း ကျုပ်ကို မမှတ်မိဘူး။ ကျော်သွဲ့က မှတ်မိတယ်ဗျ။ ဒါပေမဲ့ မပြောဘူး။ မနေ့ညကမှ ခင်ဗျားဟာ အတော်ပဲ အသည်းအသန်ဖြစ်နေလေတော့ ခင်ဗျား စိတ်သဘောထားပြည့်ဝတဲ့အကြောင်းတွေ အကုန်ဖွင့်ပြောတဲ့အခါ ဒီအကြောင်း စကားစပ်မိပြီး ပြောတာကိုဗျ။ မိုက်တဲ့အကောင်ဗျာ၊ စောစောကပြောရင် ဒီလိုမဖြစ်ရဘူး"

"ဘယ်လိုဖြစ်တာပြောတာလဲ - ဆရာရဲ့"

"ခင်ဗျားမှာ ပင့်ကူကိုက်ခံရတယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"အဲဒါပြောတာပေါ့ - ကိုဘိုးထော်"

"ခင်ဗျားပြောတာ ကျုပ် နားမလည်သေးပါဘူးဗျာ"



"ဒီဟာကိုဖန်တီးတာ ကျုပ်ပဲဗျ။ တခြားသူ မဟုတ်ဘူး။ ကျုပ်လွှတ်လိုက်တဲ့ ပင့်ကူကလေးပဲ"

"ခင်ဗျားလွှတ်လိုက်တာ - ဟုတ်လား"

"ဟုတ်တာပေါ့။ ခင်ဗျားကိုကိုက်အောင် ခင်ဗျားအိပ်ရာထဲမှာ ပထမတစ်ကောင်ထည့်လိုက်တယ်၊ နို့ပေမဲ့ - ကံကောင်းလို့ ခင်ဗျားကို မကိုက်ပါဘူး။ ဒါနဲ့ - သဘော်လက်ရန်းကိုကိုင်ပြီး ခင်ဗျားအိပ်နေတုန်း နောက်ထပ်ကျုပ် တစ်ကောင်လွှတ်လိုက်ပြန်တယ်"

"အလို - ဘုရား - ဘုရား - ခင်ဗျား - အင်မတန်ဆိုးဝါးတဲ့လူတစ်ယောက်ပါကလား။ လက်စသတ်တော့ - ခင်ဗျားလက်ချက်ကိုးဗျ"

"ကျုပ်လောက်ယုတ်မာတဲ့လူ ဘယ်ရှိဦးမလဲ - ကိုဘိုးထော်၊ ဒါနဲ့ ကျော်သွဲ့က ခင်ဗျားနဲ့အတူ မဂိုလမ်းမှာ ကျုပ်ကို တစ်ခါကယ်ဖူးတယ်ဆိုတာ ပြောပြတော့မှ ဒါဖြင့် မဖြစ်ရျေဘူး၊ ငါ့ကျေးဇူးရှင်တစ်ယောက်အပေါ် ဒီလိုကြံမိတာ မှားပြီဆိုပြီး ကျုပ်လက်ချက်ကို ကျုပ်နှုတ်ရအောင် အစုလာခဲ့တာပဲ။ ဘယ့်နှယ်လဲ - ကျုပ်ပြောတာ နားရှင်းပြီမဟုတ်လား - ကိုဘိုးထော်"

"ရှင်းပါပြီဗျာ"

ထို့နောက် ဆရာသည် ခါးထဲတွင် လိပ်၍ထည့်ထားသော ပုလင်းကလေးတစ်လုံးကို ထုတ်ယူလိုက်ပြီးနောက် -

"ကိုင်း - ကိုဘိုးထော် - ကျုပ်အစုပြောတာတွေခင်ဗျားယုံပြီမဟုတ်လား။ မယုံရင်လည်း သည့်ထက်ပိုပြီးတော့ ဖွင့်မပြောနိုင်ဘူး။ ထောင်မှာတုန်းက အမဲသားဟင်းထဲ အဆိပ်ခပ်ခဲ့တာလည်း ကျုပ်ပဲ၊ ပင့်ကူနက်လေးလွှတ်ပြီး သေကြောင်းကြံတာလည်း ကျုပ်ပဲဗျ"

"ယုံပါပြီ - ဆရာရယ်"

"ယုံရင် - ဒီဆေးရည်ကို သောက်လိုက်"

ကျွန်ပ်လည်းစဉ်းစားမနေနိုင်တော့ဘဲ ပုလင်းကလေးထဲမှ ဆေးရည်ကို တစ်ခါတည်း မော့၍ချလိုက်လေ၏။ ဆေးမှာ ခပ်မွှေးမွှေး ချဉ်ပြုံးပြုံးအရသာ ရှိလေသည်။

"အင်း - အခုမှပဲ စိတ်အေးရတော့တယ် - ကိုဘိုးထော်ရယ်၊ ခင်ဗျားမှာ ပင့်ကူဆိပ် အတော်တက်နေပြီဗျ၊ ဒီဆေးမရောက်ရင်တော့ မြင်းခြံမရောက် ခင် ခင်ဗျားကိစ္စချောပြီပဲ"

"ဟုတ်တယ်ဗျာ၊ အခုတောင် - ကိုယ်တစ်ခြမ်း သေသလိုဖြစ်နေပြီ"

"အင်မတန်အဆိပ်ပြင်းတဲ့ အကောင်မျိုးကလားဗျာ၊ ပင့်ကူနက်ကျောနီ ဆိုတာ - ဒါပေါ့၊ အင်ဒမန်ကျွန်းက ကျုပ် ခဲခဲယဉ်းယဉ်းယူလာပြီး မွေးထား ရတာကလား၊ အဲဒီတစ်ကျွန်းက ပစ်ဂမီလူမျိုး လူရိုင်းပုကလေးတွေဟာ သူ့အဆိပ်ကို ဆိပ်လူးမြားထဲတောင် တချို့ထည့်ပြီး သုံးကြတယ်ဗျ၊ လူဆိုရင် ချက်ချင်းမသေဘူး၊ ကိုယ်တွေ၊ လက်တွေ၊ တောင့်တင်းအကြောအခြင်တွေ ဆိုင်းပြီး (၃)ရက်လောက်ခံတယ်ဗျ၊ တိရစ္ဆာန်ဆိုရင်တော့ အလွန်ဆုံး (၅) မိနစ်၊ (၁၀)မိနစ်ပါပဲ၊ ကပ္ပတိန်ရဲ့မျောက်ကလေး ကြည့်ပါလား၊ ကိုက်ပြီးတဲ့ နောက်ဘာကြာသလဲ ချက်ချင်းအကြောဆွဲပြီးသေသွားတာပဲမဟုတ်လ ား"

"အလို - လတ်စသတ်တော့ - မျောက်ကလေးကို သတ်လိုက်တာ ခင်ဗျားပဲကိုး"

"ကျုပ်ပေါ့ဗျ - တခြားဘယ်သူ ဖြစ်နိုင်ဦးမလဲ၊ ခင်ဗျားကို အကိုက်မခိုင်း ခင် မျောက်ကလေးကို စမ်းကြည့်လိုက်ရသေးတယ်"

"တယ်လည်း ကြောက်စရာကောင်းတဲ့ အကောင်မျိုးပါလား - ဆရာ့ရှိ ရယ်"

"တစ်ကျွန်းကို ကျုပ်ရောက်တုန်းက အဖိုအမနှစ်ကောင် လူရိုင်းတွေဆီ ကပိုက်ဆံပေးပြီး ဝယ်ယူခဲ့ရတယ်၊ အခုအကောင်ကလေးတွေက သူတို့က



ပေါက်ဖွားတဲ့ အဆက်အနွယ်ပေါ့၊ ကျုပ်က ဆေးဖက်ထက် အဆိပ်ဘက်မှာ ပိုနားလည်တဲ့ဆရာဝန်တစ်ယောက်ပဲ၊ ကိုင်း - ကိုင်း - ကျုပ်မြေဆေးတစ်ခွက် ဝင်သွားရင် စိတ်ချရပါပြီ၊ မသေနိုင်တော့ပါဘူး"

ထိုအခါ ရေ့ငှဲကားအထက်မှ အလင်းရောင်များပင် ထွက်ပေါ်လာပြီဖြစ် ရာ သဘော်စက်ခန်းဆီမှလည်း မီးအရှိန်ရလာသဖြင့် တရှူးရှူးမြည်သံများ ကိုလည်းကောင်း၊ သဘော်ကုလားများ အိပ်ရာမှနိုး၍ တစ်ယောက်တစ်ခွန်း ပြောဆိုသံများကိုလည်ကောင်း ကြားရလေ၏၊ ဆရာ့ရှိသည် အကာယ်ပင် နောင်တရသည့်ဟန်ဖြင့် ကျွန်ပ်၏ခြေထောက်များကို လက်ဖြင့်တို့၍ သူ့နဖူး ကိုကိုင်ကာ နောက်ဆုံး အရှိအသေပြု၍ နုတ်ဆက်ပြီးနောက် သူ၏အိပ်ရာ ဘက်သို့ ကူး၍သွားလေ၏။

— ★ —

တစ်နာရီခန့်မျှကြာ၍သဘော်လည်းညောင်လှမှ ထွက်ခဲ့ရာ ရေနံချောင်း မြို့ဆီသို့ ရောက်သောအခါ ကျွန်ပ်မှာ ကိုယ်ပေါ်သို့ တစ်စုံတစ်ရာ ဖိထားသည် ဟု အိပ်မက်မက်ရာမှ နိုးလာသကဲ့သို့ ကိုယ်လက်များ ပေါ့ပါးသွားပြီးလျှင် ပင့်ကူကိုက်ထားသော လက်ကိုပင် ကောင်းစွာ မြှောက်နိုင်ခဲ့လေပြီ၊ ထို့နောက် နံနက်စာစားချိန်သို့ရောက်သောအခါ ယခင်က ကျောက်ကဲ့သို့ မာကျောနေ သည့် လက်ချောင်းကလေးများကိုပင် ကောင်းစွာ လှုပ်ရှားနိုင်လာပြီဖြစ်၍ ကျွန်ပ်အပေါ်တွင် ယခင်က မကောင်းကြံစည်ဘူးသူပင် ဖြစ်သော်လည်း နောင်တတရားရပြီဖြစ်ကြောင်း သိရသောအခါ ကျွန်ပ်မှာ ၎င်းအား စိတ်ထဲမှ အနူးအညွှတ် ခွင့်လွှတ်လိုက်မိတော့၏၊ တစ်နေ့နေ့တွင် ပြောင်ပြောင်ကြီး ပြန်၍ လက်စားချေမည်ဟူသော ကျွန်ပ်၏စိတ်ရိုင်းများလည်း ၎င်း၏ဝန်ခံမှု၊

နောင်တ တရားရမှုတို့ကြောင့် ရေရိုး၊ ရေငွေ့ပမာ လွင့်စဉ်ပပျောက်၍ သွားလေ တော့၏။

ထိုနေ့မှစ၍ တုတ်ကြီးသည်လည်းကောင်း၊ ဆတ္တားသည်လည်းကောင်း ကျွန်ုပ်၏မျက်နှာကို မကြည့်ဝံ့သကဲ့သို့ အလွန်ရှက်ကြောက် နောင်တရသည့် လက္ခဏာရှိလေရာ မေတ္တာဓာတ်တို့ မည်သည်တုံ့ပြန်သော သဘောတရား ရှိသည်ဆိုခြင်းမှာ မှန်ကန်ပါပေသည်ဟု ကျွန်ုပ်လည်း တစ်ထစ်ချ ယူဆမိလေ တော့၏။

●-○ ➤ ခရုန်ရွှေမျှား


စာမူများ
ပေးပို့လိုပါက
ဓာယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။




## နွားသူခိုးများနောက်သို့ လိုက်ရာမှ မမျှော်လင့်ဘဲ ..

"**နိုင်းနွား**တောင့်တောင့်တစ်ကောင်ကို ငါးသိန်းလောက်ဖြစ်နေ ချိန်မှာ ..."

ရဲရင့်စံ၏စကား မဆုံးပေ၊ ကိုလှမောင်က ဝင်ပြောသည်၊

"တောင့်တောင့်တော့ မရဘူးဟေ့၊ နွားမသာသာ နွားပိန်ပဲ ရမဟ"

ကိုလှမောင်၏စကားကြောင့် ရဲရင့်စံ လန့်သွား၏၊ လှမောင်ကို သူ အလန့်တကြားကြည့်ပြီး မမြင်ရ၊ အရက်ဦးအမှောင်သည် မြင်ကွင်းကို လွှမ်းခြုံထားဆဲသာ ရှိသေး၏၊

"ဟုတ်သလားဟ – ရဲရင့်စံရ၊ မင့်အဖေ စံဝကိုင်နေသဲ့ နိုင်းနွားတစ်ရှဉ်းဆိုရင် ဆယ့်လေးငါး ခြောက်သိန်းလောက် တန်သဟ"

ရဲရင့်စံမှာ တောသားဖြစ်ပြီး ထဲထဲဝင်ဝင် ပိုင်ပိုင်နိုင်နိုင်ပြောသူနှင့် တွေ့သောအခါ "ဗျာ" တစ်လုံးသာ အော်နိုင်၏၊ သို့ဖြစ်စေကာမူ၊ သူသည် မာန်လုပ်ပြီး အထွန့်တက်သေး၏၊

"ခင်ဗျားဟာက မလွန်လွန်းဘူးလားဗျာ"



"မယုံရင် အရပ်ထဲလည်ပြီး မေးကြည့်ပေတော့ဟေ့၊ ရွှေက ရွှေဆိုင်မှာ သွားဝယ်ရင် အချိန်မရွေး ရသမောင့်၊ နိုင်းနွားကောင်းကောင်းက ပိုက်ဆပ် (ပိုက်ဆံ) ရှိတိုင်း ရသာမှတ်လို့"

"အေးဗျ – နွားသူခိုးကလည်း ဒါကြောင့် သာလောက်အတင့်ရဲသာကိုး ဗျ"

ရဲရင့်စံသည် ပြောလည်းပြော၏၊ ခြေရှမည့်နေရာကိုလည်း တုတ်မီး (လက်နှိပ်ဓာတ်မီး) ဖြင့်ထိုးပြီးမှ ခြေချ၏၊ သို့စဉ်တွင် ရွှတ်ခနဲ လက်ခေါက်မှုတ်သံ ပေါ်လာ၏၊ ရဲရင့်စံ လက်ခေါက်မှုတ်ပြီး တုံ့ပြန်၏၊ အသံမထွက်၊

"ကိုလှမောင် – လက်ခေါက်မှုတ်ဗျာ"

"ငါ မမှုတ်တတ်ဘူးကွ"

အပြစ်ပြောမနေတော့ဘဲ ရဲရင့်စံသည် အပေါ်ထောင်ပြီး မီးထိုးပြလိုက်၏၊

သူတို့သည် နွားသူခိုးနောက်သို့ နင်းဖိပြီးလိုက်နေခြင်းဖြစ်၏၊ နွားသူခိုးသည် မည်သည့်အချိန်က ဝင်ခိုးသည်မသိပြီး "ထကြပါဦး၊ ငါ့နွားတေ သူခိုးနောက် ပါသွားပြီ" အော်သံကြားမှ နီးရာဓား၊ နီးရာလှံနှင့် လက်နှိပ်ဓာတ်မီး ဆွဲပြီး ပြေးလာကြ၏၊

"ဘယ်တုံးက ဆွဲသွားတာတုန်း"

"မသိဘူး၊ ငါ သတိရ,ရချင်းကြည့်တော့ နွားတေ မရှိတော့ဘူးဟေ့"

"ဟောသည်မှာ နွားချေးပုံဟေ့၊ အငွေ့မသေသေးဘူး"

တစ်ယောက်၏အော်သံသည် ဘာလုပ်၍ ဘာကိုင်ရမည် မသိသူများအတွက် အားဆေးဖြစ်၏၊

"လူစုခွဲ – လူစုခွဲ"

ချက်ချင်း လေးစုခွဲသည်၊ ကျော်သူစံနှင့် စံဝတို့ မည်သည့်ဘက်သို့ ပါသွားသည်မသိပြီး ရဲရင့်စံမှု ဘကြီးလှကြီးမောင်နှင့် ကိုလှမောင်တို့အဖွဲ့ထဲ ပါသည်၊ တောင်ဘက်သို့ နင်းသည့်တာဝန်ကျသည်၊ ရွာမှထွက်၍ မကြာမီ ကိုင်းတောအစပ်သို့ ရောက်သည်၊

"ရဲရင့်စံ - လှမောင်အနား ကပ်နေပေ့"

ကိုင်းတောထဲသို့ လှကြီးမောင်ရှေ့ဆောင်ကာ ဝင်သွား၏။

"မင့်ဘကြီးက သူခိုးလိုက်သာတောင် လက်ပတ်နာရီကြီး တကားကား နဲ့ပါလား"

"အိပ်ရာအဝင်မှာ နာရီချွတ်ဖို့ မေ့သွားဟန်တူပါရဲ့ဗျာ"

အရေးထဲတွင် ကိုလှမောင်က အတင်းပြောဖြစ်အောင်ပြော၍ ရဲရင့်စံကလည်း သူ့ဘကြီးကို ကာကွယ်ဖြစ်အောင် ကာကွယ်၏။ သူတို့သည် ခြေချမည့်နေရာကို တုတ်မီးဖြင့် ထိုးသည့်နည်းတူ ဘေးဘက်ကိုလည်း မီးထိုးရန် မမေ့ပေ။ တစ်ချက်တွင် ကိုလှမောင်က တား၏။

"ဟောသည်နေရာ ငါမသင်္ကာဘူး"

ကိုလှမောင် မိုတ်ချေဖွင့်ချေလုပ်ပြနေသော မီးရောင်အောက်မှ မြက်ဖုတ်မှာ ပိပြားမနေ၊ ထောင်မတ်ပြီးလည်းမနေ၊ ပိပြားနေရာမှ ကြွတက်လာဟန် အသက်ဝင်၏။ ထိုအခါ ရဲရင့်စံသည် ပတ်ချာဝန်းကျင်သို့ မီးထိုးကြည့်ရင်း ကျောကို စမ်းကြည့်သည်၊ ကျောတွင် အအိမ်ပါသော ဆောင်ဓားကလည်း ပါလာသေးသည်၊ လက်ထဲတွင် တုတ်မီးတစ်ဖက်၊ ဝါးသည်းတုတ်တစ်ဖက် ကိုင်ထားသည်၊

ဝါးသည်းတုတ်မှာ အခေါင်းမပါသောဝါး ဖြစ်သည်၊ ကုန်းဘောင်နန်းဆက်ကို တည်ထောင်ခဲ့သော ရတနာသိယံသားတို့၏လက်စွဲ ဝါးရင်းတုတ်ဟူ၍လည်း ခေါ်ဝေါ်သေး၏၊ ယခု ရဲရင့်စံ၏လက်ထဲတွင် ကိုင်ထားသော တုတ်မှာ ထိုအမျိုးအစားဖြစ်၏။

ထိုကဲ့သို့ ဝါးရင်းတုတ်ပါ,ပါလျက် ဓားပါရခြင်းမှာ အမေမိမေ့ကြောင့်ဖြစ်၏။ ထစ်ခနဲဆိုလျှင် ဓားကို ပြေးဆွဲသည်မှာ ရဲရင့်စံ၏အကျင့် ဖြစ်၏။ ယခုလည်း "လာကြပါဦးဟ၊ ငါ့နွားတွေ ပါသွားပြီ" အော်သံကြားသည်နှင့် ရဲရင့်စံ ဆင်းဆင်းဆွဲဆွဲ ဆွဲလာသောအရာမှာ ဓားဖြစ်၏။

"လာကြပါဦးဟ" အော်သော်ငြား နွားအခိုးခံရသူမှာ ချက်ချင်းမထွက်နိုင်၊ လူစုံအောင် စောင့်ရသေးသည်၊ "ငါ တစ်ရေးနိုးတုန်းက နွားတော ရှိသေး



သကွ" ဓားမြှုပြန်နေရသေး၏။ သို့ကြောင့် ဝါးရင်းတုတ်ဆွဲလျက် မိမေ့လိုက်လာရှိန်ရသည်၊

"ဝါးရင်းတုတ်ကို ကိုင်ပါ - သားရယ်၊ အမေ့ကို ဓားပေး"

ကျွတ်စီကျွတ်စီ လူအုပ်ကြားသို့ မိမေး တိုးဝင်သည်၊ သူ့သားကို တွေ့အောင်ရှာပြီး ဝါးရင်းတုတ်ပေးသည်၊ ရဲရင့်စံသည် ဝါးရင်းတုတ်ကို လက်ခံပြား ဓားကို မပေးလိုက်ပေ၊ ဓားကို လက်မှာ ကိုင်မထား၊ အအိမ်ဖြင့်ထည့်ပြီး ပခုံးမှာ ချိတ်ထားသည်၊

"အမေ - ပြန် - ပြန်၊ အိမ်မှာအစ်မနဲ့မြတ်ကောင်းစံပဲရှိသယ်မဟုတ်လား"

ပခုံးမှဓားကို ဖြုတ်ရမည့်အစား နင်သည်၊

"အေ - ဟုတ်သားပဲ"



နွားဆိုသည့်
အကောင်ကလည်း
"ကျပ်-သည်မှာမျ"ဟု
ပြောနိုင်ရန် ဝေးစွ။
အသံကလေးသော်မျှ
ပေးတတ်သူများ
မဟုတ်ချေ။ သို့ကြောင့်
အကောင်ကြီးပြီး
အသုံးမကျသူများကို
နွားဟုခေါ်ခြင်းဖြစ်၏။

မိမေးကလည်း ယောင်တိယောင်ကန်းဖြင့် သုတ်ခြေတင်ခဲ့၏။ ဤနည်းဖြင့် ရဲရင့်စံထံတွင် ဓားရော ဝါးရင်းတုတ်သာမက တုတ်မီးပါ ကျန်နေခဲ့သည်။

"ခွဲဟေ့ - ခွဲဟေ့" ဆိုသောအခါ လှကြီးမောင် ခေါင်းဆောင်ပြီး ကိုလှမောင်နှင့် ရဲရင့်စံအပြင် နောက်ထပ်(၂)ယောက်ပါသေး၏။

သူတို့သည် ရွာမှထွက်ပြီး တစ်အောင့်သာသာတွင် ကိုင်းတောထဲ ဝင်မိကြသည်။ မှောင်ကြီးမည်းမည်း မဟုတ်သော်ငြား၊ လင်းလင်းချင်းချင်းကား မဟုတ်ပေ။ သို့ကြောင့်မီးတုတ်သမားနှစ်ယောက်က တစ်တွဲ၊ ဘာမျှမပါသော ကိုလှမောင်နှင့် တုတ်မီးပါသော ရဲရင့်စံတစ်တွဲ တွဲကြခြင်းဖြစ်၏။

"နံ့ပေစေဟေ့၊ သေသေချာချာကြည့်ကြဟေ့"

အချင်းချင်း သတိပေးသံများသည် ရွာမှထွက်စသာ ကျယ်လောင်ငြား တဖြည်းဖြည်း ဝေးသွားသည်။ နောက်ဆုံးတွင် လှကြီးမောင် ဦးစီးသော ငါးယောက်အစုသည်ပင် ကိုလှမောင်နှင့် ရဲရင့်စံသာ ကျန်တော့၏။ လှကြီးမောင်ပင်လျှင် နောက်လူတွေကိုစောင့်ပြီး သွားသောကြောင့်သာ လူမကွဲခြင်းဖြစ်၏။

ညဥ့်အမှောင်သည် တကယ်မမှောင်ပေ။ ကြယ်ရောင်၊ လင်းလက်အရောင်များကြောင့် ရေးရေးဝါးဝါး ထင်နေသည်။ ထိုရေးရေးဝါးဝါးသည် တစ်စုံတစ်ခုဟု စိတ်က ထင်နေခြင်းသာ ဖြစ်၏။ အနားသို့ တိုးသွားလျှင် မရှိချေ။

သို့ရာတွင် ရဲရင့်စံတို့၊ ကိုလှမောင်တို့ လူကောင်းတွေအတွက်သာ ညအခါ၏ ကိုင်းတောကြီးသည် အဆုံးမဲ့၏။ နွားသူခိုးနှင့် အခြားသော ဒုစရိုက်သမားတွေအတွက်မူ လွန်စွာအဖိုးတန်၏။ နွားကို ဝပ်နေအောင် လုပ်ထားပြီး လူက ကိုင်းပင်များကြားတွင် ကိုယ်ရောင်ဖျောက်နေနိုင်၏။

သို့ကြောင့်လည်း နွားသူခိုးနောက်သို့ လိုက်သူများမှာ နေရာလပ်မကျန်အောင် နင်းရချေရသည်။ မျက်လုံးကျွတ်ကျမတတ် ကြည့်ရသည်။ နွားဆို



သည့်အကောင်ကလည်း "ကျုပ် - သည်မှာဗျ" ဟု ပြောနိုင်ရန် ဝေးစွ၊ အသံကလေးသော်မျှ ပေးတတ်သူများ မဟုတ်ချေ။ သို့ကြောင့် အကောင်ကြီးပြီး အသုံးမကျသူများကို နွားဟုခေါ်ခြင်းဖြစ်၏။

ညဥ့်အမှောင်သည် တဖြည်းဖြည်း လျှော့ပါးလာ၏။ ရှေ့တွင် မီးရောင်များကိုလည်း ဖျတ်ခနဲမြင်ရ၏။

"ကိုင်းတောကထွက်ရင် ရွာကွ"

ကိုလှမောင်လည်း သည်မျှသာ ပြောနိုင်၏။ "ဘာရွာတုံးဗျ" ဟု ရဲရင့်စံမေးသောအခါ သူမဖြေတတ်၊ "သည်ဘက်ကိုတစ်ခေါက်ပဲငါရောက်ဖူးသာ" ဟူသည့်အဖြေသာရ၏။ ဘကြီးလှကြီးမောင်ကို လှမ်းမေးငြား ကြားဟန်မတူ။

လင်းရောင်လာပြီ၊ ကိုင်းတောကြီးကား မဆုံးသေး။

"ဆာသယ်ဗျ၊ ဘာမျှမပါဘူးလား"

ရဲရင့်စံသည် ဗိုက်ကိုပွတ်ရင်း ကိုလှမောင်ကို မေး၏။

"ဟ - နင့်မေကလှွား၊ သူခိုးဖမ်းရအောင် ထွက်လာသဲ့လူချင်းအတူတူ ငါ့လာမေးတော့ ဘာပါမတုံးဟ"

ကိုလှမောင်က အဆဲကလေးဖက်လျက် တုံ့ပြန်ငြား ရဲရင့်စံ စိတ်မဆိုးနိုင်၊ "အေးလေ - ကိုင်းတောအလယ်ကောင်မှာ ဗိုက်ဆပ်(ဗိုက်ဆာ)ပါလာလဲ အလကားပါပဲ" ညည်းတွားသည်။

ကိုင်းတောသည် တဖြည်းဖြည်း ရှပ်လုံးပေါ်လာသည်။ လာကျရာဘက်အစွန်မှ သွားသူနှစ်ယောက်ကို ပီပြင်စွာ မြင်ရပြီ၊ ရှေ့မှသွားနေသော လှကြီးမောင်ကိုလည်း ထင်ရှားစွာ မြင်ရပြီ၊ ရွာဆီမှ မီးရောင်များအစား အိမ်အရိုမှ ထွက်သော မီးခိုးများပင် မြင်ရပြီ၊

"နွားသူခိုးဝေးလို့ နွားသေးကြောင်းတောင် မတွေ့ဘူးဟေ့"

အလင်းရောင်သည် လျင်မြန်စွာ ရောက်ရှိလာ၏။ ဘကြီးလှကြီးမောင်သည် ကိုင်းပင် ပါးလျားသောနေရာရှိ မြန်မာကုက္ကိုပင်တစ်ပင်အောက်၌ ခြေပစ်လက်ပစ် ထိုင်နေ၏။

ကုက္ကိုလှုငှက်သံတစ်လှည့်၊ တီတီတွတ်သံတစ်လှည့် နားဆင်ရင်း မိုးလင်းခဲ့ရသော ရဲရင့်စံနှင့် ကိုလှမောင်တို့သည် နွမ်းယဲ့စွာဖြင့် ကုက္ကိုပင်ရှိရာသို့ ချဉ်းကပ်လာကြ၏။

"ဟေ့ကောင် - ပြော။ ဘယ်သူ့မှာ ပိုက်ဆံပါသတုံး"

သေချင်စရာကောင်းသောစကားဖြင့် ဆီးကြိုစဉ် အလိုက်မိသော မီးခိုးကအကြော်ကြော်သော ညှော်နံ့ကို သယ်ဆောင်လာ၏။ မျှော်လင့်ချက်ကင်းမဲ့သော ရဲရင့်စံနှင့် ကိုလှမောင်သည် သူတို့၏ညာဘက်တွင် တာဝန်ကျသော တောကျော်တို့ကို လှမ်းမျှော်ကြည့်၏၊ တောကျော်တို့သည် ကိုင်းတောထဲမှ ထွက်ပြီး ရွာထဲသို့ ဝင်သွားကြပြီ။

"ပါသဲ့ကောင် - ငါ့ကို ချေးကွာ"

ရဲရင့်စံနှင့် ကိုလှမောင်မှာ တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ ဘကြီးလှကြီးမောင်၏ခြေရင်းတွင်ပုံလျက်သား လဲကျသွားကြလေ၏။ ဘကြီးလှကြီးမောင်သဘောပေါက်ပါပြီ၊ သို့ရာတွင် သည်သုံးယောက်၌ သူသည် လူကြီးဖြစ်နေရာ ရှေ့ဆောင်ရတော့မည်မို့ ထရပ်၏။

"မြောက်ဘက်တံခါးနားမှာ ဘသိန်းအိမ် ရှိသကွ၊ သူ့ဆီက ပိုက်ဆံချေးပြီး တစ်ခုခု ဝယ်ကျွေးမယ်ကွာ - လာဟေ့ - ထဟေ့"

အစာသာ ငတ်သည်မဟုတ်၊ ရေပါငတ်နေသူများသည် ရေအိုးစင်ကိုပါ အငမ်းမရရှာသည်။

"သည်ရွာကို ဘယ်လိုခေါ်သတုံးဗျ"

"မြေခဲတဲ့ကွ၊ ငါလည်း အရောက်အပေါက်နည်းလို့ အသိမိတ်ဆွေတစ်ယောက်ပဲရှိသကွ၊ ဘသိန်းတဲ့"

အမြင်နီးသော်ငြား မြေခဲရွာသို့ တော်တော်နှင့်မရောက်၊ ကိုင်းတောကြီးကို တစ်ညလုံးနီးပါးဖြတ်သန်းခဲ့ရသော ပင်ပန်းမှုသည် ကောင်းစွာပြလေပြီ၊ ဖြစ်နိုင်လျှင် နေရာတွင်ပင် ထိုးအိပ်ချင်သည်။

"ကျန်တဲ့အဖွဲ့တွေ ဘယ်လိုနေကြမတုံး၊ ငါတို့မှာတော့ နွားသူခိုးအကြောင်းစုံစမ်းဖို့ဝေးလို့၊ ကိုယ်တောင်မှ အနိုင်နိုင်"



"ထားစမ်းပါဗျာ၊ ခင်ဗျား မြောက်တံခါးက ဘယ်မှာတုံး"

ရွာက ရွာကြီးဖြစ်ရာ တံခါးဝသို့ ရုတ်တရက်မရောက်၊

နွားသူခိုးနောက်သို့လိုက်သူသည် ရွာတွေ့လျှင်တွေ့ချင်း လူဝင်လူထွက် မေးမြန်းရသည်၊ လက်စလက်န ရှိသူများထံ ပြေးရသည်၊ ယခုကား ဘာမျှ မလုပ်နိုင်၊ မြောက်တံခါးကို မနည်းရှာရသည်၊

— ✻ —

ကျေးရွာများတွင် တံခါးမကောင်းသည်ကို မပြုပြင်ကြပါ၊ ကင်းတဲလည်း အရာမျှသာ ရှိသည်၊ သို့ရာတွင် သည် "မြေခဲ" ရွာမှာကား တံခါးမှာ သစ်လွင်ကောင်းမွန်နေ၏၊ ကင်းတဲမှာလည်း ပြုပြင်ထားရုံသာမက ယမန်ညကပင် ကင်းသမား လာရောက်စောင့်ကြပ်သွားဟန်ရှိ၏၊

"အင်း - ရပ်ရွာလုံခြုံရေး ကောင်းပုံမရဘူးဟ"

ဘကြီးလှကြီးမောင်က တံခါးနှင့် ကင်းတဲကိုကြည့်ပြီး ထင်မြင်ချက် ပေးသော်ငြား ရဲရင့်စံတို့မှာ စိတ်ဝင်စားဟန်မပြ၊

"ဟိုအိမ်ဟာ ဘသန်းအိမ်ပဲကွ"

"ဘကြီးပဲ သွားပါဗျ၊ ကျွန်တော်တို့ ..."

ရဲရင့်စံသည် ပြောပြောဆိုဆို ကင်းတဲခြေရင်းတွင် ပစ်ထိုင်ချ၏၊ ကိုလှမောင်ကလည်း ထူးမခြားပင်၊ ဖုန်ထဲသို့ ပစ်လှဲ၏၊ သာမန်အချိန်တွင် ဖုန်ကို မလိုလားကြပေ၊ ယခုအချိန်တွင်ကား ဖုန်၏အအေးဓာတ်သည် ခွန်အားကို ပေးသယောင်ထင်ရ၏၊

"စားစရာ ဘာမျှမရရင် ထမင်းကြမ်းတစ်ခဲတော့ ရရစေ့မယ်ဟေ့"

ဘကြီးလှမောင်သည် အဖော်နှစ်ယောက်ကို အာမခံစကားပြောပြီး ဟိုဘသန်းအိမ်ဘက်သို့ ထွက်ခွာသွားလေ၏၊

"ဟေ့ကောင် ရဲရင့်စံ - ပျော့လှချေလားကွ"

ကိုလှမောင်ကို ရဲရင့်စံ မတုံ့ပြန်ချေ၊ ယခုအချိန်တွင် "ဟင့်အင်း" ပြောရန်၊ "ဟုတ်ကဲ့" ပြောရန် လွန်စွာဝန်လေးသည်၊ သူတို့သည် ဘကြီး

လှကြီးမောင်ပြန်အလာကို နားစွင့်နေကြစဉ် လူနှစ်ယောက် ရောက်လာ၏။ သူတို့သည် ကင်းတဲအောက်သို့ တစ်ပိုင်းရောက်နေသော လူနှစ်ယောက်ကို မြင်ဟန်မတူ။

"ဦးဘာသန်းအိမ် ရောက်လာတဲ့ဧည့်သည်က လက်ပတ်နာရီကြီးနဲ့ကွ"

"အေးကွ - နာရီကြီးက သော့သီးသုံးလုံးနဲ့ အယ်နေတာပဲ"

သော့သီးသုံးလုံးသို့အရောက်တွင် ရဲရင့်စံ မျက်လုံးဖွင့်ကြည့်၏။ လူနှစ်ယောက်သည် ကင်းတဲပေါ်မတက်၊ ကင်းတံခါးပန်းကို မှီထားကြ၏။

"ဘယ်ကတဲ့လဲ - မင်းကြားခဲ့လား"

"ကန်စွန်းပင်လှကတဲ့ကွ၊ ကိုင်းတောဟိုဘက် သုံးမိုင်လောက်ဝေးသတဲ့"

"ဒါဆို - ကိုင်းတောအလယ် သံဖြူဇရပ်က စောင့်လုရင် အလွယ်လေးပဲ"

"မလွယ်ဘူးထင်သနော်"

"မလွယ်ရင် ဓားနဲ့ခုတ်၊ လွယ်ရင်တော့ အသာလေးပဲ"

ရဲရင့်စံသည် တုံးလုံးလှဲနေရာက ဝါးရင်းတုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်မိသည်၊ သူသည် တစ်ပြိုင်နက်တည်းပင် ကိုလှမောင်ကိုကြည့်မိ၏။ ကိုလှမောင်သည် နှုတ်ခမ်းတဆတ်ဆတ်တုန်လျက် မျက်လုံးပြူးနေ၏။

ကိုလှမောင်၏အခြေအနေကို မြင်လျှင်မြင်ချင်း ရဲရင့်စံ ကျုံးထသည်၊ ပျော့ဖပ်နွမ်းနယ်နေသော ကိုယ်ခန္ဓာနေရာတွင် သားရဲမင်းရဲ စီးနေသော ရဲရင့်စံ ရောက်လာ၏။ လက်ထဲတွင် ဆုပ်ထားသော ဝါးရင်းတုတ်ဖြင့် ခြေထောက်လေးချောင်းကို တအားပစ်ရိုက်ပြီး ကင်းတဲအောက်မှ ပြေးထွက်ခဲ့၏။

"အောင်မယ်လေးဗျ၊ ပော့ကောင် - ပော့ကောင်"

ပော့ကောင်မှာကိုလှမောင်၏အသံဖြစ်၏၊ ရဲရင့်စံသည်နောက်ကြောင်းလှည့်မကြည့်၊ သို့သော် သူ့နောက်မှာ ကိုလှမောင် ပါလာကြောင်း သိ၏။ "ပော့ကောင်တွေ" ဟူသောအသံသဲ့သဲ့ကိုလည်း ကြားရသည်၊

ဆာလောင်မွတ်သိပ်စွာဖြင့် ဖုန်ထဲတွင် လှဲနေရာက ကြံ့ရာမရထလုပ်ပြီး ထွက်ပြေးလာသော ရဲရင့်စံမှာ ဆက်မပြေးနိုင်တော့မှ ပုံလျက်သား ကျသွား၏၊ သူ့နောက်သို့ ပြေးလိုက်လာသော ကိုလှမောင်မှာ ဘုမသိ ဘမသိဖြစ်၏၊ သို့ရာတွင် အတန်ကြာမှရောက်လာသော ဘကြီးလှကြီးမောင်၏ပြောစကား ကြားရတော့မှ ရဲရင့်စံ အသက်ရှူမှန်သွား၏၊

"မင်းတို့က အသက်နေနဲ့ဝေးသယ်၊ ညှို့သကျည်းကို ရိုက်ပစ်ခဲ့ပေမယ့် အဲသည့်ကောင်တွေ ပုံလျက်သားကျပြီး အဖမ်းခံရသယ်ကွ၊ ရွာလူကြီးကိုချစ်ဖေရဲ့သားနဲ့ တူလေ၊ အိမ်ကပစ္စည်းတေ ခိုးခိုးရောင်းပြီး ဖဲရိုက်လွန်းလို့ အိမ်က နှင်ချထားသဲ့ကောင်တေလေ"

ဘကြီးလှကြီးမောင်သည် ရဲရင့်စံ လုပ်ခဲ့သည်မှာ မမှားကြောင်း ပြောပြီးနောက် မုန့်ပေါင်းတစ်ခု ပေးသည်၊ ရောယောင်ပြေးလာသော ကိုလှမောင်မှာလည်း မုန့်ပေါင်းတစ်ချပ်စားရသဖြင့် ကန်စွန်းပင်လှသို့ပြန်နိုင်မည့်ခွန်အား တွေ ရနေပါပြီ၊

●-○➤ ဆင်ဖြူကျွန်း ခေအာင်သိန်း

# ဝသုန်ပါင်းထက်

## အကြောင်ခန်း၇ သင်္ကေတများ



လှသစ်ဖောင်၊အင်းလျား

မှတ်ဉာဏ်
ဖြတ်ထိုးဉာဏ်ကောင်းသည့်
သရဲဝန်တစ်ယောက် ငွေညှစ်
ပြန်ပေးဆွဲခံရလေသောအခါ . .

**"ရေ** - ရေသောက်ချင်လိုက်တာ"

အာခေါင်တွေက ခြောက်ကပ်ကာ တစ်ကိုယ်လုံး ချွေးများ စိုရွှဲနေ၍ ရေတစ်ခွက်ကို ကျွန်ုပ်မှာ မွတ်သိပ်တောင့်တစွာ တမ်းတနေမိသည်။ ဤအမှောင်ခန်းသို့ ကျွန်ုပ်ရောက်နေသည်မှာ နှစ်ရက်တိတိ ရှိခဲ့ပြီ။ တောင့်တစွာ တမ်းတနေမိသည်။ ကောင်းသောရောက်ခြင်းဖြင့် ရောက်နေခြင်းတော့မဟုတ်။ ဖြစ်ရပ်များကို ပြန်တွေးကြည့်မိသည်။

လူတစ်စုက ကျွန်ုပ်ကို ဖမ်းဆီးခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ရုံးမှအပြန် ကားပေါ်တက်၍ကားမောင်းရန် စက်နှိုးစဉ်မှာပင် နောက်ခန်းတွင်ပုန်းအောင်းနေသူတစ်ဦးက ကျွန်ုပ်၏လည်မျိုကို ဓားနှင့်ထောက်ပြီးဖြစ်သည်။ ချက်ချင်းပင် အမှောင်ရိပ်ထဲမှ လူနှစ်ယောက် ပြေးလာပြီး ကားထဲ ထိုင်လိုက်ကြသည်။

"မင်း - မင်းတို့ ဘယ်သူတွေလဲ။ ဒါ - ဘာလုပ်တာလဲ။ ဓားပြတိုက်တာလား"

တုန်လှုပ်စွာဖြင့် မေးလိုက်သော ကျွန်ုပ်စကားကြောင့် ခေါင်းဆောင်ဖြစ်ဟန်တူသူက -

"စကားမရှည်နဲ့ - နောက်ခန်းကိုသွား။ ကျော်ကြီး - သူ့မျက်နှာကိုအဝတ်စည်းထားလိုက်" ဟုဆို၍ကျွန်ုပ်ကိုတွန်းချသည်၊ သူ့တပည့်တစ်ယောက်က နောက်ခန်းတံခါးကိုဖွင့်၍ ကျွန်ုပ်ကို ဆွဲတင်၍ မျက်နှာကို အဝတ်နက်ဖြင့် စည်းလိုက်ကြသည်၊ လူဆိုးနှစ်ယောက်က ကျွန်ုပ်၏ဘေးတစ်ဖက်တစ်ချက်စီတွင် ဓားမြှောင်များဖြင့် ကျွန်ုပ်၏နံကြားနှစ်ဖက်ကို ထောက်ထားသည်၊ လူဆိုးခေါင်းဆောင်က ကားကို သွက်လက်ကျွမ်းကျင်စွာ မောင်းလာခဲ့၏၊ ကျွန်ုပ်မျက်စိမမြင်ရ၍ ဘယ်ကိုသွားနေသည်ကိုမသိ၊ စိတ်ထဲမှာ စဉ်းစားမရ၊ ကြောက်လန့်တုန်လှုပ်မှုများကလည်း တစ်ကိုယ်လုံး လွှမ်းခြုံလျက် ...။

တဖြည်းဖြည်းနှင့် ကားသံ၊ လူသံများ မကြားရတော့ပဲ အမြန်နှုန်းလည်း မြင့်လာသဖြင့် မြို့ပြင် (သို့မဟုတ်) ဟိုင်းဝေးလမ်းပေါ် ရောက်နေပြီဟု ကျွန်ုပ်ယူဆမိသည်၊ ဤအတိုင်း မိနစ်နှစ်ဆယ်မျှ မောင်းလာခဲ့၏။

ကျွန်ုပ်အတွက်တော့ ထိုမိနစ်နှစ်ဆယ်သည် အနှစ်နှစ်ဆယ် ဒုက္ခခံနေရသလိုပင်၊ နောက်ဆုံးတွင် ခြံဝင်းတစ်ခုအတွင်း ကားက ကွေ့ဝင်၍ ရပ်သွား၏။

"ဝုတ် - ဝုတ် - ဝုတ် - ဝူး"

ပထမဆုံး ခွေးတစ်ကောင်၏ဟောင်သံကို ကြားလိုက်ရသည်၊ ခွေးဆိုသော်လည်း ခြံစောင့်ခွေးမျိုး ဟုတ်ဟန်မတူ၊ ဟောင်သံက သေးသေးစူးစူးလေး ဖြစ်၏၊ အိမ်တွင်းအလှမွေးတယ်ရီယာခွေးကလေး ဖြစ်ပုံရသည်၊

"ဆင်း - ကားပေါ်ကဆင်း"

ကျွန်ုပ်ကို ခပ်ကြမ်းကြမ်း ဆွဲချကြပြန်သည်၊ ကားပေါ်က ဆင်းဆင်းချင်းမှာပင် ထိုခွေးကလေးက ကျွန်ုပ်၏ ခြေကိုလာနမ်း၏၊ ထို့နောက် "တဝုတ်ဝုတ်" ဟောင်ပြန်သည်၊

"ဟဲ့ကောင် - သွားစမ်း - ရှူး - ရှူး"

ခွေးကိုမောင်းထုတ်သံ ကြားလိုက်ရပြီးနောက် ကျွန်ုပ်ကိုလည်း ဘေးနှစ်ဖက်မှ တွဲ၍ ခေါ်လာကြပြန်သည်၊

"ကျွီ - ကျွီ"

တံခါးတစ်ချပ်ကို တွန်းဖွင့်လိုက်တော့ ဆီငတ်နေသော တံခါးပတ္တာက "တကျွီကျွီ" မြည်သွား၏၊ ကျွန်ုပ်ကို ဆွဲခေါ်လာ၍ နောက်ထပ် တံခါးတစ်ချပ်ကိုဖွင့်ကာ လှေကားထစ်များအတိုင်း ဆင်းစေ၏၊ မျက်စိကို အဝတ်နက်စည်းထားဆဲဖြစ်၍ ကျွန်ုပ်မှာ စမ်းတဝါးဝါးဖြင့် ဆင်းရလေသည်၊ ကျွန်ုပ်စိတ်အထင် ကျွန်ုပ်ကို မြေအောက်အခန်းတစ်ခုသို့ ခေါ်ဆောင်လာပုံပေါ်သည်၊

"ရောက်"

မီးခလုတ်သံနှင့်အတူ အလင်းရောင်တို့ ထိန်လင်းသွားသည်၊ ထိုအခါကျမှ ကျွန်ုပ်မျက်နှာမှ အဝတ်နက်ကို ဖယ်ရှားပေးလိုက်သည်၊ အမှန်တကယ်ပင် မြေအောက်အခန်းကျဉ်းလေး တစ်ခုဖြစ်၏၊ လေးဖက်လေးတန်ကို အုတ်စီထားပြီး အပေါ်မျက်နှာကြက်တွင်တော့ ပျဉ်များ ခင်းထားသည်၊ ပျဉ်များမှာ ခပ်ဟဲဟဲ ဖြစ်နေ၍ အပေါ်ထပ်အခန်းမှ အလင်းရောင်ကိုပါ ကျွန်ုပ် မြင်လိုက်ရသည်၊

ကျွန်ုပ်ကို တစ်ယောက်အိပ်ခုတင်တစ်လုံးတွင် ထိုင်စေသည်၊ ကျွန်ုပ်ရှေ့တွင် စားပွဲတစ်လုံး၊ ခုံတင်တစ်လုံးမှအပ အခြားမည်သည့်ပစ္စည်းပစ္စယမျှ မတွေ့၊ ထိုအခိုက် -

"ဝုတ် - ဝုတ် - ဝုတ်"

စောစောက ခွေးဟောင်သံကို ထပ်ကြားလိုက်ရ၏၊ ထို့နောက် တံခါးပွင့်သွားပြီး အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူတစ်ယောက် ဆင်းလာသည်၊ ထိုသူမှာ မျက်နှာဖုံးစွပ်ထား၍ မည်သူမည်ဝါမှန်း မသိရ၊

"ဩော် - ရောက်လာပြီကိုး"

ထိုသူက နှုတ်ဆက်သလိုလို တစ်ယောက်တည်း ပြောသလိုလိုဖြင့် နှုတ်ဆက်၏၊ ထိုသူ၏ ပါးစောင်တွင် တစ်စုံတစ်ခု ငုံထားပုံပေါ်သည်၊ စကားသံက ဗလုံးဗထွေးဆန်လှ၏၊ စားပွဲရှေ့က သစ်သားခေါက်ခုံကလေးတွင် ဝင်ထိုင်၏၊ ခြေကို ချိတ်လိုက်သည်၊ လက်ချောင်းများက အကြောင်းမရှိပဲ စားပွဲကို

"တဒေါက်ဒေါက်" ခေါက်နေရင်းမှ ကျွန်ုပ်ကိုအတန်ကြာအောင် စူးစိုက်ကြည့်နေ၏။

"ခင်ဗျား - ဘယ်သူလဲ၊ ကျုပ်ကို ဘာလို့ဖမ်းထားတာလဲ"

ကျွန်ုပ်က ဒေါသထွက်စွာဖြင့် မေးလိုက်တော့ သူက လက်ချောင်းများဖြင့် တဂျွတ်ဂျွတ်ချိုးရင်းမှ လေးတွဲတွဲအသံဖြင့် ဖြေ၏။

"ဒေါက်တာကြီး - ဒေါသမကြီးပါနဲ့၊ စိတ်ငြိမ်ငြိမ်ထားပါ၊ အရှင်းဆုံး ပြောရရင် ခင်ဗျားကို ကျုပ်က ပြန်ပေးဆွဲလိုက်တဲ့သဘောပဲ - ရှင်းပလား၊ ခင်ဗျား အသက်ကို နမြောရင်တော့ ကျုပ်နဲ့ အေးအေးဆေးဆေး ညှိနိုင်းပါ"

"ခင်ဗျားက ဘယ်လောက်လိုချင်လို့လဲ"

"သိန်းနှစ်ဆယ်"

"ဘာ - သိန်းနှစ်ဆယ် - များလှချည်လား"

"ဟိုး - ဟိုး - နေပါဦး၊ ဒီမယ် - ဒေါက်တာ ဦးထွန်းရွှေ - ခင်ဗျားက ဝင်ငွေကောင်းတဲ့ဒေါက်တာကြီးလည်း ဖြစ်တယ်၊ သစ်ကုမ္ပဏီလည်း ပိုင်တယ်၊ ဗဟန်းဘက်မှာ စားသောက်ဆိုင်တစ်ဆိုင်လည်းဖွင့်ထားတယ်၊ အင်းတကော်မှာ ငါး၊ ပုဇွန်ကန်လည်း ရှိတယ်၊ ပြီးတော့ - တိုက်နဲ့၊ မြေနဲ့၊ ကားနဲ့၊ မိဘအစဉ်အဆက် ကြွယ်ဝပြည့်စုံလာတဲ့သူ၊ ရာထူးဂုဏ်အရှိန်ရော အင်္ဂလိပ်အရေးပိုင်တွေနဲ့ လက်ပွန်းတတီး ရှိတယ်၊ ခင်ဗျားမိန်းမဘက်လည်း ကြည့်ဦး၊ စိန်ကုန်သည်တွေ၊ ဒီတော့ - ကျုပ်တောင်းတဲ့သိန်းနှစ်ဆယ်များရောလားဗျာ၊ ခင်ဗျားအသက်နဲ့ ယှဉ်ကြည့်စမ်းပါဦး"

"ဒါပေမဲ့ - ဒီငွေပမာဏက လက်ထဲမှာ ရှိမှာမဟုတ်ဘူး၊ လုပ်ငန်းထဲမှာလည်ပတ်နေတာ၊ ငွေက နည်းနည်းနောနောမှမဟုတ်တာ"

"အိုဗျာ - လက်ထဲမရှိလည်း ခင်ဗျားအနေအထားနဲ့ ကြိုက်တဲ့နေရာက ဆွဲလို့ရနေတာပဲ၊

ခင်ဗျားမိတ်ဆွေ ခရိုင်ဝန်ထောက်မစ္စတာစရစ်ဆီက ယူရင်တောင် ရနေတာပဲ"



ထိုသူ၏စကားကြောင့် ကျွန်ုပ် အံ့ဩသင့်ရသည်၊ သူသည် ကျွန်ုပ်၏ ဇာတ်ကြောင်းကို ထဲထဲဝင်ဝင် သိထားသူဖြစ်၏၊ သေသေချာချာ လေ့လာထားပုံရသည်၊ ငြင်းလို့ မရအောင် သူက ပိတ်ပြောထားလေပြီ။

"ဒီမယ် - ဦးထွန်းရွှေ - ကျုပ် စိတ်ကောင်းဝင်နေလို့ အေးအေးသာသာ ပြောနေတာကို သဘောပေါက်ပါ၊ အသားမနာချင်စမ်းပါနဲ့၊ ခင်ဗျားကို မနှိပ်စက်ချင်ဘူး၊ ဟေ့ - ကျော်ကြီး - သူ့ကိုစာရွက်နဲ့ ဖောင်တိန်ပေးလိုက်"

"ဟုတ်ကဲ့ - ဆရာ"

"ကဲ - ဒေါက်တာကြီး - ခင်ဗျားလုပ်ရမှာက ခင်ဗျားမိန်းမဆီ စာတစ်စောင်ရေးပါ၊ အစုရေးပါ၊ တစ်ပတ်အတွင်း သိန်းနှစ်ဆယ် လိုချင်တယ်လို့ ပို့ရမယ့်ပုံစံကို ကျုပ်တို့ ညွှန်ကြားလိုက်မယ်၊ အရေးကြီးတာက ရဲကို အသိမပေးဖို့၊ ဘယ်သူ့ကိုမှ အကူညီမတောင်းဖို့၊ ဒီလိုမှမဟုတ်ရင် - ဒေါက်တာကြီးရဲ့ အလောင်းကို သင်္ဂြိုဟ်ဖို့ပြင်ထားပေတော့လို့ ..."

ကျွန်ုပ်လည်း အခြေနေအရ သူ့လက်ခုပ်ထဲက ရေဖြစ်နေမှတော့ သူ ခိုင်းသည့် အတိုင်း ရေးပေးလိုက်ရ၏၊ တကယ်တမ်းကျတော့လည်း လူ့အသက်ထက် ဘယ်အရာမှ ပိုတန်ဖိုးမရှိ၊ ထိုသူက ကျွန်ုပ်စာရေးနေသည်ကို သွားကြားထိုးရင်း စိုက်ကြည့်နေသည်၊ စာရေးပြီး၍ စာရွက်ကို သူ့ရှေ့တွန်းပို့လိုက်တော့ သူက သွားကြားထိုးတံကို ခါးလယ်မှ နှစ်ပိုင်းချိုး၍ လွှင့်ပစ်လိုက်၏၊ ထို့နောက် စာကို သေချာစွာ ဖတ်ကြည့်၍ ခေါင်းတညိတ်ညိတ်ဖြင့် ကျေနပ်စွာ ပြုံးနေ၏။

"အိုကေ - ဒီလိုမှပေါ့၊ ဒေါက်တာကြီးက သဘောပေါက်လွယ်သားပဲ၊ ကဲ - ကျုပ်တို့ဆက်လှုပ်ရှားလိုက်မယ်၊ ခကာတော့သည်းခံဗျ၊ စားရေးသောက်ရေးအတွက် မပူနဲ့၊ ကျုပ်ပို့ပေးမယ်၊ အပေါ့အလေး သွားချင်ရင်တော့ ဂန်ဖလားချထားပေးမယ်၊ မနက်တိုင်း - ကျုပ်တပည့်တွေက ရှင်းပေးလိမ့်မယ်"

"ရေချိုးချင်ရင်ကော ..."

"ရာသီဥတုက အေးစိမ့်နေပါတယ်၊ လှုပ်ရှားမှုမှ မရှိတာ မရျိုးပါနဲ့၊ ခဏ သည်းခံပေးပါ၊ ဒီအထိတော့ လိုက်မလျှောနိုင်ဘူး၊ ပျော်ပွဲစားထွက်ဖို့ခေါ်လာတာ မဟုတ်ဘူး၊ ပြန်ပေးဆွဲခံထားရတယ်ဆိုတာ မမေ့ပါနဲ့ - ဦးထွန်းရွှေ"

လူစိမ်းက ထိုင်ရာမှထ၍ အပေါ်ထပ် ပြန်တက်သွား၏၊ သူ့တပည့်များကလည်း သူ့နောက်မှ လိုက်ပါသွားကြပြီး အပေါ်မှ အံဖုံးတံခါးကို ဂျိုင်းစနဲနေအောင် ပိတ်လိုက်ကြတော့သည်၊

အခုတော့ - မြေအောက်ကမ္ဘာမှာ ကျွန်ုပ်တစ်ယောက်သာ၊ အပေါ်ထပ်မှ တယ်ရီယာခွေးကလေး၏ တဝုတ်ဝုတ်ဟောင်သံက တစ်ချက်တစ်ချက်ဆို ထွက်ပေါ်နေတတ်စမြဲ၊

"ရေသောက်ချင်လိုက်တာ ..."

အာခေါင်တွေ ခြောက်ကပ်၍ ချွေးစီးများ စိုရွှဲနေပြီ၊ ဤအခန်းထဲသို့ ကျွန်ုပ်ရောက်နေသည်မှာ နှစ်ရက်တိတိ ကြာမြင့်ခဲ့ပြီ၊ ရေပုလင်းမှာလည်း ရေတစ်စက်မှမရှိတော့၊ မျက်နှာဖုံးနှင့်လူရောက်မလာသည်မှာနှစ်ရက်တိတိ ရှိပြီ၊

ကျွန်ုပ်၏မိသားစုသည် ကျွန်ုပ်အတွက်နှင့် ပူပင်သောက ရောက်နေကြရပြီကို တွေးမိတော့ စိတ်မကောင်း။ ကျွန်ုပ်အပေါ် ချစ်လှစွာသောဇနီးသည် ကျွန်ုပ် အသက်ရှင်သန်ရေးအတွက် တောင်းထားသည့်ငွေကို မရရအောင် လိုက်လံရှာဖွေနေရှာမည်၊

ကျွန်ုပ်သည် စိတ်မောလူမောဖြင့် သက်ပြင်းကိုသာ အလီလီချနေမိသည်၊ ထိုအခိုက် တံခါးဖွင့်သံ ကြားရပြီးနောက် လူနှစ်ယောက် ဆင်းလာ၏၊ တစ်ယောက်၏ လက်ထဲတွင် ရေဖန်ပုလင်းကို တွေ့လိုက်ရ၍ ကျွန်ုပ်မှာ ဝမ်းသာအားရဖြစ်သွားရသည်၊

"ရေပေးပါ - ရေသောက်ချင်လွန်းလို့"

"ပေးဖို့ ယူလာတာပဲ၊ ရော့ - သောက်" ဟုဆို၍ ရေပုလင်းကို စားပွဲပေါ် ချပေး၏၊ ထိုအခိုက်ကျွန်ုပ်စိတ်ထဲတွင်အတွေးတစ်မျိုးဝင်ရောက်လာခဲ့သည်၊



ရေသောက်ပြီးသည်နှင့် ထိုရေပုလင်းဖြင့် လူဆိုးနှစ်ယောက်ကို ရိုက်ခွဲတိုက်ခိုက်၍ ထွက်ပြေးရန် ဖြစ်သည်၊

သို့သော် တကယ့်လက်တွေ့တွင် မလုပ်ရဲ၊ ကျွန်ုပ် အသက်အရွယ် ခွန်အားအရ ထိုလူရွယ်နှစ်ယောက်ကို တစ်ပြိုင်တည်း အနိုင်တိုက်နိုင်ဖို့ မလွယ်၊ ထို့ပြင် ၎င်းတို့၏ ဓားမြှောင်များ၊ ဓားရှည်များကလည်း အဆင်သင့် ရှိနေပြန်သည်၊ နဂိုကတည်းက အတိုက်အခိုက်၊ အသတ်အပုတ် မကျွမ်းကျင်သော ကျွန်ုပ်မှာ ထိုအစီအစဉ်ကို လက်လျှော့၍ ရေကိုပင် တစ်ဝသောက်လိုက်မိတော့သည်၊

ထိုအချိန်တွင် မျက်နှာဖုံးစွပ်ထားသော ဆရာကြီးဆိုသူက လှေကားမှ ဆင်းလာပါသည်၊ ကျွန်ုပ်အနီးရှိ ခုံတွင် ဝင်ထိုင်၍ စားပွဲကို လက်ချောင်းများဖြင့် တဒေါက်ဒေါက် ခေါက်ရင်းက စကားဆို၏၊ စတွေ့စဉ်ကလို ပါးစောင်၌ တစ်စုံတစ်ခု ငုံထားဟန်တူသည်၊ လေသံက ဗလုံးဗထွေးဆန်လှ၏၊

"ဒေါက်တာကြီးရေ - ခင်ဗျား ကံကောင်းတယ်မှတ်၊ ခင်ဗျားမိန်းမက ခင်ဗျားကို တော်တော်ချစ်တာပဲ၊ ဒီနှစ်ရက်အတွင်းမှာ ပထမသုတ်အဖြစ် ငွေဆယ်သိန်းပေးပြီးသွားပြီ၊ ကျုပ် ပြောတယ်မဟုတ်လား၊ ဒီငွေလောက် ရှာနိုင်ပါတယ်လို့ ဒုတိယအသုတ်က ကျန်တဲ့ရက်အတွင်း အမီပေးပါမယ်တဲ့"

ကျွန်ုပ်မှာ သူ့စကားကို မည်သို့မျှ မတုံ့ပြန်တော့ဘဲ သက်ပြင်းကိုသာ "ဟင်း" ခနဲ ချလိုက်မိသည်၊ ငွေကုန်၍ ချတာလား၊ ကျွန်ုပ်အသက်ရှင်ခွင့် ရတော့မည်မို့ သက်ပြင်းချတာလားဆိုတာတော့ ကျွန်ုပ်ကိုယ်တိုင် မခွဲခြားတတ်တော့၊

"ဘယ်လိုလဲ - သက်ပြင်းချလှချည်လား၊ ဦးထွန်းရွှေ - စိတ်မပူပါနဲ့၊ အခုဆို - ခင်ဗျားဇနီးအလီမှာက သူ့ယောက်ျားမသေအောင် ကျန်တဲ့ငွေကို အပူတပြင်း ရှာနေလေရဲ့၊ ခဏပဲ သည်းခံပါ၊ ဒီလိုအပေးအယူကို အဆင်ပြေပြေလုပ်ပေးလို့ကတော့ စိတ်ချ၊ ခင်ဗျား မှဲ့တစ်ပေါက် မစွန်းစေရဘူး"

မျက်နှာဖုံးစွပ်လူက လက်ချောင်းများကို တဂျွပ်ဂျွပ်ချိုး၍ ရှင်းပြနေ၏။ ထို့နောက် ၎င်းတို့အားလုံး အပေါ်ထပ်သို့ တက်သွားကြပြန်သည်။

ဤသို့ဖြင့် ငါးရက်မြောက်နေ့တွင် လက်ကျန်ငွေများကို အပြည့်ရ၍ဟု ဆိုကာကျွန်ုပ်ကိုကျွန်ုပ်၏ကားဖြင့်တင်၍ပြန်လွှတ်ပေးခဲ့သည်။ ခေါ်လာတုန်းကလိုပင် မျက်နှာကို အဝတ်နက်စည်း၍ ကားပေါ်တင်ကာ ခေါ်လာခဲ့သည်။

မြို့တွင်းတစ်နေရာအရောက်မှာ ကျွန်ုပ်မျက်နှာမှ အဝတ်နက်ကို ဖြုတ်ပေး၍ ၎င်းတို့ သုံးယောက်သည် ကားပေါ်မှ ဆင်းသွားကြသည်။ မည်သည့် စကားမျှမဆို။ လမ်းကြားတစ်ခုထဲ တိုးဝင်ပျောက်ကွယ်သွားသည့်အထိ ကျွန်ုပ်မှာ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိသည်။

ကျွန်ုပ်ကို ကားနှင့်အတူ ပြန်လွှတ်ခဲ့သည်။ ဘာကြောင့် ကားကို မယူခဲ့ လေသနည်း။ ထိုအဖြေကို သူတို့သာလျှင် အသိဆုံး ဖြစ်ပေမည်။ ကားကို မယူသည့်အတွက် ၎င်းတို့ကိုပင် ကျေးဇူးတင်ရပေလိမ့်မည်။

ထို့နောက်တွင်မှ ကျွန်ုပ်သည် ကားကိုမောင်း၍ ထွက်လာခဲ့၏။ အိမ်ရောက်တော့ တစ်အိမ်သားလုံး ငိုယို၍ ကျွန်ုပ်ကို ပြေးဖက်ကြတော့၏။

"ဝမ်းသာလိုက်တာ - ကိုထွန်းရယ်။ ကျွန်မဖြင့် - ကိုထွန်းပြန်လာမယ်လို့ တောင် မထင်ဘူး။ ကိုထွန်း - ဘာမှမဖြစ်ဘူးနော်"

"ဖေကြီး - ဖေကြီး - ဘာမှမဖြစ်ဘူးမဟုတ်လား"

ဇနီး၊ သားသမီးတွေက ဝိုင်းဝန်း၍ ဆီးကြိုကြရှာသည်။

"သိန်းနှစ်ဆယ် - ပါသွားပြီမဟုတ်လား - ခင်"

"အို - ကိုထွန်းကလည်း လူထက်ငွေကပိုအရေးကြီးလို့လား။ အသက်ရှင် နေသရွေ့ - ငွေကပြန်ရှာလို့ရတာပဲ။ မနေ့ပြောနေပါနဲ့ရှင်။ ဖြစ်ချိန်တန်ဖြင့် ပျက် ချိန်တန်ပျက်လို့ပဲ သဘောထားလိုက်"

"ဒါနဲ့ - ရဲကိုကော - တိုင်သေးလား"

"ဘယ်တိုင်ရဲမလဲ။ တိုင်ရင် - ရှင့်ကို သတ်မယ်လို့ပြောထားတာကို။ အို - ဒါတွေ - ထားလိုက်ပါ - ရှင်ရယ်။ အခု - ကောင်းကောင်းအနားယူပါဦး နော်"



ထိုညက ကောင်းကောင်းမွန်မွန် အိပ်ရသော်လည်း ကျွန်ုပ်မှာ အိပ် မပျော်ပါ။ ထိုကိစ္စအတွက် ရင်ထဲမှာ လိပ်ခဲတည်းလည်း ဖြစ်နေရသည်။ စိတ်ထဲမှာ တစ်စက်ကလေးမှ မကျေနပ်။

ထိုကိစ္စကို ကျွန်ုပ်၏ရှေ့နေ ဦးဉာဏ်လင်းဖော်နှင့် ဆွေးနွေးတိုင်ပင်ရန် စဉ်းစားမိ၏။ ထို့ကြောင့် ထိုမနက်တွင်ပင် ကျွန်ုပ်သည် ကားကို ကိုယ်တိုင် မောင်း၍ ထွက်လာခဲ့သည်။ ရှေ့နေဦးဉာဏ်လင်းဖော်မှာ ထောက်ကြံ့တွင် နေထိုင်ခြင်းဖြစ်၏။

အမှန်ဆိုရသော် ရှေ့နေဦးဉာဏ်လင်းဖော်၏လိပ်စာကို သိသော်လည်း သူ့အိမ်သို့ တစ်ကြိမ်တစ်ခါမှ သွားရောက်ဖူးခြင်းမရှိ။ အလုပ်ကိစ္စရှိရင် ကျွန်ုပ် ၏ ရုံးခန်းတွင်သာ တွေ့ကြခြင်း ဖြစ်သည်။

ထောက်ကြံ့ရောက်တော့ ဟိုမေးသည်မေးဖြင့် တစ်လမ်းဝင်၊ တစ်လမ်း ထွက်ဖြင့် မောင်းလာရင်းမှ သူ၏ခြံကျယ်ကြီးကို ရှာတွေ့ခဲ့လေသည်။

"ဟာ - ဒေါက်တာ - ပြန်ပေးဆွဲခံရတယ်ဆို။ ဘယ်လိုလွတ်လာတာလဲ"

ရှေ့နေဦးဉာဏ်လင်းဖော်က သစ်ပင်ရေလောင်းနေရာမှ ကျွန်ုပ်ကိုမြင် တော့ ဝမ်းသာအားရအသံဖြင့် နှုတ်ဆက်၏။ ကျွန်ုပ်စိတ်ထဲတွင် ဇဝေဇဝါဖြစ် သွားရသည်။ မိန်းမဖြစ်သူက မည်သူ့ကိုမျှ ထုတ်မပြောခဲ့ပါ။ အလုပ်၌လည်း ကျွန်ုပ်ကို အရေးပေါ်ကိစ္စတစ်ခုကြောင့် ခရီးထွက်သွားသည်ဟု ပြောခဲ့၏။

ယခု - ကျွန်ုပ်၏ရှေ့နေက ကျွန်ုပ်ကို ဤသို့မေးခွန်းထုတ်လိုက်သည့် အတွက်ကျွန်ုပ်အာရုံကိုရှုပ်ထွေးသွားခဲ့တော့သည်။ ထို့ကြောင့်တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်းမပြုဘဲ ကားပေါ်မှ ဆင်းလိုက်၏။

"ဝုတ် - ဝုတ် - ဝုတ်"

အဖြူရောင်တယ်ရီယာခွေးလေးတစ်ကောင်က တဝုတ်ဝုတ်ဟောင်ရင်း ပြေးလာ၏။ အမြီးနန့်နေသော်လည်း ပါးစပ်က ဟောင်နေ၏။ ထို့နောက် စူးစမ်းသည့်သဘောဖြင့်ကျွန်ုပ်၏ခြေကိုလာနမ်း၏။ ကျွန်ုပ်က ခွေးဖြူလေးကို အတန်ကြာ စူးစိုက်ကြည့်နေမိသည်။

"လာဗျာ - အိမ်ထဲဝင်၊ အထဲကျမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ရှေ့နေဦးညာက်လင်းဖော်က အိမ်တံခါးကို တွန်းဖွင့်လိုက်တော့ "ကျွီခနဲ" အသံရှည်ကြီးထွက်ပေါ်လာ၏၊ တံခါးပတ္တာများ၌ ဆီမရှိ၍ ယခုကဲ့သို့ မြည်ခြင်းဖြစ်ပေသည်၊

ကျွန်ုပ်သည် ထိုအသံကို ကောင်းစွာမှတ်မိနေခဲ့သည်၊ တစ်စုံတစ်ရာ နှုတ်မဟပဲ အထဲဝင်လိုက်ခဲ့၏၊

"ထိုင်ဦး - ဒေါက်တာ၊ ကျွန်တော် - ကော်ဖီနှပ်ထားတာ ရှိတယ်၊ သွားယူလိုက်ဦးမယ်"

ရှေ့နေကြီးက ပျာပျာသလဲဖြင့် နောက်ဖေးခန်းကို ဝင်သွား၏၊ ကျွန်ုပ်သည်လည်း အကြောင်းအရာများစွာကို စိတ်အေးအေးဖြင့် ထိုင်စဉ်းစားနေမိသည်၊

ခဏအကြာတွင် ရှေ့နေကြီးက ကော်ဖီနှစ်ခွက်ကိုင်၍ ရောက်လာခဲ့သည်၊ ကော်ဖီတစ်ခွက်ကို ကျွန်ုပ်အား ကမ်းပေးရင်း ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်၏၊ ထိုသို့ ထိုင်ရင်းမှ စားပွဲကို လက်ချောင်းများဖြင့် "တဒေါက်ဒေါက်" ခေါက်နေပြန်သည်၊

ကျွန်ုပ်လည်း တစ်စုံတစ်ရာကို သတိရစွာဖြင့် ၎င်း၏လက်ချောင်းများကို ငေးစိုက်ကြည့်နေမိရာ သူသည်လည်း မလုံမလဲဖြစ်ကာ စားပွဲကို အခေါက်ရပ်၍ စကားစပျိုးလေ၏၊

"ဘယ်လိုဖြစ်တာလဲ - ဒေါက်တာ၊ ဘယ်လိုဖြစ်ပြီး ပြန်ပေးအဆွဲခံရတာလဲ"

"အင်း - ကျုပ်လည်း မပြောတတ်ပါဘူးဗျာ၊ အမိကကတော့ ငွေလိုချင်လို့ ပြန်ပေးဆွဲတာပါပဲ၊ တခြားရန်ငြိုးရန်စ မရှိပါဘူး"

ရှေ့နေဦးညာက်လင်းဖော်က ကျွန်ုပ် ရှင်းပြသည်များကို နားထောင်ရင်းမှ လက်ချောင်းများကို "တဂျုပ်ဂျုပ်" ချိုးရင်း နားထောင်နေ၏၊ ဤသို့လက်ချောင်း





ကျွန်ုပ် အဖမ်းခံရစဉ်က
သောက်ခဲ့ရသော ရေဖန်ပုလင်း၏
အောက်ခြေတွင်လည်း ထိုကဲ့သို့
အနီစက်လေးတစ်စက် ရှိနေခဲ့သည်ကို
ကျွန်ုပ် ကောင်းစွာမှတ်မိနေပါသည်။
ထိုမျှသာမက ၎င်းနေရာရှိ ကြမ်းပြင်များမှာ
ခပ်ဟာဟာဖြစ်နေ၍ ငုံ့ကြည့်ရာအောက်တွင်
မှောင်မိုက်နေသော်လည်း ထိုနေရာ၌
မြေအောက်ခန်းတစ်ခု ရှိနေမည်ကို
ကောင်းစွာ သိလိုက်ရတော့၏။

များကို ချိုးနေပုံကိုလည်း ကျွန်ုပ်မှာ အံ့ဩစွာ ကြည့်နေမိသည်၊ ကျွန်ုပ်ရင်ထဲမှ အစိုင်အခဲတစ်ခုမှာလည်း တစ်စထက်တစ်စ ပိုမိုကြီးမားလာခဲ့ရတော့သည်၊

"အင်းဗျာ - သိန်းနှစ်ဆယ်ဆိုတော့ အတော်များသား၊ နို့ပေမယ့်လည်း လူ့အသက်ထက် ပိုအရေးမကြီးပါဘူး၊ ဟုတ်တယ်မဟုတ်လားဗျာ"

ရှေ့နေကြီး၏စကားကိုကြားတော့ ကျွန်ုပ်စိတ်ဝယ် မနှစ်မြို့စွာ ခံစားလိုက်ရသည်၊ သူသည် ထိုစကားကို ခပ်ပေ့ါပေ့ါ ပြောလိုက်သည်၊ မည်သည့်ခံစားမှုမျှ ပါဟန်မတူ၊ ထို့အပြင် ကျွန်ုပ် ပြန်ပေးဆွဲခံရသည် သိန်းနှစ်ဆယ် ပေးရသည်

ဆိုတာတွေကို သူ မည်သို့ သိရှိပါလေသနည်း၊ ကျွန်ုပ်၏ဖနီးသည် ကျွန်ုပ် အသတ်ခံရမည်စိုး၍ လျှို့ဝှက်စွာပင် လုပ်ဆောင်ခဲ့၏၊ ဘဏ်မှ ငွေထုတ်၍ပေး ခဲ့ခြင်းဖြစ်သည်၊ မည်သူ့ကိုမျှ အသိမပေးခဲ့ဟုဆိုသည်၊ သို့ဆိုလျှင် -

ထိုအကြောင်းကို ထုတ်မေးရန် ပြင်လိုက်ပြီးမှ ထုတ်မမေးတော့ဘဲ မျိုချ လိုက်မိသည်၊ ရှေ့နေကြီးက သွားကြားထိုးတံတစ်ချောင်းဖြင့် သွားကြားထိုး လိုက်ပြီးနောက် သွားကြားထိုးတံကို နှစ်ပိုင်းချိုး၍ လွှင့်ပစ်လိုက်၏၊ ကျွန်ုပ် အာရုံအတွင်းမှ ရုပ်လုံးသည်လည်း ပီပြင်သထက် ပီပြင်လာခဲ့ချေပြီ၊

"ကျုပ် - အခုလာတာက ရှေ့နေကြီးကို တိုင်ပင်ချင်လို့လာတာ၊ ဒီကောင် တွေက တစ်ခါစားဖူးပြီးဆိုတော့ နောက်တစ်ကြိမ်ထပ်စားဖို့ကြိုးစားဦးမှာပဲ၊ ဒါကြောင့် - ဒီကိစ္စကို ရဲတိုင်ပင်ရင် ကောင်းမလားလို့"

ကျွန်ုပ်စကားကြားတော့ သူက ခေါင်းကိုခါယမ်း၍ -

"အိုဗျာ - ရဲတိုင်ရင် အမှုက ပိုရှုပ်လာနိုင်တယ်၊ ဟိုကောင်တွေကလည်း အငြိုးထားလာနိုင်တယ်၊ ပြီးတော့ - ရဲက ဘာလို့အခုမှတိုင်ရတာလည်းဆိုရင် ရှင်းရခက်မယ်၊ အမှုကို ထိမ်ချန်မှုတွေ ဖြစ်လာမယ်၊ မလိုလားအပ်တဲ့ ပြဿနာဖြစ်လာနိုင်မယ်၊ ပြီးတဲ့ပြဿနာကို ပြီးပါစေတော့ - ဒေါက်တာရယ်" ဟု တားမြစ်လေ၏၊

ကျွန်ုပ်လည်း တစ်စုံတစ်ရာ ထပ်မံပြောဆိုခြင်း မပြုတော့ဘဲ အပေါ့သွား လိုကြောင်း ခွင့်တောင်းလိုက်လေသည်၊

"ဪ - ရပါတယ်၊ ဒီကနောက်ဝင်သွား - ညာဘက်မှာဗျ"

ကျွန်ုပ်လည်း ၎င်းညွှန်ရာအတိုင်း အိမ်သာရှိရာသို့ ဝင်လာခဲ့၏၊ ရှေ့နေ ကြီးမှာမူ ဧည့်ခန်းတွင်ထိုင်၍ ကျန်ရစ်ခဲ့လေသည်၊ မီးဖိုချောင်ရှိ ပန်းကန်စင် တွင် ထောင်ထားသော ဖန်ပုလင်းတစ်လုံးကို ကျွန်ုပ် အမှတ်တမဲ့ တွေ့လိုက် မိသည်၊

ကျွန်ုပ် ပြန်ပေးဆွဲခံရစဉ်က အမှောင်ခန်းတွင်နေစဉ် ကျွန်ုပ်ကို ရေသောက်ရန် ယူလာသော ရေဖန်ပုလင်းကိုလည်း သွားအမှတ်ရလိုက်မိ



သည်၊ သေချာစေရန် အနီးကပ်ကြည့်လိုက်ရာ ဖန်ပုလင်း၏အောက်ခြေနား၌ ဆေးနီစက်လေးတစ်စက်ကို တွေ့လိုက်ရသည်၊

ကျွန်ုပ် အဖမ်းခံရစဉ်က သောက်ခဲ့ရသော ရေဖန်ပုလင်း၏အောက်ခြေ တွင်လည်း ထိုကဲ့သို့ အနီစက်လေးတစ်စက် ရှိနေခဲ့သည်ကို ကျွန်ုပ်ကောင်းစွာ မှတ်မိနေပါသည်၊ ထိုမျှသာမက ၎င်းနေရာရှိ ကြမ်းပြင်များမှာ ခပ်ဟာဟာဖြစ်နေ ၍ ငုံ့ကြည့်ရာ အောက်တွင် မှောင်မိုက်နေသော်လည်း ထိုနေရာ၌ မြေအောက် ခန်း တစ်ခုရှိနေမည်ကို ကောင်းစွာ သိလိုက်ရတော့၏၊

ကျွန်ုပ်သည် အပေါ့သွားပြီးနောက် ဟန်မပျက် ထွက်လာ၍ ဆိုဖာတွင် ဝင်ထိုင်လိုက်၏၊

"ဘယ်နှယ့်လဲ - ဒေါက်တာကြီး၊ အဆင်ပြေရဲ့လားဗျာ"

"ပြေပါတယ်ဗျာ - အားလုံးပြေပါတယ်"

"အေးဗျာ - ဒေါက်တာဖြစ်ရပ်အတွက် စိတ်မကောင်းပါဘူး၊ လူဆိုးတွေ ကိုလည်း အမြန်ဆုံးဖမ်းမိပါစေလို့ ဆုတောင်းတယ်ဗျာ"

"အင်း - ကျုပ်ကလည်း ဒီလိုပဲမျှော်လင့်ပါတယ်ဗျာ၊ ကဲ - ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

ရှေ့နေကြီးက ကျွန်ုပ်ကို တံခါးဖွင့်၍ လိုက်ပို့သည်၊ "ကျွီ" ခနဲ မြည်သွား သောတံခါးကိုကြည့်၍ ကျွန်ုပ်က - "ခင်ဗျားတံခါးရဲ့ပတ္တာက ဆီခန်းနေပြီ၊ ဆီလေး၊ ဘာလေး ထည့်ပါဦး" ဟု ပြောလိုက်သည်၊ ရှေ့နေကြီးကတော့ -

"ဟုတ်ကဲ့ပါ - ဟုတ်ကဲ့ပါ" ဟု တုံ့ပြန်၏၊

ခြံထဲရောက်သည်နှင့် တဝုတ်ဝုတ်ဖြင့် ဟောင်လိုက်သော ခွေးဖြူကလေး ကို တွေ့လိုက်ရ၍ ကျွန်ုပ်က ပြုံးလိုက်ပြီး - "ခွေးကလေးရယ် - ဘာလို့ဟောင် နေတာလည်းကွယ်၊ မင်း - တကယ်ဟောင်ရမှာက အသားထဲက လောက် ထွက်တဲ့သူကိုပါ၊ အင်းလေ - ဘာပဲဖြစ်ဖြစ် - မင်းဟောင်သံကြားရတဲ့အတွက် ကျေးဇူးတင်ပါတယ် - ခွေးကလေးရေ" ဟု ပြော၍ ထွက်လာခဲ့၏၊

ရှေ့နေကြီးကတော့ နားမလည်သောမျက်လုံးများဖြင့် ကျွန်ုပ်ကို တစ်လှည့်၊ သူ့ခွေးကိုတစ်လှည့်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ကျွန်ုပ်သည် ကားကို ပုံမှန်မောင်းလာခဲ့၏။ ကျွန်ုပ်၏ ဦးတည်ရာကား "ရဲစခန်း" ပင် ဖြစ်ပါတော့သတည်း။

●○➤ ခသုန်မင်္ဂနိုးထက်


စာ ရှင် သို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို ပဂ္ဂဝင်း




## သေမင်းနှင့် လက်တစ်ကမ်းအလို တိုက်ပွဲဝင်ရဲဘော်တစ်ယောက်၏ စိတ်အတွေးသဏ္ဌာန်တွင် ဖြစ်ပေါ်လာသည့် ခံစားမှုတစ်ခုကို ဖတ်ရှုရမည် ..

**ပိန်း**ပိတ်သော အမှောင်ထုထဲသို့ မီနစ်ပေါင်းများစွာ ကြာမြင့်အောင် စူးစိုက်ကြည့်ရှုနေမိသောအခါ ကျွန်တော်လည်း မျက်မမြင်ကြောင်တောင် ကန်းတစ်ဦးနှင့် တူသလိုလို ဖြစ်လာသည်။ အအေးဓာတ်က မညှာမတာ ဖိစီး လွှမ်းခြုံထားခြင်းကို မိနစ်ပေါင်းများစွာ ကြာညောင်းသည်အထိ မလှုပ်မယှက်၊ မလှုပ်မလွန့်တင်းခံရင်းမှ ကျွန်တော်သည် အပူအအေးခံစားမှုမဲ့ရုပ်ထုတစ်ခု နှင့် တူလာပြန်သည်။ ညောင်းညာလွန်း၊ အေးစက်ထုံကျင်လွန်းသဖြင့် ကျွန် တော်၏လက်ချောင်းဆယ်ချောင်းက ဆုပ်ကိုင်ထားခဲ့သည့်ပေါင်ရှိန်နှစ်ဆယ် ကျော်ကျော် လေးလံသည့် ကျည်အပြည့်နှင့် မောင်းပြန်ရိုင်ဖယ်သည် ကျွန် တော်၏ လက်ချောင်းတွေထဲမှာ အလေးချိန်ကင်းမဲ့သလို ဖြစ်လာသည်။ သေနတ်က လုံခြုံရေးခလုတ်ဖွင့်၊ မောင်းအသင့် တင်ထားပြီးဖြစ်သည်။ သို့ပါ သော်လည်း ပစ်ခလုတ်ကွင်းထဲမှ ပစ်ခလုတ် ငုတ်တံကောက်ကလေးကို ဆွဲဖိရန်ကျွန်တော်၏ ညာဘက်လက်ညှိုးပျောက်ဆုံးနေသလိုလိုခံစားရသည်။ လက်ညှိုးမျှသာ မဟုတ်၊ ကျွန်တော်၏ လက်တွေအားလုံး ရှာမရနိုင်ဘဲ ဖြစ်



နေသည်။ လက်တွေမျှ မဟုတ်သေး၊ ကျွန်တော်၏ ကိုယ်အင်္ဂါအစိတ်အပိုင်း အများစု ပျောက်ဆုံးနေကြသည်။

ကျွန်တော် အသက်ပြင်းပြင်းရှူနေမိခြင်းကိုတော့ သိသည်။ သို့သော် မည်သည့်အနံ့အသက်မျှ ရှူရှိုက်ခံစားမိခြင်းမရှိ။ ကျွန်တော်၏အမြင်အာရုံက "မမြင်ရခြင်း" ကို ကြည့်နေသည်။

ကျွန်တော်၏အကြားအာရုံက "မကြားရသောအသံ" ကိုနားစွင့်နေသည်။ ကျွန်တော်၏ ဇိဝှာရုံက "မန်သောအနံ့" ကို ရှူသွင်းဆန်းစစ်နေသည်။ ကျွန် တော်၏ ရင်နှလုံးက လှုပ်လှုပ်ယမ်းယမ်းနှင့် မျှော်လင့်နေသည်မှာ သေမင်း။ ကျွန်တော်၏ စိတ်အသိက ကပ်တွယ်ဆုပ်ဖမ်းထားသော ရည်စူးချက်မှာ သေမင်းကိုသတ်ဖို့ (သို့မဟုတ်) သေမင်း၏ သတ်ဖြတ်ခြင်းကို ခံယူဖို့။

ကျွန်တော် လက်ဝဲဘက်ကိုက် (၅၀)အကွာမှာ၊ ယာဘက်ကိုက် (၅၀) အကွာမှာ ကျွန်တော့်လိုပင် မောင်းပြန်ရိုင်ဖယ်များကိုင်ဆောင်၍သေမင်းကို စောင့်လင့်နေကြသူ ကျွန်တော်၏ မိတ်ဆွေတစ်ယောက်စီရှိနေကြသည်။ ကျွန်တော်တို့၏ နောက်ကျောဘက်များမှာတော့ ကျွန်တော်တို့သုံးယောက် ကဲ့သို့ စိတ်လှုပ်ရှားခြင်း မရှိသော်လည်း ကျွန်တော်တို့လိုပင် ပူပန်မှုများ ကိုယ်စီရှိကြသော ကျွန်တော်တို့၏ မိတ်ဆွေသုံးဒါဇင်နီးပါး အမှောင်ထုထဲမှာ ငြိမ်ဝပ်နေကြသည်။ သူတို့၏ လက်တစ်ကမ်းမှာ လက်နက်ခဲယမ်းများ၊ စစ်သုံးတန်ဆာပလာများ၊ ရိက္ခာခြောက်အချို့နှင့် အရေးပေါ်သုံးဆေးဝါး ပစ္စည်းများ ရှိနေကြသည်။ ရုတ်တရက်ဆိုလျှင်တော့ ယခုလို ပကတိမှောင် ပိန်းနေခြင်းထဲမှာ နေရသည်မှာ တစ်ကမ္ဘာလုံး၌ ကျွန်တော် တစ်ယောက် တည်း အထီးကျန်ရှင်သန်နေရသကဲ့သို့ ဖြစ်နေသည်။

သို့ရာတွင် အသေအချာဆုံး၊ အနီးကပ်ဆုံးက လမ်းကတော့ ကျွန်တော့် အနီးမှာ (သို့မဟုတ်) ခပ်လှမ်းလှမ်းမှာ မလွဲမသွေရှိနေမည့် သေမင်းမှတစ်ပါး အခြားမရှိ။

ရောက်ရှိနေသော အချိန်နာရီကို တိတိကျကျခန့်မှန်းခြင်းမပြုနိုင်သော် လည်း နံနက် (၁)နာရီနှင့် (၂)နာရီကြားကာလအပိုင်းအခြားတစ်ခုထဲမှာ

ဖြစ်နိုင်ကြောင်း ကျွန်တော် သိနေသည်။ ညဦးသန်းခေါင်ယံ (၁၂) နာရီတိတိ ကတည်းက ဤနေရာမှာ ကျွန်တော် စတင်တာဝန်ကျနေသည်။ သေမင်းနှင့် တွေ့ဆုံဖို့ ဖြစ်သည်။ သေမင်းကို စောင့်ကြိုဖို့ဖြစ်သည်။ သေမင်းနှင့် အပြီး အပြတ် လုံးထွေးသတ်ပုတ်ဖို့ဖြစ်သည်။ နိုင်မလား၊ ရှုံးမလား အပ်ကျမပ်ကျ မပြောနိုင်။ သူမနိုင် ကိုယ်မရှုံး သရေပွဲလည်းဖြစ်သွားနိုင်သည်။ ကျွန်တော်က သရေပွဲမကြိုက်၊ ပြတ်သားတိကျသော နလုံးနာနာနှင့် လက်ခံရသော ရလဒ် မျိုးကိုသာ အလိုရှိသည်။

ဤအရပ်ဒေသက တောတောင်သျှိုမြောင် ချိုင့်ဝှမ်းများ ပြည့်နက်ကာ အမြဲစိမ်းသစ်ပင်ချုံနွယ်တွေ ဆယ့်နှစ်ရာသီပတ်လုံး ပိတ်ဖုံးနေတတ်သည်။ မြိုင်ကန္တာ၏ ပန်းမာလာရနံ့တွေ ထာဝရမွှေးကြိုင်လွင့်ပျံ့နေတတ်သည့်ဝန်း ကျင်ဒေသမျိုး ဖြစ်သည်။ ညအခါများတွင် ဆီးနှင်းအေးစက်စက်တွေ တဖွဲဖွဲ ကျဆင်းလွင့်မျောနေတတ်ကြသည်။ နေ့ကာလတွေမှာ ကျေးငှက်သာရကာ မျိုးစုံ၏ မာဂဓတေးသံသာကို နားသောတဆင်ခွင့်ရသည်။ တောရိုင်းတိရစ္ဆာန် တချို့ကလည်း သူ့အစုနှင့်သူ၊ သူ့အဖော်နှင့်သူ။ (သို့တည်းမဟုတ်) ကေစာရီ တစ်ကောင်တည်း လှည့်လည်ကျက်စားနေတတ်သည်။ ယခုတော့ - ဤနေ ရာဝန်းကျင်သည် တိရစ္ဆာန်တို့အတွက် မဟုတ်တော့။ တိရစ္ဆာန်စံစားမှုမျိုး ကြီးစိုးထားကြသည့် မနုဿတွေနှင့် သေမင်းတို့၏ ပြိုင်ဆိုင်သတ်ပုတ်ကြရာ "သတ်ကွင်း" ကြီးပိုင်း ဖြစ်နေခဲ့ရပေပြီ။

ဤသတ်ကွင်း၏ စည်းမျဉ်းမှာ ရှင်းလင်းပီပြင်ပါသည်။ ကိုယ်က သူ့ကို သတ်နိုင်လျှင်သတ်၊ မဟုတ်လျှင် သူက ကိုယ့်ကို သတ်ဖြတ်အပြတ်ရှင်းလိမ့် မည်။ ယခုအချိန်အထိတော့ မရေမတွက်နိုင်သော သတ်ပွဲများတွင် သေမင်း က နိုင်ပွဲအောင်ပွဲတွေ အများစုကို ယူသိမ်းပိုက်ထားခဲ့ပါသည်။ ပသို့ဆိုစေ ကျွန်တော်ကတော့ အရှုံးမပေးနိုင်၊ အနာမခံနိုင်၊ ဒူးမထောက်လက်မမြှောက်၊ လည်စင်းခြင်းမပြုနိုင်။ သေမင်းကို လက်ဦးအောင် သုတ်သင်သတ်ဖြတ်ပစ် ဖို့ သန္နိဋ္ဌာန်ချထားပြီးသား။



မြင်ကွင်းနယ်နိမိတ် စည်းရိုးပျောက်အောင် ပိန်းပိတ်နေသော အမှောင် ထုလွှင်ပြင်၏ အလယ်ဗဟိုလောက် ကျွန်တော်ရှေ့တူရူ တည့်တည့်လောက် မှာ အမှောင်လျှော့ကျကာ အလင်းပျပျ ပေါ်လာသလိုရှိသည်။ မှန်သည်။ တစ်ခုခုကို ကျွန်တော် တွေ့နေပေပြီ။ မှိန်ဝါးဝါးသဏ္ဌာန်တစ်ခု ယိမ်းနွဲ့လူးလွန့် နေဟန်မျိုး ဖြစ်သည်။ အညိုရောင်ပုလင်းထဲရှိ အလယ်တစ်ခုထဲတွင် ပိုးလောက်လန်းတစ်ကောင်ကူးခတ်နေသည်နှင့် တူလှသည်။ သဏ္ဌာန်သည် ဖြည်းဖြည်းချင်း ထင်ရှားလာပြီး ကျွန်တော်၏ မြင်ကွင်းထဲသို့ တရွေ့ရွေ့ တိုးဝင်လာသည်။ ကျွန်တော်က သေနတ်ကို မြှောက်လိုက်သည်။ သို့သော်



ဒါတို့ စစ်ပွဲကာလတုန်းက စစ်မြေပြင်မှာ
အရူလို စီးကရက်သောက်တဲ့အခါ စီးကရက်ကို
လူသေခေါင်းခွံချောင်းလို့ ခေါ်ကြတယ်။ ညဘက်
စီးကရက်မီးရောင်ရှိတဲ့နေရာကို လှမ်းပစ်လိုက်ရင်
ကြွကရောမဟုတ်လား။ စစ်ပွဲမှာ သေတာတော့
မဆန်းဘူးပေါ့ကွာ။ သို့ပေမဲ့ စစ်ပွဲကြီးကိုယ်၌က
ရောမရူးသွပ်မှုကြီးတစ်ခု ဖြစ်နေတယ်။ ❞

သေနတ်က ကျွန်တော့်လက်ထဲမှ ဘူဒိုဇာကြီးတစ်စင်းလို အဆမတန်လေး လံလျက်ရှိသည်။ တစ်လက်မမျှပင် ကြွမလာ။

"အယ် - ဘယ်သူလဲ"

ကျွန်တော်၏ အော်ဟစ်သံက ပါးစပ်ပေါက်မှမထွက်ဘဲ လည်ချောင်းထဲ နောက်ပြန်လှည့်ကာ ဝမ်းခေါင်းထဲသို့ ငုပ်လျှိုးသွားသည်။

ကျွန်တော့်ထံ ရွေ့လျားလာနေသော သဏ္ဍာန်က ပီပြင်သယောင်ယောင် တောက်ပလာသည်။ အလင်းမှုန်မှုန်ထဲတွင် လူတစ်ယောက်ပုံပန်းသွင်ပြင် အပြည့်အစုံကို မြင်နေရသည်။ ထူးခြားသည်က သူ၏ကိုယ်ခန္ဓာတစ်ပိုက်ဆီ မှာပဲ အလင်းက ဝန်းရံနေပြီး အလင်းနယ်နိမိတ်က သူ့ခန္ဓာနှင့်ကပ်လျက် လက်မအနည်းငယ်သာ ပြန့်ထွက်နေသည်။ ထိုအလင်း၏ အပြင်ဘက်မှာ တော့ မူလကအတိုင်း ပိန်းပိတ်သည့် အမှောင်ထုကြီးသာရှိသည်။

"ရန်သူ - ရန်သူ"

ကျွန်တော်က ရှိသမျှအားအင်တွေ ညှစ်ထုတ်ပြီး အော်ဟစ်ရန် ကြိုးစား သော်လည်း ကျွန်တော်၏ လည်ချောင်းထဲမှာ တင်းကျပ်ပိတ်ဆို့ကာ မေးရိုး တွေက နိုင်မာအေးစက်ပြီး နှုတ်ခမ်းနှစ်လွှာက ဂဟေဆော်ခံထားရသလို ပိတ်ကပ်နေကြသည်။ ကျွန်တော့်အသံသည် ကျွန်တော်၏ ရင်ခေါင်းထဲမှာပဲ ပွဲတင်ထပ်နေ၏။

သူသည် ကျွန်တော့်မျက်မှောက်သို့ ထင်ထင်ရှားရှား ရောက်ရှိလာပါ သည်။ ဥရောပဝတ်စုံ ဆင်းမြန်းထားသော ပိန်ပိန်ရှည်ရှည်လူအိုကြီးတစ် ယောက်ပဲဖြစ်သည်။ အဝတ်အစားတွေက သပ်ရပ်သစ်လွင်ဟန် ရှိသည်။ သူ့မျက်နှာကို ပိုးတဝါးသာ တွေ့လာသည့်တိုင် ထိုမျက်နှာတွင် ရန်လိုသော အရိပ်အယောင် မရှိပါ။ သူက ကျွန်တော့်ရှေ့မှ ကတုတ်ကျင်းနှုတ်ခမ်းအထက် မြေစာပုံပေါ်မှာ အကျအန ထိုင်ချလိုက်၏။ သူ၏ အမူအရာက ရေးကြီးသုတ် ပျာမရှိလှ။ ပန်းခြံထဲရှိ အပန်းဖြေထိုင်ခုံတစ်ခုံပေါ်မှာ အေးအေးလူလူထိုင်ချ လိုက်သည့်ဟန်မျိုး ဖြစ်ပါသည်။



"မင်း - ငါ့ကို ပစ်မလို့မဟုတ်လား။ အော်တိုမက်တစ်ခလုတ်ဖွင့်ပြီး အတွဲ လိုက်ခလုတ်ဆွဲလိုက်မှာ မဟုတ်လား။ ငါ့ကိုယ်ကြီး အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်သွားလိမ့်မယ်လို့ မင်းထင်နေခဲ့တယ်မဟုတ်လား" ဟု သူက ခြောက်ကပ် ကပ် အက်ကွဲကွဲအသံကြီးဖြင့် စကားစလာချိန်တွင် ကျွန်တော့်မှာ အလုံးစုံ လေငန်းဖြတ်ခြင်းခံထားရသလို ကြောင်အအ မလှုပ်မယှက်ကြီး ဖြစ်နေခဲ့ရ ပါပြီ။ ကျွန်တော်အသိထဲတွင် လုံးဝမမျှော်ခဲ့ဘူးသော အခြေအနေတစ်ရပ်နှင့် ရင်ဆိုင်နေရခြင်းဆိုသည်ကလွဲ၍ အခြား ဘာမျှမရှိ။

"ငါ့ကို - မင်း မပြောနဲ့။ မင်းတို့ တစ်စု တစ်စုလုံး ဝိုင်းပစ်တောင် ငါ မသေ နိုင်ဘူး။ ငါ့ကို အမြောက်နဲ့ထု၊ လေယာဉ်ပျံနဲ့ ဗုံးကြဲသတ်ဦးမလား - အလကား ပဲ။ ဘာမှအရာရောက်မှာမဟုတ်ဘူး။ ကုန်ကုန်ပြောမယ် - နျူကလီးယားဗုံး မှာ ငါ့ကိုကြိုးနဲ့ ကပ်ချည်ပြီး ဟိုး - သမုဒ္ဒရာချောက်ထဲမှာ ဖောက်ခွဲပစ်လိုက်ဦး ငါ မသေနိုင်ဘူး။ ဘာပြုလို့လည်းဆိုရင် ငါက သေပြီးသားကိုး။ ဟိုး - ၁၉၁၄ ခုနှစ်၊ ဩဂုတ်လ ပထမကမ္ဘာစစ်လို့ ခေါ်ကြတဲ့ မဟာစစ်ပွဲကြီး စတင်ခါစ ကတည်းက ငါဟာ ဂျာမန်အမြောက်ဆန် တိုက်ရိုက်ထိပြီး အရိုးအသား ရှာ မရအောင် သေပြီးနေခဲ့ပြီ။ ငါ သေတဲ့နေရာကတော့ ဘယ်လဂျီယမ် အနောက်ပိုင်း ပြင်သစ်မြောက်ပိုင်းနဲ့ နယ်သာလန်အရှေ့တောင်ပိုင်း အရပ် တွေ ထိစပ်နေကြတဲ့ (ဖလန်းဒါး) လို့ ခေါ်တဲ့ နယ်ထဲမှာပဲ။ ငါက အင်္ဂလိပ်တစ် ယောက်ပေါ့။ နာမည် မသိချင်ပါနဲ့။ (၁၈) နှစ်ပြည့်ပြီးခါစ စစ်ပွဲအတွေ့အကြုံ ဘာမှမရှိသေးတဲ့ အင်္ဂလိပ်ကလေးတစ်ယောက်လို့သာ မှတ်ပါ"

အင်္ဂလိပ်ကြီးက စီးကရက်ဘူးကို ထုတ်ယူကာ စီးကရက်တစ်လိပ်ကို အချိန်ယူ၍ မီးညှိဖွာရှိုက်နေပြန်သည်။ ကျွန်တော်ကတော့ စီးကရက်အနံ့ မဆိုနှင့် မည်သို့သော အနံ့မျှမရပါ။

"ငါတို့ စစ်ပွဲကာလတုန်းက စစ်မြေပြင်မှာ အခုလို စီးကရက်သောက်တဲ့ အခါ စီးကရက်ကို (လူသေခေါင်းသံချောင်း)လို့ ခေါ်ကြတယ်။ ညဘက် စီးကရက်မီးရောင်ရှိတဲ့ နေရာကို လှမ်းပစ်လိုက်ရင် ကြွကရောမဟုတ်လား။

စစ်ပွဲမှာ သေတာတော့ မဆန်းဘူးပေါ့ကွာ၊ သို့ပေမဲ့ - စစ်ပွဲကြီးကိုယ်၌က ရောမရှုးသွပ်မှုကြီးတစ်ခု ဖြစ်နေတယ်၊ မင်း စဉ်းစားကြည့် - ငါဟာ နေ့စဉ် နေ့တိုင်း ပစ်နေရတယ်၊ ငါပစ်လို့ မှန်တဲ့ကောင်တွေဟာ အပိုင်းပိုင်းအပြတ် ပြတ်ဖြစ်ပြီး ရွှံ့ဗွက်ထဲမှာ လဲကုန်ကြတာပဲ၊ ငါလည်းပဲ ဂျာမန်တွေ ထုလိုက်တဲ့ အမြောက်ဆန်တစ်ဆန်က ကျည်စတစ်စ ဗိုက်ထဲဝင်သွားဖူးလို့ ခွဲထုတ်ယူခဲ့ရဖူးတယ်၊ အချိန်မကျသေးလို့ ငါ မသေခဲ့ရဘူး၊ သေတဲ့လူတွေတော့ တစ်ပုံတစ်ခေါင်းကြီးပဲ၊ ဥပမာ - တစ်ခုပြောမယ်ကွာ - ၁၉၁၄၊ ဩဂုတ်လက စလို့ နိုဝင်ဘာလအတွင်း စစ်မြေပြင်မှာ ငါတို့ အင်္ဂလိပ်စစ်သား (၉၀၀၀၀၀) ကျဆုံးတယ်၊ ယင်ကောင်တွေ သေကြသလိုပဲနော်၊ သေခြင်းဆိုတာ စစ်ပွဲရဲ့ အဆင်တန်ဆာလို့တော့ ပြောချင်ပြောကြမှာပေါ့၊ ဒါပေမဲ့ - စစ်တိုက်သတ်ဖြတ်ကြတာဟာ လူသားတွေရဲ့ အမိုက်မဲဆုံး မိုက်မဲမှုကြီးကလွဲလို့ တခြား မဖြစ်နိုင်ပါဘူး"

သူက စကားပြောရင်း ကျွန်တော့်ကို စူးစိုက်အကဲခတ်နေကြောင်း ကျွန်တော်သတိပြုမိသည်၊ ထိုစဉ် သူက တစ်စုံတစ်ရာကိုပဲ နားကြည်းသလို လို ကျွန်တော့်ကိုပဲ လှောင်ပြောင်သလိုလိုနှင့် နှာခေါင်းသံဖြင့် ခပ်တိုးတိုး ရယ်သည်၊

"မင်းတို့ အခု စစ်တိုက်နေကြတာကြည့်ပြီး ငါတော့ ရယ်ချင်ပက်ကျိ ဖြစ်လာပြီ၊ မဟာစစ်ပွဲကြီးမှာ ငါ ဘယ်လိုစစ်တိုက်ခဲ့ရသလဲဆိုတာ မင်းတို့ မြင်စေစမ်းချင်တယ်၊ ဆက်သွယ်ရေးလမ်းကြောင်းလို့ခေါ်တဲ့ ကွေ့ကွေ့ ကောက်ကောက်ကတုတ်ကျင်း အရှည်ကြီးက လူတစ်ရပ်ကျော် နက်တယ် လေ၊ အဲဒီမြောင်းကြီးထဲမှာ ရေတွေက ခါးလောက်မြင့်တက်နေတယ်၊ မင်း ထိုင်လို့မရဘူး၊ အိပ်လို့မရဘူး၊ ရေထဲမှာ အလောင်းတွေက ပေါလောပေါ် နေတယ်၊ ကြွက်တွေက အလောင်းတွေရဲ့ မျက်လုံးတွေကို ဖောက်စားနေကြတယ်၊ သေတဲ့ကြွက်တွေက ရေထဲမှာ မျောနေကြပြန်တယ်၊ ကဲ - ဘယ်လိုအနံ့မျိုး ထွက်နေမလဲဆိုတာ စဉ်းစားကြည့်၊ အဆိုးဝါးဆုံး အပုပ်နံ့တွေ စုပေါင်းထားတဲ့ အော်ဂလီဆန်စရာ အကောင်းဆုံးအနံ့ကြီးကိုပဲ ငါတို့ ထာဝစဉ် ရှူရှိုက်နေခဲ့ကြရတယ်၊ အနံ့သက်သာအောင် ဆေးတံသောက်ကြည့်ပါ၊ ဗာဂျင်းနီးယားဆေးရွက်ကြီးနဲ့ မရဘဲ အပုပ်နံ့ကိုပဲ ရှူမိလျက်သား ဖြစ်နေလိမ့်မယ်၊

အဲဒီတုန်းက ငါတို့ ဘာစားနေခဲ့ကြရသလဲလို့ မင်း သိချင်သေးလား၊ စည်သွတ်ဘူးနဲ့ ဘီစကွတ်ပေါ့၊ စည်သွတ်ဘူးက အနံ့မကောင်းတော့ဘူး၊ ဘီစကွတ်က အင်္ဂတေပြားတွေလို မာကျစ်နေတယ်၊ အဲဒါတွေမှ မစားရင် တခြားစားစရာ မရှိတော့ဘူးလေ"

အင်္ဂလိပ်ကြီးက နောက်ထပ်စီးကရက်တစ်လိပ်ကို မီးညှိနေပြန်ပါသည်၊ စီးကရက်မီးခိုးတွေ လွင့်ပါသွားကြရာဆီသို့ ငေးမောရင်း သူက ဆက်ပြောသည်၊

"ငါတို့တစ်တွေဟာ အိပ်မက်ဆိုးကြီးတစ်ခုထဲမှာ ပိတ်မိနေခဲ့ကြသလိုပါပဲ၊ နေအလင်းပွင့်ပြီး မနက်မိုးလင်းလာမှာကိုလည်း ကြောက်နေခဲ့ကြတယ်၊ ညဘက်တိုက်ပွဲတွေ ရပ်နားထားတဲ့အချိန် အမှောင်ထဲမှာ အနားယူခွင့်ရခဲ့ကြတာကို သဘောကျခဲ့ကြတယ်၊ ဒါကလည်း အိပ်မက်လိုပါပဲ၊ မိုးလင်းတာနဲ့ (၁၈)ပေါင်ဒါအမြောက်သံတွေ တရစပ်ပေါ်ထွက်လာတော့တာပဲ၊ အဲဒါ - တိုက်ပွဲစပြီဆိုတဲ့အကြောင်း အချက်ပေးလိုက်တာပေါ့၊ မကြာမီ တယ်ပါ၊ ယူပါ တစာစာအသံတွေ ကြားရတော့မယ်၊ (လူနာထမ်းစင် အမြန် ဘ - အမြန်လာ) ဆိုတဲ့အော်သံကတော့ နားဝင်အဆိုးဆုံးပဲ၊ ကတုတ်ကျင်း ရမြောင်းထဲမှာ လက်ပြတ်၊ ခြေပြတ်၊ အသားစတွေ မျောပါလာတော့မယ်၊ ဆိုးဆုံးတစ်ခု ရှိသေးတယ်၊ ငါတို့ဟာ လနဲ့ချီပြီး ရေမချိုးကြရတော့ တစ် ယ်လုံး သန်းကြီးမတွေ တွယ်လာကြတော့တာပေါ့၊ သန်းကြီးမတွေကို းလင်းဖို့ တစ်နည်းတော့ ရှိတယ်၊ ငါတို့ရဲ့အကျီအတွင်းချုပ်ရိုးကြောင်းတွေ ဖယောင်းတိုင်က ဖယောင်းရည်ပူတွေ လိုက်တို့တာပေါ့၊ သန်းကြီးမတွေ ချုပ်ရိုးကြောင်းတွေကြားထဲမှာ အသိုက်ဖွဲ့ပြီး နေကြတာကိုး၊

အဲဒီတုန်းက ငါတို့အတွက် အိပ်စက်အနားယူတယ်ဆိုတာ မရှိသလောက်ပါပဲ၊ ကတုတ်ကျင်း လှေကားထစ်ပေါ်မှာ ထိုင်ရင်း ခဏ တဖြုတ် ငိုက်မျဉ်းလိုက်တာဟာ အိပ်ခြင်းတစ်မျိုးဆိုပါတော့ ...၊

ငါတို့ရဲ့စစ်မြေပြင်က ကြွက်ကြီးတွေ ရှင်သန်ဝပြိုးနေကြတာ အံ့ဩစရာတော့ မရှိဘူး၊ သူတို့မှာ စားစရာတွေက အလျှံပယ်ဖြစ်နေတာကိုး၊ လူသေအလောင်းကောင်တွေက အများကြီးကိုး၊ ဒီကောင်တွေက အလောင်းရင်ဘတ်ကိုဖွင့်ပြီး အသည်းကို နှိုက်စားတတ်ကြတယ်၊ ငါတို့လည်း ရိက္ခာ အသီးတွေ စားခဲ့ရတာပါပဲ၊

ငါ့ဘွတ်ဖိနပ်က စီးလို့မရအောင် စုတ်ပြတ်ပေါက်ထွက်ကုန်ပြီ၊ ဒီတော့ ဖိနပ်အသစ်ရှာရတာပေါ့၊ လွယ်ပါတယ် ၊လ - အလောင်းတွေဆီက ကိုယ့်ခြေထောက်နဲ့ တော်တဲ့ ဖိနပ်ဆွဲချွတ်ပြီး စီးလိုက်ရုံပါပဲ၊ စစ်ပွဲထဲမှာတော့ ဒီကိစ္စမျိုးက ဘာမှစာမဖွဲ့လောက်ပါဘူး၊ စစ်မြေပြင်ရောက်ရင် စစ်သားဟာ စစ်တိုက်ရမှုပဲ နေသာထိုင်သာရှိသလို ခံစားလာရတယ်၊ မနက်မိုးလင်းလို့ စစ်သေနတ်သံနဲ့ ပစ္စတိုသံတွေ ကြားရပြီဆိုရင် ငါတို့ပျော်သွားကြပြီ၊ အဲဒီအသံကို ငါတို့က "မနက်စောစော လက်ဖက်လည်ချိန်" လို့ ခေါ်ခဲ့ကြတယ်၊ အဲသလိုပဲ လက်ပစ်ဗုံးကို ဩဇာသီးလို့ ခေါ်ခဲ့ကြတယ်၊

သေချာစဉ်းစားကြည့်တော့ ငါ စစ်ထဲလိုက်ခဲ့တာ အရူးထမိသလိုပါပဲ၊ တစ်နေ့မှ (၁၈)ပဲနိပဲရတာ၊ ပြီးတော့ - ကိုယ်မသိတဲ့သူတွေကို သတ်နေရတယ်၊ အမှန်ပြောရရင် - ငါတို့က တစ်မျိုးတစ်နွယ်လည်း မဟုတ်ကြဘူး၊ ငါတို့နယ်သားတွေက စစ်စိတ်စစ်မာန်လည်း မရှိကြဘူး၊ ငါက စစ်ထဲမလိုက်ခင် စိုက်ပျိုးရေးသမားပဲ၊ ဂေါ်ဖီခင်းထဲမှာ ငါ ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ်နေခဲ့တာ၊ ဒါပေမဲ့ - စစ်ကြီးဖြစ်ပြီလည်းဆိုရော ငါ့သွေးထဲကို မျိုးချစ်စိတ်တွေ စီးဝင်လာပြီး စစ်သားစုဆောင်းရေးကို ပြေးသွားခဲ့မိတော့တာပဲ"

သူသည် ရုတ်တရက် ထရပ်လိုက်၏၊ ပြီးတော့ - ကျွန်တော့်အား ကောင်းကင်မှ နတ်မင်းတစ်ပါးက မြေပြင်ရှိ လူသားတစ်ယောက်ကို ကြည့်သလို ငုံ့ကြည့်သည်၊



လူ့သမိုင်းမှာ အကျည်းတန်ဆုံး အမိုက်မဲဆုံးပဲ၊ အဲဒါ ငါပြောပြတဲ့ ပထမ ကမ္ဘာစစ်ကြီးပေါ့၊ ပြီးတော့ - သူက လူသားအားလုံး လိမ့်ကျမယ့်အသူတစ်ရာ ချောက်နက်ကြီးဆီကို သွားမယ့်လမ်းကို ဖောက်ပေးလိုက်တာ၊ အခု - မင်းတို့ သွားနေကြပြီ၊ မင်းတို့မတိုင်ခင်က ဒုတိယအကြိမ် မဟာစစ်ပွဲကြီး ဖြစ်ခဲ့ပြီးပြီ၊ သေအပျောက် စံချိန်တင်သွားတယ်၊ အနုမြူလက်နက်ကို စပြီး မိတ် ဆက်လိုက်တယ်၊ ဒါလည်း - မင်းတို့ သင်ခန်းစာမယူနိုင်သေးဘူး၊ နောင်တ ရနိုင်ကြဘူး၊ ဒီတော့ - မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲ၊ ငါက အတိတ်သမိုင်းထဲမှာ လွတ်လွတ်လပ်လပ် အနေသာကြီး၊ ဂွတ်ဘိုင် - အရူးကလေးရေ"

သူ အမှောင်ထဲသို့ လှည့်ထွက်သွားသည်နှင့် ကျွန်တော်၏ ခန္ဓာတစ်ခုလုံး ကြားအသက်ဝင်လာသည်၊

ကျွန်တော်က သေနတ်ကို မြှောက်ယူပြီး တရွေ့ရွေ့ မှုန်ဝါးနေသော ဂူကန်ဆီသို့ ထိုးချိန်လိုက်သည်၊ ခလုတ်ပေါ်မှာ လက်ညှိုးကို ဆွဲမိတော့ ည့်ဆဲဆဲ အမှောင်ထုကြီးက ကျွန်တော့်တစ်ကိုယ်လုံးပေါ်သို့ အေးစက် ပုံပေါက်သော အလောင်းကောင်ကြီးတစ်ကောင်ကဲ့သို့ ပိကျလာသည်၊

•-၀> ကြူးနှမ်


"တရားခံ ဘိလာဂိဆရီ"
ကလဲ့စားချေသိမ်းမှု
သားတစ်ယောက်
သေဆုံးအဆုံးရှုံးခံလိုက်ရသည့် မိခင်တစ်ယောက်၏
အခွင့်အရေးတစ်ရပ်အဖြစ် ဥပဒေအရ လက်စားချေခွင့်
ရခဲ့ရာ နောက်ဆုံးတွင် . .

"အပြစ်ရှိသည့်အတွက် စီရင်ချက်ချမည် - နားထောင်"

တရားသူကြီးမင်း၏စကားသံကြောင့် တရားခွင်တစ်ခုလုံး တိတ်ဆိတ်သွားခဲ့သည်။

ခုနေ - အပ်တစ်ချောင်း ကျသွားလျှင်ပင် ကြားရနိုင်၏။

လူသတ်တရားခံ ဘီလာဂီဆရီသည် တရားသူကြီးနှုတ်မှ ထွက်လာမည့် စီရင်ချက်စကားကို တဒုန်းဒုန်းခုန်နေသော ရင်နှင့် နားစွင့်ပြီး အသက်ရှူမမှန်ဖြစ်နေ၏။

ဘီလာဂီဆရီနည်းတူ သူ့မိဘနှစ်ပါးတို့ကလည်း ရင်ဖိုကြီးစွာဖြင့် တရားသူကြီးမင်း၏ အမိန့်ကို နားစွင့်နေသည်။

"သေဒဏ်ပေးပါစေ - တော်"

"သင်းကို သေဒဏ်ပေးပါစေ - အရှင်"

ဤသို့ ဆုတောင်းနေသူများကတော့ အသတ်ခံရသူ၏မိခင် မာယန် (ခေါ်) အဘီနီဂျက်နှင့် ခင်ပွန်းဖြစ်သူ အလီတို့ပဲ ဖြစ်သည်။

အသတ်ခံရသူက သူမတို့ရဲ့အချစ်ဆုံးသား။

သေသူသားရဲ့အမည်က ...

အဗ္ဗဒိုလာ ...။

သူမတို့ရဲ့အချစ်ဆုံးသား "အဗ္ဗဒိုလာ" ကိုပေါ့ဟိုတရားခံ ဘီလာဂီဆရီက ရက်ရက်စက်စက် ဓားနဲ့ ထိုးသတ်ခဲ့တာလေ။

ဒီလို ရက်စက်ကြမ်းကြုတ်တဲ့ လူသတ်တရားခံကို သေမိန့်ပေးစေချင်တယ်။

သူမရဲ့သား အသက်သေဆုံးသလို ...

သင်လည်း သေဆုံးရမယ်။

မာယန်နည်းတူ သမီးများနှင့် ဆွေမျိုးသားချင်းများကလည်း တရားခံ ဘီလာဂီဆရီကိုတရားသူကြီးမင်းက သေဒဏ်ပေးပါစေလို့ဝိုင်းဝန်းဆုတောင်းနေကြတယ်။



"အမိန့် ..."

"တရားခံ ဘီလာဂီဆရီ ... ... ... အဘအမည် ... ... ... သည် ... ... ... နေ့တွင် သေသူ အဗ္ဗဒိုလာအား ... ... ... လမ်းမကြီးပေါ်မှာ ဓားနှင့် အသေထိုးသတ်ခဲ့သည်ကို တရားခံမှ ကျူးလွန်၍ အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်။

သို့ဖြစ်ပါသောကြောင့် တရားခံ ဘီလာဂီဆရီကို (... ... ...) နေ့တွင် ဤတရားရုံးတော်မှ ကြိုးမိန့် သေဒဏ် ချမှတ်လိုက်သည် ..."

"အို - ဘုရားသခင်"

"ကောင်းတယ် - သင်းသေရမယ်"

"သေဒဏ်ပေးသင့်လို့ ပေးတာပေါ့။ မှန်ကန်ပါရဲ့ဗျာ"

"သား - သား - ဆရီ"

တရားသူကြီးရဲ့ကြိုးမိန့်သေဒဏ်ဆိုတဲ့ အမိန့်ချသံအဆုံးမှာ အသံတွေ ပွက်လောညံသွားလေရဲ့။

"လူသတ်တရားခံ ဘီလာဂီဆရီကို ကြိုးမိန့်ပေး၍ ပြစ်ဒဏ်စီရင်ရာမှာ သေဆုံးသူ အဗ္ဗဒိုလာ၏မိခင် အဘီနီဂျက်ကိုယ်တိုင် ကြိုးပေးသတ်ဖြတ်ခွင့် ရရှိစေ ..."

"အိုး - ဝမ်းသာလိုက်တာ။ ဘုရားသခင်က ငါ့သားအတွက် ကလဲ့စားချေခွင့် ပြန်ပေးတယ်။ ဝမ်းသာလိုက်တာ"

အသတ်ခံရသူ အဗ္ဗဒိုလာရဲ့မိခင် အဘီနီဂျက် (ခေါ်) မာယန် တရားခွင်ရှေ့မှာ ထ,ခုန်အော်ဟစ်ပြီး ပျော်နေတယ်။

မာယန်ရဲ့ခင်ပွန်းနှင့် ဆွေမျိုးသားချင်းများကလည်း တရားခံကို မာယန်ကိုယ်တိုင် ကြိုးပေးသတ်ရမည်ဟု သိရသောအခါ အလွန်ဝမ်းသာကြလေသည်။

သူတို့ (တရားလို) ဘက်မှ အားရဝမ်းသာဖြစ်နေချိန်မှာတော့ ...

တရားခံ ဘီလာဂီဆရီကတော့ တရားခံဝက်ခြံထဲမှာ ခေါင်းငိုက်စိုက်ကျပြီး သေရမည်ကိုသိကာ ရှိုက်၍ငိုနေသည်။

တရားခံ ဆရီ၏မိဘနှစ်ပါးတို့မှာလည်း အရွယ်ရောက်ပြီး သားကြီးကြီးဒဏ်နှင့် သေရမည်ကို သိသောအခါ လူပုံပရိသတ်ရှေ့မှာ ဟစ်၍အော်၍ ငိုလိုက်ကြတော့သည်။

—⍟—



ဘီလာဂီဆရီက အဖွဲ့ဒိုလာရဲ့လည်ပင်းကို အသင့်ပါလာတဲ့ဓားမြှောင်ဦးနှင့်သုံးချက်ထိုးစိုက်လိုက်ရာ အဖွဲ့ဒိုလာ လမ်းမပေါ် လဲကျပြီး တစ်ခဏာ လူးလွန့်လို့ အသက်ပျောက်သွားခဲ့တယ်။ ဘီလာဂီဆရီ သွေးပေနေတဲ့ ဓားမြှောင်ကို ပန်းချီထဲ လွှင့်ပစ်လိုက်ပြီး အိမ်ရှိရာကို အပြန်ပြေးလာလို့ သွေးစွန်းအဝတ်အစားတွေ စွန့်ပစ်ကာ။။



တရားခံ ဘီလာဂီဆရီတစ်ယောက် သေသင့်၊ မသေသင့်ကိုပြန်ပြောရတော့ပေမည်။

တရားခံ ဘီလာဂီဆရီနှင့် အသတ်ခံရသူ အဖွဲ့ဒိုလာတို့သည် အလွန်ခင်မင်ရင်းနှီးသည့်သူငယ်ချင်းနှစ်ဦး ဖြစ်ကြသည်။

သေသူ အဖွဲ့ဒိုလာ၏ဖခင်သည် ဤအီရန်နိုင်ငံမြောက်ပိုင်းရှိ (… … …) မြို့မှာ ဘောလုံးနည်းပြဆရာအလုပ်ဖြင့် ဘောလုံးအားကစားဝါသနာရှင် လူငယ်များကို သင်တန်းပေး သင်ကြားလေ့ကျင့်ပေးသူ ဖြစ်၏။

ဂီဆရီနှင့် သားလုပ်သူ အဖွဲ့ဒိုလာတို့လည်း ဤဘောလုံးသင်တန်းမှာ အခြားလူငယ်များနှင့် ဘောလုံးကစားနည်းသင်တန်း အတူတက်ခဲ့ကြသည်။

"အဖွဲ့ဒိုလာ" က အချိန်တိုအတွင်းမှာ ဘောလုံးကစားနည်း ကျွမ်းကျင်မှန်ကန်စွာ ကစားနိုင်ပြီး သင်တန်းမှာ လူသိထင်ရှားသူ ဖြစ်လာသည်ကို …

ကစားဖော်သူငယ်ချင်း "ဘီလာဂီဆရီ" က သိပ်ပြီးမနှစ်မြို့လှ၊ သူလည်း ဘောလုံးသင်တန်းမှာ နည်းပြဆရာ သင်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ပါသော်လည်း …

အဖွဲ့ဒိုလာရဲ့ခြေစွမ်းနှင့် ကစားပညာကိုမူ လိုက်၍မမီခဲ့၊

လူငယ်လူရွယ် ကစားသမားတွေရဲ့နှုတ်ဖျားမှာ အဖွဲ့ဒိုလာရဲ့အမည်က ပေါ်လွင်နေသည်။

မိန်းမပျိုတို့ရဲ့နှုတ်ဖျားမှာလည်း အဖွဲ့ဒိုလာရဲ့အားကစားဂုဏ်သတင်းက ပန်းသတင်း လေညင်းဆောင်လို့၊

ကြာတော့ …

ဘီလာဂီဆရီရဲ့ရင်ထဲမှာ မနာလို ဝန်တိုစိတ်တွေ တဖွားဖွားဖြစ်ပေါ်လာခဲ့ပြီးနောက် -

"အဖွဲ့ဒိုလာ မရှိရင် ငါ ထင်ပေါ်မှာပဲ"

"ဒီတော့ - ငါဘယ်လိုလုပ်ရမလဲ"

"ဒိုလာကို လူမသိအောင် သတ်လိုက်ရင် ဘောလုံးသင်တန်းမှာ ငါပဲ နာမည်ကျော်ဖြစ်မှာ၊ ဒီတော့ ..."

အဗ္ဗဒိုလာက (၁၇)နှစ်၊

ဘီလာဂီဆရိက (၁၉)နှစ်၊

ဘီလာဂီဆရိက အသက်နှစ်နှစ် ပိုကြီးပြီး လူလုံးလူဖန် အနည်းငယ် ထွားကြိုင်းသည်၊

—⊛—

တစ်နေ့ ...

ဘီလာဂီဆရိက သူငယ်ချင်း အဗ္ဗဒိုလာကို ခပ်စောစောချိန်းလိုက်ပြီး ခါးကြားမှာ ဓားမြှောင်ဖွက်၍ အကြံနှင့် စောင့်နေလိုက်တယ်၊

ဘောလုံးသင်တန်းက မနက်စောစောမှာ တက်ရတာ၊ အလင်းရောင် မသန်းခင်မှာ "အဗ္ဗဒိုလာ" ချိန်းဆိုထားသည့်နေရာကို ရောက်လာခဲ့တယ်၊

"ဆရိ - စောင့်နေတာ ကြာပြီလား - သူငယ်ချင်း"

"ကြာပြီပေါ့ - ဒိုလာ"

"ဘာအရေးကြီးလို့လဲ - ဆရိ - ပြောပါဦး"

"မင်းကို မိန်းကလေးတစ်ဦးနဲ့ မိတ်ဆက်ပေးချင်လို့ပါ - ဒိုလာ"

"မဟုတ်သေးပါဘူး - ဆရိ၊ ဒီလိုမနက်စောစောမှာ ဘယ်မိန်းကလေးက လမ်းပေါ်ထွက်မှာတုံး - သူငယ်ချင်းရာ၊ နောက်ပြောင်စရာမရှိကြံဖန်နောက်ပြောင်နေပြန်ပါပြီကွယ်"

"မပြင်သေးတော့ မင်း မယုံဘူးပေါ့ - ဒိုလာ၊ လာ - ဟောဟို ကျောက်အုတ် ခုံနံဘေးမှာ သူမ ရှိတယ်၊ ပြီးမှ - ငါ့ကို ကျေးဇူးတင်လှချေရဲ့ မပြောနဲ့၊ လာ - လိုက်ခဲ့"



ဒါနဲ့ - အဗ္ဗဒိုလာသူငယ်ချင်း ဘောလုံးကစားဘက် ဘီလာဂီဆရိနဲ့အတူတူ ယှဉ်တွဲပြီး လာနေစဉ်မှာပဲ ...

ဘီလာဂီဆရိက အဗ္ဗဒိုလာရဲ့လည်ပင်းကို ဘယ်လက်နှင့် သိုင်းဖက်လာလိုက်ရင်းက -

"ကဲကွာ"

"ဗွပ်"

"အာ - ဆ - ရိ - မင်း - မင်း"

"သေစမ်းကွာ"

"ဗွပ် - ဗွပ်"

"အာ - အု - အ - အ"

ဘီလာဂီဆရိက အဗ္ဗဒိုလာရဲ့လည်ပင်းကို အသင့်ပါလာတဲ့ဓားမြှောင်ဦးနှင့် သုံးချက် ထိုးစိုက်လိုက်ရော အဗ္ဗဒိုလာ လမ်းမပေါ် လဲကျပြီး တစ်ခဏ လူးလွန့်လို့ အသက်ပျောက်သွားခဲ့တယ်၊

ဘီလာဂီဆရိ သွေးပေနေတဲ့ဓားမြှောင်ကို ပန်းချုံထဲ လွှင့်ပစ်လိုက်ပြီး အိမ်ရှိရာကို အမြန်ပြေးလာလို့ သွေးစွန်းအဝတ်အစားတွေ စွန့်ပစ်ကာ ...

ရေချိုးသန့်စင် အဝတ်သစ်လဲလို့ အားကစားလေ့ကျင့်ကွင်းရှိရာကို ခပ်တည်တည် လာခဲ့လိုက်တယ်၊

အားကစားကွင်းထဲမှာ ကစားသမားတွေ သိပ်မရှိကြဘူး၊ သုံးလေးယောက်ပဲရှိတယ်၊

"ဆရိရေ"

"ဘာတုံး - နန်"

"မင်း - ကြားပြီးပလား - ဆရိ"

"ငါ - ဘာကြားရမှာတုံး - အာနန် - ပြောလေ"

"အဗ္ဗဒိုလာ - သေသွားပြီ"

"ဟင် - ဒိုလာ - သေသွားပြီ၊ သူ - သူ - ဘာ - ဘာဖြစ်လို့လဲ - ဟင်း ဟင်း - အာနန် - ဟင်"

"ဒီမနက်စောစောကပဲ (... ... ...)လမ်းမပေါ်မှာ သူ့လည်ပင်း ဓားနဲ့ ထိုးသတ်ခံလိုက်ရတယ်"

"အိုး - ဘုရားသခင်"

"ငါတို့ဆရာ သင်တန်းမှူးလည်း သူ့သား အသတ်ခံရတာကြားလို့ ဆေးရုံကို လိုက်သွားတယ် - ဆရီ"

"မင်းတို့ ဘာလို့ လိုက်မသွားတာတုံး - အာနန်"

"ရောက်လာမယ့် ကစားသမားတွေကို ပြောပြဖို့ စောင့်နေတာပါ - ဆရီ"

"ဒါဆို - ငါ - ငါ - ဆေးရုံကို လိုက်သွားဦးမယ်၊ သူ - သူက ငါ့ရဲ့အချစ်ဆုံး သူငယ်ချင်း"

ဘီလာဂီဆရီဆေးရုံကို လိုက်သွားခွင့် မရလိုက်ပါဘူး၊

အားကစားကွင်းထဲကို ရဲအရာရှိနဲ့ ရဲတပ်ဖွဲ့ဝင်တွေ ဝင်လာနေကြတယ်၊ သူတို့နှင့်အတူ မျက်ရည်စိုရွှဲနေတဲ့ အဗ္ဗဒိုလာရဲ့အဖေ ဘောလုံးသင်တန်းနည်းပြဆရာလည်း ပါလာတယ်၊

ရဲအရာရှိက ဘီလာဂီဆရီရှိရာကို တန်းဝင်လာပြီး -

"ဘီလာဂီဆရီ"

"ခင်ဗျာ"

"မင်းသူငယ်ချင်းအဗ္ဗဒိုလာတော့ ဒီနေ့မနက်(၆)နာရီက အသတ်ခံရလို့ ဆုံးသွားပြီ - ဆရီ"

"ကျွန်တော်လည်း ခုရောက်ရောက်ချင်းကြားရလို့ စိတ်မကောင်းပါဘူး ဆရာ၊ သူဟာ ..."

"ဆရီကို မေးပါရစေ"

"မေးပါ - ဆရာ"



"အဗ္ဗဒိုလာကိုသတ်တဲ့လူ သိပါသလား"

"မ - မ - သိပါဘူး - ဆရာ"

"ဒိုလာတစ်ယောက် လည်ပင်းကို ဓားနဲ့ ရက်ရက်စက်စက် ထိုးသတ်ခံလိုက်ရတာလေ ..."

"အို - ဖြစ်ရလေ"

"ဟောဒါ - ဒိုလာကိုထိုးသတ်တဲ့ဓားပဲ"

"ဟင်"

ရဲအရာရှိက စက္ကူနဲ့ထုပ်ထားတဲ့ သွေးစွန်းဓားကို ထုတ်ပြလိုက်ရာ ဘီလာဂီဆရီလန့်ပြီး မျက်နှာပျက်သွားတာကို ရဲအဖွဲ့ဝင်အားလုံးက သတိပြုမိလိုက်ကြတယ်၊

—⍟—

"ဆရီ"

"ဗျာ"

"မင်းရဲ့အချစ်ဆုံးသူငယ်ချင်းကိုသတ်တဲ့လူ မင်း ခန့်မှန်းမိလား"

"ဟင့် - ဟင့်အင်း - မသိ - ဘူး"

"လူသတ်သမားကို မြင်တဲ့လူ ရှိတယ်"

"ဟုတ် - လား - သူ - ဘယ်သူ - လဲ - ဟင်"

"မြင်တဲ့လူက ဟောဒီ အမှိုက်လှဲသမားပဲ၊ ကိုင်း - အမှိုက်လှဲ သန့်ရှင်းရေးအလုပ်သမားကြီး"

"ဟုတ်ကဲ့ - ရဲမှူး"

"ဟိုလူငယ်ကို သတ်တဲ့တရားခံ ဘယ်သူလဲ ခင်ဗျ"

"ဒီ - ဒီသူငယ်ပါ - ရဲမှူး"

"ဗျာ ..."

သန့်ရှင်းရေးလုပ်သားကြီးက ဘီလာဂီဆရီကို လက်ညှိုးထိုးပြလိုက်ရော -

"တောက် - မင်း - မင်း - လူယုတ်မာ၊ သစ္စာမရှိတဲ့တပည့်၊ သစ္စာမရှိ၊ ယုတ်ကန်းစုတ်ပွဲတဲ့သူငယ်ချင်းပါလား - ဆရီရယ် - ဟီး - ဟီး"

သေသူရဲ့အဖေ ဘောလုံးသင်တန်းဆရာက ဆရီရဲ့မျက်နှာကိုလက်ညှိုးနဲ့ ဝေါက်ဝေါက်ထိုးပြောပြီး ရှုံ့မဲ့ချ ငိုလိုက်လေရဲ့။

— ⊛ —

အီရန်နိုင်ငံရဲ့တရားစီရင်ရေးက ကြန့်လည်းကြန့်ကြာသလို ထူးလည်းထူးဆန်းတယ်။

ဒီလူသတ်မှုမှာ တရားခံကို စိုင်လုံ့စွာစွဲချက်တင်နိုင်ဖို့ အချိန်ကာလ (၇) နှစ်တိတိ ကြာခဲ့တယ်။

ထူးဆန်းပုံကတော့ ဒီလိုပါ။

အီရန်နိုင်ငံအပါအဝင် အချို့(... ... ...)နိုင်ငံများရဲ့တရားစီရင်ရေးဥပဒေမှာ ...

အသတ်ခံရသူမိသားစုအနေနှင့် လူသတ်သမားရဲ့အသက်ကိုပြန်လည်သတ်ဖြတ်ခွင့် ရရှိကြတယ်။

သူတို့ဒေသရဲ့တရားစီရင်ရေးဥပဒေက မျက်လုံးတစ်လုံးကိုဖောက်ရင် မျက်လုံးတစ်လုံး အစားပြန်ပေးရတဲ့ဥပဒေပါပဲ။

တစ်ခါ ...

ပြန်လည်သတ်ဖြတ်ခွင့် ရရှိပြီးလျှင် အဲဒီလို ပြန်လည်သတ်ဖြတ် လက်စားချေခွင့်ကို အများက ဝိုင်းကြည့်ခွင့် ရှိတယ်။

ကြည့်ပြီး ...



လက်တွေ့အသိတရား ရစေချင်တဲ့သဘော။

သူတစ်ပါးကို ငါက သတ်ရင် ...

ငါ့ကို သူတစ်ပါးရဲ့မိဘများက တရားဝင်ပြန်သတ်လိမ့်မယ်၊ အဲဒါ မြင်အောင်ကြည့်ထားကြ၊ ကံကြမ္မာဆိုတာ အတုံ့အလှည့်ပဲ၊

ကဲ - ရာဇဝတ်မှု ကျူးလွန်ရဲကြသေးလား။

ကျူးလွန်ကြတာပဲ၊

ကျူးလွန်ရင် ပြန်ကလဲ့စားချေခံရတာပဲ၊

သွေးကြွေးဆပ်တဲ့သဘောပေါ့၊

သို့သော် ...

"ဖြေဆေး" ရှိတယ်၊

အသတ်ခံရသူကို သတ်တဲ့သူဘက်က လျော်ကြေးငွေ ဒေါ်လာ (၃၅၀၀) ပေးနိုင်ရင် ...

(ဒါမှမဟုတ်) (၃၅၀၀) ထက်ပိုပြီး လျော်ကြေးငွေ များများပေးနိုင်ရင်၊ တရားလိုဘက်ကလည်း ကျေနပ်တယ်ဆိုရင် လက်စားချေခွင့်ကို ခွင့်လွှတ်ပေးလို့ရတဲ့ ရွေးချယ်ပိုင်ခွင့်ကို တရားဥပဒေက ခွင့်ပြုထားတယ်၊

ဧပြီ (၁၅) ရက်နေ့၊

အခု ... တရားခံ ဘီလာဂီဆရီကို ကြိုးပေးသတ်တော့မယ်၊

သူ့ရဲ့လက်နှစ်ဖက်ကို နောက်ပြန်ကြိုးနှင့် တုပ်နှောင်လိုက်သလို ခြေနှစ်ချောင်းကိုပူးပြီး ကြိုးနဲ့ ခိုင်ခိုင်ချည်လိုက်ကြတယ်၊

ပြီး - ဦးခေါင်းပေါ်ကနေ မျက်လုံးကိုပါမမြင်ရအောင် အဝတ်နက်နဲ့ စည်းနှောင်ပြီး ကုလားထိုင်တစ်လုံးပေါ်မှာ ကြိုးပေးသတ်ရာမှာ ကူညီဆောင်ရွက်ကြသည့်သူများက ချုပ်ပြီး တရားခံကို ရပ်နေစေတယ်၊

သည့်နောက် ... တရားခံရဲ့လည်ပင်းကို စနစ်တကျ စီရင်ထားတဲ့ ကြိုးကွင်းစွပ်လိုက်ကြတယ်၊

မလှမ်းမကမ်းမှာတော့ သူတို့အီရန်ရိုးရာဓလေ့အရရာနှင့်ချီသောတရားခံဘက်က ဆွေမျိုးသားချင်းတွေက ကြိုးပေးကွပ်မျက်တော့မည့်တရားခံကို လာရောက်ကြည့်ရှုနေကြလေရဲ့။

ဒါနဲ့အတူတက်ကြွလှုပ်ရှားသူများ၊ သတင်းထောက်များလည်းကင်မရာတွေနဲ့ ဝိုင်းအုံကြည့်ရှုနေကြရဲ့။

ကလဲ့စားချေရမည့်သူတွေရဲ့မျက်နှာများက ဝမ်းသာအားရကျေနပ်နေတဲ့မျက်နှာများ။

သေရမည့်တရားခံဘက်က ဆွေမျိုးသားချင်းများကတော့ ကြေကွဲဝမ်းနည်း အော်ဟစ်ငိုယို အသနားခံကြတဲ့ မျက်ရည်စိုရွှဲမျက်နှာများ။

အီရန်ရဲ့တရားစီရင်ရေးဥပဒေအရ၊

ကြိုးကွင်းစွပ်ထားတဲ့တရားခံက ကုလားထိုင်ပေါ်မှာ ရပ်နေရတယ်၊ တရားလိုရဲ့မိခင် အလီနီဂျက် (ခေါ်) မာယန်က ကုလားထိုင်ကို ခြေနဲ့ ဆောင့်ကန်ပြီး သေသူသားအတွက် တရားခံ ဆရီကို ကိုယ်တိုင် ပြစ်ဒဏ်ပေးရမှာ၊

ကုလားထိုင်ကိုခြေနဲ့ကန်လိုက်တာနဲ့ တရားခံသည် လည်ပင်းကြိုးကွင်းစွပ်ပြီး ကွပ်မျက်ပြီးသားဖြစ်လို့ အသက်ထွက်သွားရော၊

အခု ...၊

တရားလိုဖြစ်တဲ့အသတ်ခံရသူရဲ့မိခင်မာယန်က ကုလားထိုင်ကိုဆောင့်ကန်ပြီး ကြိုးပေးဖို့ ကုလားထိုင်ရဲ့အနီးမှာ အသင့်ရပ်နေပြီ၊

—⍟—

"မာယန် – ကျွန်မတောင်းပန်ပါတယ်၊ ကျွန်မ – အနူးအညွတ်တောင်းပန်ပါတယ်၊ မာယန် – ကျွန်မသားကို ခွင့်လွှတ်ပေးပါ၊ ခွင့်လွှတ်ပေးပါ – မာယန်ရယ်၊ နော် – နော် – မာယန်"

သေသူရဲ့မိခင်က အလီနီဂျက်ကို အများက မာယန်လို့ ခေါ်ကြတာကိုး၊



တရားခံရဲ့ဖခင်ကလည်း ကြိုးပေးခံရမည့်သားအတွက် မာယန်ရှေ့မှာ ဒူးထောက်ပြီး မျက်ရည်တွေနဲ့ တောင်းပန်လို့၊

"မာယန် – ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ကျွန်တော့်သားမှားတာ ကျွန်တော်သိပါတယ်၊ ကျွန်တော်တို့မိဘများကို ငဲ့ညှာသနားသဖြင့် ကျွန်တော်တို့သားလေးကို ခွင့်လွှတ်ပေးပါ – မာယန်ရယ် – နော်"

ကြိုးစင်ပေါ်က တရားခံ ဘီလာဂီဆရီကလည်း ရင်လှိုက်တုန်ကာ ကြောက်ရွံ့သံနှင့် အော်ဟစ်ငိုယိုပြီး တောင်းပန်နေတယ်၊

"မိခင်မာယန် – ကျွန်တော် မှားပါတယ်ဗျာ၊ ကျွန်တော် နောင်တကြီးစွာရနေပါပြီဗျာ၊ နောက်ဆုံးတစ်ကြိမ်အနေနဲ့ ကျွန်တော်အသက်ရှင်ပြီး နောင်တကိုအပြစ်နဲ့ဆေးကြောပါရစေ – မိခင်မာယန်ရယ်၊ ကျွန်တော့်ကိုခွင့်လွှတ်ပေးပါဗျာ – ဟီး – ဟီး"

"မာယန် – ခွင့်မလွှတ်နဲ့"

"မာယန် – ခွင့်မလွှတ်နဲ့"

"ကုလားထိုင်ကို ဆောင့်ကန်ပစ်လိုက်"

"မြန်မြန်ဆောင့်ကန်ပါ – မာယန်"

"ဒီကောင် – အသေစား သေကို သေရမယ် – မာယန်"

မာယန်ဆွေမျိုးသားချင်းများ အိမ်နီးနားချင်းများကလည်း ခွင့်မလွှတ်ဖို့နဲ့ မြန်မြန်ကြိုးပေးသေစေဖို့ ကုလားထိုင်ကို ကန်ခိုင်းနေတယ်၊

ဒီအချိန်မှာ ဒေသဆိုင်ရာ အကျိုးတော်ဆောင် "စလာရီ" က သေသူ၏ ဘနစ်ပါးအနီးကိုကပ်ပြီး –

"ခင်ဗျားတို့ လက်စားချေတုံ့ပြန်ခွင့် ရှိပါတယ်၊ ဒါပေမဲ့ – အချိန်တွေ (၇) စ်ကြာခဲ့တော့ ဒေါသနဲ့ ဝမ်းနည်းမှုတွေ လျော့ပါးလာပြီပဲ၊ တရားခံလူငယ်ရဲ့ သိနားမလည် မိုက်မဲမှုကို ခွင့်လွှတ်လို့ရရင် ခွင့်လွှတ်ပေးပါဗျာ"

သေသူရဲ့မိခင် မာယန်နဲ့ ခင်ပွန်းတို့က ကြိုးပေးခံရမည့် တရားခံ ဘီလာဂီဆရီရဲ့ရှေ့မှာရပ်ပြီး ခေါင်းစွပ်စွပ်ထားတဲ့ သင်းမျက်နှာကို နာကြည်းစွာ စိုက်ကြည့်နေကြတယ်လေ။

"နင့်ကို ငါက ခွင့်လွှတ်ရမတဲ့လား - ဆရီ - ဟင်"

"နင် - ငါ့သားကို သတ်တုန်းက မစဉ်းစားဘူးလား"

"တောင်းပန် - ပါ - တယ် - မာ - မာ - ယန်"

"ငါ့သား အသတ်ခံရပြီလို့ကြားတော့ ငါ့ရဲ့ကမ္ဘာကြီး ပျက်စီးပြိုကွဲသွားသလို ငါ ခံစားရတယ်။ နင့်ကိုငါ လုံးဝခွင့်မလွှတ်ဘူး"

"မာ - မာ - ယန် - ကျွန် - တော်"

"ကုလားထိုင်ကို ခြေနဲ့ ကန်လိုက်တော့ - မာယန်"

"မြန်မြန်ကန်လိုက်ပါဟော့"

မာယန်တို့မှာ သားနှစ်ယောက် ရှိခဲ့တယ်။ ကံဆိုးချင်တော့ သားအကြီးအင်မာ တစ်ယောက် စက်ဘီးစီးသွားရိုက်မှာ မော်တော်ဆိုင်ကယ်နဲ့ တိုက်မိပြီး သေဆုံးသွားခဲ့ရတယ်။

ကျန်ခဲ့တဲ့ သားငယ် အဗ္ဗဒိုလာကို ပုံပြီးချစ်နေရတုန်းမှာမှ သင်းက ရက်ရက်စက်စက် ဓားနဲ့ ထိုးသတ်ခဲ့တော့ ...။

"မာမာ - ကုလားထိုင်ကိုမကန်လိုက်ပါနဲ့ဗျာ။ ကျွန်တော် - ဒီ - တစ်ကြိမ်ပဲ အသက်ရှင်ခွင့်ပေးပါဗျာ။ ကျွန်တော် တောင်းပန်ပါတယ် - မာ - မာယန်ရယ်"

"ထွီ ..."

"မင်းက ငါတို့အပေါ် ကြင်နာမှု ရှိလို့လား - ဆရီ၊ ငါ့သားအပေါ်မှာရော ကြင်နာချစ်ခင်မှု ရှိလို့လား။ မင်းက ငါတို့မိသားစုရဲ့ ပျော်ရွှင်မှုအားလုံးကို ဖျက်ဆီးခဲ့တာ။ မင်းကို ငါ ဘာလို့သနားရမှာလဲ"



ကြိုးတင်းပြီး သေစေဖို့
ကုလားထိုင်ကို အမြန်ကန်ဖို့
အော်ဟစ်နေတဲ့အသံတွေကိုလည်း
မာယန် ကြားနေရတယ်။
သတင်းဓာတ်ပုံသမားတွေကလည်း
ကင်မရာကို အသင့်ချိန်ထားကြတယ်။
လူဆိုးလူမိုက်တစ်ယောက်
ကြိုးအကျ်နှင့် သေတဲ့မြင်ကွင်းကို
အမိအရ ရိုက်ယူဖို့ပေါ့။ မာယန်
ရှေ့ကို နည်းနည်းတိုးလိုက်တယ်။



မာယန် တရားခံရဲ့မျက်နှာကို တံတွေးနဲ့ ထွေးလိုက်ပြီ။

တရားခံရဲ့ရှေ့ကို တိုးသွားလိုက်တယ်။ ပြီး - ကုလားထိုင်ကို ခြေနဲ့ ဆောင့်ကန်ဖို့ ချိန်နေတယ်။

မာယန် ကုလားထိုင်ကို ကန်ပစ်လိုက်ရင် "ဝုန်း" ဆိုတဲ့အသံနဲ့ သူ့လည်ပင်းကြိုးတန်းလန်းစွပ်ပြီး တွဲလောင်းသေရမှာလေ။

သူမ မျက်လုံးထဲမှာ သေသူသားငယ်ရဲ့ သနားစရာမျက်နှာ ပေါ်လာလိုက်။

ထောင်အမှုထမ်းတွေ ချုပ်ကိုင်ထားတဲ့ကြားက လည်ပင်းကြိုးတန်းလန်းနဲ့ အသံကုန် အော်ဟစ်တောင်းပန်နေတဲ့ လူသတ်သမား "ဆရီ" ရဲ့အသံကိုလည်း ကြားနေရတယ်။

ဒါနဲ့အတူ ...။

လူသတ်တရားခံကြီးသမား "ဆရီ"ရဲ့မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းတို့ရဲ့ဒူးထောက်တောင်းပန် အော်ဟစ်ငိုယိုနေတဲ့မျက်နှာနှင့် မျက်ရည်စက်များကိုလည်း အထင်းသား မြင်နေရတယ်။

ဒ့ါအပြင် ....။

ကြိုးတင်းပြီး သေစေဖို့ ကုလားထိုင်ကို အမြန်ကန်ဖို့ အော်ဟစ်နေတဲ့ လူအုပ်ကြီးရဲ့အသံတွေကိုလည်း မာယန် ကြားနေရတယ်။

သတင်းဓာတ်ပုံသမားတွေကလည်း ကင်မရာကို အသင့်ချိန်ထားကြလို့ ....။

လူဆိုးလူမိုက်တစ်ယောက် ကြိုးဒဏ်နှင့် သေတဲ့မြင်ကွင်းကို အမိအရ ရိုက်ယူဖို့ပေါ့။

မာယန် ရှေ့ကို နည်းနည်းတိုးလိုက်တယ်။

"မိခင်ကြီး - မာယန် - ကျွန် - တော့်ကို ခွင့်လွှတ်ပေးပါ - တောင်း - ပန် - ပါတယ် - မာမာ"

ရှေ့တာစ်လှမ်း တိုးလိုက်တယ်။

"မာမာကြီး ..."

"မာမာယန် - ကျွန်တော် - မ - သေ - ပါရစေနဲ့ဗျာ။ မာမာယန်တို့ကို ကျွန်တော် အလုပ်အကျွေး ပြန်ပြုပါမယ်ဗျာ - ဟီး"

"ခွင့်လွှတ် - ပေး - ပါနော် - မာမာယန်"

"အဖေ - အမေ"

"အမေ - အဖေ"

"သား - သား - သား"

"ဆရီ - လူလေး - သား - ရေ"

"မာမာ - ယန်"



မာယန်ဟာ ကြိုးသမားရပ်နေတဲ့ ကုလားထိုင်ပေါ်ကို ရုတ်တရက် ခုန်တက်လိုက်ပြီးကြိုးသမားလည်ပင်းပေါ်က လူသတ်ကြိုးကွင်းကို သူမရဲ့လက်နဲ့ လျင်မြန်စွာ ဖြုတ်ပေးလိုက်ရော။

"ဟာ"

"ဟယ်"

"အို - ဘုရားသခင် - စောင်မတော်မူပါပကော"

"အိုလေ - အံ့ဖွယ်ပါလား"

"မြင့်မြတ်လှချေကလား - မာယန်"

"လေးစားရပါရဲ့ - အလီနီဂျက်ရေ"

"သူတော်ကောင်း မာမာယန်ပေ့"

"မာယန် - ချမ်းသာကျန်းမာပါစေ"

ကြိုးပေးပွဲကို လာရောက်ကြည့်ရှုကြတဲ့ လူပေါင်းများစွာဟာ ကြိုးပေးဖို့ ကုလားထိုင်ကို ခြေနဲ့မကန်ပဲ တရားခံကြိုးသမားရဲ့လည်ပင်းပေါ်က လူသတ်ကြိုးကွင်းကို သူမရဲ့လက်နှင့် ဖြုတ်ဖယ်ပြီး တရားခံမျက်နှာပေါ်မှ စည်းထားတဲ့ပိတ်စအနက် ကိုပါဖြုတ် ပေးလိုက်တာ မြင်ကြရရော။

တရားခံ ...

သူ့ရဲ့မိဘနှစ်ပါး ...

တရားသူကြီး ...

ဥပဒေအကျိုးဆောင် ...

ဆရာဝန် ...

ကြိုးသမားအမှုထမ်းများ ...

လူမှုရေးအဖွဲ့အစည်းများ ...

သတင်းဓာတ်ပုံသတင်းထောက်များ ...

နှစ်ဖက်ဆွေမျိုးသားချင်းများ ...

အားလုံး - အားလုံး အံ့အားသင့်၊ အံ့ဩဝမ်းသာဖြစ်ပြီး မာယန်တို့ လင်မယားကို ချီးကျူးဩဘာပေး၊ လေးစားကြ၊ ဝိုင်းဝန်းပွေ့ဖက်ကြ၊ လက်ဆွဲနှုတ်ဆက် ဂုဏ်ပြုကြ။

လက်ခုပ်သံတွေ ဆူညံသွားကြတယ်၊

အေးမြတဲ့မေတ္တာတရား၊

ကြင်နာသနားတဲ့ ကရုဏာတရားနှင့် ...

ခွင့်လွှတ်ခြင်းတရားရဲ့ အကျိုးကို အားလုံးသိရှိနားလည်သွားကြပြီး ဝမ်းသာမျက်ရည်တွေ ကျလာခဲ့ကြ။

တရားခံ ဘီလာဂီဆရီဟာ ကြိုးစင်ကုလားထိုင်ခုံပေါ်က ဝမ်းသာအားရ ဆင်းလိုက်ပြီး ...

မာယန်ရဲ့ခြေအစုံကို ဖယ်ထားရင်း ပါးပြင်ပေါ်မှာ မျက်ရည်လုံးတွေ စီးလိမ့်ကျလို့ ရှိုက်ပြီး တငင်ငိုရင်း -

"မာမာယန်"

"ကျွန်တော် - အသက်သခင် ကျေးဇူးရှင် မာမာယန် - အမေ - အမေရယ်"

—⊛—

မာယန် (ခေါ်) အဘီနီဂျက်ရဲ့မေတ္တာနှင့် ခွင့်လွှတ်တဲ့သတင်း၊ လက်စားချေခြင်းကိုစွန့်လိုက်တဲ့သတင်းတွေဟာ အီရန်နိုင်ငံတစ်ဝန်းမှာ ဟိုးဟိုးကျော်သွားခဲ့ကြပြီး အံ့ဩလေးစားလို့မဆုံး ဖြစ်ခဲ့ကြတယ်။

သူမတို့မိသားစုရဲ့ကြင်နာသနား ခွင့်လွှတ်သည့်စိတ်ထားကို တနယ်ဖင်းတွေကပါ မောတ်ပုံနဲ့တကွ ဖြစ်ရပ်မှန်သတင်းတွေ ရေးသားဂုဏ်ပြုကြသလို ...



ကက်စပီယန် ပင်လယ်ကမ်းခြေရှိ ရိုယန်မြို့ကလေးမှာတော့ မာယန်တို့ရဲ့မေတ္တာတရားကို စာတန်းတွေ၊ ဘုတ်တွေထောင်၊ အလံတွေလွှင့်ပြီး ဂုဏ်ပြုကြတာ သူတို့အကြောင်း မီဒီယာများက ထုတ်လွှင့်ချီးကျူးကြတာ ယနေ့တိုင်ပါပဲ။

မှတ်ချက်။ ။ (၈-၅-၂၀၁၄)ရက်နေ့ထုတ် နိုင်ငံတကာရေးရာဂျာနယ်မှာ ပါရှိသည့် ဆရာစိုးမြင့်ထယ် ဘာသာပြန်သည့် AP သတင်းကို အမှီကပြုပြီး ဝတ္ထုတိုအဖြစ် ရေးဖွဲ့ပါသည်။ ဆရာစိုးမြင့်ထယ်ကိုလည်း ကျေးဇူးတင်ရှိပါသည် ခင်ဗျား။

●-○➤ မောင်ညီမြိုင်း(သန်လျင်)

## စာမူရှင်များသို့

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သောစာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန်နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ဖုံးဝမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း



# အိုင်အိုကျော်စိန်နဲ့ဝင်း
# မလိမ့်တစ်ပတ်

ကျော်မြင့်ကျော်

ရေချိုးခန်းအတွင်းလဲကျသေဆုံးရာမှ
သာမန်မှုတာအတိုင်း သေဆုံးခြင်းမဟုတ်ဘဲ
လူသတ်မှုဖြစ်နေကြောင်းကို စစ်ဆေး
ဖော်ထုတ်လိုက်ရာ ..

"အို - တော်စမ်းကွာ၊ ဒီတယ်လီဖုန်းက အချိန်မဟုတ်လာနေတယ်"

ဒေါက်တာဖုန်းစည်သည် "ကလင်" "ကလင်" တယ်လီဖုန်းမြည်သံအပေါ် နားမခံသာဖြစ်လာပြီး အိပ်ချင်မူးတူးနှင့် တစ်ဖက်သို့လှည့်ရင်း ပြောလိုက်သည်။ တယ်လီဖုန်းက အသံကျယ်ကျယ်နှင့် ဆက်မြည်နေရင်း သူ့ကို မရမက နှိုးသကဲ့သို့ဖြစ်နေသည်။ သူက အိပ်ရာအထက်ဘက်ရှိမီးခလုတ်ကို စမ်းရင်း ဖွင့်လိုက်သည်။ အခန်းက မှောင်နေဆဲ။

"အင်း - ထကိုင်လိုက်မှ အေးမှာပါ" ဟု ရေရွတ်ရင်း အိပ်ရာကို တံတောင်နှင့်ထောက်ပြီး ထလိုက်သည်။ "ဖျူးမီးကြိုးလောင်သွားပြီထင်တယ်" အိပ်ရာကထရင်း ညည်းညူလိုက်သည်။ သူက တယ်လီဖုန်းရှိရာသို့ စမ်းတဝါးဝါးနှင့်သွားပြီး တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟဲလို - ဒေါက်တာဖုန်းစည်ပါ၊ ဘာကိစ္စရှိလဲ - ပြောပါ"

တစ်ဖက်က အသံတုန်တုန်ယင်ယင်ဖြင့် -

"ကျွန်တော် ဗစ်တာပါ၊ ဒေါက်တာ ချက်ချင်းလာလို့ရမလား၊ ဦးပန်းခင်ကို ရေချိုးခန်းထဲမှာ ခုတင်ပဲတွေ့ခဲ့ရတယ်၊ သေနေပြီ ထင်တယ်"

"အင်း - ဟုတ်ပြီလေ - လာရတော့မှာပေါ့"

လို့ ပြောပြီး ဒေါက်တာဖုန်းစည်က တယ်လီဖုန်းခွက်ကို အောက်ပြန်ချလိုက်သည်၊

ကောင်းကောင်းနိုးသွားပြီ ဖြစ်သည့်အလျောက် မီးခြစ်ကိုခြစ်ပြီး သူ့လက်ပတ်နာရီကို ကြည့်လိုက်သည်၊ (၁) နာရီထိုးဖို့ (၁၀) မိနစ်အလိုမှာ ပြနေသည်၊ သူ အိပ်ရာဝင်ခဲ့သည်မှာ နာရီဝက်ပင် မရှိသေး၊

အဝတ်အစားကို ဖိုသီဖတ်သီဝတ်လိုက်ရင်း အံဆွဲထဲက ဓာတ်ခဲမီးအိမ်ကို ရှာဖွေထုတ်ပြီး စားပွဲပေါ်တွင် ထောင်တင်ထားလိုက်သည်၊

ဦးပန်းခင်တစ်ယောက် ချက်ချင်းမသေနိုင်ဟု သူ တွက်ထားသည်၊ စိတ်ကောင်းမရှိသည့် သူ ကုသနေသည့် လူနာတွေထဲက အချမ်းသာဆုံး လူတစ်ယောက်ဖြစ်သည်၊ ဒီမြို့မှာ လူသိများသူ တစ်ယောက်ဖြစ်သည်၊

လျှပ်စစ်မီးက ရုတ်တရက် ဆောင့်ဝင်လာသဖြင့် သူ လန့်သွားသည်၊

"ဘာဖြစ်နေတာလဲကွာ၊ အတော် ကသိကအောက်နိုင်တာပဲ"

ဒေါက်တာဖုန်းစည်သည် အဝတ်အစားလဲပြီး သူ့ကားထားရာ ကားရုံဆီသွား၊ ကားကို ထုတ်ပြီး ကသောကမျော မောင်းထွက်သွားသည်၊

"စံတော်ဝင်" အမည်ခံထားသည့် ဦးပန်းခင်၏ နေအိမ်က ရှေးရိုးအိမ်ဟောင်းကြီးတစ်လုံးဖြစ်သည်၊ ဥယျာဉ်ကြီး၏ အလယ်တွင် ထီးထီးမားမားရှိသည်၊ မြို့လယ်လမ်းနှင့် တစ်မိုင်ခွဲခန့်ဝေးသည်၊ အိမ်ရှေ့ကျောက်ခင်းလမ်းပေါ်တွင် ကားထိုးရပ်လိုက်သည်၊ လူခေါ်ဘဲလ်တီးစရာမလို၊ ခေါင်းဖြူဖြူ အသက်ကြီးကြီး၊ ခပ်စုတ်စုတ်ဝတ်ထားသည့် ဦးဗစ်တာက အပေါက်ဝမှာ ရပ်စောင့်နေတာ တွေ့ရသည်၊

"ဒေါက်တာ - အခုလိုကြွလာတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ အတော်ကြာကြာ စောင့်ရမယ်ထင်နေတာ"



ဟု သူက တုန်တုန်ယင်ယင်နှင့် ပြောလိုက်သည်၊

"ဦးဗစ်တာ - ဖုန်းဆက်တဲ့အချိန်နဲ့ဆိုရင် (၂၁)မိနစ်ပဲ ကွာပါတယ်၊ သိပ်အခြေအနေမဆိုးဘူး မဟုတ်လား"

ဆရာဝန်က ဦးဗစ်တာနောက်မှ ခန်းမကျယ်တစ်ခုကို ဖြတ်လျှောက်ဝင်လာခဲ့ပြီး ကော်ဇောထူထူခင်းထားသည့် လှေကားပေါ်သို့ ဆက်တက်လာခဲ့သည်၊ အပေါ်ရောက်၍ ကော်ရစ်ဒါအဆုံးတွင် ရေချိုးခန်းတံခါးကို ပွင့်လျက်သား တွေ့ရသည်၊

ရေချိုးခန်း ရေစိမ်ကန်တွင်လှဲနေသည့် မလှုပ်မရှား မျက်နှာပြာနမ်းနမ်းကို တစ်ချက်လှမ်းကြည့်လိုက်သည်၊ မြင်ရသည့်မြင်ကွင်းက ဒေါက်တာဖုန်းစည်အတွက် ပြည့်စုံသွားသည်၊ ဦးဗစ်တာကို လှမ်းကြည့်လိုက်တော့ သူ့မျက်နှာက ကြောက်ကြောက်လန့်လန့် ဖြစ်နေပုံရသည်၊

"သူ့ကို ဘယ်လိုလုပ်ပြီး ဒီမှာတွေ့တာလဲ" ဒေါက်တာက မေးလိုက်သည်၊

"ကျွန်တော်က အိပ်ရာထဲမှာ စာဖတ်နေတာပါ ခင်ဗျာ"

"စာဖတ်နေတယ် - ဟုတ်လား၊ မီးပျက်မနေဘူးလား"

"မပျက်ဘူး ခင်ဗျ"

"ကျုပ်ဆီမှာတော့ မီးပျက်နေတယ်၊ ဟုတ်ပြီလေ - ဆက်ပြောပါဦး"

"ဦးပန်းခင် - ရေချိုးခန်းထဲ ဝင်သွားတဲ့အသံ ကြားလိုက်တယ်၊ ရေဖွင့်တဲ့အသံက အတော်ကြာကြာကိုပဲ ဆက်တိုက်ကြားနေတယ်"

"ဒါနဲ့ပဲ - ခင်ဗျား - သူ့ကို သွားကြည့်တယ်ဆိုပါတော့"

"ဟုတ်ပါတယ်"

"ခင်ဗျားဆရာ သေနေတာကို ချက်ချင်းတွေ့လိုက်ရတာလား"

"ဟုတ်ပါတယ်"

"သူ - အသတ်ခံလိုက် ရတယ်လို့ရော မထင်ဘူးလား - ဦးဗစ်တာ"

ထမင်းချက်ကြီးက ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"အသတ်ခံရတာ - ဟုတ်လား" သူ အံ့အားသင့်သွားပုံရသည်။

"ဟုတ်တယ် - ဦးဖစ်တာ၊ လည်မျိုညှစ်အသတ်ခံလိုက်ရတာ၊ မျက်နှာ အသွင်အပြင်က အဲဒီလိုပုံပေါ်နေတယ်၊ ပြူးကြောင်ကြောင်ဖြစ်နေတဲ့မျက်လုံး၊ တစ်လစ်ဖြစ်နေတဲ့လျှာ"

ဒေါက်တာဖုန်းစည်၏ နောက်နားတွင် ကပ်နေသည့် မတ်တတ်ဗီရိုကြီး ထဲမှ ဖိနပ်ရှပ်တိုက်သံလို အသံထွက်လာသည်၊ ထိုအရာသည် ရှေးဟောင်း ဗီရိုကြီးတစ်လုံးဖြစ်သည်၊ ဒေါက်တာက တံခါးကို ဆွဲဖွင့်လိုက်သည်၊ အတွင်း မှာ လူတစ်ယောက်ရှိနေသည်၊ အတွင်းမှာရှိနှင့်ပြီးလူက တောရိုင်းတိရစ္ဆာန် တစ်ကောင်မျိုး ဒေါသတကြီးနှင့် တစ်ဟုန်ထိုး ရှေ့တိုးထွက်လာသည်၊ ဒေါက်တာဖုန်းစည်က တက္ကသိုလ်ကာလပ်သင်းတွင် လက်ဝှေ့လေ့ကျင်စဉ် ကအတိုင်း ညာဖြောင့်လက်သီးတစ်လုံးကို ထိုသူ၏မေးစေ့ဆီသို့ တစ်ချက် ခပ်ပြင်းပြင်း ပစ်သွင်းလိုက်သည်၊ ထိုသူသည် ရေချိုးခန်းကြမ်းပြင်ပေါ်သို့ မှောက်လျက်သားပုံ ကျသွားသည်၊

ဒေါက်တာဖုန်းစည်က ရုပ်ဆိုးဆိုးနေလောင်ထားသည့် မျက်နှာကို အစိုက်အတန့်မျှ ကုန်းပြီးစိုက်ကြည့်လိုက်သည်၊

"ဦးဖစ်တာ - ပုလိပ်ဌာနကို ဖုန်းဆက်ရင်ကောင်းမယ်" ဟု ဒေါက်တာ ဖုန်းစည်က ပြောလိုက်သည်၊

"ဒီငနဲကို ကျုပ်ကြည့်ထားလိုက်မယ်"

— ❋ —

တိုက်နယ်ပိုင် ဦးဘသော်ဆိုတာက (ကြယ်နှစ်ပွင့်ပုလိပ်အရာရှိ၊ တိုက် နယ်တစ်ခုကို အုပ်ချုပ်ရသည်၊ ထိုစဉ်က အခေါ်အဝေါ်ဖြစ်သည်) လူကောင် ခပ်ကြီးကြီး ဥပဓိရုပ်ကောင်းကောင်းနှင့် စည်းကမ်းကြီးသူတစ်ယောက်၊ ထို့ကြောင့်ပင် သူ့တိုက်နယ်အတွင်းက ပုလိပ်ဝန်ထမ်းအားလုံးက သူ့ကို



လေးစားကြသည်၊ သူက သူနဲ့အတူ လူဆိုးထိန်းမင်းအောင်နှင့် အိုင်အို(အမှု စစ်)ကျော်စိန်ဝင်းတို့ကို တစ်ပါတည်းခေါ်ပြီး ရောက်လာသည်၊ ဒေါက်တာ ဖုန်းစည်၏ ပြောပြချက်များကို သူက အသေအချာ နားထောင်နေသည်၊

"ကျုပ်တို့ လူသတ်သမားကို လိုက်မဖမ်းရဘဲ ရလိုက်တာပေါ့ဗျာ"

ကြမ်းပြင်ပေါ်တွင် သတိမေ့လဲကျနေသည့် လူကောင်ကြီးကိုကြည့်ရင်း ပြောလိုက်သည်၊ လူဆိုးထိန်းမင်းအောင်က မျက်နှာကိုလှန်လိုက်သည်၊

"ဒီကောင် ဝရမ်းပြေး ဖိုးသင်းလား - ကြည့်စမ်းပါဦး - အိုင်အို"

"ဟုတ်တာပေါ့"

လူဆိုးထိန်း မင်းအောင်က ပြောသည်၊

တိုက်ပိုင်ကြီး ဦးဘသော်က သက်ပြင်းချလိုက်သည်၊ ရန်ကုန်ပုလိပ် မင်းကြီးရုံးကလည်း ဒီအမှုကို လိုက်နေသည်၊

"ဟုတ်ပြီ - အိုင်အိုရေ၊ ကဲ - လုပ်ငန်းစလိုက်ကြရအောင်၊ ဦးဖစ်တာ အနေနဲ့ ဘာပြောစရာရှိလဲ"

"ဦးပန်းခင်ကို နောက်ဆုံးအသက်ရှင်လျက် တွေ့ရတဲ့အချိန်က (၁၀) နာရီခွဲပါ"

တရားရုံးမှာ သက်သေထွက်ချက်ပေးသလို စကားတွေကို ဆင်ဆင် ခြင်ခြင် ပြောနေပုံရသည်၊ ဦးဘနှစ်ကတော့ သူနဲ့ ဆက်ရှိနေခဲ့ပါတယ်၊ ပြီးတော့ -

"ဦးဘနှစ်ဆိုတာ - ဘယ်သူလဲ"

အိုင်အိုကျော်စိန်ဝင်းက ကြားဖြတ်မေးလိုက်သည်၊

"သူက စက်ရုံက ငွေစာရင်းကိုင်ပါ"

"ဟုတ်ပြီ - သိပြီ၊ သူက မနေ့ညက ဘာလာလုပ်တာလဲ"

"ဒါတော့ - မပြောတတ်ပါဘူး၊ သူ့ဒွေးနဲ့ သူနဲ့ စက်ရုံက အလုပ်သမား သပိတ်ကိစ္စပြောနေကြသံကြားရတာပဲ၊ (၁၀)နာရီနောက်ပိုင်း သူတို့ဆီမှာ အရက်သွားချပေးတော့ သူတို့ရှေ့မှာ ငွေစာရင်းစာအုပ်တွေက တစ်ပုံ

တစ်ပင်ပဲ၊ သူဌေးက ကျွန်တော့်ကို စောင့်မနေနဲ့တော့လို့ ပြောတယ်၊ ဒါနဲ့ ကျွန်တော်လည်း လုပ်လက်စအလုပ်တွေ လက်စသတ်ပြီး ကျွန်တော့် အိပ်ခန်းဆီ ဝင်ခဲ့တော့တယ်၊

ကျွန်တော်က အအိပ်အနေ နည်းပါတယ်၊ အိပ်ရာမဝင်ခင် တစ်နာရီ၊ နှစ်နာရီလောက် စာဖတ်တဲ့အကျင့်ရှိတယ်၊ (၁၂) နာရီ (၁၅)မှာ ဦးဘနှစ် ပြန်သွားတာ သိလိုက်ရတယ်၊ သူဌေးက တံခါးမကိုပိတ် ကန့်လန့်ချလိုက်တယ်၊ သူဌေးက အိပ်ရာဝင်ဖို့သွားတယ်၊ သွားရင်းနဲ့ ဘိလပ်ပြန်သန်းဆိုတဲ့ "မြပန်းခွေ" သီချင်းကို လေချွန်ပြီး ဝင်သွားတယ်၊ ဒါက သူ့အကျင့်ပါ၊

ကျွန်တော်က သူနဲ့ကပ်လျက်အခန်းမှာ အိပ်ပါတယ်၊ ညရေးညတာ သူအရေးပေါ်လို့အပ်တာရှိရင် ခေါ်နိုင်းနိုင်ဖို့ပါ၊ သူ့အခန်းထဲမှာ လှုပ်ရှားတဲ့ အသံကြားရပြီးနောက် ရေချိုးခန်းဆီ သူထွက်သွားတဲ့အသံ ကြားလိုက်ရတယ်၊ သူ မလိုလို့ မခေါ်တာဘဲလို့ ကျွန်တော်က တွေးလိုက်မိတယ်၊ ဒါနဲ့ ကျွန်တော်လည်း စာဆက်ဖတ်နေလိုက်တယ်၊ အဲဒီနောက် ရေပိုက်ခေါင်း ဖွင့်သံကြားလိုက်ရတယ်၊ ရေပိုက်ခေါင်းကနေ ရေတွေကျနေတဲ့အသံက အချိန်အတော်ကြာကြာ ဆက်ကြားနေတယ်၊ ရေကျတဲ့အသံကလွဲလို့ အားလုံး တိတ်ဆိတ်နေတယ်၊

တစ်ခုခုတော့ မှားနေပြီလို့ ကျွန်တော်ထင်တယ်၊ ဒါနဲ့ပဲ - ကျွန်တော် ထကြည့်လိုက်တာ အခုအနေအထားအတိုင်း တွေ့ရတာပါပဲ၊ ရေထဲ ခေါင်း ငိုက်စိုက်ကျနစ်မြုပ်နေတယ်၊ ဒါနဲ့ သူ သေသွားပြီလို့ ချက်ချင်းသိလိုက်တယ်၊ ရေပိုက်ခေါင်းကိုပိတ်ပြီး ကျွန်တော် ဆရာဝန်ဆီကို ဖုန်းဆက်လိုက်ပါတယ်"

"ဒီလူနဲ့ပတ်သက်လို့ ဘာမှမတွေ့ဘူးလား"

သတိမေ့လဲကျနေသည့် ဝရမ်းပြေးဖိုးသင်းကို လက်ညှိုးထိုးပြရင်း တိုက်နယ်ပိုင် ဦးဘသော်က မေးလိုက်သည်၊

"မတွေ့ပါဘူး ခင်ဗျာ"



"သူ - ဒီကို ဘယ်လိုရောက်လာတာလဲ၊ တွန်းကြ၊ ထိုးကြတဲ့အသံတွေ ဘာမှမကြားမိဘူးလား"

"မကြားမိပါဘူး"

"ဒါဆို - ဒီကိစ္စက အတော်ထူးဆန်းတာပဲ"

အိုင်အိုကျော်စိန်ဝင်းက မှတ်ချက်ချသည်၊

"ခင်ဗျား - နားပါးတယ်ဆိုရင် ကြားရမှာပေါ့"

အိုင်အိုက ဆရာဝန်ဘက် လှည့်ရင်းပြောလိုက်သည်၊

"သူ့လည်ပင်းညှစ်အသတ်ခံရတာ ဟုတ်၊ မဟုတ် ခွဲခွဲခြားခြား သိချင်တယ် - ဒေါက်တာ"

ဆရာဝန်က ပခုံးကိုတွန့်လိုက်ရင်း - "ရင်ခွဲရုံပို့ပြီး မစစ်ဆေးပဲနဲ့တော့ အတိအကျသိနိုင်မှာမဟုတ်ဘူး" လို့ ရှင်းပြရင်း - "ကျွန်တော် - ခင်ဗျားတို့ကို စောင့်နေတုန်း ခင်ဗျားတို့အတွက် အသုံးဝင်မယ့်ဟာ တစ်ခုတော့ရှိတယ်"

သူက သေနေသူ၏ ဦးခေါင်းကို မ,လိုက်ရင်း -

"သေးမျှင်တဲ့ကြိုးရာသေးသေးကို ပျော့ကျနေတဲ့လည်ပင်းပတ်လည်မှာ တွေ့ရတယ် မဟုတ်လား" ဟု ပြောလိုက်သည်၊

"အလိုလေးဗျာ" အိုင်အိုက အံ့အားသင့်သွားသည်၊ "ဝါယာကြိုးနဲ့ ညှစ်ပြီး အသတ်ခံလိုက်ရတာပါလား"

"ကျွန်တော် တွေးတာလည်း ဒီအတိုင်းပါပဲ၊ ဝါယာကြိုးနဲ့ လည်မျိုညှစ်သတ်တာမို့ ဒီလိုအညိုအမည်းစွဲတာပေါ့၊ ကျွန်တော်တော့ လုံးဝသံသယ မရှိဘူး" ဒေါက်တာဖုန်းစည်က ဆက်ပြောသည်၊

"ဒါဆို - သတ်ရတဲ့ရည်ရွယ်ချက်ကို စဉ်းစားကြည့်ရအောင်"

တိုက်ပိုင်ကြီး သူ့မေးစေ့ကိုပွတ်ရင်း ပြောလိုက်သည်၊

"ဖိုးသင်းနဲ့ စက်ရုံ က အလုပ်သမားတွေနဲ့ရော မပတ်သက်နိုင်ဘူးလား အိုင်အိုကြီးရဲ့"

"ဟုတ်တယ် - သူက စက်ကြိုးဆွဲ လုပ်ဖူးပါတယ်"

"ပြီးတော့ - သပိတ်ကိစ္စ၊ အလုပ်သမားတွေကြားမှာ အတော်ခါးခါး သီးသီးဖြစ်နေတာ မဟုတ်လား"

လူဆိုးထိန်း မင်းအောင်က အဆောတလျင် ပြောလိုက်သည်။

"ဒါပေမဲ့ - ဒီလူသတ်မှုမှာတော့ သက်သေအထောက်အထား ရှာရဦး မှာ"

"ဒါက - လာမယ်လေ"

တိုက်ပိုင်ကြီးက မှတ်ချက်ပေးရင်း - "သူနဲ့ပတ်သက်လို့ မကြာခင် အမှန်တရားပေါ်လာရမှာပေါ့" လို့ ဆက်ပြောလိုက်သည်။

ဖိုးသင်း မေ့နေသည့်အချိန်က အတန်ကြာသွားသည်။ ထို့နောက် သူ၏ မလုံမလဲအမူအယာ၊ အက်ကွဲသံကြီးနှင့် လုံးဝမယုံနိုင်ဖွယ်ရာ ပုံပြင်တစ်ခုကို ယခုကဲ့သို့ သူက ပြောပြသည်။

"ကျွန်တော်က သစ်ပင်အုပ်ထဲကနေ အိမ်ထဲဝင်ဖို့ လုပ်နေတုန်း ..."

"ဆက်ပြောကွာ" ဟု တိုက်ပိုင်က မာန်မဲလိုက်သည်။

"ကျွန်တော်က ဒီအလုပ်နဲ့ အသက်ရှင်နေတာ မဟုတ်ပါဘူး။ ဒီမသာကောင်ကြီးက ကျုပ်တို့လိုလူတွေအပေါ်မှာ ဝက်အူရစ်နေတာ။ သူတို့ ငွေအိတ်ကြီးက ဖောင်းဖောင်းလာတယ်။ ကျုပ်တို့မှာက စားရမဲ့ သောက်ရမဲ့။ သူလုပ်လို့ ကျုပ်ဘဝပျက်ရတာ။ အခုလည်း - ကျုပ်ထွက်ပြေးနေရတာပါ"

"ဒါတွေ ပြောမနေနဲ့ကွာ။ အခုကိစ္စဖြစ်ရတဲ့အကြောင်းရင်းကို ပြော ..."

တစ်ယောက်က ဝင်ပြောသည်။

"ဒါဆို - ပြောမယ်။ အင်း - ဟုတ်ပြီ။ ကျုပ်က မြံထဲ ကျော်ဝင်လာတော့ ရေချိုးခန်းက မီးလင်းတာမြင်တာနဲ့ စောင့်ကြည့်နေတာ။ ဒါနဲ့ - ဝင်ရကောင်းမလား၊ ပြန်ထွက်ရကောင်းမလား စိတ်က နှစ်ခွဖြစ်နေတယ်။ အဲဒီအချိန်



ပြတင်းပေါက်ကနေ လူတစ်ယောက် ကျော်ထွက်လာတာ တွေ့ရတယ်"

"ဟုတ်တယ် - ပြတင်းပေါက်မှာ ထောင်ထားတဲ့ လှေကားသေးသေး လေးရှိတယ်။ ခဏနေတော့ - အဲဒီကနေ လူတစ်ယောက် ဆင်းလာတယ်။ အဲဒီကနေ မှောင်ရိပ်ထဲ ဝင်ပြေးသွားတယ်"

"ဒါဆို - သူ ဘယ်သူလဲ။ မင်း - မသိနိုင်ဘူးလား"

တိုက်ပိုင်ပြောလိုက်သည့်စကားတွင် သရော်သံပါနေသည်။

"မသိနိုင်ဘူး။ ကျုပ်ပြောတာကို ယုံချင်မှတော့ ယုံမယ်။ ဒါပေမဲ့ - ဒါက အမှန်ပဲ။ ကျွန်တော် - ခဏရပ်ပြီး ဘာလုပ်ရမလဲ စဉ်းစားတယ်။ ထွက်ပြေးရကောင်းမလား၊ တက်ချောင်းရရင် ကောင်းမလား စဉ်းစားတယ်"

"နောက်တော့ - တက်ကြည့်မယ်လို့ ဆုံးဖြတ်ပြီး အသံမပေးဘဲ ဆက်တက်သွားတယ်။ ပြတင်းပေါက်ကနေ့လန့်ကာ အေးဖယ်ပြီး ချောင်းကြည့်တော့ မကောင်းဆိုးဝါးကြီး ရေချိုးကန်ထဲ လဲနေတာ တွေ့ရတယ်"

"ကျွန်တော့်အထင်တော့ သူမေ့မြောပြီး ရေမွန်းသွားတယ်ထင်တာ။ ကျွန်တော့်စိတ်နှစ်ခွ ဖြစ်နေတယ်။ ထွက်သွားတာ ကောင်းသလား၊ ဆက်နေတာ ကောင်းသလား၊ ဆက်တက်ပြီး သူ့ကိုကူညီနိုင်မလား ကြည့်သေးတယ်။ ကျွန်တော်လည်း အထဲရောက်ရော လူကြီးမင်းတို့လည်း ရောက်လာကြတာပဲ။ ပြန်ထွက်ပြေးဖို့ အချိန်မရလိုက်တော့ဘူး။ ဒါနဲ့ပဲ - ဒီဗီရိုကြီးထဲ ဝင်ပုန်းနေလိုက်တာ။ ခင်ဗျားတို့ထဲက တစ်ယောက်က ဒီလူအသတ်ခံရတယ် ပြောလိုက်တော့ - ကျုပ်တော့ တရားခံဖြစ်ပြီလို့ သိလိုက်တယ်။ ခင်ဗျားတို့ပုလိပ်တွေ မလာခင် ထွက်ပြေးဖို့ ကျုပ်ကကြံတာ။ ကျုပ်က အသံလုပ်လိုက်မိတော့ ခင်ဗျားတို့ သိသွားတာပေါ့"

တိုက်ပိုင်ကြီးက မျက်လုံးကို ပင့်တင်လိုက်ရင်း အိုင်အိုကို လှမ်းကြည့်လိုက်သည်။

"သူ - အမှန်ကိုပြောတာဆိုရင် ဦးဗစ်တာ ဖြစ်ရပ်မှန်ကိုတွေ့ပြီး ရေပိုက်

ခေါင်း ပိတ်ထွက်သွားနိုက်မှာ သူ ပြတင်းပေါက်က ဝင်လာတာဖြစ်မယ်၊ ဒေါက်တာဖုန်းစည်ဆီကို ဖုန်းဆက်ဖို့သွားတုန်းဖြစ်မယ်၊ လေ့ကားက လူ တစ်ယောက် တွယ်ဆင်းလာတယ်ဆိုတာ ဘယ်အချိန်လောက်ဖြစ်မလဲ"

"နာရီမပါတော့ မသိဘူး"

"လေ့ကားကနေတက်ဖို့ ဘယ်လောက်ကြာကြာ စောင့်နေရတာလဲ"

"(၁၀)မိနစ်လောက် ရှိမလားပဲ"

ဦးဗစ်တာ ဆရာဝန်ဆီ ဖုန်းဆက်တော့ (၁၂)နာရီ မိနစ်ငါးဆယ်၊ အကယ်၍သာ ဖိုးသင်းပြောတာ အမှန်ဆိုရင် လူသတ်သမားက (၁၂)နာရီ မိနစ် (၄၀)မှာ ဆင်းသွားတာဖြစ်မယ်၊

"ဘာအတွေးခေါင်နေတာလဲ - အိုင်အိုရဲ့ အမူတစ်ခုလုံးက ရှင်းနေတာပဲ"

"ဦးဗစ်တာပြောတာမှန်ခဲ့ရင် ရေချိုးခန်းထဲမှာ ရှန်းသံ၊ ကန်သံ မကြားရဘူးဆိုတာကို ကျွန်တော် အံ့အားသင့်နေမိလို့ပါ"

"ကျုပ်ကတော့ ဦးဗစ်တာပြောတာ ယုံကြည်ကိုးစားလို့ ရမယ်ထင်တာပဲ - အိုင်အိုရေ၊ ရုန်းသံကန်သံ ကြားရဖို့ဆိုတာက ရေပိုက်က ရေဖွင့်ထားတာကိုတော့ လည်ပင်းမှာ ကြိုးကွင်းစွပ်ခံလိုက်ရတဲ့လူက အသံများများစားစား ထွက်နိုင်မှာ မဟုတ်ဘူးလေ"

"ဝါယာကြိုး - ဟုတ်လား" ဖိုးသင်း၏ အသံက အက်ကွဲပြီး တိမ်ဝင်သွားသည်၊ ရုပ်ဆိုးဆိုး ပုံပန်းသဏ္ဍာန်က အကြောဆွဲသလို ဖြစ်သွားသည်၊

"ဒီမကောင်းဆိုးဝါးကြီး လည်ပင်း ဝါယာကြိုးနဲ့ ညှစ်သတ်ခံရတာ ဟုတ်လား"

"ဘာ - မင်းက မသိချင်ယောင်ဆောင်နေရတာလဲ"

ဖိုးသင်းက တံခါးဆီသို့ ပြေးထွက်လိုက်သည်၊ အိုင်အိုက ခြေထိုးခံလိုက်သဖြင့် ကြမ်းပြင်ပေါ်သို့ တလိမ့်ခေါက်ကွေးကျသွားသည်၊ ဖိုးသင်းက ပြန်ခုခံသေးသည်၊ ဒေါက်တာဖုန်းစည်က ဘယ်ဖြောင့်လက်သီးတစ်ချက် ထိုးသွင်း



သဖြင့် လည်ထွက်သွားသည်၊ လူဆိုးထိန်း မင်းအောင်က သွက်သွက်လက်လက် လက်ထိတ်ခတ်လိုက်သည်၊ ထို့နောက် သူ့အိတ်ကပ်ထဲက နှိုက်စမ်းလိုက်သည်၊

ချက်ချင်းဆိုသလို ပိုင်ယာကြိုးကွင်းသေးသေးလေးတစ်ခုကို အထင်အရှား တွေ့လိုက်ရသည်၊

"ဒါကိုယူပြီး ထွက်ပြေးဖို့ ကြိုးစားတာကိုး ..."

ဟု ပြောရင်း တိုက်နယ်ပိုင်လက်ထဲသို့ လွှဲပေးလိုက်ရာ တိုက်ပိုင်ကြီးလည်း မျက်လုံးပြူးသွားသည်၊

"အလိုလေး" ချုပ်ထားခံရသည့် ဖိုးသင်းဘက်သို့ ကြိုးကွင်းကို လှမ်းပေးလိုက်ရင်း အော်လိုက်သည်၊

"ဒါကို - မင်းက ဘာပြောဦးမလဲ" အိုင်အိုက ဖိုးသင်းဘက်ကို လှည့်ပြီး မေးလိုက်သည်၊

"ဒါက ယုန်ထောင်တဲ့ကျော့ကွင်းပါ" သူက စိတ်ဆိုးမာန်ဆိုး ပြောလိုက်သည်၊

"ခင်ဗျားက လက်ဖွဲ့ဆရာတွေ၊ ဓာတ်ပုံဆရာတွေကို ခေါ်ချင်တာလား"

"ဟုတ်ပါတယ် - ခုထိသေရတဲ့ သက်သေခံအထောက်အထား မတွေ့ရသေးပါဘူး"

"ဟုတ်ပြီ - အိုင်အို၊ ကျုပ် ဖိုးသင်းကို ဌာနခေါ်သွားပြီး စွဲချက်တင်မယ်၊ ခင်ဗျားတို့ လုပ်စရာလုပ်ပြီးရင် ကျုပ်ဆီကိုသာ အစီရင်ခံစာ တင်လိုက်ပါ ဟုတ်လား"

အစွပ်စွဲခံရသူ ဖိုးသင်း တိုက်နယ်ပိုင်နှင့် ဒေါက်တာဖုန်းစည်တို့ ထွက်သွားပြီးနောက် အိုင်အိုကျော်စိန်ဝင်းက ရေချိုးခန်းပတ်လည်ကို အသေအချာ လှည့်ပတ်ကြည့်လိုက်သည်၊

— ✵ —

အိုင်အိုကျော်စိန်ဝင်း၏ခေါင်းထဲသို့ ဝင်လာနေသည့် စိတ်ကူးအသစ်အဆန်းတစ်ခုကို ခေါင်းထဲက ထုတ်မရဖြစ်နေသည်။ သဲလွန်စကိုလည်း ရှာမတွေ့ဖြစ်နေသည်။ ဖိုးသင်းအပေါ် စွဲချက်တင်မည်ဟု ပြောသွားရုံမျှနှင့် သူ့မှာ မကျေနပ်နိုင်ဖြစ်နေသည်။

ဒီလူက ဦးပန်းခင်အား သတ်ခဲ့သည်ဆိုသည့် စွပ်စွဲချက်အပေါ် သူ သံသယဝင်နေမိသည်။ လေ့ကားအကြောင်းဖာတ်လမ်းကလည်း လက်လှမ်းမမီ ဖြစ်နေသည်။ ဖိုးသင်းက ပုလိပ်အလိုရှိသော လူဆိုးတစ်ယောက်ဖြစ်သည်။ ယခင်က ဦးပန်းခင် ကြိုးစက်က အလုပ်သမားဖြစ်ခဲ့ဖူးသည်။ နောက်တော့ လူသတ်မှုတစ်ခု ကျူးလွန်ပြီး ထွက်ပြေးသွားသူဖြစ်သည်။ ယခု - သူပြန်ပေါ်လာသည်။ ယခု - သပိတ်မှောက်နေသူများနှင့်လည်းအဆက်အစပ်ရှိနိုင်သည်။ ဦးပန်းခင်အနေဖြင့် ခြိမ်းခြောက်မှုမျိုး ခုခံနေရသူဖြစ်သည်။ ခေါင်းမာသည့်အလုပ်ရှင်တစ်ယောက် ဖြစ်နေတာကလည်း ပြောဖို့ပင်မလို၊ ဤကိစ္စတွေက သူ့အတွက်ပြဿနာဖြစ်လာသည်။ ဖိုးသင်းလိုလူကတော့ ဘာပဲဖြစ်ဖြစ် လုပ်လိုက်မဟဲ့ဆိုသော လူစားမျိုးဖြစ်သည်။ အိမ်ထဲမှာ သူ့ကိုတွေ့ရသည့်ကိစ္စ၊ ထွက်ပြေးဖို့ ကြိုးစားသည့်ကိစ္စ၊ သူ့အိတ်ထဲက ဝါယာကြိုးကွင်း တွေ့ရသည့်ကိစ္စ အားလုံးကို ခြုံကြည့်လျှင် တရားဥာနပိုဖို့ပဲ ရှိတော့သည်။

သို့သော် အိုင်အိုကျော်စိန်ဝင်းအတွက်က လုံလောက်မှုမရှိ။ သူက အထောက်အထားဆိုတာထက် ကြောင်းကျိုးဆီလျော် အပ်စပ်မှုဆိုတာကို ပို၍လိုလားသည်။ (သို့မဟုတ်) ကိုယ်တိုင်ဖြောင့်ချက်ပေးမှုကသာလျှင် သူ့အား စိတ်ကျေနပ်မှုပေးနိုင်မှာ ဖြစ်သည်။ ကိုဖိုးသင်းကလည်း ဝန်ခံဖြောင့်ချက်ပေးမည့်လူစားမဟုတ်။ ဤသို့ဆိုလျှင် သူ အပြစ်ရှိမှုအပေါ် ပိုပြီးခိုင်လုံသည့် အထောက်အထားရှာဖို့ပဲ ဖြစ်သည်။

ထို့ကြောင့်ပင် စုံထောက်အိုင်အိုကြီးက ရေချိုးခန်းကို နှံ့နှံ့စပ်စပ်ရှာနေတော့သည်။ ဒီနေရာတွင် သူ စဉ်းစားစရာ အနည်းငယ်ဖြစ်သွားသည်။ ဦးပန်းခင်၏ အဝတ်တွေက ကုလားထိုင်တစ်လုံးပေါ်မှာ လွှင့်ပစ်ထားသည်။ သူ့ခြေညှပ်ဖိနပ်က ဇင်းနံဘေးမှာ ရှိနေသည်။ ဇင်းနှင့် ခပ်ဝေးဝေးတွင် ရေအိမ်သာသုံး သုံးစွဲမြဲပစ္စည်းများသာ ရှိသည်။



ခြေရာထင်ကျန်ရစ်မှု မရှိ။ အပြင်ဘက်ကြမ်းခင်းက မာပြီးခြောက်သွေ့နေသည်။ အိုင်အိုကျော်စိန်ဝင်းက လက်ဖွေရာ တစ်ခုနှစ်ခုလောက် ဆေးဖြူသုတ်ထားသည့် ပြတင်းပေါက်တွင် ရှာတွေ့နိုင်လောက်သည်ဟု တွေးထင်ထားသည်။ ဤသို့ဆိုပါက တခြားနည်း သက်သေပြဖို့လိုတော့မည် မဟုတ်ချေ။

ထို့ပြင် လေ့ကားက ပြတင်းပေါက်ကိုမှီလျက်သား ရှိနေတုန်းပဲလားဆိုတာ သိချင်စိတ်ထက်သန်နေသည်။ အကြောင်းကတော့ သူ့ရဲ့ရှာဖွေမှုတွေ လိုရင်းမရောက်လေ၊ စိတ်ထက်သန်မှုက ကြီးထွားလာလေဖြစ်နေသည်။ သူလိုချင်နေသော သက်သေအထောက်အထားက တစ်နေရာရာတွင် ပုန်းလျှိုးကွယ်လျှိုးရှိနေမှာ အမှန်ပင်ဖြစ်သည်။

ထို့နောက် သူ၏အာရုံက ဦးပန်းခင်၏ အိပ်ခန်းဘက်သို့ ရောက်သွားပြန်သည်။ အိပ်ခန်းတွင်းမှာလည်း သူလိုချင်သည့် အထောက်အထား ရှာမတွေ့။ အသတ်ခံရသူ၏ အဝတ်အစားများက သူ ရေချိုးမသွားခင် ကုလားထိုင်ပေါ်မှာ သပ်သပ်ရပ်ရပ် ခေါက်ထားခဲ့သည်ကို တွေ့ရသည်။ အလျင်စလို (သို့မဟုတ်) အနှောင့်အယှက်ပေးခံရပုံမပေါ်။ အိုင်အိုတစ်ယောက် သဲလွန်စရှာမတွေ့ဖြစ်နေသည်။

အိုင်အိုကျော်စိန်ဝင်းက ရေချိုးခန်းထဲ ပြန်သွားသည်။ ဓာတ်ပုံဆရာနှင့် လက်ဗွေဆရာတို့ ရောက်နှင့်နေပြီး သူတို့အလုပ် ပြီးစီးလုနီး ဖြစ်နေသည်။ သူက အလောင်းကိုရွှေ့ဖို့ ခွင့်ပြုလိုက်သည်။ အိပ်ခန်းထဲ သယ်မသွားဖို့ သူ ပါဝင်ရွှေ့ပေးသည့်အခါ သေသူ၏ နှာခေါင်းအရင်းနားတွင် ကိုင်းမပါ နှာခေါင်းကို အားပြုညှပ်သည့်မျက်မှန် တပ်သဖြင့် ထင်ကျန်ရစ်တတ်သည့် ချိုင့်ဝင်နေသည့် "ခွက်" ရာလေး (၂) ခုကို နှာခေါင်းအရင်း ဟိုဘက်ဒီဘက် (၂)ဖက်တွင် အမှတ်ထင်ထင် တွေ့လိုက်ရသည်။

"ဟော့-ဟော့-သူ့မျက်မှန် ဘယ်မှာလဲ" သူက ကောက်ခါငင်ခါ မေးလိုက်သည်။

"ကျွန်တော်-မ-မပြောတတ်ဘူး" ထမင်းချက်ကြီးက အထစ်,အထစ်နှင့် ပြောလိုက်သည်။ "ကျွန်-ကျွန်တော်-မ-မမြင်မိဘူး"

"သူက အဝေးမှုန် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်။ မျက်မှန်မတပ်ရင်တော့ အဝေးကို မမြင်သလောက်ပါပဲ"

"ရေချိုးခန်းထဲမှာတော့ သူ မျက်မှန်မတပ်လောက်ဘူး ထင်တာပဲ။ ဒါပေမဲ့-သူ့မျက်လုံးတွေက သိပ်ဆိုးနေရင်တော့ အထဲဝင်တဲ့အထိတော့ သူ တပ်ရမှာပဲ။ ဘာတွေဖြစ်ကုန်တာလဲ"

အရာမထင်သည့် ရှာဖွေမှုကို အိုင်အိုက ထပ်လုပ်ပြန်သည်။ မျက်မှန်နှင့် ပတ်သက်လို့ ဘာမျှထပ်မတွေ့ရချေ။ အိုင်အိုက အိပ်ခန်းထဲက အံဆွဲတစ်ခု နောက်နားတွင် ခေါက်ထားသည့် မျက်မှန်တစ်လက်ကို တွေ့ရသည်။ သို့သော် အဲဒါတွေက ဖုန်တက်နေသည်။

"ဒါက အပိုတစ်စုံဖြစ်မယ် ထင်တယ်။ တခြားတစ်နေရာရာမှာ ရှိမယ်။ ရှာတွေ့မှဖြစ်မယ်" သူက ဦးဇစ်တာကို ပြောပြသည်။

စေ့စပ်သေချာသည့် သူ့ဝသီအတိုင်း သူက ကော်ရစ်ဒါ လှေကားတစ်လျှောက်နှင့် ခန်းမပါမကျန် လှည့်ပတ်ရှာကြည့်သည်။ ဦးပန်းခင် အိပ်ရာအဝင် မျက်မှန်ချွတ်ထားခဲ့ပုံရသည်။ သူက စာကြည့်ခန်း၊ ထမင်းစားခန်း နေရာအနှံ့ ရှာကြည့်သည်။

တစ်နေရာရာမှာ မေ့ခဲ့တာ၊ ကျန်ရစ်ခဲ့တာ၊ ဘယ်နေရာဖြစ်မလဲ။ စာဖတ်ခန်းထဲက ကော်ဇောတွေပေါ် ဒူးထောက် လက်ထောက်ရှာကြည့်သော်လည်း ဘာမျှမတော့။ ခဏအကြာ ကောဇောလိပ်တစ်နေရာတွင် မှန်ကွဲစလေးတစ်စ ကျနေသည်ကို တွေ့ရသည်။ ကိုင်းမပါ။ နှာခေါင်းညှပ်သည့် မျက်မှန်မှ မှန်ကွဲစ ဖြစ်ဖို့ သေချာသလောက် ဖြစ်သည်။



သူက ကော်ဇောပေါ် ထပ်ရှာကြည့်သည်။ အလွန် စေ့စေ့စပ်စပ်ရှာသည်။ နောက်ထပ်မှန်ကွဲစ ထပ်မတွေ့ရတော့ချေ။ သူက မတ်တတ်ထရပ်လိုက်ပြီး ဇစ်တာကို တွေးတွေးခေါ်ခေါ် စိုက်ကြည့်နေမိသည်။

"ဖြစ်ပုံက ဒီလိုထင်တယ်" သူက စပြောလိုက်ပြီးနောက် သူ့စကားသူ ပြန်ထိန်းလိုက်တယ်။ "ဒါပေမဲ့-မဟုတ်သေးပါဘူး။ သက်သေအထောက်အထားက ရှာမတွေ့ဖြစ်နေတယ်။ ဦးပန်းခင် အိပ်ရာဝင်ခါနီး လေချွန်သံကြားလိုက်ရတယ်ဆိုလို့ ခင်ဗျားပြောတာ ဘာသီချင်းတေးသွားလဲ"

"သူအကြိုက်ဆုံး ဘိလပ်ပြန်သန်းရဲ့ "မြပန်းခွေ" သီချင်းကို လေချွန်သွားတာပါ"

"သူ့စက်ရုံက သပိတ်မှောက်တဲ့ကိစ္စ၊ ခင်ဗျား သိပ်သိပုံမရဘူး မဟုတ်ဘူးလား"

"မသိပါဘူး ခင်ဗျာ"

"ဒီကိစ္စ အသေးစိတ်ပြောပြနိုင်မယ့်လူ ဘယ်သူလို့ ခင်ဗျားထင်သလဲ"

"ကိုဘနှစ်ဖြစ်ဖို့များတယ်"

"ညသန်းခေါင်ချိန်မှာ သူ့ကို အိပ်ရာထဲက ထလာအောင်လုပ်တဲ့လူ လို့ရော ခင်ဗျားမထင်ဘူးလား"

"သူ မဖြစ်နိုင်ဘူး ထင်တယ်။ သူက ကူညီဖို့လောက်ပဲ သိတာ၊ သူက ဦးပန်းခင်ကို တစ်ကမ္ဘာအောက်မေ့နေတဲ့လူ၊ သားတစ်ယောက်လိုပါပဲ"

"ဦးဇစ်တာ-သူ-ဘယ်မှာနေတာလဲ"

"မြို့လယ်ပန်းခြံလမ်းက အိမ်နံပါတ် (၁၁)။ ဒေါက်တာ ဖုန်းစည်အိမ်နဲ့ အတော်နီးတယ်"

"အော်-အဲဒီနေရာကို ကျုပ်သိပြီ"

အိုင်အိုက အတွေးပါပါ ခေါင်းညိတ်လိုက်သည်။ "အဲဒီကို ချက်ချင်းလိုက်သွားတာ ကောင်းမယ်"

— ❋ —

လှေခါဘဲလ်ခေါ်သံနှိပ်နေဖို့ မလိုလောက်အောင် တံခါးကို မင်းတုပ်မချဘဲ ကိုဘနစ်တစ်ယောက် အိပ်မောကျနေတာကို တွေ့ရသည်။ သို့သော် ဦးပန်းခင်နှင့်ပတ်သက်သည့် သတင်းစကားများ ကြားလိုက်ရချိန်တွင် သူ့မျက်လုံးများ ပြူးကျယ်သွားတော့သည်။

"လာပါ" ဆိုပြီး အိပ်ရာမှထကာ အခန်းငယ်လေးဆီသို့ သူက ရှေ့ကဦးဆောင်ပြီး ခေါ်သွားသည်။ "ဒါက အတော်ကြောက်စရာပဲ။ ကျွန်တော်နဲ့ သူ အခုလေးတင်ပဲ တွေ့ခဲ့ကြရတာ"

သူက လူလတ်ပိုင်း၊ လူပျိုလူလွတ်တစ်ယောက်။ သူနှင့်ဂိုအသက်ထက် အတော်ငယ်ပုံရသည်။ သူ၏ပိုးသားညဝတ်အင်္ကျီက အတော်ကောင်းသည်။ အိုင်အိုကျော်စိန်ဝင်းအား ခေါ်လာသည်။ သူ၏ဧည့်ခန်းတွင် မိန်းမငယ်ငယ်ချောချောတွေ၏ ဓာတ်ပုံအတော်များများကို တွေ့ရသည်။

"အတော်ထိတ်လန့်ဖို့ ကောင်းပါတယ်" သူက နောက်တစ်ကြိမ် ထပ်ပြောသည်။ သူ၏ လက်များကိုလည်း ညဝတ်အင်္ကျီအိတ်ထဲသို့ လက်တွေ့ထိုးထည့်ထားရင်း "ထိုင်ပါ - ခင်ဗျားအတွက် ကျွန်တော် ဘာလုပ်ပေးရမလဲ"

"သိပြီးတဲ့အတိုင်းပါပဲ။ ခင်ဗျားက ဦးပန်းခင်ကို နောက်ဆုံးအသက်ရှင်လျက်သား တွေ့ခဲ့ရသူဆိုပါတော့။ လူသတ်သမားကလွဲလို့ပေါ့ဗျာ"

"ဗစ်တာ - မဟုတ်ဘူးလား"

"သူက အိပ်ရာဝင်နေပြီလေ ..."

"အော် - ဟုတ်တယ်။ ဦးပန်းခင်က သူ့ကို မစောင့်နဲ့တော့လို့ ပြောတာသတိရပြီ"

"အဲဒါ - ဟုတ်ပါတယ်။ ဦးပန်းခင်က အကြမ်းဖက်မှုတစ်ခုကြုံရဖို့ရှိတယ်လို့များ ခင်ဗျားကို ပြောခဲ့တာ ရှိမလားလို့ပါ။ ဘာကြောင့် အသတ်ခံရတယ်ဆိုတဲ့ ရည်ရွယ်ချက်ကို သိချင်နေတာ"



"ကျွန်တော်သိပြီ" ကိုဘနစ်က မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။ "မဟုတ်သေးဘူး၊ အဲဒီအကြောင်းတော့ သူ ဘာမှ မပြောဘူး၊ တကယ်တမ်းပြောရရင် သပိတ်မှောက်တဲ့လူတွေ ရှိတယ်။ ခြိမ်းခြောက်တာ ခံနေရတာတော့ သိတယ်။ ဒါပေမဲ့ - သူကတော့ သိပ်မှုပုံ မရဘူး"

"ဗစ်တာပြောတာက ခင်ဗျားနဲ့ သူ သပိတ်ကိစ္စ ပြောကြတယ် ပြောတယ်"

"ဒီလိုပဲပြောလား။ ကျွန်တော်တို့က စာရင်းစာအုပ်တွေကြည့်ပြီး သူတို့ကို လုပ်ခတိုးပေးရင် ကောင်းမလား စဉ်းစားကြတာ" ကိုဘနစ်က စာရင်းစာအုပ်တစ်ပုံကြီးကိုကြည့်ရင်း ခေါင်းညိတ်ပြီး ပြောလိုက်သည်။ "ဒီစာအုပ်တွေက ယူလာတုန်းက အတိုင်းပဲ"

"ဆွေးနွေးကြတဲ့ရလဒ်အကြောင်းမေးရင် ထူးခြားမှု ရှိပါ့မလား"

"ကျွန်တော်တို့အနေနဲ့တော့ ဘာမှလုပ်မပေးနိုင်တော့ဘူးလို့ပဲ ဆုံးဖြတ်လိုက်ကြတယ်"

"ခင်ဗျား - ကိုဖိုးသင်းကို သိမယ်ထင်တယ်။ အခု - သူ့ကိုတော့ မသက်ာဘူး"

"သိပါတယ်။ သူနဲ့ပတ်သက်လို့ သိပ်မပြောချင်ဘူး"

"ကျုပ်က ဖိအားမပေးပါဘူး။ သူ့အကြောင်း - ခင်ဗျား - ကောင်းကောင်းသိမှာပါ"

အိုင်အိုကျော်စိန်ဝင်းက ခဏနားလိုက်ပြီး - "ဦးဗစ်တာပြောတာတွေကို တတ်နိုင်သလောက် ခွဲခြမ်းစိတ်ဖြာကြည့်ချင်တယ်။ ခင်ဗျား - စံတော်ဝင်ဆိုတဲ့ ဦးပန်းခင်အိမ်ကနေ (၁၂) နာရီ (၁၅) မိနစ်လောက်မှာ ထွက်သွားခဲ့တယ်ပြောတယ်"

"ဟုတ်တယ် - (၁၂) နာရီ (၁၅) မိနစ် အတိအကျပဲ" ပြန်မယ်လုပ်တော့ အိမ်ဘယ်အချိန် ပြန်မရောက်မလဲ သိချင်တာနဲ့ နာရီကိုကြည့်လိုက်မိတယ်"

"အိမ်ရောက်ဖို့ ဘယ်လောက်ကြာမလဲ"

"အတိအကျပြောရရင် မိနစ် (၂၀) ဆိုပါတော့ ..."

"ခင်ဗျား - အိမ်ကို (၁၂း၃၅)ရောက်မယ်။ အဲဒီနောက်မှာရော"

"ဟုတ်တယ် - ဦးပန်းခင်နဲ့ ပြောခဲ့ဆိုခဲ့တာတွေကို (၁၅)မိနစ်လောက် ထိုင်ပြီး မှတ်စုထုတ်တယ်။ နောက်တော့ - အိပ်ရာဝင်ခဲ့တယ်"

ဒါပေမဲ့ - အိုင်အိုက စကားစလိုက်ပြီးနောက် ချက်ချင်းရပ်လိုက်သည်။

"ဒါပေမဲ့ - ဘာလဲ - အိုင်အို"



သူ့အနေနဲ့က ဒီရာဇဝတ်မှုကို
အပြင်လူတစ်ယောက်က
လာပြီးသတ်သွားတယ်လို့
ထင်စေချင်တယ်။ သူ့အပေါ်
အထင်အမြင် လွဲမယ့်အစား
အပြင်လူတစ်ယောက်ယောက်
အပေါ်မှာ သံသယဝင်သွားစေ
ချင်တယ်။ ဝါယာကြိုးနဲ့
လည်မျိုညှစ်သတ်တဲ့ကိစ္စက
ကျေမနပ်ဖြစ်နေတဲ့အလုပ်သမား
ထဲက လာသတ်တယ်လို့
ထင်စေချင်တယ်။



"ဘာမှမဟုတ်ပါဘူး။ ခင်ဗျားရဲ့လုပ်နိုင်စွမ်းကို ကျွန်တော် အံ့အားသင့်မိတဲ့သဘောပါ။ မနက် - သပိတ်မှောက်တဲ့လူတွေအတွက် ပြောဖို့ဆိုဖို့ မှတ်စုထုတ်ရဦးမယ် ထင်တယ်"

"ဟုတ်တာပေါ့ - ဒါတွေက ခေါင်းထဲမှာ ပူပူနွေးနွေး ရှိနေခိုက်ဆိုတော့ ခဏလေးထိုင်ပြီး လုပ်လိုက်ရုံပါပဲ"

"သဘာဝကျပါတယ်လေ"

အိုင်အိုက ထရပ်လိုက်သည်။

"အင်း - သပိတ်က ဒီလူသတ်မှုကို ဖန်တီးလိုက်တာ ထင်ရှားသွားပြီ၊ တခြားဖြစ်နိုင်ချေတော့ မရှိတော့ပါဘူး" အိုင်အိုက သူ့အိတ်ကပ်ထဲမှ စီးကရက်ဘူးကို ထုတ်ပြီး -

"စီးကရက် သောက်ပါ ကိုဘနစ်"

"ကျေးဇူးတင်ပါတယ်"

ဟု ကိုဘနစ်က စီးကရက်ကို ဆွဲထုတ်ယူလိုက် သည်။ နောက်မီးခြစ်ခြစ်ပြီး မီးညှိဖို့ လှမ်းပေးလိုက်သည်။

"ဘာများကူညီဖို့ရှိမလဲ - အိုင်အို"

အိုင်အိုက ဆေးလိပ်မီးညှိဖို့ မီးခြစ်ခြစ်ပေးရင်း - "တိုက်ပိုင်ကြီးက ဒီအမှုကို စွဲတင်ဖို့ တကဲကဲလုပ်နေတယ်။ ခင်ဗျားအတွက် အပန်းမကြီးဘူးဆိုရင် ဌာနာကို ခဏလိုက်ပြီး တိုက်ပိုင်ကြီးကို ဒီအကျိုးအကြောင်းတွေ လိုက်ပြောပေးပါလားဗျာ"

"အခုလား"

"ခင်ဗျားအတွက် အပန်းမကြီးရင်ပေါ့"

"ဟုတ်ပါပြီ - အဝတ်လဲပြီးတဲ့အထိ ခဏစောင့်ပေးပါ"

ကိုဘနစ်က မဆိုင်းမတွပြန်ပြောလိုက်သည်။

— ❋ —

ပုလိပ်ဌာနာသို့ရောက်သည့်အခါ သက်သေထွက်ချက်ဆိုပြီး လက်မှတ်ထိုးပေးလိုက်သည်။ တိုက်ပိုင်ကြီးက မျက်မှောင်ကြုတ်ပြီး စိတ်ရှုပ်သည့်ဟန်ပန်ဖြင့် ထွက်ချက်ကို ဖတ်ကြည့်လိုက်သည်။

"ဒါက – ကျုပ်တို့အတွက် သိပ်အလုပ်ဖြစ်မှာ မဟုတ်ဘူးအိုင်အို"

လို့ လှမ်းပြောလိုက်သည်။

"ဒါကတော့ အလုပ်မဖြစ်လောက်ပါဘူး" အိုင်အိုက တည်တည်ငြိမ်ငြိမ်ပြန်ပြောလိုက်သည်။

"ဒါဆိုရင် – ခင်ဗျားက ကိုဘနုစ်ကို ဘာလို့ဒုက္ခပေးပြီး ခေါ်လာရတာလဲ"

"သူ လိမ်နေလို့ ခေါ်လာတာပါ။ ဦးပန်းခင်ကိုသတ်တာ – သူပဲ"

လို့ အိုင်အိုက ပြန်ပြောသည်။

လူနှစ်ယောက်စလုံးက သူ့ကို စိုက်ကြည့်လိုက်ကြသည်။

"ဘယ်လိုဖြစ်ရတာလဲဗျာ" ကိုဘနုစ်က အံ့အားသင့်စွာ မေးလိုက်သည်။

"ကျွန်တော် မသိတာတစ်ခုပဲ ရှိတယ် – ကိုဘနုစ်။ အဲဒါကြောင့်ပဲ – ခင်ဗျားသူ့ကို သတ်လိုက်တာ။ ခင်ဗျား စာရင်းစာအုပ်တွေထဲမှာ ကပြောင်းကပြန်တွေလုပ်ထားမယ်လို့ ကျုပ် မျှော်လင့်တယ်။ သက်သေပြစရာတော့ မရှိဘူး"

"ကျုပ် – ဒါမျိုး – မဟုတ်တရုတ်ပြောတာ မကြားဖူးဘူး"

"ခင်ဗျားအမြင်ပဲ"

အိုင်အိုက တိုက်ပိုင်ကြီးဘက် လှည့်ပြောလိုက်သည်။

"ဦးပန်းခင်ရဲ့ မျက်မှန်အကွဲတစ်စ စာကြည့်ခန်းထဲမှာ ရှာတွေ့ခဲ့တယ်။ ဘာကြောင့်ကွဲတာလဲ။ သူက အဝေးမှုန်သမား၊ သူ့အတွက် အပိုတစ်စုံချက်ချင်းမရနိုင်ဘူးလေ ..."

"ခင်ဗျား – ဘာတွေပြောနေတာလဲ – အိုင်အို။ ကျွန်တော်တော့ နားမလည်နိုင်တော့ဘူး"

တိုက်ပိုင်ကြီးက စိတ်ရှုပ်သွားဟန်နှင့် ပြောလိုက်သည်။



"ဟုတ်ပါတယ် – အဲဒါကို ပြောမှာပါ။ ဦးပန်းခင် အပေါ်ထပ် ပြန်ရောက်တော့ သေပြီးနေပြီလို့ပဲ ကောက်ချက်ချလိုက်တော့မယ်။ ဒါကြောင့်ပဲ ဦးဗစ်တာလည်း တွေးလုံးသတ်ပုတ်တာ မကြားတော့တာ"

"အားလုံးက ယုတ္တိမတန်တာတွေချည်းပဲ" ကိုဘနုစ်က ဒေါသနှင့် အော်ပြောလိုက်သည်။

"ဗစ်တာက ဦးပန်းခင်ကို မမြင်ဘူး။ ခင်ဗျား သတိရမိပြီလား"

အိုင်အိုက အေးအေးဆေးဆေး ပြောလိုက်သည်။

"ကိုဘနုစ် ထွက်သွားတာလည်း သူ မမြင်ဘူး၊ သူက တံခါးပိတ်သံ၊ မင်းတုပ်ချသံ အသံပဲကြားတာ။ ပြီးတော့ – အပေါ်ကို တစ်ယောက်တက်လာတယ်။ ဒါတွေအားလုံးကို ဆက်စပ်ပြီး ကျုပ်စိတ်ထဲမှာ ပုစ္ဆာကို အဖြေထုတ်ကြည့်တယ်"

"ဦးပန်းခင်က ကိုဘနုစ်ဟာ သူ့စက်ရုံက ငွေတွေ အလွဲသုံးစားလုပ်နေတယ်ဆိုတာကို သူ သိနေတယ်။ ဒီတော့ – စာရင်းစာအုပ်တွေကို သူ့ရဲ့ "စံတော်ဝင်"နေအိမ်ကို ယူလာခဲ့ဖို့ ပြောမယ်။ စာရင်းတွေကြည့်ရင်း မှုချပေါ်တော့မှာပဲဆိုတာကို ကိုဘနုစ်က သိထားတယ်။ ဒီတော့ – သူ့ကိုသတ်ဖို့ ဆုံးဖြတ်ပြီး ‌လေ့ကားတစ်ခုကို ရေချိုးခန်းနားက ပြတင်းပေါက်မှာ အသင့်ထောင်ထားလိုက်တယ်။ သူ့အနေနဲ့က ဒီရာဇဝတ်မှုကိုအပြင်လူတစ်ယောက်က လာပြီးသတ်သွားတယ်လို့ ထင်စေချင်တယ်။ သူ့အပေါ် အထင်အမြင်လွဲမယ့်အစား အပြင်လူတစ်ယောက်ယောက်အပေါ်မှာ သံသယဝင်သွားစေချင်တယ်။ ဝါယာကြိုးနဲ့ လည်မျိုညှစ်သတ်တဲ့ကိစ္စက မကျေမနပ်ဖြစ်နေတဲ့ အလုပ်သမားထဲက လာသတ်တယ်လို့ ထင်စေချင်တယ်"

"ဒါပဲလား"

ကိုဘနုစ်က တည်ငြိမ်စပြုလာပြီး သူ့ကို ပြန်မေးလိုက်သည်။

"ခင်ဗျားတို့ ဖိုးသင်းကို မိထားမှတော့ ကျုပ်ကို အကွက်ဆင်ပြီး တရားခံမလုပ်ပါနဲ့တော့"

"ဖိုးသင်းကိစ္စက ခင်ဗျားကံကောင်းဖို့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာတဲ့ ကိစ္စပျ။ ဒါပေမဲ့ - သူ့ဖုတ်လမ်းအတိုင်း လိုက်ကြည့်တော့ သူပြောတာတွေက အမှန်ပဲ။ ဦးဗစ်တာ - အိပ်ရာဝင်သွားတော့ ခင်ဗျားက ဦးပန်းခင်ကို စာကြည့်ခန်းမှာ လည်ပင်းညှစ်သတ်လိုက်တယ်။ အဲဒီအခိုက်မှာ ဦးပန်းခင်ရဲ့မျက်မှန်က တစ်ခုခုနဲ့ တိုက်မိပြီး ကွဲသွားတယ်။ ခင်ဗျားက မှန်ကွဲစတွေကို အသေအချာလိုက်ကောက်တယ်။ ဒါပေမဲ့ - ကော်ဇောလိပ်နားမှာ မှန်ကွဲစ သေးသေးတစ်ခု ကျန်နေခဲ့တယ်။

(၁၂း၁၅)နာရီမှာ ခင်ဗျားက တံခါးဖွင့်တယ်။ ခင်ဗျား - ပြန်ထွက်သွားပြီအထင် ရောက်အောင် တံခါးကို ဆူဆူညံညံနဲ့ ပြန်ပိတ်တယ်။ ခင်ဗျားက ဦးပန်းခင်ကို အိပ်ခန်းဆီသယ်သွားပြီး ဗစ်တာကြားအောင် အဝတ်အစားလဲသလိုမျိုး ခင်ဗျားလုပ်တယ်။ လူကို ရေချိုးခန်းဆီ သယ်သွားတယ်။ ရေပဲဖွင့်တယ်။ နောက် ပြတင်းပေါက်ကနေ ခင်ဗျား ဆင်းသွားတယ်"

အိုင်အိုက စကားကို ခေတ္တရပ်ထားလိုက်သည်။ ကိုဘနစ်က ပြုံးလာသလို တိုက်ပိုင်ကြီးကြည့်ရတာ စိတ်ပျက်နေပုံရသည်။

"အိုင်အို - ကျုပ်ဌာနကို လာပြီး ခင်ဗျားပြောတဲ့အတိုင်း ဖြောင့်ချက်ပေးတယ်။ ခင်ဗျားက ဘာမျှမထောက်ခံပါလား"

"ကျုပ် - ခင်ဗျားကို သက်သေပြတော့မယ်လေ။ ကျုပ် အားလုံးပြောပြီးပြီပဲ။ ကျုပ်ပြောတာမှန်ရင် ခင်ဗျားဝန်ခံပေါ့။ လူသတ်သမားက အိမ်က မိသားစုတွေနဲ့ အတော်ရင်းတဲ့လူဖြစ်တယ်ဆိုတာ ကျုပ်သိတယ်။ ဦးဗစ်တာ မအိပ်ခင် အိပ်ခန်းထဲမှာ စာဖတ်တာ သူသိတယ်။ ဦးပန်းခင် အကြိုက်ဆုံး သီချင်းက "မြပန်းခွေ" သီချင်းဆိုတာလည်း သူသိတယ်။ ဒီတော့ - လူသတ်သမားက ဒီအိမ်က လူတွေနဲ့ သိပ်ရင်းတဲ့လူဖြစ်ရမှာပေါ့"

"အင်း - ဆက်ပါဦး"

"ကျွန်တော်ကို ဘနစ် အိမ်သွားတယ်။ သူက လိမ်တယ်။ သူက အိမ်ကို (၁၂း၃၅)နာရီပြန်ရောက်တယ် ပြောတယ်။ သူ - ဘာလို့ လိမ်ရတာလဲ။ ကျွန်တော်က လူသတ်သမားကို သိနေတယ်။ အကယ်၍ ဖိုးသင်းပြောတာမှန်ခဲ့ရင် သူက (၁၂း၄၀)နာရီအထိ "စံတော်ဝင်" အိမ်ကနေ မထွက်ရသေးဘူး။ ပြီးတော့ - ကိုဘနစ် - အိမ်လမ်းလျှောက်ပြန်ရင် မိနစ်(၂၀) ကြာတယ်"

"သူ - အိမ်ကို စောစောပြန်မရောက်တာ ခင်ဗျားက ဘယ်လိုသိနေတာလဲ - အိုင်အို"

"(၁၂း၁၅)မှာ မော်တော်ယာဉ်တိုက်မှုတစ်ခု ဖြစ်တယ်။ ကိုဘနစ်အိမ်နားက ဓာတ်တိုင်ကိုပါ ဝင်တိုက်လိုက်တယ်။ လျှပ်စစ်မီးတွေ ပြတ်သွားတယ်။ တကယ်တော့ - (၁၂း၅၅)အထိ မီးက ပြင်လို့ မပြီးသေးဘူး။ ဦးဗစ်တာ တယ်လီဖုန်း မဆက်ခင်လေးမှာတင်ဖြစ်တာကို သတိထားမိတယ်။ ကိုဘနစ် ပြောစကားအရ ဘာသိရသလဲဆိုတော့ မီးပြတ်သွားတဲ့ကိစ္စကို သူမသိဘူး။ မီးပျက်တာပြင်ပြီးသွားမှ သူ အိမ်ပြန်ရောက်လာတာ"

"ကျုပ် သဘောပေါက်ပြီ"

တိုက်ပိုင်ကြီးက ပြောရင်း ကိုဘနစ်ကို စိုက်ကြည့်လိုက်သည်။

"ဒါပေမဲ့ - သူ တကယ်ပဲ သတ်တယ်ဆိုတဲ့ သက်သေပြဖို့ လျှို့ဝှက်ချက်တစ်ခုက ကျန်နေသေးတယ် - အိုင်အို"

"တစ်ခုပဲ ပြောဖို့ကျန်ပါတယ်"

အိုင်အိုက ပြန်ပြောသည်။

"သူက သူ့လက်ကိုညဝတ်အကျီအိတ်ထဲ လက်တွေထည့်ထားတယ်ဆိုတာ သတိထားမိတယ်။ အဲဒီလက်ကိုကြည့်ရဖို့ သူ့ကို စီးကရက်ဘူး လှမ်းပေးလိုက်တယ်။ နောက် - မီးခြစ်ပြီး မီးညှိဖို့ပေးတယ်။ ကိုယ်တိုင်ပဲ ကြည့်လိုက်ပါ"

ကိုဘနစ်က ရှန်းကန်ကန့်ကွက်သည့်ကြားက တိုက်ပိုင်ကြီးက ဆုပ်ထားသည့်လက်သီးဆုပ်များကို အတင်းဆွဲယူဖြေကြည့်လိုက်သည်။ သူ၏လက်မနှင့် လက်ညှိုးတွင် ခရမ်းရောင်အညိုအမည်းစွဲသည့် အရာသေးသေးကို တွေ့ရသည်။

"လူတစ်ယောက်ကို ဝါယာကြိုးနဲ့ အသက်ရှူကျပ်အောင် လုပ်ရတဲ့ အလုပ်က အတော်မလွယ်တဲ့အလုပ်ပါ"

အိုင်အိုက ရှင်းပြရင်း -

"ဦးပန်းခင်လည်ပင်းမှာ အညိုအမည်းစွဲနေတဲ့ဒဏ်ရာသေးသေးတွေခဲ့ရတယ် မဟုတ်လား၊ ကိုဘနစ်က လည်ပင်းကို တင်းကျပ်အောင် ဆွဲလိုက်ရတဲ့အခါ လည်ပင်းမှာ ထင်ကျန်ခဲ့တဲ့ဒဏ်ရာမျိုး သူ့လက်ညှိုးနဲ့ လက်မမှာ ထင်ကျန်ရစ်ခဲ့တာပဲ"

"ဒါနဲ့ပတ်သက်လို့ ကျုပ်သံသယမရှိပါဘူး၊ အခု - ကျုပ် ကျေနပ်သွားပြီ" ဟု တိုက်ပိုင်ကြီးက ပြောလိုက်သည်၊

ကိုဘနစ်တစ်ယောက် ငိုကြီးချက်မ ငိုလိုက်သည့်အသံက ဝန်ခံချက်၏ ရှေ့ပြေးပင် ဖြစ်တော့သည်၊

"ခင်ဗျားက ဘာလုပ်နေတာလဲ" အခန်းထဲ ဝင်လာသည့် လူဆိုးထိန်း မင်းအောင်ကို မေးလိုက်ရာ -

"စံတော်ဝင်" အိမ်ကြီးရဲ့နောက်က သစ်ပင်အုပ်ထဲမှာ ဖိုးသင်းတွက်ချက်ပေးထားတဲ့ဟာတွေကို သွားပြီးစစ်ဆေးမလားလို့"

ဟုဖြေရင်း တိုက်ပိုင်ကြီးအား အလေးပြုပြီး ရုံးခန်းထဲက ထွက်သွားလိုက်သည်၊

●-○➤ ကျော်မြင့်ကျော်



**အိမ်မျက်ကြီးဆီသို့**
**လှုပ်ရှားတစ်ယောက် ရောက်လာရာမှ**
**မြို့စားလက်အောက်ခံ ရွာသူကြီး၏ ဆိုးရွားပုံကို**
**ဖော်ထုတ်တိုက်ခိုက်ကြရာ ..**

**ကုန်း**ကလေးသည် လမ်းနှင့် ကိုက်တစ်ရာလောက်တော့ ဝေးမည်၊ ကုန်းကလေးပေါ်၌ အဆောက်အအုံပျက်တစ်ခုကို မကြာမီ ဝင်တော့မည် ဖြစ်သော နေရောင်တွင် တွေ့နေရ၏။ ကုန်းကလေးနှင့် လမ်း၏အကြားတွင် မြက်ရိုင်းများ ကွက်ကျားပေါက်နေသော ကွင်းပြင်သာ ရှိသဖြင့် ကြီးမားသော အဆီးအတား ဘာမျှမရှိဟု ဆိုရမည်ဖြစ်ပေ၏။

သူသည် ခမောက်ကို အနည်းငယ် ပင့်တင်ကာ လမ်းတစ်လျှောက် မျှော်ကြည့်ပြန်သည်၊ ရှေ့သို့သွားရမည့်လမ်းသည် ဆယ့်ငါးကိုက်လောက်တွင် လက်ျာဘက်သို့ ကွေ့သွားသဖြင့် အဝေးသို့ လှမ်း၍မမြင်နိုင်ချေ။

တစ်စုံတစ်ခုကို ယတိပြတ် ဆုံးဖြတ်လိုက်သကဲ့သို့ သူသည် လမ်းပေါ်မှ သွေဖည်ကာ လက်ဝဲဘက်သို့ ကွေ့ဆင်းလာ၏။ သူစီးလာသော အုန်းနွဲ့ရောင် မြင်းညိုကြီးသည် ဖက်ရိပ်ပြလိုက်ရုံနှင့် ချာခနဲ ကွေ့ဆင်းလာခဲ့ရာ သူ့သခင်နှင့် သူ့မြင်းမှာ ငယ်ပေါင်းကြီးဖော်ဖြစ်သည်ကို ခန့်မှန်းနိုင်လေသည်၊



သူကား အသက်လေးဆယ်ခန့် ရှိပေပြီ။ ဦးခေါင်းပေါ်တွင် ခမောက်ကြီးကို ဆောင်းထားလေရာ အနားပတ်မှာ ခပ်ကုတ်ကုတ်ဖြစ်သဖြင့် မျက်လုံးတစ်ဝက်၏ အထက်ပိုင်းကို ရုတ်တရက် မမြင်နိုင်၊ ဖျဉ်ကြမ်းလက်တိုအင်္ကျီကိုဝတ်ထား၍ ချည်ပုဆိုးတစ်ထည်ကို စလွယ်သိုင်း၍ပတ်ထား၏။ ခရီးသည်တို့ထုံးစံအတိုင်း ကျောပြင်ကို နေပူခံနိုင်စေရန် ကျောပိုင်းကို ပို၍ဖုံးလွှမ်းထားစေသည်၊ သူ့အောက်ပိုင်းတွင်ကား ချည်ကြမ်းပုဆိုးကိုပင် အောက်ပိုင်းကျိုက်ထားသည်၊ ဘောင်းဘီကို ဝတ်ဆင်ထားခြင်းမရှိသဖြင့် မင်းမှုထမ်းမဟုတ်ဟု ယူဆနိုင်၏။ ကုန်းဘောင်တွင် တစ်ဖက်တစ်ချက် ချိတ်ထားသော သယ်ယူလေ့ရှိကြသည့် အထုပ်ကလေးများ၊ ကြေးခွက်ငယ်၊ ဝါးကျည်တောက် စသော အရာဝတ္ထုကလေးများသာ ဖြစ်ပေ၏။ လက်နက်ဟူ၍ တစ်စုံတစ်ရာကို မတွေ့ရချေ။ ခြေထောက်အဖျားနှစ်ဖက်တွင်ကား ဦးကော့သားရေဖိနပ်ကို စီးထား၏။ မင်းမှုထမ်းမဟုတ်သည့် ကြေးရတတ်များ စီးလေ့ရှိသော ဟသ်ာခြေနင်း အတုပင် ဖြစ်၏။

ကွင်းပြင်ကလေးမှာ ဖုန်နုများနှင့် ဖုံးလွှမ်းနေသည်ဖြစ်၍ အသားကျပင် စီးလာစေကာမူ မြင်း၏ ခွာကျလိုက်တိုင်း ကျလိုက်တိုင်း ဖုန်များ ထောင်းခနဲ ထောင်းခနဲ ထလာသည်၊ သို့သော် ကုန်းမြင့်ကလေးပေါ်သို့တက်လိုက်သော အခါ ဖုန်ထခြင်းမှာ လုံးဝပျောက်သလောက် ရှိသွားပြီး မြင်းခွာသံများ ပေါ်ထွက်လာ၏။ ကုန်းမြင့်ပေါ်တွင် ကျောက်ပြားများ ခင်းထားခဲ့ပုံရ၏။ ကျောက်ပြားများအကြားမှ သန်စွမ်းသောမြက်များ ပေါက်နေသော်လည်း အချို့နေရာများတွင် ကျောက်ပြားအရိပ်အယောင်ကလေးများမှာ ဟိုနေရာ၊ သည်နေရာများတွင် ပြူနေကြ၏။

ဆယ်ကိုက်လောက် သွားလိုက်မှ အဆောက်အအုံကလေးနားသို့ ရောက်သည်၊ ခရီးသည်သည် မြင်းကို ဖက်သတ်လိုက်သော်လည်း မြင်းပေါ်က မဆင်းသေးဘဲ အဆောက်အအုံကလေးကို အကဲခတ်လိုက်သည်၊

မူလက အနည်းဆုံး နှစ်ထပ်အိမ်ကြီး ဖြစ်ပုံရသည်။ အောက်ထပ်က အုတ်တိုက်ခံ၍အပေါ်က သစ်သားဖြစ်ခဲ့ပုံရ၏။ ယခုအခါတွင် အပေါ်ထပ်ကား လုံးဝမရှိတော့ချေ။ သူသည် အိမ်ပျက်ကြီးကို ဘေးတိုက်တွေ့နေရ၏။ အောက်ထပ်မှာလည်း ပျက်စီးယိုယွင်းနေ၏။ ပြတင်းတံခါးများမှာ လုံးဝမရှိသည်က များ၍ ရှိသမျှကလေးမှာလည်း တံခါးရွက်များသည် ပွင့်လျက်သားက ရှိနဲ့ ယိမ်းယိုင်နေကြသည်။ ပြတင်းပေါက်များ၏အမြင့်မှာ ထုံးစံအတိုင်း မြေကြီးမှ တံတောင်ခန့်သာ မြင့်၏။ ဤအိမ်ကြီး ပျက်စီးနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီကို လွယ်လင့်တကူပင် ခန့်မှန်းနိုင်ပေ၏။

ခရီးသည်သည် အိမ်၏ရှေ့ဘက်ဆီသို့ မြင်းကို ဆက်နှင်လိုက်သည်။ အရှေ့ဘက်တွင် အုတ်တိုင်နှစ်တိုင်နှင့် ဆင်ဝင်ရှိ၏။ သို့သော် အမိုးကား မရှိချေ။ ခရီးသည်သည် မြင်းပေါ်မှဆင်း၍ ခဏမျှငြိမ်သက်စွာရပ်၍ နားစွင့်လိုက်၏။ ထိုနောက်တွင်ကား တည်ငြိမ်အေးဆေးသောအမူအရာဖြင့်ပင် မြင်းကို ဆွဲ၍ အိမ်ရှေ့ပေါက်မှ အတွင်းသို့ လှမ်းဝင်လိုက်သည်။

အတွင်းတွင်ကား အုတ်ကျိုးအုတ်ပဲ့များ အနည်းငယ်ရှိ၍ သစ်ပင်ငယ်များပေါက်ရောက်နေသည်။ သို့သော် အလယ်ကောင်နားတစ်ဝိုက်တွင်ကား ရှင်းလင်း၍ သမံတလင်းပြင်ကိုပင် မြင်နေရ၏။ မိုးရေ မရောက်ဟန်တကား။

ခရီးသည်သည် ဖျတ်ခနဲ မော့ကြည့်လိုက်၏။ အပေါ်တွင် ယခင်က ကြမ်းပြင်ဟု ယူဆရသော ပျဉ်ပြားအမိုး ရှိနေသည်ကို တွေ့ရသည်။ အတော်ပင် ကောင်းမွန်သေး၏။ သို့သော် အချို့နေရာများတွင်ကား ပျက်စီးယိုယွင်း၍ ဟင်းလင်းပေါက်များ ရှိ၏။ အပေါ်ထပ်သို့တက်သော လှေကားမှာ နံရံတစ်ဖက်နားတွင်ရှိ၍ လက်ရန်းများ လုံးဝမရှိတော့သည့်အပြင် လှေကားထစ်များမှာလည်း လက်ရန်းရှိရမည့်နေရာဘက်သို့ ယိုင်လျှောနေကြ၏။

အိမ်၏အလယ်တွင်လက်တစ်ဖက်ခန့်တိုင်လုံးကြီးများသည်အကောင်းအတိုင်း ရှိနေကြသေး၏။ ခရီးသည်သည် ခဏမျှရပ်၍ နားစွင့်နေပြန်၏။ ထို



နောက်မှ အေးဆေးသောအမူအရာဖြင့် အနီးဆုံးအုတ်တိုင်တွင် မြင်းကို ချည်လိုက်သည်။

ဤအိမ်ပျက်ကြီးတွင် မိမိအပြင် ဘယ်သူမျှမရှိဟူ၍ ထင်မိလျှင်ကား ခရီးသည်သည် မှားပြီဟု ဆိုရပေတော့မည်။

အပေါ်ကြမ်းကြားအပေါက်မှ မျက်လုံးနှစ်လုံးသည် ခရီးသည်ကို မျက်ခြည်မပြတ်ကြည့်နေသည်။ တစ်စုံတစ်ယောက်သည် အပေါ်ထပ်တွင် မှောက်၍ချောင်းမြောင်းနေခြင်းဖြစ်ရပေမည်။ အပေါ်ထပ်တွင် မတ်တတ်ရပ်နေလျှင်ကား ခရီးသည်သည် အိမ်၏အပြင်၌ရှိနေစဉ်က မြင်မိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အိမ်ပျက်ကြီး၏အပေါ်ပိုင်းတွင် အကာအရံများ လုံးဝမရှိသောကြောင့်ပင် ဖြစ်ပေ၏။

ခရီးသည်သည် မြင်းကို ချည်ထားပြီး ကျည်တောက်မှ ရေတိုက်၏။ ထိုနောက် မြင်းကို ရေအနည်းငယ်ဖြင့် ပွတ်သပ်ပေးပြီး အိတ်ကလေးတစ်ခုထဲမှ အစာများကို ထုတ်၍ကျွေးသည်။

မြင်းကိစ္စပြီးစီးသည်တွင် သူသည် အိမ်၏အတွင်းပိုင်းသို့ လျှောက်လာခဲ့၏။ နောက်ဖေးပိုင်းဘက်ဆီတွင် အခန်းနှစ်ခန်းရှိသည်။ ခရီးသည်ကား ထိုအခန်းများဆီသို့ ရောက်အောင်မလျှောက်ဘဲ အလယ်နားက တိုင်နားတွင် ထိုင်ချလိုက်ကာ တိုင်လုံးကြီးကို ကျောဖြင့်မှီလျက် ကိုင်လာသောအထုပ်ကလေးထဲမှ အစာများကို စားသောက်နေတော့သည်။

သူသည် ခမောက်ကြီးကိုကား လုံးဝမချွတ်ချေ။

နေမင်းကြီးသည် တစ်နေ့တာ ဝတ္တရားကုန်ဆုံးသည်ဖြစ်၍ အနောက်ဘက်တောတန်းတွင် မေးတင်ကာ လောကကို နှုတ်ဆက်နေလေပြီ။

ညဦး၏အမှောင်သည် သွေးတိုးစမ်း၍ တရွေ့ရွေ့လှမ်းလာနေ၏။

— ● —

အိမ်ပျက်ကြီးမှပြတင်းပေါက်များကား ငါးပေခန့်မြင့်၍ လေးပေခန့် ကျယ်ရှိသာမက ပြတင်းပေါက်တစ်ခုနှင့်တစ်ခုမှာလည်း တစ်လံခန့်သာ ခြားလေရာ အတွင်းတွင် မည်းမှောင်၍တော့ မနေသေးပါ။ တော်တော်ပင် လင်းနေပါသေးသည်။

ကြမ်းပြင်မြေကြီးပေါ်သို့ ဖုတ်ခနဲ ကျသံသည် ရုတ်တရက် ထွက်ပေါ်လာ၏။

ခရီးသည်ကြီးသည် အသံလာရာဆီသို့ ရှာခနဲ လှည့်ကြည့်လိုက်သည်။ အပေါ်ထပ်ကလူသည် အပေါ်ကြမ်းကို ခြေသံမကြားအောင် လျှောက်လာပြီး အပေါက်ကြီးဖြစ်နေသောနေရာမှ တွဲလွဲခိုဲ၍ လက်လွှတ်ချလိုက်ခြင်းဖြစ်၏။

ထိုလူမှာ အသက်နှစ်ဆယ်ခန့်ပင် ရှိသေးသည်။ သူသည် မြေကြီးပေါ်သို့ ရောက်လျှင်ရောက်ချင်း ကျောတွင်ကပ်၍ လွယ်ထားသောဓားကို အိမ်မှ ဆွဲရွှတ်လိုက်ပြီးသော် ခရီးသည်၏အရှေ့သို့ စုန်၍ရောက်လာ၏။ လက်ကို ဆန့်ထုတ်ထားသည်ဖြစ်သောကြောင့် သူ၏ဓားဦးမှာ ခရီးသည်ကြီး၏ ခမောက်အနားပတ်စွန်းနှင့် ထိလုလု ရှိနေတော့သည်။

သို့သော် ခရီးသည်ကြီးမှာ လူမှဟုတ်ပါလေစ်ဟု ထင်မှတ်ရလောက်အောင်ပင် တည်တည်ငြိမ်ငြိမ် ရှိလှ၏။ လှုပ်ယှက်ရွေ့လျားခြင်းမရှိ၊ ခမောက်အောက်မှ တောက်ပြောင်သောမျက်လုံးနှစ်လုံးကသာလျှင် ဓားနှင့်တကွ လူရွယ်ကို စူးစိုက်ကြည့်နေသည်။

“ဘာငိုင်နေတာလဲ၊ ဓားပါရင် ထုတ်လေ၊ ကျုပ် ဘယ်သူမှန်း သိပြီ မဟုတ်လား”

လူငယ်က ခပ်ဆတ်ဆတ် ပြောလိုက်သည်။ ခရီးသည်ကြီးကမူ တည်ငြိမ်အေးဆေးစွာပင် ပြန်ပြောသည်။

“မောင်ရင် – ဘယ်သူမှန်း ကျုပ် မသိသလို၊ ကျုပ် ဘယ်သူမှန်းလည်း မောင်ရင် မသိနိုင်ပါဘူးလေ၊ ကျုပ်မှာ မောင်ရင့်ကို တိုက်ဖို့အတွက် ဓားမရှိပါဘူး”



လူငယ်သည် ခဏတော့ တွေဝေသွား၏၊ သို့သော် ချက်ချင်းပင် စကားကို ခပ်မာမာနှင့် ပြောပြန်သည်။

“ဒါဖြင့်လည်း ခမောက်ကို ချွတ်လိုက်ပါ”

လူငယ်ကလေသံမာမာနှင့်ခပ်လောလောပြောနေသလောက် ခရီးသည်ကြီးကား မတုန်မလှုပ်ပင် ရှိနေသည်။

“တယ်လည်း ပြောရခက်ပါကလား၊ ကျုပ်က လက်နက်ကိုင် မထားတဲ့ လူကို မတိုက်ချင်လို့ – ကဲ”

လူငယ်သည် ပြောပြောဆိုဆိုနှင့် ဓားဦးဖြင့် ခမောက်စွန်းကို လှန်လိုက်သည်၊ သို့သော် ခမောက်မှာ မေးကိုသိုင်း၍ ချည်ထားသည်ဖြစ်သောကြောင့် အနည်းငယ် လှုပ်သွားရုံမှအပ လန်တော့ လန်မသွားချေ။

ခရီးသည်ကြီးမှာ ဦးခေါင်းကို ဆတ်ခနဲ နောက်သို့ဆုတ်လိုက်ရာ လူငယ်၏ ဓားဦးမှာ အပေါ်သို့ လန်တက်သွား၏။

“အော် – မသိနိုင်ပါဘူးဆိုမှ မျက်နှာကို ကြည့်ချင်သေးတာကိုး”

ခရီးသည်ကြီးသည် ပြောပြောဆိုဆိုနှင့် ဖျတ်လတ်စွာပင် သူ့ဘာသာသူ မေးသိုင်းကြိုးကိုဖြေ၍ ခမောက်ကို ချွတ်ပြ၏။ သူသည် အေးဆေးချင်၍သာ အေးဆေးနေသည်၊ လျင်မြန်ဖျတ်လတ်ချင်လျှင်လည်း လျင်မြန်ဖျတ်လတ်နိုင်စွမ်း ရှိပုံရပေသည်။

လူငယ်သည် ခရီးသည်ကို သေသေချာချာ ကြည့်လိုက်၏၊ နေဝင်ရီတရောအချိန်ဖြစ်သော်လည်း နီးကပ်လှသဖြင့် ကောင်းစွာမြင်နိုင်ပါသေးသည်။

မှန်ပါ၏၊ သူမသိသောသူပင်ဖြစ်ပါသည်၊ ယောင်ကိုတစောင်းထုံးထား၍ ပွင့်ရိုက်ပိုးပုဝါကို ပေါင်းထားသည်၊ လူငယ်သည် အားနာသွားပုံရ၏။

“သည်းခံပါ – ဦးရီး၊ ကျွန်တော်က ဦးဒေဝရဲ့လူမှတ်တာကိုး၊ ဦးဒေဝရဲ့လူဟာ တစ်ယောက်တည်းတော့ မလာတန်ရာဘူးလို့တော့ ထင်ခဲ့သားပဲ၊

ပြီးတော့ - ဦးရီးလာနေပုံက အလောသုံးဆယ်မနိုင်ဘဲ မြင်းကို အသားကျစီးလာတာလည်း သတိထားမိသား။ ဒါပေမဲ့ - ကျွန်တော့်ရဲ့ဘဝက သတိကို လက်လွှတ်လို့မှ မရဘဲလေ ...”

လူကြီးသည် လူငယ်ကို အကဲခတ်နေရင်းက ကရုဏာသံကလေးနှင့် ပြောလိုက်သည်။

“မောင်ရင်က ဘယ်သူလဲ။ ပြီးတော့ - ဦးဒေဝဆိုတာကကော ဘယ်သူလဲ။ မောင်ရင့်ကိုကြည့်ရတာ စိတ်မငြိမ်လှဘူး။ သိပ်ပြီး ဥဒ္ဒစ္စဖြစ်နေတယ်။ အန္တရာယ်ကို ကြိုးနဲ့ ငင်နေသလိုပဲကိုး”

လူငယ်သည် ဓားဦးကို ရှိစုမဲ့စုမြေကြီးစုကလေးပေါ်တွင် စိုက်လိုက်ရင်း ထိုင်ချလိုက်၏။ ပြီးတော့ - သက်ပြင်းချလိုက်သည်။

“ဟုတ်ပါတယ် - ဦးရီး။ ကျွန်တော်က ကျားကို စောင့်နေတဲ့ မုဆိုးပမာပါပဲ ခင်ဗျာ”

ခရီးသည်ကြီးသည် ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။ ပြီးတော့ - သူ့မျက်နှာမှာ ပြုံးယောင်ယောင် ဖြစ်သွား၏။

“မောင်ရင်လုပ်နေပုံတွေက မုဆိုးနဲ့ မတူဘူးလေ။ မုဆိုးဆိုတာ ကျားကို စောင့်ရာမှာ သိပ်ပြီးစိတ်ရှည်တယ်။ ဒီမှာ - မောင်ရင် - ကိုယ်ရင်ဆိုင်ရမယ့် အန္တရာယ်ဟာ ကြီးလေလေ စိတ်ကို တည်တည်ငြိမ်ငြိမ် ထားရလေပဲကွဲ့။ ခြေလက်လှုပ်ရှားမှုသာ မြန်စရာရှိရင် မြန်ဖို့လိုတယ်။ စိတ်ကတော့ ဘယ်အချိန်မဆို တည်ငြိမ်နေရစမြဲကွဲ့။ လှုပ်ရှားမှုကို ထိန်းသိမ်းကြိုးကိုင်ပေးနိုင်တာဆိုရင် တည်ငြိမ်မှုတစ်ခုပဲ ရှိတယ်ဆိုတာ မှတ်ထားပါ”

လူငယ်သည် ဘာမျှပြန်မပြောနိုင်ဘဲ ခရီးသည်ကို ငေးစိုက်ကြည့်နေမိ၏။

“စောစောကသာ ကျုပ်ဟာ မောင်ရင့်လို ပျာယာခတ်မိရင် အခုလောက်ဆိုရင် မောင်ရင့်ဓားဖျားမှာ ကျုပ်အသက် ပါသွားတာ ကြာလှပြီပေါ့။ တိုက်ပွဲ



တစ်ခုခုနဲ့ ရင်ဆိုင်ရပြီဆိုရင် အံ့ဩစရာကောင်းတာက ရင်ဆိုင်နေကြတဲ့လူနှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ညှို့ကွက်မိနေတတ်တယ်။ တစ်ယောက်က ပျာယာခတ်လိုက်ရင် ကျန်တဲ့တစ်ယောက်ကပါ ပျာယာခတ်စမြဲပဲ။ စောစောကဆိုရင် မောင်ရင့်ဓားဦးက ကျုပ်မျက်နှာနားမှာ။ အဲဒါကို ကျုပ်က ဖိုးခနဲ ဖက်ခနဲ ကိုယ်ခန္ဓာကို လှုပ်လိုက်ရင် မောင်ရင်ပါ ဓာတ်ကူးပြီး ကျုပ်ကိုလည်း ဓားဦးနဲ့ပက်မယ်။ လွတ်ရာကိုလည်း ခုန်ပြီးရှောင်မယ်။ ဒါပေမဲ့ ကျုပ်ကို အန္တရာယ်ပြုဖို့လမ်းကို ရွေးဖို့က များပါတယ်လေ။ ကျုပ်ရဲ့တည်ငြိမ်မှုက မောင်ရင်ရဲ့ ယောက်ယက်ခတ်နေတာကို ထိတ်လန့်သွားနိုင်ခဲ့တယ် မဟုတ်လား”

လူငယ်သည် ခရီးသည်ကြီးကိုကြည့်၍ နားထောင်နေရာမှ ကြည်ညိုစိတ်တွေ ပွားလာလေ၏။

“ဦးရီး - ဦးရီးဟာ တိုက်ပွဲအမျိုးမျိုး နွှဲခဲ့ပြီး အောင်ပွဲရလာခဲ့တဲ့စစ်သည်တော်ကြီးများလား”

လူကြီးသည် ကြီးမား၍ ညီညာလှသော သွားကြီးများပေါ်အောင် ရယ်လိုက်၏။

“မဟုတ်ပါဘူး - မောင်ရင်။ ဦးရီးဟာ အသည်ကြီးမျိုးရိုးက ဆင်းသက်လာတဲ့လူပါ။ ဒါပေမဲ့ - ယောက်ျားမှန်ရင်တော့ အဌာရသပညာတတ်ကောင်းစမြဲပဲမဟုတ်လား။ ပြီးတော့ - အသက်လေးဆယ်ရောက်ပြီဆိုရင် စစ်တော့ တိုက်ဖူးရမှာပေါ့ကွယ်။ နန်းမတော်ကြီးက ဆင့်ပြီဆိုရင် မြို့စား ရွာစားတွေက လူစုပေးရတာပဲမဟုတ်လား”

“ဦးရီးတော်က ဘယ်အရပ်ကပါလဲ ခင်ဗျာ”

လူကြီးသည် လက်ထဲတွင် ကိုင်ထားသော ခမောက်ကြီးကို ပြန်ဆောင်း၍ မေးဆိုင်းကြိုးများ ပြန်ချည်လိုက်၏။

“မောင်ရင် - ကျုပ်မျက်နှာကို မှတ်မိပါပြီနော်၊ နောက်တစ်ခါတော့ ခမောက်ပြန်ချွတ်ပြဖို့မလိုတော့ပါဘူးထင်တယ်။ ကိုင်း - ကျုပ်အကြောင်းကို ပြောပြမယ်၊ ပြီးရင် - မောင်ရင့်အကြောင်းကို ကျုပ် နားထောင်ချင်တယ်”

“ပြောပြပါ့မယ်ခင်ဗျာ၊ ကျွန်တော်ကတော့ယောက်ျားမို့မားရေးအတတ် သင်ယူတတ်ကျွမ်းပေမယ့် တိုက်ပွဲ ကျကျနန မဝင်ဖူးပါဘူး။ ဒီညတော့ ပထမဆုံးတိုက်ပွဲကို မျှော်လင့်နေတာပါပဲ”

“အေး - ကောင်းတယ်၊ ကျုပ်ကိုတော့ အထင်သိပ်မကြီးပါနဲ့၊ ကျုပ်ဟာ ယောက်ျားချင်းတိုက်ခိုက်ရတဲ့တိုက်ပွဲမှာ နိုင်ခဲ့တာချည်းပါပဲ၊ ဒါပေမဲ့ - မိန်းမနဲ့ရင်ဆိုင်ရတဲ့ပွဲမှာ အရှုံးနဲ့ တွေ့ခဲ့ရတယ်လေ၊ ကဲ - အကျဉ်းချုပ် ပြောပြပါ့မယ်၊ ကျုပ်နာမည်က ကြာဖူးတဲ့၊ တကောင်းမြို့တော်က လာခဲ့တာ”

“အော် - တကောင်းမြို့ဆို တော့ တမင်းတချင်းပဲ၊ ကျွန် တော်က ရွှေမန်ကျည်းရွာကပါ၊ ချောင်းနှစ်မြွာမြို့က မြို့စားမင်းရဲသူရဲ့အစီအရင်ခံရတဲ့ ရွာပေါ့၊ တကောင်းနဲ့ဆိုတော့ ဘုရင်တစ်ဆူစီပဲ၊ ဟော - ဟိုလမ်းက တောင်ဘက် ဆက်သွားလိုက်ရင် နှစ်တိုင်လောက်ဆို ရွှေမန်ကျည်းရွာကို ရောက်ပါတယ်”

ဦးကြာဖူး၏မျက်လုံးများမှာ တောက်ပလာ၏၊ သို့သော် နေဝင်သွားပြီဖြစ်ရုံမက ခမောက်ရိပ်ကြီးကလည်း ကျနေသည်ဖြစ်ရာ လှငယ်သည် သတိမထားမိနိုင်ချေ။

“ကျုပ်အကြောင်းကတော့ ဝေဝေဆာဆာ ပြောစရာမရှိပါဘူး။ အသည်မျိုးပီပီ ကုန်ရောင်းကုန်ဝယ် လုပ်စားတယ်၊ ငွေကြေးကလေး ကုံလုံပါရဲ့၊ ဒါပေမဲ့ - စိတ်ကို ပျော်စေနိုင်တာက ငွေကြေးတစ်ခုတည်းမှမဟုတ်ဘဲ၊ ငွေနဲ့ဝယ်လို့မရတဲ့ဟာတွေ လောကမှာ အများကြီးရှိတယ်”

“ဟုတ်ကဲ့ - ပမာပြောရရင် စစ်မှန်တဲ့မေတ္တာမျိုးပေါ့ ခင်ဗျာ”



“အောင်မယ် - ဦးကြီးဟာ ဒါတော့ ကံကောင်းပါတယ်၊ စစ်မှန်တဲ့မေတ္တာကို ရခဲ့ပါရဲ့၊ ဒါပေမဲ့ - အသက်ကိုလည်း ငွေနဲ့ ဝယ်လို့ရတာမှမဟုတ်ဘဲ၊ ဦးရီးရဲ့အချစ်ဆုံးဇနီးသည်ဟာ ရောဂါဆိုးနဲ့ ဆုံးပါးခဲ့ရတယ်၊ အဲဒီမှာ ဦးရီးလည်း ချမ်းသာစီးပွားကို မက်မောတဲ့စိတ်လည်း မရှိတော့ဘူး၊ စိတ်ဆောက်တည်ရာမရဖြစ်လာတာနဲ့ ရောက်တတ်ရာရာ ခရီးထွက်နေတော့တာပဲ၊ စစ်မြေပြင်မှာ သခင်ကျဆုံးသွားတဲ့မြင်းလိုပေါ့ကွယ်၊ တွယ်ရာမဲ့ လေလွင့်နေတဲ့ခရီးသည်ပေါ့လေ ...”

လှငယ်၏ယောက်ယက်ခတ်နေသောစိတ်များသည် ငြိမ်ကျသွား၍ သူ၏လေသံမှာလည်း သူ့ပင်ကိုသဘာဝအတိုင်း တည်ငြိမ်ညင်းပျောင်းလာသည်။

“ကဲ - ကျွန်တော့်အကြောင်း ပြောပြပါတော့မယ်၊ ကျွန်တော့်အကြောင်းကတော့ ဝေဝေဆာဆာပြောမှ ပြည့်စုံပေမယ် ခင်ဗျာ”

“ဟုတ်တာပေါ့၊ လူဆိုတာ အသက်ငယ်လေ ပြောစရာရှိသမျှ ဝေဝေဆာဆာ ပြောရလေလေပဲပေါ့၊ အသက်ကြီးတော့ အတိုချုံ့ရလေပဲပေါ့၊ စကားတတ်ခါစ ကလေးငယ်ဟာ ကျောက်ခဲတွေ့လည်း ဝေဝေဆာဆာ ပြောရမှာပဲ၊ ဖားတွေ့လည်း ဒီလိုပဲပေါ့၊ လူကြီးတွေကျတော့ ရင်နာစရာ၊ ကြေကွဲစရာကိုတောင် ချုံ့လို့ပဲ ပြောတတ်တာပေါ့ကွယ်”

“ဟုတ်ကဲ့ - ကျွန်တော်ဟာ ရွှေမန်ကျည်းရွာသားပါ၊ ကျွန်တော့်နာမည်ကတော့ မောင်သာတင့်ပါတဲ့၊ ကျွန်တော် ခုနက အစီရင်ခံတဲ့ ဦးဒေဝဆိုတာက လက်ရှိရွှေမန်ကျည်းရွာသူကြီးပါ၊ ဖြစ်ပုံကတော့ ခင်ဗျာ ...”

— ● —

သာတင့်သည် တည်ဆဲစေတီကြီး၏ ပစ္စယာတွင်ထိုင်ရင်း အဝေးမှ လှည်းလမ်းဆီသို့ ငေးမျှော်ကြည့်လိုက်သည်။

"လူစားတွေကလည်း လာခဲလိုက်တာကွာ ..."

"အိမ်ကို လွမ်းလှပြီလား - သူငယ်ချင်းရဲ့"

ဘေးနားတွင် ထိုင်နေသော ထွန်းမြတ်က မေးလိုက်၏။

"လွမ်းတာလည်း လွမ်းတာပေါ့ကွာ"

"အောင်မယ် - မောင်ပဥ္စင်း အရွယ်ရောက်တာတောင် နို့နံ့ နံနေသေးရလားကွယ်၊ သာတင့်တို့ကတော့ တိုင်းကျော်ရောပဲ"

"လွမ်းတာတွင်မကဘူး - ထွန်းမြတ်ရေ၊ ငါတို့က စီးပွားကုံလုံတာ မဟုတ်ဘူးကွ၊ အဘက လေဖြတ်ထားတော့ ငါ တစ်ယောက်တည်း ရှာဖွေနေရတာ၊ မင်းသိတဲ့အတိုင်း တို့က သားအမိသားအဖ သုံးယောက်တည်း မဟုတ်လား"

ထွန်းမြတ်သည်တည်လက်စ စေတီကြီးကိုလှည့်၍မော်ကြည့်လိုက်ပြီးမှ စကားကို ဆက်ပြောသည်။

"သူကြီးဘုရား ရွာသားကောင်းမှုဆိုတာ တကယ်ပဲကွာ၊ အစုမှ သူကြီးမင်း ဦးဒေဝက တည်တယ်သာဆိုရတယ် ငါတို့ရွာသားတွေက အလှည့်ကျ အဆိုင်းလိုက် လာပြီးလုပ်ကိုင်ပေးနေကြရတာ"

"အခကြေးငွေ မရတာက ခက်တယ်ကွ"

"ထမင်းနှစ်နပ် ကျွေးထားတာပဲ၊ ကျေးဇူးဥပကာရ တင်ရဦးမယ်ကွာ၊ ဟိုဘက်က မရမ်းချုံရွာက သူကြီးကတော့ ဘုရားထီးတင်ပြီး အလှူရေစက်ချခါနီးမှာ ဝိုင်းဝန်းကူညီသူတွေကို ဆုတော်ငွေကလေး ဘာလေးချတယ်ဆိုပဲ"

"ဦးဒေဝကလည်း ဒီလိုဆုလာဘ်ချရင် ကောင်းတာပေါ့ကွာ၊ ငါ့အိမ်က ငါ့လုပ်စာပဲ ဝင်ငွေရယ်လို့ရှိတာ၊ တစ်ပတ်လုံးလုံး ဒီမှာလာနေရတော့ အိမ်မှာ တော်တော်ပဲ ကြပ်တည်းနေရော့မယ်"



ထွန်းမြတ်သည် သက်ပြင်းကလေး ချလိုက်၏။

"ဦးဒေဝကတော့ ဆုလာဘ်ချဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူးကွာ၊ သူ ကတယ်ပြီး သဒ္ဒါတရား ခေါင်းပါးတာပဲ၊ မင်းရဲ့အဘသာ သူကြီးဆက်ဖြစ်နေမယ်ဆိုရင်တော့ သိပ်ကောင်းတာပေါ့ကွာ"

သာတင့်သည် နံဘေးနံဘီသို့ ကြည့်လိုက်၏။ ခပ်လှမ်းလှမ်း အုတ်ကန်ကြီးမှ လူတန်းကြီးသည် အုတ်ခဲများကိုသယ်၍ စေတီဆီသို့ အဆက်မပြတ်လာနေသွားနေကြသည်၊ သို့သော် သူတို့ကိုကား ဘယ်သူကမှ ဂရုမပြုကြချေ။

"ဒါတွေမပြောပါနဲ့တော့ - ထွန်းမြတ်ရာ၊ ရာဇဝတ်သင့်နေပါဦးမယ်၊ တို့ရွာထဲမှာလည်း ဦးဒေဝလူတွေက ဒုနဲ့ဒေးကိုးကွ၊ ကဲ - အလုပ်လုပ်ကြစို့"

သူတို့သည် ပစ္စယာအထက် ခေါင်းလောင်း၏အစဖော်သည့်နေရာ တစ်နေရာတွင် ထိုင်လိုက်ပြီး ပန်းရန်ကိုင်ရန် အုတ်ခဲများကို စီလိုက်ကြ၏။

မကြာမီပင် နောက်တစ်ပတ်အတွက် လူစားထိုးအလုပ်လုပ်ရန် ရွာသားများအဆိုင်းသည် လှည်းများဖြင့် ရောက်ရှိလာလေတော့ရာ သာတင့်တို့အဆိုင်းမှာ ထိုလှည်းများဖြင့်ပင် မြောက်ဘက်သုံးတိုင်ခန့်ကွာသော ရွာသို့ပြန်လာခဲ့ကြရသည်၊

လူလဲ၍လှည်းများပေါ်သို့တက်ရာတွင် ဆင်းလာကြသူများက သာတင့်ကို မျက်စိမျက်နှာ ပျက်စွာနှင့် ကြည့်ကြသည်ဖြစ်ရာ သာတင့်၏စိတ်ထဲတွင် ထင်လာမိတော့သည်၊

"သူတို့ရဲ့မျက်နှာထား အမူအရာတွေက တစ်မျိုးပဲပါကလား၊ ဘာများဖြစ်လို့ပါလိမ့်မလဲ"

စိတ်ထဲကတွေးကာ သာတင့်သည်အိမ်သို့သာအမြန်ရောက်လိုလှတော့သည်၊

ရွာထိပ်တွင် လှည်းများရပ်တန့်ပေးသည်နှင့်တစ်ပြိုင်နက် သာတင့်သည် လှည်းပေါ်မှဆင်း၍ အိမ်ဆီသို့ ဒုန်းစိုင်းပြေးခဲ့၏။

အိမ်ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ထိတ်ခနဲဖြစ်သွားသည်။ တံခါးများအားလုံး ပိတ်ထား၏။ သို့ဖြစ်၍ သာတင့်သည် အိမ်နီးချင်းဖြစ်သူ ဒေါ်ဂျမ်းဘုံအိမ်သို့ ဝင်ပြေးလိုက်သည်။

"အမေဂျမ်း – အဘတို့၊ အမယ်တို့ ဘယ်သွားကြသလဲ"

ဒေါ်ဂျမ်းဘုံသည် သာတင့်ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ကြုံကြုံ ပါအောင် ငိုလေတော့သည်။ ထိုနောက်မှ ဇာတ်ကြောင်းပြန်ပြသည်။

သာတင့် ဘုရားတည်ရန် ဝန်တာငန်းစုကျ၍ သွားသည့်ညကပင် သက်ကြီးခေါင်းရအရွယ်၌ သူကြီး ဦးဒေဝနှင့် တပည့်များ သေရည်မူးယစ်၍ ရောက်လာကြသည်ဆို၏။ ထိုနောက် အိမ်တံခါးကို အတင်းဖွင့်ခိုင်းကာ သာတင့်၏ ဖခင်ကြီးကို ယခင်သူကြီးဘဝက မတရားပြုလုပ်ခဲ့သည်ဟု စွပ်စွဲပြောဆို၍ လေဖြတ်၍ မထနိုင်သူကို အိမ်ပေါ်မှ ဆွဲချပြီး ရိုက်ပုတ်ကြရာ လက်လွန်၍ သေဆုံးသွားရှာတော့သည်။ သာတင့်၏မိခင်မှာ အသက်သုံးဆယ့်ခုနစ်နှစ် သုံးဆယ့်ရှစ်နှစ်ခန့်ရှိသေး၍ ဖြူဖြူဝဝပင်ဖြစ်လေရာ အပျိုဘဝကပင် ဦးဒေဝ ကပိုးပန်းခဲ့သူဖြစ်သည်နှင့်အညီ ယခုလည်း ဦးဒေဝမှာ အိမ်ပေါ်မှောင်ထဲ၌ပင် မတော်မတရား ကျင့်ကြံလေတော့သည်။

ဦးဒေဝ၏တပည့်ကျော် လက်ရုံးများဖြစ်ကြသော တုတ်ကြီးနှင့် ကျော်လင်းအပါအဝင် လူများသည် ပတ်ဝန်းကျင်တွင် ဓားလွတ်များနှင့် လမ်းသလား နေကြသည်ဖြစ်ရာ အိမ်နီးနားချင်းများမှာ အိမ်ပေါ်မှ ဆင်းလာဖို့ဝေးစွ၊ မိမိတို့၏ အိမ်တံခါးများကိုပင် မဖွင့်ဝံ့ကြချေ။ အချို့အတင့်ရဲသောသူများသာ အိမ်နံရံပေါက်များက ချောင်းမြောင်းကြည့်ကြ၏။ သာတင့်တို့၏အိမ်တွင်းမှ



သာတင့်၏မိခင်က အော်ဟစ်ရန်းကန်သံ ပျောက်သွားပြီးနောက် အချိန်အတော်ကြာမှပင် ဦးဒေဝတို့ ပြန်သွားကြသည်ဆို၏။ ထိုအခါတွင်မှ အိမ်နီးနားချင်းများမှာ သွားရောက်ကြည့်ရှုံ့ကြတော့သည်။ ဝင်းဝနားတွင် ဒဏ်ရာများနှင့် သာတင့်၏ဖခင် သေဆုံးနေရာတွင် မိခင်သည်လည်း လင်သည်၏ ဓားဖြင့် မိမိကိုယ်မိမိ အဆုံးစီရင်ကာ လင်သည်၏အလောင်းပေါ်တွင် ခွေခွေကလေး သေနေသည်ဆို၏။

သာတင့်ကားမျက်ရည်အသွယ်သွယ်ကျလာရတော့သည်။ အံကိုကြိတ်၍ တောက်ခတ်လိုက်ရသော်လည်း ဦးဒေဝကို သူ အန်တုနိုင်ပါမည်လား။

သာတင့်သည် ချက်ချင်းပင် ဒေါ်ဂျမ်းဘုံထံမှ ထွက်ခဲ့ကာ သူ့အိမ်သို့ သူ ပြန်ဝင်၏။ အိမ်နီးနားချင်းများက သိမ်းထားပေးသော ဖခင်၏ ငှက်ကြီးတောင် ဓားကိုယူကာ ဓားအိမ်မှ ဆွဲချွတ်လိုက်သည်။ ဓားပေါ်တွင် သွေးကွက်များ ရှိနေသေး၏။

"အမယ် – အမယ် – အမယ့်သွေးကို ကျွန်တော် ရေနဲ့မဆေးဘူး။ ဒေဝရဲ့ သွေးနဲ့ပဲ ဆေးပေးမယ် – အမယ်ရေ့၊ ဒီအကုသိုလ်မိစ္ဆာကောင်ကို ကျန်တဲ့လူတွေ ကောင်းစားရေးအတွက် လူ့ပြည်က ရှင်းခဲ့ပြီးမှ သား အမယ်တို့နောက်ကို လိုက်ခဲ့မယ် – မယ်မယ်ရေ"

သာတင့်သည်မျက်ရည်မဆယ်နိုင်ဖြစ်ရင်းက ဓားပြားပေါ်က သွေးကွက်များကို နမ်းရှုပ်လိုက်သည်။ ထိုနောက် ဓားကို အအိမ်ထဲ ပြန်ထည့်ပြီး ကျောတွင် သိုင်းလွယ်ကာ မိဘများကို အာရုံရည်စူး ကန်တော့ပြီး ထွက်လာခဲ့၏။

သူ ဝေးဝေးမသွားရချေ။

သူ့ကို တစေ့တစောင်း အကဲခတ်နေပုံရသော ဦးဒေဝ၏တပည့်တပန်းတစ်ဦးဖြစ်သူ မောင်သိုက်သည် သူ့ကိုမြင်သော် မမြင်ယောင်ပြု၍ တစ်လမ်း

သို့ သွားမည်ပြုၓ၏၊ သို့သော် သာတင့်သည် ဓားကို ဆတ်ခနဲ ဆွဲထုတ်ကာ ခပ်သုတ်သုတ်ကလေးပြေး၍ မောင်သိုက်၏ကျောကို ဓားနှင့် ထောက်လိုက်သည်၊

မောင်သိုက်မှာ ကြောက်တတ်သူပီပီ "အား" ခနဲ တစ်ချက်မြည်၍ လမ်းပေါ်တွင် ဒူးထောက်ကျသွား၏၊ သူ့တစ်ကိုယ်လုံးမှာ တဆတ်ဆတ် တုန်နေပြီး သူသည် လက်အုပ်ကလေး ချီထား၏၊ သာတင့်သည် မောင်သိုက်၏လည်ချောင်းနားတွင် ဓားဦးကို တေ့ထားလိုက်၏၊

"ဟေ့ - မောင်သိုက် - မှန်မှန်ပြော၊ ငါ့အဖနဲ့ အမယ်တို့ကို ဦးဒေဝတို့ သတ်တယ်မဟုတ်လား၊ ငါသိပြီးပြီ"

"ဟုတ် - ဟုတ် - ဟုတ်ပါတယ်၊ အဘကိုသတ်တာကတော့ ဟုတ်ပါတယ်၊ ခင်ဗျားရဲ့အမယ်ကတော့ သူ့ဂကိုယ်သူ ..."

"အေးလေ - သူ့ဂကိုယ်သူ စီရင်ချင်လာအောင် ငါ့အမယ်ကို ဦးဒေဝက တိရစ္ဆာန်ကျင့်တွေ ကျင့်ကြံပြီး အရှက်တကွဲဖြစ်အောင် လုပ်ခဲ့တာကိုး"

မောင်သိုက်သည် ငြိမ်၍ခေါင်းငိုက်စိုက်ချနေလိုက်သည်၊

"ကဲ - မင်းတို့ရဲ့သူကြီး သူတော်ကောင်း ဘုရားဒကာကြီးကို ပြောလိုက်၊ ကြောင်သူတော်လိုဆိုရင် ထမီလဲထားလိုက်လို့၊ အတောင်နစ်ဆယ်ဝတ်မင်းယောက်ျားစင်စစ်ဖြစ်လို့ ခြသေ့်မင်းလို ရဲရင့်တယ်ဆိုရင် ငါနဲ့ လာတွေ့လှည့်လို့ ပြောဖြစ်အောင်ပြောလိုက်၊ ငါ ရွာမြောက်ဘက်က ရွာပျက်ကုန်းမှာ ငှက်ကြီးတောင်နဲ့အတူ စောင့်နေမယ်ဟေ့"

သာတင့်သည် ဓားကိုရုတ်၍ မောင်သိုက်ကို ခြေထောက်ဖြင့် လှိမ့်ကန်လေရာ မောင်သိုက်မှာ အတန်ကြာ မြေကြီးပေါ်တွင် ဟိုလိမ့်သည်လိမ့် လိမ့်နေပြီးမှ ထ၍ပြေးလေတော့သည်၊

— ● —



"ကျွန်တော့်အဖြစ်ကတော့ ဒါပါပဲ - ဦးရိုး ခင်ဗျား"

ခရီးသည်ကြီး ဦးကြာဖူးသည် သာတင့်ကို ကရုဏာသက်စွာနှင့် ကြည့်လိုက်လေသည်၊

"မောင်ရင် - ဒီကိုရောက်တာ ဘယ်လောက်ကြာပြီလဲ"

"မွန်းတိမ်းချိန်သာသာလောက်က ရောက်တာပါပဲ"

ဦးကြာဖူးတို့နှစ်ယောက်သား စကားပြောနေခိုက်တွင်ပင် ညဥ့်ဦးပိုင်းသို့ ရောက်လာပြီဖြစ်၍ အိမ်ပျက်အတွင်းတွင် မှောင်မည်းနေလေပြီ၊ သို့သော် အပြင်ဘက်တွင်ကား လမင်းသည် ထိန်ထိန်သာလျက်ရှိ၏၊

ဦးကြာဖူးသည် အပြင်သို့ တစ်ချက် ငေးကြည့်လိုက်ရင်း ပြောလိုက်သည်၊

"သူတို့ လာမှလာကြပါ့မလား"

"မနေပါဘူး - ဦးရိုး၊ ဦးဒေဝဟာ ရန်သူကို ကြာကြာမထားတတ်ပါဘူး၊ ခုချိန်မှာတော့ သေသောက်တုန်းရှိမှာပါ၊ ဒီလူကြီးက သေရည်ယစ်မှ သတ္တိရှိတဲ့လူမျိုးပါ၊ ဒါတောင်မှ - တစ်ယောက်တည်း မလာမှာ သေချာပါတယ် ခင်ဗျာ"

"ဒီရွာသူကြီး ဒါလောက် ဆိုးသွမ်းနေတာကို သူ့သခင် မြို့စားကို သွားမတိုင်ဘူးလား"

သာတင့်ထံမှ ရယ်သွမ်းသွေးသံတစ်ချက် ပေါ်လာလေသည်၊

"ကျွန်တော်တော့ ချောင်းနစ်မြွာမြို့စားကြီး မင်းရဲသူထံ တစ်ခေါက်မှ မရောက်ဖူးပါဘူး၊ ဒါပေမဲ့ - ရွာသားတွေတော့ ဦးဒေဝရဲ့ မတရားမှုတွေကို တိုင်ဖို့ ခဏခဏသွားဖူးကြပါတယ်၊ မချောမောခဲ့ပါဘူး၊ ကျွန်တော်ပြောဖို့ ကျန်ခဲ့တာ ရှိပါသေးတယ်၊ မူလသူကြီးက ကျွန်တော့်ဖခင်ကြီးပါပဲ၊ ဒါပေမဲ့ ဦးဒေဝက သူ့နှမအထွေးဆုံးဖြစ်တဲ့ထွေးစောကိုမြို့စားကြီးကိုဆက်လိုက်တာ

ကိုး၊ အဲဒီအချိန်ကစပြီး ဦးဒေဝ စန်းထတော့တာပ၊ မြို့စားကြီးဟာ ထွေးစော ကို သိပ်မြတ်နိုးတယ်၊ ထွေးစောကလည်း မြတ်နိုးလောက်ပါတယ်လေ၊ ရုပ်က ဒေဝဣရာနတ်မယ်လှလို လှပေတာပဲကိုး"

"မိန်းမတို့၏ ဥစ္စာစီးပွားသည် အဆင်းလို့ ဆိုတယ်မဟုတ်လား၊ ဥစ္စာ စီးပွားအတွက် ရန်သူများသလို အဆင်းဆိုတာကလည်း စိတ်သောက မအေး စေရပါဘူးလေ"

"ဟုတ်ကဲ့ - ဒါက ဦးရီးရဲ့ - နှလုံးသွင်းပါ၊ မြို့စားကြီး မင်းရဲသူကတော့ ထွေးစောရဲ့ ရုပ်ရုံမှိုင်းမှာ အတိုင်းမသိ ယစ်မူးခဲ့ပါတယ်၊ ရွှေမန်ကျည်းရွာနဲ့ ပတ်သက်လာရင် ထွေးစောပြောသမျှပြီးတော့တာပဲ၊ ဒါနဲ့ - တိုတိုပြောရရင် ကျွန်တော့်ဖခင်ကြီးဟာ သူကြီးအရာကကျပြီး ဦးဒေဝက သူကြီးဖြစ်လာတာ ပဲ၊ ဒီရွာကလူတွေ မြို့တက်သွားရင်လည်း ရွာစံဆိုပြီး ထွေးစောကပဲ လက်ခံ တွေ့တယ်၊ ဒီတော့ - မောင်ရဲမကောင်းသတင်းက နှမကို ကျော်ပြီး မြို့စားကြီး ဆီကို ရောက်ဖို့ဆိုတာက မလွယ်ဘူးပေါ့ ခင်ဗျာ"

ဦးကြာဖူးသည် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်၏။

"ဒါလည်း ဟုတ်တာပေါ့လေ၊ မိန်းမဆိုတာ ယောကျ်ားတွေ မကျော်နိုင် တဲ့ တုရိုင်တိုင်ကြီးပဲ၊ စစ်ပွဲတစ်ရာ နွှဲခဲ့ပေမယ့် အချစ်တစ်ပွဲမှာ ကျဆုံးနိုင်တာ ပေါ့လေ၊ ကျုပ်တောင်မှ အခု အလွန်မြတ်နိုးတဲ့ဇနီးသည် မရှိလို့ ခြေသလုံး အိမ်တိုင်ဖြစ်ပြီး စီးပွားပျက်၊ အကျိုးပျက် ဖြစ်ခဲ့ရတာပဲ၊ မောင်ရင့်အဖြစ်ကို ကြားရတာ တရားသံဝေဂရစရာပါပဲလေ၊ ဒါထက် - ဒီမြို့စားကြီးကကော ဒီရွာကို မရောက်ဘူးလား"

"ထွေးစောနဲ့ အိမ်ထောင်မကျခင် ကျွန်တော် သုံးနှစ်သားလောက်ဆို ထင်ပါရဲ့၊ တစ်ခေါက်တော့ ရောက်ဖူးတယ်တဲ့၊ ဒါလည်း မောပြည်ဘက်က မငြိမ်မသက်ဖြစ်လို့ နန်းမတော်ကြီးက စစ်သည်တပ်သားစုဆောင်းတဲ့ကိစ္စနဲ့ ရောက်ခဲ့တယ်တဲ့၊ ထွေးစော လောင်းရိပ်မိကတည်းက မြို့စားကြီးဟာ သူ့စိုရင်စုဖြစ်တဲ့ ရွာငါးရွာမှာ ဘယ်ရွာကိုမှ မရောက်တော့ပါဘူး ခင်ဗျာ"

"ဟော ..."

ဦးကြာဖူးသည် ရုတ်တရက်ထ၍ မြင်းဆီသို့ သွားလိုက်၏။

"ဟယ် - ငါ့မြင်း အနံ့ခံတယ်၊ သူတို့ လာကြပြီထင်တယ်၊ လေသင့်လို့ မြင်းအချင်းချင်း အနံ့ရပုံရှိတယ်"

သူတို့နှစ်ယောက်စလုံးသည် မှောင်ရိပ်တွင်ရပ်၍ ပြတင်းမှ မျှော်ကြည့် လိုက်ကြ၏၊ ထိန်ထိန်သာနေသောလရောင်အောက်တွင် လမ်းမဆီမှ ဖုန်လုံး တို့ ကြွထက်နေကြလေသည်၊

"ငါးယောက်ထက်တော့ မနည်းဘူးဟေ့၊ မြင်းတွေကို ဒုန်းစိုင်းလာကြ ပြီ"

ဦးကြာဖူး၏စကားသည် မမှားချေ၊ မြင်းခွာသံများ ထွက်လာပြီးနောက် ကုန်းမြင့်ကလေးစောင်းတွင် မြင်းငါးစီးနှင့် လူငါးယောက် ဘွားခနဲ ပေါ်လာကြ လေတော့၏။

"ဦးကြီးရဲ့အသက်အန္တရာယ် လုံခြုံဖို့ ဒီအထဲမှာပဲ ပုန်းနေရစ်ပါ၊ ကျွန်တော် ထွက်ပြီးရင်ဆိုင်လိုက်မယ်၊ ဦးကြီး အသံမပြုနဲ့၊ သူတို့သေလည်းကိစ္စပြီးရော၊ ကျွန်တော်သေရင်လည်း သူတို့ ပြန်သွားကြမှာပဲ"

သာတင့်သည် ခပ်သုတ်သုတ်ပင် ဓားလွတ်လက်ျာဘက်က ကိုင်၍ဓား အိမ်ကို လက်ဝဲဘက်ကကိုင်ကာ အိမ်ကြီး၏ဘေး လရောင်အောက်သို့ထွက် လိုက်၏။

လရောင်အောက်တွင် သာတင့်ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် လူ နှစ်ယောက်သည် မြင်းများပေါ်မှဆင်း၍ သာတင့်ဆီသို့ ချဉ်းကပ်လာကြ၏၊ ကျန်လူသုံးယောက်ကား မြင်းစီးလျက်ကပင် ကုန်းစောင်းတွင် ရပ်ကျန်ခဲ့၏၊

အလယ်လူမှာ ကျောက်စီဓားနှင့်ဖြစ်၍ ရွာသူကြီး ဦးဒေဝ ဖြစ်ကြောင်းမှာ ယုံမှားစရာ မရှိပါချေ။

"အောင်မယ် - ကိုတုတ်ကြီးနဲ့ ကိုကျော်ရွှဲတို့ပဲ၊ ခင်ဗျားတို့လို နာမည်ကြီး တွေနဲ့တွေ့ရတာ ကျွန်တော် ဂုဏ်ယူပါတယ်ဗျာ"

သာတင့်သည် ပြောပြောဆိုဆိုနှင့် ဓားအိမ်တစ်ဖက်၊ ဓားတစ်လက်နှင့် အသင့်အနေအထားကို ယူလိုက်သည်။ ကျော်ရွှဲသည် သာတင့်၏ တူရူ ဓား နှစ်ပြန်လောက်တွင် ရပ်လိုက်၏။ တုတ်ကြီးသည် ဝေ့ဝိုက်၍ တစ်လှမ်းချင်း သွေးတိုးစမ်းပြီးရောက်လာသည်။ သူ့အကြံမှာ သာတင့်၏နောက်ကျောဘက် သို့ လာခြင်းဖြစ်သည်။

သန်လျက်တားဆိုသည်မှာ
တိုသော်လည်း အသွားကြီး၍
နှစ်ဖက်သွား ဖြစ်သည်။ လက်ရုံးအား
ကြီးသူမှကိုင်လေ့ရှိ၏။ ဦးကြာဖူး၏
လက်မောင်းလက်ဖျံမှာ ကြွက်သားများ
နှင့် အထစ်ထစ်ဖြစ်နေရာ အင်အားကား
ဆိုဖွယ်မရှိ။ ဤအထဲတွင် လက်ရည်က
လည်း သာသည်ဖြစ်ရာ သန်လျက်တားကို
ကိုင်၍အသိမ်းတွင် တုတ်ကြီးခေါင်းမှာ
ကိုယ်မှ ပြတ်၍လွင့်သွားရလေ
တော့သည်။





သာတင့်သည် လက်နှစ်ဖက်စလုံးကို ရှေ့သို့ တိုးလိုက်ရာ တုတ်ကြီးမှာ ရပ်သွား၏။ ထိုခဏတွင်ပင် ဦးဒေဝ၏အသံ ထွက်ပေါ်လာသည်။

"နှစ်ယောက်တစ်ယောက်တောင် မဝင်ဝံ့ဘူးလားဟ"

ဦးဒေဝ၏အသံကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် ကျော်ရွှဲဓားသည် လရောင်တွင် ပြက်ခနဲ လက်သွားသည်။ လူလည်း ရှေ့သို့ဝင်လာ၏။ ဤတွင် သာတင့်မှာ ကျော်ရွှဲ၏ မိုးစုတ်လာသောဓားကို မိမိ၏ဓားဖြင့် ဘေးသို့ ပယ် ဖယ်ရင်း ကိုယ်ကိုလည်း တိမ်းလိုက်၏။ ထိုအခိုက်တွင်ပင် တုတ်ကြီးသည် သာတင့်၏ နောက်တည့်တည့်သို့ ရောက်လာသည်။ သို့သော် သူသည် သာတင့်ဆီသို့ အကဲခတ်နေ၏။

သာတင့်နှင့် ကျော်ရွှဲတို့၏ ဓားသွားချင်းခတ်သံမှာ တချွမ်ချွမ် ပေါ်လာ သည်နှင့်အမျှ မီးပွားများလည်း ဖွားခနဲ ဖွားခနဲ ပွင့်သွားတော့၏။

သာတင့်သည် နောက်တွင် အန္တရာယ်ဖြစ်သော တုတ်ကြီးရှိလျက်နှင့် ကျော်ရွှဲ၏ သွက်လက်လှသော ဓားချက်ကြောင့် တုတ်ကြီးကို မကြာခဏ ကျောပေးနေရသည်။ တုတ်ကြီးကား သူ့နောက်တွင် အိမ်ပျက်ကြီး၏ပြတင်း ပေါက်ကို ရဲရဲကျောပေးကာ သာတင့်ကို ဓားဖြင့် ထိုးကွက်ကို စောင့်နေ၏။

တုတ်ကြီးကား နာမည်နှင့်လိုက်အောင် တုတ်ခိုင်ကြီးမားသူဖြစ်၍ သေး ကွေးပါးလျသော သာတင့်နှင့်ဆိုလျှင်ဘက်မညီချေ။ သို့သော်ဓားရေးဟူသည် လူလုံးလူဖန်ထက် စွမ်းရည်နှင့် ကျွမ်းကျင်မှုပေါ်လည်း တည်မှီတတ်သဖြင့် ကြိုတင်ဆုံးဖြတ်၍ကား မရချေ။

စောင့်သောသူအတွက် အခွင့်အလမ်းသည် လာစမြဲဖြစ်၏။

သာတင့်သည် ခြေကိုသိမ်း၍ ခုတ်လိုက်သော ကျော်ရွှဲ၏ဓားချက်ကို ခုန်၍ရှောင်ရသဖြင့်ပြန်အကျတွင် တုတ်ကြီးကို လုံးလုံးလျားလျား ကျောပေး

လျက်သားဖြစ်သွားရသည်။ ဤသည်ကိုအခွင့်ကောင်းယူ၍တုတ်ကြီးသည် လက်ျာခြေကိုနောက်တစ်လှမ်းဆုတ်၍အားယူကာ ဓားကိုင်ထားသောလက်ကို တံတောင်ဆစ်မှကွေး၍ နောက်သို့ ငင်လိုက်၏။

ထိုအခိုက် ဦးကြာဖူးသည် ပြတင်းဝတွင် ရပ်လိုက်ကာ တုတ်ကြီး၏ လည်ပင်းကို တံတောင်ဆစ်ကွေး၍ သိုင်းဖက်ဖျစ်ညှစ်ကာ အရှိန်နှင့် နောက်သို့ လန်၍ သူ့ခြေများနှင့် ပြတင်းအောက်ဘောင်မှာ ကလန့်သွားကာ အရှိန်နှင့် အိမ်ပျက်ကြီး၏အတွင်းဘက်ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်လျက် လွင့်စဉ်ကျသွားလေသည်။

"လူကောင်ကြီးကြီး အချင်းချင်းက ဘက်လိုက်ပါတယ်လေ ..."

ဦးကြာဖူးသည် ပြောပြောဆိုဆိုနှင့် ကျောသိုင်းထားသောပုဆိုးကို ဖြေချလိုက်၏။ သူ့ကျောပေါ်တွင် တံတောင်ထွာလောက်ရှည်သော သန်လျက်ဓားမှာ အိမ်နှင့်အတူ ချည်လျက်သားရှိသည်။ ထိုဓားကို ဓားအိမ်မှ ချွတ်လိုက်၏။

တုတ်ကြီးသည် ချက်ချင်းမတ်တတ်ရပ်၍နေရာယူလိုက်သည်။ သို့သော် ဓားတိုနှင့် ဓားရှည်ပြိုင်ရမည်ဖြစ်၍ ဦးကြာဖူးသည် လျင်မြန်ဖျတ်လတ်စွာပင် လူချင်း ဝင်ပူးလိုက်၏။ ထို့ကြောင့် တုတ်ကြီးမှာ ဓားကို ဓားနောင့်မှ အလျားလိုက် လက်တွင်ကပ်၍ လက်ပြန်ကစားရတော့သည်။

သန်လျက်ဓားဆိုသည်မှာ တိုသော်လည်း အသွားကြီး၍ နစ်ဖက်သွားဖြစ်သည်။ လက်ရုံးအားကြီးသူမှကိုင်လေ့ရှိ၏။ ဦးကြာဖူး၏လက်မောင်းလက်ဖျံမှာ ကြွက်သားများနှင့် အထစ်ထစ်ဖြစ်နေရာ အင်အားကား ဆိုဖွယ်မရှိ၊ ဤအထဲတွင် လက်ရည်ကလည်း သာသည်ဖြစ်ရာ သန်လျက်ဓားကို ဒိုက်၍ အသိမ်းတွင် တုတ်ကြီးခေါင်းမှာ ကိုယ်မှပြတ်၍ လွင့်စဉ်သွားရလေတော့သည်။



"ဟယ် - ဒီကောင်တစ်ယောက်တည်း မဟုတ်ဘူးဟေ့"

ဦးဒေဝ၏အော်သံ ထွက်ပေါ်လာပြီးသော် ကျန်ရစ်သူသုံးယောက်စလုံးသည် မြင်းများပေါ်မှဆင်းကာ ဓားများကိုချွတ်၍ သာတင့်ဆီသို့ ပြေးဝင်လာကြသည်။ သာတင့်ရှေ့မှ ကျော်ရွဲ့မှာ ဓားလွတ်ကျပြီး သူ၏လက်ဝဲဘက်က လက်ျာလက်မောင်းကို အုပ်ကိုင်ကာ ဒူးထောက်လျက် ကျသွား၏။

"သာတင့်ရေ - ငါ လာပြီကွ"

ဦးကြာဖူးသည်ပြတင်းမှ လွှားခနဲ ခုန်၍လရောင်ထဲသို့ထွက်လိုက်လေသည်။

ဦးဒေဝနှင့် အဖော်နှစ်ယောက်သည် တုံ့ခနဲ တန့်သွားကြ၏။ ဦးကြာဖူးထွက်လာ၍ တန့်သွားခြင်းမဟုတ်၊ စောစော တုတ်ကြီး ခြေနှစ်ချောင်း ိုးထောင်၍အိမ်ပျက်တွင်းသို့ကျသွားသည်ကိုမြင်ကတည်းက အိမ်ပျက်ထဲ ွင် လူရှိသည်ကို တို့ သိကြပါပြီ။ ယခု တန့်သွားကား ဦးကြာဖူး၏ ခမောက် ကြီးပင် ဖြစ်၏။ မိုးလေကင်းစင်သောအခါတွင် မည်သူမျှ ခမောက်ကြီးကို ဆောင်းထားမည်မဟုတ်ပါ။

"ဟေ့ - မင်း ဘယ်သူလဲကွ၊ မိန်းမဆိုရင် ခမောက်ကို ချွတ်လိုက်၊ ငါ သူကြီး ဦးဒေဝရဲ့အမိန့်လကွာ"

ကြာဖူးသည် ရယ်သွမ်းသွေးလိုက်သည်။

"ငါကြောက်လို့ခမောက်ဆောင်းတာမဟုတ်ပါဘူး၊ မင်းတို့ကြောက်မှာ လို့ပါကွာ၊ ကိုင်း - ချွတ်ပါပြီ"

ဦးဒေဝသည် "ဟယ်" ခနဲဖြစ်သွားတော့၏။

"ကဲ - ဘယ်သူလဲ - သိပလား"

"မှန်ပါ - မြို့စားမင်းမှန်း မသိလို့ပါ။ မိန့်တော်မူပါ။ အခု ဘာကိစ္စနဲ့ လာပါသလဲ"

သာတင့်သည်လည်းတစ်ကိုယ်လုံးကြက်သီးတွေဖျန်းခနဲထသွားသည်။ မြို့စားကြီးမင်းရဲသူကို တစ်ကြိမ်မျှ မမြင်ဘူးခဲ့၊ တွေ့မည့်တွေ့လည်း ခန့်လွန်းလှချေသည်တကား။ ထို့ကြောင့် ဘေးသို့ အနည်းငယ် ရှိမိသည်။

"ငါလာခဲ့စဉ်ကတော့ ကိစ္စကတစ်မျိုး။ ရောက်မှ ကိစ္စက ပြောင်းလဲသွားခဲ့တယ်လေ"

"ကိစ္စကို အမိန့်ရှိတော်မူပါ"

"ဟဲ - ဟဲ - ကိစ္စကို အမိန့်ရှိရမယ်ဆိုရင် ထိုက်တန်သူကို ချီးမြှင့်ရမယ်၊ မထိုက်တန်သူကို ဖယ်ရှားရမယ်ဆိုတာက ငါတို့အုပ်ချုပ်သူတွေရဲ့တာဝန်ပဲ၊ ဒါကြောင့် - မင်းကို ရွှေမန်ကျည်းရွာသူကြီးအရာက ဖယ်ရှားတယ်၊ ဟောဒီက မောင်သာတင့်ကို သူကြီးခန့်တယ် - ဒါပဲ"

"နှမလေး ထွေးစောရဲ့မျက်နှာကို ထောက်ထားပါဦး - မြို့စားမင်း"

မြို့စားကြီး မင်းရဲသူထံမှ ကြောက်မက်ဖွယ်ရာ ရယ်မောသံသည် ဟိန်း၍ ထွက်ပေါ်လေ၏။

"မောင်မင်းနှမဟာ ငါ့လုလင်တစ်ဦးနဲ့ ထွက်ပြေးသွားတယ်၊ ဒါကြောင့်ပဲ ငါ့ရင်တွေ ပရိဒေဝမီး တောက်လောင်ခဲ့ရတယ်၊ သင်းတို့နှစ်ယောက်စလုံး တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘူးဆိုပြီး အရှာထွက်လာခဲ့တာ၊ ဒီရွာမှာ လာခိုမယ်မှတ်လို့ ဒီကိုလိုက်ခဲ့တာပဲ"

ဦးဒေဝသည် သူ့အဖို့ မျှော်လင့်ချက် မရှိပြီကို သိရပါပြီ၊ ချက်ချင်းပင် သူ့ကျွန်ယုံနှစ်ယောက်ကို အမိန့်ပေးလိုက်၏။



"ဟေ့ - မြို့စားဆိုတာလည်း တစ်ယောက်ချင်းကျရင် လူရိုးရိုးပါပဲကွာ၊ တိုက်ကြစို့"

သူတို့သုံးယောက်သည် ဓားများဖြင့် ပြေးဝင်လာကြသည်၊

သာတင့်နှင့် မြို့စားကြီးသည် တိုင်ပင်ထားသည့်အလား ကျောချင်းကပ်လိုက်ကြ၏၊ နောက်ကျောဘက်က ရန်မလာစေခြင်းသည် တိုက်ပွဲ၏နိယာမပင် ဖြစ်ပေသည်၊

လရောင်ထဲတွင် ချွင်ခနဲ ချွင်ခနဲ ဓားသွားချင်း ခတ်သံကို နှစ်တိုင်ကွာက ရွှေမန်ကျည်းရွာသားများ ကြားကြမည်မဟုတ်ပါ၊ ဖွားခနဲ ဖွားခနဲ ပွင့်သွားသော မီးပွင့်များကို မြင်ရန်အရေးမှာ ပို၍ပင် ခက်ခဲသေး၏၊

မကြာမီပင် ဦးဒေဝတို့ဘက်မှ တစ်ယောက်ကျသွားလေရာ သာတင့်နှင့် မင်းရဲသူတို့မှာ တစ်ဦးချင်းစီ ဖြစ်သွားကြတော့၏၊

မြို့စားကြီးသည် ဦးဒေဝနှင့် တိုက်ခိုက်ရသည်၊ ဦးဒေဝကား ကျားနာခဲသလို အတင်းပင် ဒေါသနှင့် ဝင်ဝင်နေလေရာ လူချင်းပူးမိသွားသည်နှင့်တစ်ပြိုင်နက် သူ၏ဝမ်းဗိုက်မှာ ဟက်တက်ကြီး ပြဲပွင့်သွားရလေတော့သည်၊ ဦးဒေဝကား မြေကြီးပေါ်တွင် ပုံလျက်သားကျ၍ အသက်ပျောက်သွားလေ၏၊

မင်းရဲသူသည် သာတင့်ဘက် လှည့်ကြည့်လိုက်သောအခါ သာတင့်မှာလည်း သူ့ရန်သူကို အပြီးရှင်းပြီးခါစ ဖြစ်နေသည်ကို တွေ့ရတော့၏၊ မြို့စားကြီးသည် သူ့သန်လျက်ဓားကို ကျောပေါ်ရှိ အအိမ်ထဲသို့ ပြန်သွင်းလိုက်ပြီး သာတင့်ကို ဖက်လှဲတကင်းပြုရန် ချဉ်းကပ်လာသည်၊ သာတင့်သည် ပြုန်းခနဲပင် မြို့စားကြီးကို ဖက်၍ မြေပေါ်သို့ လှဲချလိုက်၏၊ ဓားတစ်လက်သည် သူတို့၏အပေါ်မှ ဝိုးခနဲ ဖြတ်ထွက်သွားလေတော့သည်၊

ဤတွင်မြို့စားကြီးသည် အဓိပ္ပာယ်ကို နားလည်ကာ လှမ်းကြည့်သည်၊ ကျော်ရွှဲသည် ဓားကို မြေကြီးပေါ်မှ ဒူးထောက်ပစ်လိုက်ပြီး အားလွန်ကာ လေးဖက်ထောက်ကြီး ဖြစ်နေသည်၊ ဖက်စင်းပေးသော သိုးငယ်လေးကဲ့သို့တည်း၊

သာတင့်သည် ပြေးသွား၍ ကျော်ရွှဲ၏ဖက်ကို လွယ်လင့်တကူ ပိုင်းလိုက်လေတော့သည်၊

"ကိုင်း – မောင်သာတင့် – ကျုပ်မြင်းနဲ့ပဲ ရွှေမန်ကျည်းရွာကို သွားကြစို့"

မြင်းတစ်စီးနှင့် လူနှစ်ယောက်သည် ရွှေမန်ကျည်းရွာဘက် ဆီသို့ ဦးတည်၍ ထွက်ခဲ့ကြလေသည်၊

"ရွာသားတွေနဲ့တွေ့ပြီးမှ မောင်ရင့်ကို သူကြီးခန့်ကြောင်း ပြောပြရင်း ဒီမသာယုတ်တွေကို သင်္ဂြိုဟ်နိုင်းရမှာပဲ"

"ဒါထက် – ဦးဒေဝကို ကျွန်တော်မျိုး မသတ်လိုက်ရတာ နာတာပဲ မြို့စားမင်း"

"ရွာသူကြီးကို မောင်ရင်သတ်မိရင် ရာဇဝတ်သင့်မှာပေါ့၊ သူ့အသက်စည်းစိမ်ကိုပိုင်တာက ကျုပ်ပဲဥစ္စာ၊ ကျေနပ်ပါတော့လေ၊ မောင်ရင်က မိဘအတွက် တိုက်ပွဲဝင်ရတာ ဂုဏ်ယူစရာပါ၊ ကျုပ်ကတော့ မိန်းမအတွက်မို့ ရှက်စရာတောင် ကောင်းသေးတော့တယ်"

"ဒီလိုလည်း မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်မျိုးဟာ လမ်းမှန်လျက်နဲ့ အသက်စတေးရမယ့်ကိစ္စကို ဝင်ရောက်ကယ်ဆယ်ရာရောက်တာမို့ နတ်သိကြားများက နှီးဆော်စီမံရာလို့တောင် ခေါ်နိုင်ပါတယ်"

"မောင်သာတင့်ဟာ ဓားရေးလည်သလို နှုတ်ရေးလည်း ကြွယ်သားပဲ၊ ရွာတံခါးတွေ ပိတ်လောက်ပြီဆိုပြီး ကျုပ် အိမ်ပျက်ကြီးထဲ ဝင်နားမယ်ကြံခဲ့တာ မှန်သွားတာပေါ့လေ ..."

"ဒါပေမဲ့ – မြို့စားကြီးက တကောင်းကလေး၊ ဘာလေးနဲ့ မှသားတော့ သုံးခဲ့သေးတာပဲနော်"




"အော် – အရေးအခင်းကြုံရိုက်မှာ မုသားဆိုတာမျိုးက တစ်ခါတစ်ရံဝင်ရောက်ပုန်းလျှိုးခိုအောင်းရတဲ့ ကတုတ်မြေကလေးတွေပဲ မဟုတ်လား မောင်သာတင့်ရယ် – ဟား – ဟား"

မြင်းစွာသံနှင့် ရယ်သံတို့သည် အိမ်ပျက်ကြီးဆီမှ ဝေး၍ဝေး၍ သွားလေတော့သတည်း၊

•–○➤ နုန္ဒချ

ဓာတ္တမှုများ
ပေးပို့လိုပါက
********* *********
ဓာယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊



မကြည်ပြာ

အနုရှာယ်မပေးတတ်သောမိကျောင်းသည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အန္တရာယ်ပေးရန် အရိုင်းစိတ် ဝင်လာသောအခါ ..

**လွန်ခဲ့သော** အတိတ်ကာလက ဖြစ်ခဲ့သောအဖြစ်အပျက် ဖြစ်ပါသည်။ကြာပြီဆိုသော်လည်းကျွန်မ၏စိတ်တွင်မနေ့တစ်နေ့ကဖြစ်ခဲ့သလိုပင် မျက်စိထဲ၌ပြန်မြင်ယောင်နေပါသည်။ မင်းမှုထမ်းကမ်းနားသစ်ပင်ဆိုသကဲ့သို့ကမ်းနားသစ်ပင်ဆိုသကဲ့သို့ကမ်းနားသစ်ပင်တည်းဟူသောကျွန်မသည် ရာထူးတည်းဟူသော ရေစီးကြောင်းတွေများပါရင်း အတောမသတ်နိုင်သောလောဘများဖြင့်လိုက်ရင်းဇာတိရွာနှင့်တဖြည်းဖြည်းဝေး၍လာပါတော့သည်။ အသက်များရလာ၍ပင်စင်ယူပြီးချိန်တွင် ဇာတိမြေမှ ငယ်သူငယ်ချင်းများနှင့် မကြာခဏ ပြန်ဆုံရှိန်ဝယ် ရေးဖြစ်ပေါင်း အောက်မေ့ဖွယ်များကို ပြောကြပြီဆိုလျှင်တော့ အစ်ကိုလှဖေနှင့် အစ်ကိုငတော အကြောင်းမပါဘဲ စကားဝိုင်း သိမ်းရိုးထုံးစံ မရှိပေ။

ကျွန်မတို့ငယ်စဉ်က ချောင်းနံဘေးကမ်းပါးတစ်လျှောက်တွင် ဖိနပ်မစီးဘဲ လမ်းလျှောက်ကြသည်ကို ပြန်တွေးကြည့်လျှင် စိတ်တွင် ကြည်နူးရပါသည်။ ရွှံ့စပ်စပ်၌ ခြေရာများကို မြဲအောင်ကုပ်ထားရင်း စိတ်လွတ်ကိုယ်

လွတ်လျှောက်ရသည့်အရသာကို ရာထူးကြီးကြီးရပြီး ကော်ဇောနီအခင်းပေါ်တွင် လျှောက်ရစဉ်က အရသာထက်ပင် ပို၍မြတ်နိုးတမ်းတမိပါသည်။ မျက်မှောက်ခေတ်တွင် မူကြိုတက်ချိန်မှစပြီး ဘွဲ့ရသည်အထိ ကျူရှင်နှင့် ကျောင်းတွင်သာ အချိန်ကုန်၍ လွတ်လပ်ပျော်ရွှင်ခြင်းအရသာကို မရရှိကြသော ကလေးများကို ကျွန်မတို့ငယ်စဉ်ဘဝ နေထိုင်မှုပုံစံနှင့်ယှဉ်ပြီး သနားမိပါသည်။

ကျွန်မတို့ရွာလေးသည် ဧရာဝတီတိုင်းတွင် တည်ရှိပြီး ချောင်းလက်တက်ငယ်လေးများစွာထဲမှ တစ်ခုသော ချောင်းလက်တက်၏ နံဘေးတစ်လျှောက်တွင် တည်ရှိသော ရွာတန်းရှည်ဖြစ်သည်။ မြစ်မှ ချောင်းတွင်းသို့ လှေကို ကွေ့ဝင်လိုက်လျှင် ဦးစွာ ကိုးတောင်ပြည့်စေတီငယ်ကို ထုံးဖွေးဖွေးနှင့် ဖူးမြင်ရမည်ဖြစ်ပြီး တစ်ရွာနှင့်တစ်ရွာကူးလျှင် ဓနိပင်တန်း စိမ်းညို့ညို့ကို တစ်ဖက်တစ်ချက်စီ ခြံရံထားသော ချောင်းတစ်လျှောက် လက်ခတ်လှေကလေးကို တဖြည်းဖြည်း လှော်ခတ်လျက် သွားလာကြသည်မှာ ကျွန်မတို့ဒေသ၏ဓလေ့ပင် ဖြစ်သည်။

"မြမေရေ..."

"ဗိုး..."

"နေ့ခင်း - ဆရာကန်တော့ပွဲသွားရင် ဈေးလှေနဲ့ လိုက်ကြမယ်လေ၊ အသင့်ပြင်ထားပော့ - မစောင့်ရစေနဲ့"

"အေး - နွယ်နွယ့်ကိုပါ အသံပေးလိုက်ပော့"

မြစ်ကမ်းတစ်လျှောက်ရှိ ရွာငယ်များမှ အထက်တန်းကျောင်းတက်လိုပါလျှင် ဘိုကလေးမြို့ပေါ်တွင် တက်ရသည်။ အချို့ကျောင်းသားများသည် လှေဖြင့်နေ့ချင်းပြန် ကျောင်းတက်ကြသော်လည်း ကျွန်မတို့သည် ဘိုကလေးမြို့ပေါ်တွင်ရှိသော နွယ်နွယ်၏ဘကြီးအိမ်တွင် စုနေကြပြီး ကျောင်းပိတ်ရက်တွင် အိမ်ပြန်ကြသည်။ မိုးတွင်းဆိုပါလျှင် ချောင်းရေသည် အိမ်တံစက်မြိတ်



ထိရောက်သဖြင့် အိမ်ပေါ်မှပင် လှေပေါ်တက်၍ရသော်လည်း နွေပေါက်လျှင်တော့ အိမ်မှ ပေသုံးဆယ်ခန့် လျှောက်ပြီးမှ ချောင်းထက်တွင်ထိုးထားသော သစ်သားပြားတစ်ချပ်ဖြင့် ပြုလုပ်ထားသော တံတားပေါ်မှတစ်ဆင့် လှေပေါ်သို့ ဆင်းရသည်။

မိုးတွင်းရေတက်ချိန်တွင် ချောင်း၏အကျယ်မှာ ပေနှစ်ရာခန့်ရှိပြီး ရေကျချိန်တွင်တော့ ပေတစ်ရာခန့်သာ ကျယ်သည်။ ချောင်းရေနှင့် ကျွန်မတို့သည် အမိဝမ်းမှကျွတ်ချိန်ကစ၍ ဖွားဖက်တော်အလားအချိန်ပြည့်ဆက်ဆံရသဖြင့် မည်သည့်ခံစားမှုမျိုးမှ မဖြစ်သော်လည်း မြို့ပေါ်မှလူများ လှေစီးစဉ် ကြောက်သည့်ပုံစံမြင်ရပါက ကျွန်မတို့လူငယ်တစ်သိုက်သည် မျက်နှာကို မဲ့ရွဲ့ပြီး အချင်းချင်း လက်တို့ကာ စကားတင်းဆို၍ ကဲ့ရဲ့ကြပါသည်။

ကျွန်မတို့က သစ်ပင်ရွာနှင့် မျက်နှာချင်းဆိုင်ဖြစ်သော ချောင်း၏တစ်ဖက်ကမ်းရှိရွာမှာ လေးပင်ရွာဖြစ်သည်။ ချောင်းရိုးတစ်လျှောက်ရှိရွာများတွင် ပွဲလမ်းသဘင်ရှိပြီဆိုပါက လှေဖြင့်စုပေါင်း၍ သွားကြပြန်ကြရသည်။ အသွားတွင် ဗီးလီမ်းပြင်ဆင်ပြီး ရေပက်မဝင်အောင် စကားလုယက်ပြောကြရင်း တစ်ဖက်ကမ်းသို့ ကူးကြသော်လည်း အပြန်တွင်မူ ပင်ပန်းပြီး လက်ခတ်လှေမှ လှော်ခတ်သံ "ဗွို - ဗွို" ဟူသောအသံကိုပင် မကြားချင်အောင် မြန်မြန်ရောက်ပါစေဟု ဆုတောင်းရင်း တိတ်ဆိတ်စွာ လိုက်လာကြသည်မှာလည်း ကျွန်မတို့ထုံးစံပင်။ ရွာ၏မြင်ကွင်း များကို ကြည့်လျှင်လည်း စပါးများ မမှည့်မီ စိမ်းစိမ်းစိုစိုမြင်ကွင်းနှင့် စပါးမှည့်ပြီး မရိတ်သိမ်းမီ ဝါဝါဝင်းဝင်းမြင်ကွင်းတို့သည် ကျွန်မတို့ဒေသ၏ ရှုမငြီးနိုင်သော အလှည့်ကျမြင်ကွင်းကျယ်ပင် ဖြစ်ပါတော့သည်။

ဒေသခံတို့သည် လတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် ရေထွက်ပစ္စည်းများကိုသာ စားသုံးကြပြီး ဟင်းခတ်ရာတွင်သုံးသော အချိုမှုန့်ဆိုသည်မှာ ထိုစဉ်က တောနေလူတို့အတွက် ဘာမှန်းပင်မသိပါ။ ပုဇွန်ခြောက်နိုင်းချင်းထည့်ချက်သောဟင်းများဖြင့် ကြီးပြင်းလာသော ကျွန်မတို့သည်လည်း သွေးတိုး နှလုံး စသောရောဂါများ ယခုထိ မဖြစ်ကြပေ။ သို့သော် ကျွန်မသည် မြို့

ပေါ်တွင် အနေကြာခဲ့ပြီဖြစ်၍ နောင်ဆိုလျှင် ဖြစ်နိုင်သည်ပင်၊ ရွာ၏သာယာ
လှပပုံများကို ပြန်ပြောင်းပြောရလျှင်ဖြင့် စာဖွဲ့၍ပင် မကုန်နိုင်ပါ။

— ❦ —

ရွာ၏သဘာဝများနှင့်တစ်ဆက်တည်းအများအံ့ဩသွားစေမည့်သက်
ရှိသတ္တဝါအကြောင်းကိုလည်း ပြောပြချင်သည်။ မြစ်ဝကျွန်းပေါ်ဒေသရှိအချို့
သောချောင်းရိုးများတွင် မိကျောင်းရှိသည်။ မိကျောင်းသည် ကျွန်မတို့အပေါ်
တွင် အန္တရာယ်မပြုသည့်အတွက် ကျွန်မတို့ကလည်း ကြောက်ရွံ့ခြင်းမရှိပါ။
တစ်ခါတစ်ရံတွင် ကျွန်မတို့လယ်ကွက်အစပ်တွင် ပါးစပ်ဖြဲ၍ နေစာလှုံနေ
သော မိကျောင်းကို တွေ့ရပါသည်။ ပါးစပ်ဖြဲထားစဉ် ညာဘက်ပါးစောင်းတွင်
အဖြူကွက်ကြီးကို ထင်ရှားစွာ တွေ့ရသဖြင့် ကျွန်မတို့ရွာမှလူများက ပါးဖြူ
ကြီးဟု အမည်ပေးထားကြသည်။ မိချောင်းအရှည်မှာ နှာဖျားမှ အမြီးဖျား
အထိ ဆယ်ပေခန့် ရှည်သည်။ ရွာမှ ကြက်၊ ဝက်၊ ခွေးများကို စားသောက်
သည်ကို မတွေ့ရသောကြောင့် ရေသတ္တဝါများကိုသာ စားတတ်သည်ဟု
သတ်မှတ်ထားကြသည်။ တစ်ခါတစ်ရံတွင် ကျွန်မတို့သည် လှေဖြင့် ချောင်း
တွင်း၌ သွားလာနေစဉ် လှေနှင့်မလှမ်းမကမ်းမှ သစ်တုံးကြီးသဖွယ် ပေါ်လော
မျော၍ လိုက်လာတတ်သည်။ ချောင်းတွင်းသို့ မတ်တတ်ရပ်၍ အပေါ့စွန့်
သည့်ရွာသားတစ်ယောက်ကို ပါးဖြူကြီးက အမြီးနှင့် ရိုက်ချပြီး ဆွဲသွားသည်
ကိုတော့ မည်သူကမျှ ပြန်ပြောင်းပြောဆိုခြင်းမရှိပါ။

အဘယ်ကြောင့်ဆိုသော် ထိုသို့မဖွယ်မရာပြုမူပါက မိကျောင်းက
မကြိုက်ဟု သတ်မှတ်ထားကြပြီး မိကျောင်းကိုလည်း နတ်မိကျောင်းဟု
သတ်မှတ်ထားကြသောကြောင့်ဖြစ်သည်။ ကျောင်းတွင်လည်း ဆရာတို့က
မိကျောင်းနှင့်ပတ်သက်၍ဗဟုသုတများဖြန့်ဝေပြီးအန္တရာယ်ရှိသည့်အတွက်
သတိနှင့် သွားလာကြရန်ပြောသည်။ ဆရာများပြောသော မိကျောင်းနှင့်
ပတ်သက်သည့် အကျဉ်းချုံးဗဟုသုတမှာ ဤသို့ဖြစ်သည်။

— ❦ —



အားလုံးသိကြသည့်အတိုင်းမိကျောင်းခေါင်းတိုနှင့်မိကျောင်းခေါင်းရှည်
နှစ်မျိုးရှိပြီး နှစ်မျိုးလုံးသည်ရေထဲ၌သာအနေများသည်။ သူတို့၏နားရွက်တွင်
ထူသောအရေပြားများဖုံးအုပ်လျက်ရှိသောကြောင့်ရေအောက်၌ရှိသောအခါ
နားထဲသို့ ရေမဝင်ပေ၊ ခြေချောင်းများကြားတွင် ဝမ်းဘဲကဲ့သို့ အရေပြား
ရှိသော်လည်း ရေတွင် ကူးခတ်သွားလာရန် အမြီးကိုသာ အသုံးပြုသည်။
အမြီးသည် အလွန်သန်မာ၍ လှော်တက်များသဖွယ် အသုံးဝင်သည်။ ကမ်း
ပေါ်တွင် အစာကိုတွေ့ပါက အမြီးဖြင့် ရိုက်ချပြီး ဆွဲယူစားသောက်သည်။ သန်
မာသောမေးရိုးများနှင့် ချွန်ထက်သောသွားများရှိပြီး ငါးနှင့် အခြားတိရစ္ဆာန်
များကို စားသည်။ ရေအောက်၌ အစာကို မမျိုနိုင်သဖြင့် အစာစားနေစဉ်
ဦးခေါင်းကို ရေပေါ်တွင် ဖော်၍ထားတတ်ကြသည်။ ရေထဲ၌အနေများသော်
လည်း လေကိုပင်ရှူပြီး တစ်ခါတစ်ရံ ရေပေါ်၌ နှာခေါင်းနှင့် မျက်လုံးများကို
ဖော်ထားကြသည်။ ရေမျက်နှာပြင်အောက်ရောက်နေလျှင် အသက်မရှူ
နိုင်သော်လည်း အဆုတ်ရှိသော အခြားတိရစ္ဆာန်များထက်စာလျှင် အသက်
မရှူဘဲကြာရှည်နေနိုင်၏။ ပူနွေးသောဒေသများတွင် ကျက်စားပြီး မိကျောင်း
ခေါင်းရှည်သည် မိကျောင်းခေါင်းတိုထက် ပို၍ရန်မူတတ်သည်။

ဆရာတို့ပြောသမျှအားလုံးကို မမှတ်မိသော်လည်း ပါးဖြူကြီးကို နတ်
မိကျောင်းဟု မယူဆဘဲ အန္တရာယ်မရှိအောင် သတိနှင့် သွားလာနေထိုင်ကြ
ရမည်ဟူသည့် သတိပေးစကားကိုဖြင့် ကျွန်မတို့အားလုံး လိုက်နာကြပါ
သည်။

ချောင်းနံဘေးရှိရွာသူရွာသားများက တစ်ခါတစ်ရံမိကျောင်းကို တွေ့ရ
သော်လည်း အန္တရာယ်ပြုသည်ဟု မကြားပါ။ ကျွန်မတို့ချောင်းတစ်ခုတည်း
မဟုတ်ဘဲ အခြားချောင်းများတွင်ပါ ကျက်စားဟန်တူသည်။

"ပါးဖြူကြီးကို ဟိုနေ့က ကြိမ်ချောင်းရွာဘက်မှာ တွေ့တယ်တဲ့၊ လှေ
သမားငတိုး ပြောသွားတာ"

"ဘာပဲဖြစ်ဖြစ်၊ သတိတော့ ထားရအောင်ပေါ့၊ ဥပုသ်စောင့်တဲ့ကျားဆို
တာ မရှိသလို အသားမစားတဲ့မိကျောင်းလည်း မရှိဘူးဟ"

"ဘကြီးကလည်းလေ - ကြံဖန်ပြီး စိုးရိမ်နေလိုက်တာ၊ ပါးဖြူကြီးက ဒီပတ်ဝန်းကျင်ကိုရောက်တာ သုံးနှစ်ကျော်နေပြီ၊ ခွေးတို့ဝက်တို့ မပြောနဲ့ ရေထဲ ဆင်းကူးတဲ့ဘဲကိုတောင် ဆွဲတာမဟုတ်ဘူး"

"ဟဲ့ - ဟဲ့ - ဒီလိုလက်လွတ်စပယ်မပြောရဘူး - သူငယ်မရဲ့၊ ဟိုတလောက ရေးရှောင်းမှာ ဘဲတွေ ရေကူးနေတုန်း ဒီကောင်ကြီး ဆွဲသွားတယ်လို့ ရွာလူကြီးက သတင်းဖြန့်ထားတယ်နော်"

"အဲဒါ တိုက်ဆိုင်တာပါ - ဘကြီးရယ်၊ ဒီပြင့် ဆိုးဆိုးဝါးဝါး မရှိပါဘူး"

"အဲဒီရွာကလူတွေက ငါတို့အားလုံးကို သိအောင်ပြောလို့ သိရတာပေ့ါ၊ သူတို့လို ငါတို့ကို မပြောဘဲ ဒီကောင်ကြီးဆွဲတာကို ငြိမ်နေကြတဲ့ရွာတွေလည်း ရှိမှာပေ့ါ"

ကျွန်မသည် စိုးရိမ်ကြီးတတ်သောဘကြီးကို ဘာမျှမပြောမိတော့ပါ၊ တစ်ညသောအခါ ....။

"နွယ်နွယ်ရေ - ကမ်းစပ်နဲ့ ဝေးဝေးက လျှောက်ဖို့ ဆရာက မှာထားတယ်နော်၊ ပါးဖြူကြီးက စိတ်ချရတာ မဟုတ်ဘူးတဲ့"

"အေးပါဟယ် - ပြောရင်းနဲ့ ငါ ကျောချမ်းလာပြီ - မြန်မြန်လျှောက်ရအောင်"

ကျွန်မတို့လည်း ညအချိန် လသာသာတွင် အိမ်ရှေ့တွင် စု၍စကားပြောကြရန် သူငယ်ချင်းများကို လိုက်စုပြီး ကျွန်မတို့အိမ်ရှေ့တွင် ဆုံကြလေသည်၊ လျှပ်စစ်မီး မရှိသောဒေသဖြစ်၍ အိမ်တွင်း၌ ရေနံဆီမီးခွက် ထွန်းထားသော်လည်း အိမ်ပြင်တွင်မူ လဆန်းဆယ်ရက်ဖြစ်သဖြင့် လသာသာတွင် ကလေးများက ကစားပြီး လူကြီးများက ဝိုင်းဖွဲ့၍ ထွေရာလေးပါး ပြောနေကြသည်၊

ပုဇွန်ခြောက်အဲကောင်ကြီးများကို ကြက်သွန်နီနှင့် ငရုတ်သီးစိမ်းရော၍ ပဲဆီရွှဲရွှဲဆမ်းပြီး သံပုရာရည်ညှစ်ထားသော အမြည်းပန်းကန်ကိုအလယ်တွင်



မြစ်ကွင်းမှာ အသည်းထိတ်စရာပါ။ အစ်ကိုလှဖေနှင့် အစ်ကိုဌေးဘာနောက်သို့ ပါးဖြူကြီးသည် ငါးသတကြီး လိုက်ဟပ်နေခြင်းပင်။ သတိဝင်လာသောအခါမှ လူကြီးများကို ပြေးခေါ်ပေါ်။ အစ်ကိုတို့အဖည်များကို အောင်ခေါ်ရင်း ငိုသူငိုနှင့် ပွက်လောရိုက်ကုန်ကြသည်။



ချ၍ ရေနွေးကြမ်းပူပူနှင့် စကားပြောရင်း စားကြသည်၊ ပုဇွန်ခြောက်သုတ်ကုန်ပါက ရေနွေးအိုးမပြတ်အောင် တည်ထားသော မီးဖိုတွင် ငါးရံ့ခြောက်ဖုတ်ပြီး ပဲဆီရွှဲရွှဲဆမ်း၍ စားကြပြန်ပါသည်၊ ရေထွက်ပစ္စည်း အရင်းအမြစ်များပေါများသည့်အားလျော်စွာ ပုဇွန်ခြောက်ကိုလည်း ကိုယ်တိုင်လှန်းပြီးမှသုံးသကဲ့သို့ ငါးမျိုးစုံကို အခြောက်လှန်း၍ သိုလှောင်ထားကြသည်၊ အထူးသဖြင့် တစ်ခါတစ်ရံမှရသော လက်တံတောင်ကျော်ခန့် ရှည်သည့် ငါးရံ့ကြီးများကို အခြောက်လှန်းထားပြီး ဧည့်ကောင်းစောင်ကောင်းများလာပါက လက်ဆောင်ပေးတတ်ကြသည်၊ ရေတက်ချိန်ဖြစ်၍ ကျွန်မတို့ကမ်းရေစပ်မှ တစ်

ဇက်ကမ်းရေစပ်ထိ ပေနစ်ရာခန့် ကျယ်ဝန်းပြီး လရောင်ကြောင့် ရေပြင်ပေါ်တွင် တလက်လက်မြင်ရသကဲ့သို့ တစ်ခါတစ်ရံ ငါးပွက်သံများကို ကြားရသည်မှာ စိတ်ကြည်နူးစရာပင်၊ ထိုအချိန်တွင်မှ ကျွန်မသည် အစ်ကိုကြီးဖြစ်သူ အစ်ကိုလှဖေနှင့် ဘကြီး၏သားဖြစ်သော အစ်ကိုတစ်ဝမ်းကွဲ တော်စပ်သည့် အစ်ကိုငတောတို့ကို သတိရမိ၍ -

"နွယ်နွယ်ရေ - ငါ အခုမှ သတိရတယ်၊ အစ်ကိုလှဖေလည်း ပြန်မလာသေးဘူးနော်၊ သူပြန်လာရင် ဘိုကလေးဈေးကြီးထဲက ဒေါ်လှကြီးမှာလိုက်တဲ့ ငါးခြောက်တွေ ချိန်ပြီး ဈေးထွက်ရဦးမယ်နော်"

ထိုအခါ နွယ်နွယ်က -

"အစ်ကိုလှဖေက ကိုငတောနဲ့အတူ ဟိုဘက်ကမ်းကို သွားတာတွေ့လိုက်တယ်၊ ခနီဖောင်နဲ့ ကူးကြတာ"

"သြော် - ဟုတ်သားပဲ၊ ဟိုဘက်ကမ်းက အစ်မညီဆီကိုသွားတာ ငါမေ့သွားတယ်"

ခနီဖောင်ဆိုသည်မှာ ဝါးဖောင်ကဲ့သို့ပင် ခနီသားများနှင့် တွဲ၍ဖောင်ဖွဲ့ထားခြင်းဖြစ်သည်၊ ချောင်းရိုးတစ်လျှောက်ရှိရွာများသည် တစ်နေရာမှ တစ်နေရာသို့ကူးရန် ထိုဖောင်ကိုပင် အသုံးပြုကြသည်၊

"ပြောရဦးမယ် - နနရေ၊ ဟိုတစ်နေ့က အစ်ကိုလှဖေတို့လေ - နင်တို့လယ်ကွက်အစပ်မှာ ပါးစပ်ဖြဲပြီးအိပ်နေတဲ့ပါးဖြူကြီးကို လောက်လေးနဲ့ ပစ်ကြတယ်ဟေ့"

"ဟုတ်လား - မြမေ၊ အစ်ကိုလှဖေတို့က ဒီလိုလုပ်ဖို့မကောင်းဘူး၊ တကယ်အန္တရာယ်ရှိတာနော်"

"ပါးဖြူကြီးက သူတို့ကို ကုန်းပေါ်ထိ တက်လိုက်တာ အပြေးမြန်လို့ဟဲ့"

"စိတ်မပူပါနဲ့ - မြမေရယ်၊ ငါ့အစ်ကိုတွေက သတ္တိခဲတွေပါဟ၊ ပါးဖြူကြီးကလည်း ကုန်းပေါ်မှာ ဝေးဝေးမသွားနိုင်သလို အစ်ကိုကလည်း ပါးဖြူကို မမှုပါဘူး"



"ဘာပဲဖြစ်ဖြစ်၊ ခဏခဏ အဲလိုသွားလုပ်နေတာ အရမ်းအန္တရာယ်များပါတယ်ဟယ်၊ သတ္တိခဲဆိုတိုင်း လိုက်ရန်စနေရင်တော့ မကောင်းဘူးပေါ့ဟာ"

တိုက်ဆိုင်လွန်းပါသည်၊ အစ်ကိုတို့နှင့် ပါးဖြူကြီးအကြောင်း ပြောနေစဉ် -

"ဝုန်း - ဝုန်း"

ချောင်းတွင်းမှအသံများနှင့်အတူ ငယ်သံပါအောင် အော်လိုက်သောအသံကြီးကိုပါ ကြားလိုက်ရ၍ ကျွန်မတို့လည်း ကမ်းစပ်သို့ အပြေးအလွှားသွားကြည့်ကြသည်၊ ရုတ်တရက် မြင်ရသောမြင်ကွင်းကြောင့် ကျွန်မတို့မှာ အသက်ပင် မရှူနိုင်ဘဲ စက္ကန့်ပိုင်းခန့် ရပ်ကြည့်နေမိကြသည်၊ မြင်ကွင်းမှာ အသည်းထိတ်စရာပါ၊ အစ်ကိုလှဖေနှင့် အစ်ကိုငတောနောက်သို့ ပါးဖြူကြီးသည် ဒေါသတကြီး လိုက်ဟပ်နေခြင်းပင်၊ သတိဝင်လာသောအခါမှ လူကြီးများကို ပြေးခေါ်သူခေါ်၊ အစ်ကိုတို့အမည်များကို အော်ခေါ်ရင်း ငိုသူငိုနှင့် ပွက်လောရိုက်ကုန်ကြသည်၊

အစ်ကိုလှဖေက ရှေ့မှကူး၍ အစ်ကိုငတောမှာ နောက်မှကူးပြီး ပါးဖြူကြီးလက်မှ အသက်လု၍ပြေးနေကြသည်၊ တစ်ဇက်ကမ်းတွင်လည်း ကျွန်မတို့ကဲ့သို့ပင် လူအုပ်ကြီးက ရပ်ကြည့်၍ အသံမျိုးစုံကို ကြားနေရသည်၊ ထိုအချိန်တွင် နောက်တွင်ကူးနေသော အစ်ကိုငတောကို ပါးဖြူကြီးက လှမ်း၍ဟပ်လိုက်ရာ အစ်ကိုငတောက အနီးတွင်ရှိသော ခနီဖောင်ကို ပါးစပ်တွင်းထိုးထည့်ပြီး နှီးရာခနီတောအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်၊ ပါးဖြူကြီးသည် ဒေါသထွက်လျက် ခနီဖောင်ကို အားရပါးရ တစ်စစီ ဝါးရေပစ်သည့်အသံမှာ ကျွန်မတို့နားထဲတွင် မိုးကြိုးအလုံးတစ်ရာမက ပစ်နေသကဲ့သို့ ထင်နေမိသည်၊ ထိုခနီဖောင်နေရာတွင် လူဆိုပါက ဆိုဖွယ်ရာ မရှိတော့ပါ၊

"ဟေ့ - ကလေးတွေ - နောက်ဆုတ်ကြစမ်း၊ ဟိုကောင်ကြီးအမြီးနဲ့ ယမ်းလိုက်ရင် ပါသွားမယ်"

လူကြီးများကနောက်သို့လာရန်ခေါ်တော့မှကျွန်မတို့လည်းခြေထောက်ကို ရွှေ့၍ရပါတော့သည်။ ချောင်းထဲတွင်မူ ပါးဖြူကြီးသည် ဒေါသထွက်ပြီး အမြီးဖြင့် ရေပြင်ကို တဖြန်းဖြန်းရိုက်နေသည်မှာ ကျွန်မတို့ထံသို့ပင် ရေစက်များ စဉ်လာသည်။ ဓနိဖောင်အပိုင်းအစများသည် ပြန့်ကျဲလျက်ရှိပြီး ချောင်းရေပြင်တစ်လျှောက် ဂယက်ထနေသည်မှာ ကမ္ဘာပျက်နေပြီဟုပင် ထင်မိပါသည်။ တစ်ဖက်ကမ်းရှိလူများက အစ်ကိုလှဖေတို့ ဝင်သွားသော·ဓနိတောဘက်သို့ကြည့်၍ ငြိမ်ငြိမ်နေရန် အော်ပြောနေကြပြီး ကျွန်မတို့မိသားစုမှာမူ အမေ၏ငိုသံကိုကြား၍ ဝိုင်းဝန်းနှစ်သိမ့်နေကြသည်။ ဘကြီးမှာလည်း တက်တခေါက်ခေါက်နှင့် -

"ပါးဖြူကြီးကို သွားမစပါနဲ့လို့ အတန်တန်ပြောနေလျက်နဲ့။ အခုတော့ ဒီကောင်ကြီးက ငြိုးပြီးတိုက်ခိုက်ပြီပေါ့"

ထိုအချိန်တွင် အစ်ကိုတို့ပုန်းနေသော ဓနိတောနှင့် ဆန့်ကျင်ဘက်ရှိ ဓနိတောတစ်ခိုသို့ ပါးဖြူကြီးသည် ရုတ်တရက် ဝင်ပြီးသောင်းကျန်းပါတော့သည်။ ဓနိပင်များကိုကိုက်ဖြတ်သံများ၊ ကမ်းစပ်၌ ချည်ထားသော လှေနှစ်စီးကို အမြီးနှင့် ရိုက်ဖျက်၍ တစ်စစီဖြစ်အောင် လုပ်နေပုံတို့မှာ ကျွန်မတို့ မကြည့်ရဲလောက်အောင် ကြမ်းတမ်းလွန်းသည်။ အကယ်၍များ အစ်ကိုတို့ ထိုဓနိတောတွင်း၌ ရှိမည်ဆိုပါက အသက်ရှင်ရန် လမ်းမမြင်ပါ။

ချောင်းတစ်လျှောက်တွင် ဓနိပင်များကြေပွလျက် လှေနှင့် တံတားတို့၏ အပိုင်းအစများမှာ မြင်မကောင်းအောင် ပျက်စီးကာ မွစာကြဲနေသည်။ လရောင်အောက် ဖွေးဖွေးတွင် ထိုမြင်ကွင်းကို မြင်ရသည်မှာ တော်ရုံလူဆိုပါက သတိမေ့မြောသွားနိုင်ပေသည်။ ထိုအချိန်ဝယ် အစ်ကိုတို့ပုန်းနေသော ဓနိတောတွင်းသို့ပါးဖြူကြီးသည်ရုတ်တရက်ဝင်၍သောင်းကျန်းပြန်ပါသည်။ ကျွန်မတို့သည် အစ်ကိုတို့အမည်များခေါ်၍ ငိုကြပြန်ပါသည်။ ထိုစဉ် တစ်ဖက်ကမ်းရှိလူများက -

"ဟေး - ငတောတို့ ကမ်းပေါ်ရောက်နေပြီဟေ့"



"ဝေး - ဟေး - ဟေး"

ကျွန်မတို့သည် ပျော်ရွှင်မြူးတူးစွာ အော်ဟစ်ကြချိန်ဝယ် ပါးဖြူကြီး ဖျက်ဆီးထားသော ဓနိတောများမှာတော့ ငုတ်တိုများပင် ကျန်ပါတော့သည်။ ထိုသို့ လင်းအားကြီးချိန်အထိ အားရအောင် ဒေါသတကြီးဖြင့် သောင်းကျန်းပြီးခါမှ မောသွား၍လော မဆိုနိုင်ဘဲ ပါးဖြူကြီးသည် ရေထဲသို့ငုပ်လျှိုး ပျောက်ကွယ်သွားပါသည်။

ညက တစ်ညလုံး မအိပ်ရသဖြင့် အိပ်ပျော်နေသောကျွန်မမှာ အမေ၏ ငိုသံကြောင့် လန့်နိုးသွားပါသည်။

"ဖြစ်ရလေ - သားရဲ့၊ အမေ့ကို အမေလို့ ခေါ်ပါဦး - သားရဲ့"

အမေက အစ်ကို့ကိုဖက်၍ ငိုနေပါသည်။

"အစ် - အစ်"

အစ်ကိုလှဖေက စကားမပြောနိုင်တော့ဘဲ ပါးစပ်မှ "အစ် - အစ်" ဟူသော အသံသာ ထွက်လာသည်။ မျက်လုံးပြူးလျက် ကြောက်လန့်တကြားဖြစ်နေ ပုံကိုမြင်ရသော ကျွန်မမှာလည်း အမေနှင့်အတူ ငိုမိပါသည်။ အဖေ့ကို မေးမိသည်။

"အစ်ကိုငတောကော - အဖေ"

"နင့်အစ်ကိုလိုပဲ ဖြစ်သွားရှာတယ်။ ဘယ်လောက်တောင် လန့်သွားကြသလဲ မသိဘူး"

အစ်ကိုကား ဘာမျှမသိရှာတော့ပါ။ အိမ်ရှေ့သို့ ထွက်ကြည့်မိသော် ချောင်းရေတွင် ဓနိပင်ပြတ်များနှင့် သစ်သားအကျိုးအပဲ့ အစအနများပြန့်ကျဲနေသည့် ချောင်းရေပြင်သည် အလွန်အကျည်းတန်လွန်းသည်။ ပျက်စီးမှုများမှာ ဓနိတောများနှင့်တကွ စုစုပေါင်း လှေသုံးစီး ပျက်စီး၍ ရေဆိပ်ဆင်းသည့်တံတားများပါ ကျိုးကုန်ခြင်းပင်။

အစ်ကိုလှဖေကို အတော်ပင် ကုယူရသည်။ သုံးလခန့်အကြာတွင်မှ အကြောက်ပြေ၍ စကားပြန်ပြောနိုင်လာသည်။ အစ်ကိုငတောလည်း ထို့အတူပင်။ သူတို့ပြောပြသည်မှာ -

"အဲဒီညက ငါတို့နှစ်ယောက် ခနီဖောင်ပေါ် မတ်တတ်ရပ်ပြီးလှော်ရင်း ပြန်လာကြတာ။ ငါက ပုဆိုးကို ကွင်းသိုင်းလိုက်တဲ့အချိန်မှာ ငတောက ပုဆိုးပြန်ဝတ်ဖို့ပြောပေမယ့် ငါလည်း မဝတ်ဘဲ ဆက်လှော်လာရင်း ပါးဖြူကြီးက ဖောင်ကို ကျောကုန်းနဲ့ထမ်းပြီး မှောက်ချလိုက်တာပဲ"

"ကျွန်တော်လည်း ဒီကောင် ပုဆိုးကွင်းသိုင်းလိုက်တော့ စိတ်ထဲမှာ ဘယ်လိုဖြစ်သွားတယ်မသိဘူး။ ချက်ချင်းပြန်ဝတ်ခိုင်းရင်းနဲ့ဖြစ်သွားတာ"

"တော်သေးတာပေါ့ - အမေရာ။ ဟိုဘက်ရွာကလူတွေက ကျွန်တော်တို့နဲ့ဝေးတဲ့ ခနီတောထဲကို အသံထွက်အောင် ရွှံ့တွေနဲ့ ပေါက်ကြလို့ ပါးဖြူကြီး အဲဒီဘက်ကို အာရုံရောက်နေတုန်း ကျွန်တော်တို့ တက်ပြေးကြတာ"

"မင်းတို့ကိုပြောသားပဲ - ပါးဖြူကြီးက နတ်မိကျောင်းပါလို့။ မဖွယ်မရာ မလုပ်ကြနဲ့လို့ အတန်တန်ပြောရက်နဲ့ကွာ"

ဦးကြီးမြင့်ရွှေ၏အပြောကို ဘကြီးက -

"သူ့ကိုတွေ့တိုင်း ရန်စနေတဲ့ကောင်တွေမို့လို့ သူက တုံ့ပြန်တာပါ။ မင်းတို့လည်း ဒါက သင်ခန်းစာပဲ။ အသက်နဲ့ရင်းရတဲ့ သင်ခန်းစာပေါ့ကွာ"

ထိုအချိန်မှစ၍ ပါးဖြူကြီးကို ကျွန်မတို့ဝန်းကျင်တွင် မမြင်ရတော့ပါ။ မှတ်မှတ်ရရ ရွာသို့ မိကျောင်းနှင့်ပတ်သက်၍ မေးရန်လာကြသော လူကြီးသုံးယောက်သည်လည်း မိကျောင်းကို မတွေ့ရတော့သဖြင့် စိတ်ပျက်စွာ ပြန်သွားကြလေသည်။ ကျွန်မထင်သည်မှာ လူနှင့်တိရစ္ဆာန် ညက်ချင်းပြိုင်ရာတွင် လူသားက နိုင်သွားသည့်အတွက် ပါးဖြူကြီးက ကျွန်မတို့ချောင်းတစ်ခွင်မှ ရှောင်ပြေးသွားခြင်းဖြစ်သည်ဟု ကျွန်မတို့ ပြောစမှတ်ပြုကြပါသည်။

ကြာခဲ့ပါပြီ။ လွန်ခဲ့သော အတိတ်ကာလက ဖြစ်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်သော်လည်း မနေ့တစ်နေ့ကဖြစ်ခဲ့သလိုပင် မျက်စိထဲ၌ မြင်နေမိသည်။ အစ်ကိုလှဖေနှင့် အစ်ကိုငတောတို့လည်း အိမ်ထောင်ရက်သားကျ၍ ကျွန်မ၏တူ၊ တူမလေးများသည်ပင် ဘွဲ့ရကုန်ပြီဖြစ်သည်။ ကျွန်မသည် အစ်ကိုတို့၏စွန့်စားခန်းများကို ဂုဏ်ယူစွာဖြင့် သားစဉ်မြေးဆက် ပြောနေမြဲပင်။ သို့သော် အမှန်တကယ် ကြုံတွေ့ရသော သည်းထိတ်ရင်ဖိုဖွယ်လမ်း အဖြစ်မှန်ကို နောင်လာနောင်သားများက တစ်ချိန်ချိန်တွင် စိတ်ကူးယဉ်ပုံပြင်သဖွယ် မှတ်ယူသွားမှာကိုဖြင့် ကျွန်မတွေး၍ စိုးရိမ်မိပေသည်။

မကြည်မြ (သင်္ချာ)

စာ ရှင် သို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း



ကျွန်မနှင့် ကျွန်မ အဘိုးတို့နေတဲ့ မြို့လေးဟာ အေးချမ်းတိတ်ဆိတ်သောမြို့လေး
မှားမည်မထင်၊ ဒါပေမဲ့ - နယ်စပ်မြို့လေးဖြစ်သည့် အတွက် လူဝင်လူထွက်တော
အနည်းငယ်ရှုပ်ထွေးသည်၊ မြို့လေးရဲ့ဈေးဟာ တစ်ဖက်နိုင်ငံကို ဝင်ရောက်သည်



ကျွန်မနှင့်

# အပြာရောင် သစ်ခွပန်းချို

ကျွန်မဟာ အဘိုးကို တစ်ယောက်တည်းဆိုင်မှာထားခဲ့ပြီး မြို့လေးနဲ့ (၁၂)မိုင်လောက်ဝေးတဲ့နေရာမှာ ပန်းချီသွားရေးလေ့ရှိသည်။ ကျွန်မဘဝကို ပန်းချီထဲမှာ မြှုပ်နှံထားသူပါ။ တစ်ခါတစ်ခါ ကျွန်မဟာ ပန်းချီဖြစ်နေတတ်သလို တစ်ခါတစ်ရံ ပန်းချီကလည်း ကျွန်မ ဖြစ်နေတတ်ပြန်ပါသည်။ ပြီးတော့ ကျွန်မပတ်ဝန်းကျင်မှ အရာရာတိုင်းသည် ကျွန်မဘဝရဲ့ ပန်းချီကားတွေ၊ အရုပ်တွေ ဖြစ်နေတတ်သည်လေ။

မြို့လေးရဲ့ အပြင်ဘက်ကို ကျွန်မ ထွက်ခဲ့သည်။ လှလိုက်တဲ့ မြင်ကွင်းကျယ်။ ရှုမောမဆုံး လယ်ကွင်းစိမ်းစိမ်းရှည်ရှည်တွေ ကြည့်လိုက်သည့်အဆုံးတိုင် စိမ်းစိုဝင်းပနေသည်။ အပြာရောင်မိုးသားနောက်ခံ ကောင်းကင်အောက်ဝယ် အရာရာအားလုံး လှပနေသည်ဟု ကျွန်မ မြင်မိပါသည်။

လွတ်လပ်သန့်ရှင်းသောလေကို အဆုတ်ထဲရောက်အောင် တစ်ဝကြီး ရှူသွင်းလိုက်ရင်း စက်ဘီးကို အရှိန်တစ်ခုနှင့် သွက်သွက်လေး နင်းနေမိသည်။ အရာဝတ္ထုတချို့ လမ်းဘေးဝဲယာတစ်ဖက်တွင် ကျန်ခဲ့သည်။ ကျွန်မကတော့ ဆန့်ကျင်ဘက်တစ်ခုဆီသို့ ရွေ့လျားနေမိသည်။

ကျွန်မ ပန်းချီဆွဲချင်သည့်နေရာကိုရောက်ရန် ချောင်းငယ်လေးတစ်ခုကို ကျော်ဖြတ်ရဦးမည်။ ရေစီးအနည်းငယ်သာရှိသော ချောင်းငယ်လေးကို ဖြတ်၍ ဆောက်လုပ်ထားသော သစ်လုံးတံတားတစ်ခုဖြစ်သည်။ ဘေးမှာ လက်ကိုင်အဖြစ် ဝါးလုံးတန်းထားသည်။ ဟိုမှာဘက်မှာတော့ မျက်စိတဆုံး ကြည့်လိုက်တိုင်း တွေ့ရသည့်လယ်ကွင်းစိမ်းစိမ်းနှင့် ထုံးဖြူဖြူစေတီလေး တစ်ဆူ ကြည့်ရှုမဝအောင် ဖြစ်မိသည်။

ကျွန်မ မျက်စိထဲတွင် မြင်နေရသည့် သဘာဝအလှသည် ကဗျာတစ်ပုဒ်လည်းဖြစ်သည်၊ ပန်းချီကားတစ်ချပ်ဟုဆိုလျှင်လည်း မှားမည်မဟုတ်ပေ။ တကယ်တော့လည်း ကဗျာဆိုတာ တိတ်ဆိတ်တဲ့ ပန်းချီကားချပ်ဖြစ်သလို



ပန်းချီဆိုသည်ကလည်း စကားပြောတဲ့ ရုပ်ပုံလွှာတစ်ခုပင် မဟုတ်ပါလား။ ကျွန်မ ငေးငေးလေးနှင့် တွေးနေမိပါတော့သည်။

ပန်းချီစုတ်တံအချို့ရယ်၊ ဆွဲလက်စပန်းချီကားရယ်ကို လက်တစ်ဖက်မှာကိုင်ရင်း သစ်လုံးတံတားပေါ်ကဖြတ်ဖို့ ကျွန်မကြိုးစားနေတုန်း ခြေတစ်ဖက်က သစ်တုံးကို ချော်ပြီးနင်းသလို ဖြစ်သွားစဉ်မှာ လူက ယိမ်းယိုင်သွားကာ လက်ထဲက ဆွဲလက်စမပြီးသေးတဲ့ ပန်းချီကားရော စုတ်တံတွေရော ချောင်းလေးထဲ ပြုတ်ကျသွားပါလေတော့သည်။ ရုတ်တရက်မို့ ကျွန်မလည်း ထူပူသွားပြီး ရေထဲအရှိန်မီဆင်းပြီး ဘယ်လိုပြန်ဆယ်ရမှန်းမသိခင်မှာ ကြောင်ငေးနေရင်းမှ ပန်းချီကားလေး ရေစီးနှင့် မျောပါသွားတာကို ငေးကြည့်နေမိတော့သည်။

ရေစီးက သိပ်ပြီးတော့ အရှိန်မပြင်းပေမဲ့ ကျွန်မ ချောင်းထဲဆင်းပြီး ပစ္စည်းတွေဆယ်ဖို့ အချိန်မမီတော့ပေ။ ကျွန်မ စိတ်ပျက်လက်ပျက်နှင့် ရေစီးနှင့် မျောပါသွားတဲ့ ကျွန်မ ပန်းချီကားလေးကို ငေးကြည့်နေမိတော့သည်။

နောက်တစ်နေ့ ကျွန်မ ပန်းချီထပ်ဆွဲဖို့ ရောက်လာပြန်သည်။ မနေ့က ဖြတ်ခဲ့တဲ့ သစ်လုံးတံတားပေါ်ကို ဖြတ်ဖို့ ခြေအလှမ်းမှာပင် တံတားထိပ်က ဝါးလုံးမှာ ကျွန်မရဲ့ ပန်းချီဆွဲတဲ့ စုတ်တံတွေကို ပလိုင်းလေးတစ်လုံးထဲမှာ ထည့်ပြီး ချိတ်ထားတာတွေ့လိုက်ရသဖြင့် ကျွန်မ အလွန်ပျော်ရွှင်သွားမိသည်။ ဒါပေမဲ့ - ကျွန်မရဲ့ဆွဲလက်စပန်းချီကားချပ်လေးကတော့ ပြန်မရတော့ပေ။ ကျွန်မပစ္စည်းလေးတွေကို ဘယ်သူကများ သည်နေရာမှာ ပြန်လာထားပေးပါလိမ့်၊ ကျွန်မ စဉ်းစား၍ မရပါချေ။

ကျွန်မနှင့် အဘိုးဟာ မြို့လယ်က ဈေးမျက်နှာစာတစ်ခုမှာ ဈေးပေါင်းရှားပါးလက်ရာအစုံပစ္စည်းအမျိုးမျိုးကို ရောင်းဝယ်ပြီး ကျွန်မကတော့ ကျွန်မဆွဲတဲ့ ပန်းချီကားတွေကို ကျွန်မကိုယ်တိုင်ပြုလုပ်တဲ့ ဘောင်လေးတွေနှင့် ဖန်တီးပြီး ဆိုင်မှာ ချိတ်ရောင်းသည်။

ပြီးတော့လည်း ကျွန်မဟာ နေ့စဉ် အလုပ်တစ်ခုဖြစ်တဲ့ Sketch ခေါ်တဲ့ တစ်ကြောင်းဆွဲပန်းချီနှင့် လူပုံတူကို နာရီဝက် လေးဆယ့်ငါးမိနစ်အတွင်း ရေးပေးသည်။ လွန်ရောကျွံရော အဲဒီလူတစ်ယောက် ကျွန်မ ရှေ့မှာ နာရီဝက်လောက်ထိုင်ပြီးရင် ပုံတူ Sketch တစ်ပုံရပြီလေ။ ကျွန်မ ဈေးသိပ်မယူပါဘူး။ တစ်ပုံမှာ တစ်ထောင့်ငါးရာပါပဲ။

ကျွန်မက ဈေးရဲ့အလယ်ကောင် ကွင်းပြင်မှာ ခုံလေးနှစ်ခုံချပြီး ဒီအလုပ်ကို နေ့စဉ်လုပ်ရပါသည်။ စိတ်ဝင်စားသူတွေ တစ်ယောက်ပြီးတစ်ယောက်ကို ကျွန်မ ပုံတူကောက်ကြောင်းပန်းချီလေးတွေ ဆွဲပေးနေမိသည်။

တစ်နေ့တော့ ကျွန်မ ပန်းချီဆွဲတဲ့ ခုံရှေ့ကို လူတစ်ယောက်လာထိုင်သည်။ ကျွန်မ သူ့ကိုကြည့်လိုက်တော့ သူက ကျွန်မကို ပြုံးပြရင်း "ပုံတူဆွဲချင်လို့ပါ" ဟုပြောသည်။ သူက လူညီုချောပဲဟု ကျွန်မစိတ်ထဲမှာ တွေးနေမိသည်။ ပြီးမှ -

"ဟုတ်ကဲ့ - ဆွဲလို့ရပါတယ် - ထိုင်ပါ"

ဟု ကျွန်မပြောပြီး အဲဒီလူညီုချောရဲ့ပုံကို ကျွန်မ Sketch ဆွဲနေမိသည်။ လူညီုချောကလည်း ကျွန်မကို ပြုံးစစနှင့်ကြည့်ရင်း ပုံအဆွဲခံနေသည်။ ဒါပေမဲ့ သူ့မျက်လုံးတွေက ငနာမငြိမ်ပေ။ ဈေးအနောက်က အထပ်မြင့် ကွန်ဒိုတိုက်ခန်းတွေပေါ်ကို တစ်ချက်တစ်ချက် မျက်စိက ရောက်သွားသည်လေ။ ကျွန်မက စိတ်မရှည်တော့ဘဲ -

"ရှင့်မျက်လုံးတွေကို ခဏငြိမ်ပေးပါလား"

ဟုပြောလိုက်တော့ သူ ကျွန်မကို ပြုံးပြီးကြည့်သည်။ သူပြုံးတော့ ကျွန်မ စိတ်ထဲမှာလည်း ပြန်ပြုံးမိသည်။ သူ့အပြုံးက အလွန်ဖော်ရွေသော အပြုံးမျိုးဟု ကျွန်မ သိသည်လေ။



ဒါပေမဲ့ - ကျွန်မ ပြောတုန်း ခဏပဲငြိမ်သည်။ ပြီးတော့ - ကျွန်မအလစ်တွင် အဲဒီကွန်ဒိုပေါ်က အခန်းတစ်ခုကို လှမ်းလှမ်းကြည့်နေပြန်ပါသည်။

ကျွန်မလည်း သူ့ Sketch ပုံကို အပြီးသတ်ဖို့ကြိုးစားနေတုန်း ဖြုန်းဆို သူ ထိုင်ရာမှထပြီး "please နော်" ဟုဆိုကာ ကျွန်မ ရှေ့ကနေ ဈေးဘက်က တိုက်တန်းတွေရှိရာ သူ့အရပ်ကြီးနှင့် တစ်ရှိန်ထိုး ပြေးထွက်သွားလေသည်။ ကျွန်မမှာတော့ ဆွဲလက်စသူ့ပန်းချီကားကို လက်စမသတ်နိုင်ဘဲ အငေးသား ကျန်ခဲ့ရတော့သည်။



သဘာဝအလှသည်
ကဗျာတစ်ပုဒ်လည်း
ဖြစ်သည်။ ပန်းချီကား
တစ်ချပ်ဟုဆိုလျှင်လည်း
မှားမည်မဟုတ်ပေ။
တကယ်တော့လည်း
ကဗျာဆိုတာ တိတ်ဆိတ်တဲ့
ပန်းချီကားချပ်ဖြစ်သလို
ပန်းချီဆိုသည်ကလည်း
စကားပြောတဲ့ ရုပ်ပုံလွှာ
တစ်ခုပင် မဟုတ်ပါလား။

ထူးဆန်းတာတစ်ခုတော့ ရှိသည်၊ ကျွန်မစိတ်ထဲမှာ အပြာရောင်သစ်ခွပန်းကို ကြိုက်မှန်း လက်ဆောင်ရှင် ဘယ်လိုသိသလဲဆိုတာ ကျွန်မ စဉ်းစားကြည့်မိသည်၊ ဒါ - တိုက်ဆိုင်မှုတစ်ခုပင်လား။ ကျွန်မတို့ဆိုင်လေးရှေ့တံခါးပေါက်ဝမှာ မကြာမကြာဆိုသလို အပြာရောင်သစ်ခွပန်းအိုးသေးလေးတစ်လုံး ရောက်ရောက်လာတတ်သည်၊ အိုးလေးလာချပြီးရင် လူခေါ်ဘဲလ်နှိပ်သွားတတ်သည်၊ ကျွန်မ ထွက်ကြည့်တိုင်း ဘာအရိပ်အယောင်မျှမတွေ့ဘဲ အဲဒီအပြာရောင်ပန်းအိုးလေးကိုသာ တွေ့တွေ့နေရသည်၊ ထူးတော့ ထူးဆန်းသည်၊ ဘာအဓိပ္ပာယ်နှင့် သည်လက်ဆောင်ကို ကျွန်မဆီ ပို့နေသည်မသိရ၊

ကျွန်မလည်း ပန်းအိုးလေး လှမ်းယူလိုက်ပြီး ဟိုဟိုသည်သည် ငေးမိတော့ ဟိုဈေးအနောက်ဖက် ကွန်ဒိုပေါ်က အခန်းတစ်ခန်းမှ ပြတင်းတံခါးတစ်ချပ် ဖျတ်ခနဲ ပိတ်သွားသလို တွေ့လိုက်ရသည်၊ အဲဒီလူများ ဒီပန်းအိုးကို ပို့တာလားလို့ မဆီမဆိုင် တွေးမိလိုက်သေးသည်၊

ညနေဖက် ပန်းရှိဆိုင်လေးခင်းနေတုန်း ဟိုနေ့ကတည်းက လူညိုချောကို တွေ့လိုက်ရသည်၊ သည်တစ်ခါတော့ - သူက နေကာမျက်မှန်အမည်းတပ်ထားသည်၊ ကျွန်မကို ပြုံးပြနေသဖြင့် ကျွန်မလည်း အလိုက်သင့် ပြန်ပြုံးပြမိသည်၊ သူ့အပြုံးမှာ ဆွဲဆောင်မှုရှိတာ သေချာနေပါပြီ၊ ကျွန်မကိုယ်တိုင် သူ့အပြုံးကို သေချာမကြည့်ဘဲ မနေနိုင်တော့သလို ဖြစ်ချင်လာပါသည်၊

"ဆောရီးဗျာ - ဟိုနေ့က အရေးတကြီးကိစ္စပေါ်လာလို့ အမြန်ထွက်သွားရတာပါ၊ အဲဒီနေ့ကဆွဲတဲ့ ကျွန်တော့်ပုံလေး ပြီးလားဟင်"

ကျွန်မ သူ့ကို ငေးကြည့်ရင်း ပြန်ဖြေမိသည်၊

"ဒီနေ့ - ကျွန်မ ပြန်ဆွဲပေးပါ့မယ် - ထိုင်ပါဦး"

သည်တစ်ခါတော့ - ကျွန်မစိတ်လိုလက်ရနှင့် သူ့ပုံကို ဆွဲလိုက်တာ နာရီဝက်သာသာမှာ ပြီးသွားသည်၊ ဒါပေမဲ့ - ကျွန်မ သတိထားလိုက်မိသည်၊ သူ့နေကာမျက်မှန်အမည်းအောက်က သူ့မျက်လုံးတွေ မငြိမ်မသက်ဖြစ်နေတာကို ကျွန်မ မြင်ဖြစ်အောင် မြင်လိုက်ပါသေးသည်၊ ဒီလူကိုကြည့်ရင်းနှင့်



ကျွန်မအတွေးထဲမှာ သံသယဝင်လာမိသည်၊ သူက လူဆိုးလား၊ လူကောင်း လား။ (ဒါမှမဟုတ်) စုံထောက်တစ်ယောက်များ ဖြစ်နေမလားဟု မဆီမဆိုင် တွေးမိလိုက်သည်၊

"အားပါ - ကျွန်တော့်ပုံက တကယ့်တူတာပဲ၊ ကောင်းတယ်ဗျာ - ခင်ဗျားလက်ရာလေး အမှတ်တရပေါ့၊ ကျွန်တော် - ခင်ဗျားရဲ့အနုပညာခကြေး ဘယ်လောက်ပေးရမလဲ"

ဒီလူစကားလုံးတွေက အရမ်းကို နူးညံ့ပုံရှိသည်... 

ဒီလူစကားလုံးတွေက အရမ်းကို နူညက်လှသည်၊ အနုပညာခကြေးတဲ့လား။

"ဟုတ်ကဲ့ - (၁၅၀၀)ပဲ ပေးပါ့ရှင်"

"အပိုတွက်ကို တစ်ထောင့်ငါးရာလား" ဆိုပြီး လူညိုချောက ကျွန်မကို ပြုံးပြပါသည်၊ ကျွန်မ ဝန်ခံရရင် သူ့အပြုံးတစ်စတွေ့တိုင်း အဲသည်အပြုံးထဲကို ကျွန်မ လိုက်ပါသွားတာ အမှန်ပါပဲ၊

နောက်ရက်တွေမှာတော့ ကိုလူညိုချောရောက်မလာတော့ပေ၊ ကိုလူညိုချောမလာမှ ကျွန်မ သူ့ကို မျှော်လင့်မိသည်၊ လာများလာနေမလားလို့ တောင် ခဏခဏ ငေးမိပြန်ပါသည်၊

ကိုလူညိုချော မလာပေမဲ့ ဒီတစ်ပတ်ထဲမှာ ရက်ခြားဆိုသလို ကျွန်မအိမ်ရှေ့မှာတော့ အပြာရောင်သစ်ခွပန်းအိုးလေးတွေ ရက်ခြားဆိုသလို ရောက်လာတတ်နေရဲ့၊ ဒီပန်းအိုးလေးတွေကို ဘာအဓိပ္ပာယ်နှင့် ကျွန်မဆီ ပို့ပို့နေတာပါလိမ့်လို့ ကျွန်မ တစ်စုံတစ်ယောက်ကို တွေးရင်းငေးနေမိတော့သည်၊

တိုက်ဆိုင်တာပဲလား။ သူကိုယ်တိုင်ပဲလားတော့ ကျွန်မ မသိဘူး၊ တစ်နေ့ ကျွန်မ အိမ်ရှေ့တံခါးကိုဖွင့်လိုက်တဲ့အချိန်မှာ အပြာရောင်သစ်ခွပန်းအိုးလေးကိုကိုင်ရင်း ရပ်နေတဲ့သူ၊ ကိုလူညိုချောကို တွေ့လိုက်ရတော့ ကျွန်မ အရမ်း



ကျွန်မစိတ်ထဲမှာ
အပြာရောင်သစ်ခွပန်းကို
ကြိုက်မှန်း လက်ဆောင်ရှင်
ဘယ်လိုသိသလဲဆိုတာ
ကျွန်မ စဉ်းစားကြည့်မိသည်။
ဒါ-တိုက်ဆိုင်မှုတစ်ခုပင်လား။

အံ့အားသင့်သွားသည်၊ ရင်ထဲမှာလည်း လှိုက်ခနဲ ဖြစ်သွားသလိုမျိုး။ ကျွန်မ ပါးနှစ်ဖက်မှာပါ ရဲခနဲဖြစ်သွားအောင် ခံစားလိုက်ရသည်၊

သူ့ကိုကြည့်ရင်း ကျွန်မခေါင်းထဲ အတွေးတွေ ဝင်လာမိသည်၊ "ကျွန်မဆီကို သူ ဘာလို့ ဒီပန်းအိုးတွေကို ပို့နေတာလဲ၊ ဒါ ဘာအဓိပ္ပာယ်ပါလဲ"

ကျွန်မ သူ့လက်ထဲက ပန်းအိုးလေးကို လှမ်းယူရင်း ကြည့်မိသည်၊ အပြာရောင် သစ်ခွပန်းပွင့်လေးထဲမှ နှစ်လိုဖွယ်ရာကောင်းတဲ့ သူ့အပြုံးကို ကျွန်မ တွေ့လိုက်ရသဖြင့် သူ့ကို ကျွန်မ ပြန်ပြုံးပြရင်း အိမ်ထဲဝင်ဖို့ ဖိတ်လိုက်ရတော့သည်၊

ကျွန်မနှင့် အဘိုးတို့ရဲ့အိမ်လည်းမဟုတ်၊ ဆိုင်လည်း သီးသန့်မဟုတ်တဲ့ အိမ်ဆိုင်လေးပေါ့၊ အိမ်ရှေ့ခန်းထဲက ရှေးခေတ်ကျောက်စားပွဲပေါ်မှာ တင်ထားတဲ့ ရှေးဟောင်းရှားပါးလက်ရာမျိုးစုံနှင့် ဂန္ထဝင်ရုပ်ထုအကြီးအသေးများ



စွာကို တင်ထားတာတွေ့ရသည်၊ သစ်သားနှင့်လုပ်ထားတာ သံနှင့်လုပ်ကာ ကြေးနှင့်စပ်ပြီး သွန်းထားတာ ရှေးရှေးတုန်းက ပုံစံအမျိုးမျိုးနှင့် ဖြစ်သည်၊

နံရံတွေမှာတော့ ကျွန်မ စိတ်ကူးတွေနှင့် ပေါင်းစပ်ထားတဲ့ရောင်စုံအလှ ပန်းချီကားချပ်လေးတွေ ချိတ်ဆွဲထားပါသည်၊ ကျွန်မရဲ့ပန်းချီကားလေးတွေကို သူစိတ်ဝင်တစားနှင့် ငေးကြည့်နေတာကို ကျွန်မ နှစ်သက်နေမိတာ အမှန်ပါ၊

ကျွန်မ ဆွဲထားတဲ့အပြာရောင် သစ်ခွပန်းချီကားချပ်လေးနားရောက်တော့ အဲဒီပန်းချီကားကို သူ အကြာကြီး စိုက်ကြည့်ပြီးပြောသည်၊

"ကျွန်တော့်ကို အဲဒီကားလေး ပြန်ရောင်းပါလား"

ကျွန်မ သူ့မျက်ဝန်းတွေကို ငေးနေမိတော့သည်၊

သူ့မျက်ဝန်းထဲမှာ ကျွန်မကိုကြည့်ရင်း အရောင်တွေ တဖျပ်ဖျပ်လက်နေသလိုမျိုးပင်၊ ကျွန်မ ပြောပြောဆိုဆို နံရံမှာချိတ်ထားသော ပန်းချီကားကို ဖြုတ်ယူပြီး -

"ကျွန်မ မရောင်းပါဘူး၊ ရှင် နှစ်သက်ရင် လက်ဆောင်ပေးပါ့မယ်၊ ရှင့် နာမည်လေးပြောပါဦး၊ ကျွန်မ လက်မှတ်ထိုးပေးပါ့မယ်"

"ကျွန်တော့်နာမည် မင်းဒင်ပါ"

"ကိုမင်းဒင်ပေါ့"

"ဟုတ်ကဲ့"

ကျွန်မ အပြာရောင်သစ်ခွပန်းချီကားလေးရဲ့ ထောင့်တစ်နေရာမှာ ကိုမင်းဒင်သို့ဆိုပြီး စုတ်တံလေးနှင့်လက်မှတ်လေးထိုးပြီး ကျွန်မ သူ့ကိုလက်ဆောင်ပေးလိုက်ပါသည်၊

သူလည်း ဝမ်းသာအားရနှင့် ပန်းချီကားလေးကို လှမ်းအယူ သူ လက်ဖဝါးတွေက ပန်းချီကားကိုင်ထားတဲ့ ကျွန်မ လက်နှစ်ဖက်ကိုအုပ်ပြီး ဆုပ်ကိုင်ထားသလို ဖြစ်သွားသည်၊ ကျွန်မ သူ့မျက်ဝန်း ညိုမှောင်မှောင်ကိုကြ-ည့်လိုက်မိတော့ သူကလည်း ကျွန်မ မျက်ဝန်းထဲကို စိုက်ကြည့်နေတာကို

တွေ့လိုက်ရတော့သည်။ ပြီးမှ သူ ကျွန်မကို ပြုံးပြလိုက်သည်။ သည်တစ်ခါ လည်း ကျွန်မ သူ့အပြုံးထဲမှာ နွေးထွေးစွာ နစ်မြုပ်သွားပြန်ပါသည်။

သည်လိုနှင့် သူနှင့်ကျွန်မ၏ ရင်းနှီးခင်မင်မှုတွေက ပိုလာသည်။ သူဆို သည့် ကိုမင်းအင်တစ်ယောက် မကြာခဏဆိုသလို ကျွန်မ နေ့စဉ် Sketch ဆွဲ ပေးတဲ့ ပန်းချီဆိုင်လေးရှိရာ ရောက်ရောက်လာသည်။ သူ ရောက်လာတော့ လည်း ကျွန်မနှင့် စကားတွေပြောဖြစ်ကြသည်။ ဒါပေမဲ့ - ကိုမင်းအင်ဟာ ကျွန်မကို တစ်ခုခု လျှို့ဝှက်ထားသလိုဆိုတာကိုတော့ဖြင့် ကျွန်မစိတ်က အလိုလို သိနေမိသည်။

ဘယ်လိုပင်ဖြစ်စေ၊ အဆုံးတော့ ကျွန်မနှင့်ကိုမင်းအင် ချစ်သူတွေ ဖြစ် သွားကြသည်ဟုပဲ ဆိုရပါတော့မည်။ ကျွန်မတို့နှစ်ယောက် ဟိုဟိုသည်သည် သွားလာတာမျိုးရှိသည်။ တစ်ခါတစ်ရံ ကျွန်မတို့အဘိုးဆိုင်ထဲမှာပဲ စကား ပြောဖြစ်နေတာလည်း ရှိသည်။ ကျွန်မ သူ့လုပ်ငန်းကို မေးကြည့်တော့လည်း အရောင်းအဝယ်လုပ်နေတာဟု ဆိုသည်။ နယ်စပ်နှင့် ရန်ကုန်သွားလိုက် လာလိုက်ဟု ဆိုသည်။ ကျွန်မ ဆက်မမေးဖြစ်တော့ချေ။ ဒါပေမဲ့ - သူ ကျွန်မကို တကယ်မြတ်နိုးတာတော့ အမှန်ဖြစ်သည်ဟု ကျွန်မ ယုံကြည်နားလည်ထား သည်လေ။

သည်လိုနှင့် ကျွန်မတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြပြီး သုံးလ လောက်မှာ ထင်ပါသည်။ တစ်နေ့ သူ ကျွန်မ ပုံတူပန်းချီဆွဲရာနေရာကို လာ ပြီး ကျွန်မနှင့်စကားပြောနေတုန်း ဈေးအနောက်ဘက် ကွန်ဒိုအခန်းဘက်က လူတစ်ယောက် သုတ်သုတ်ပျာပျာပြေးဆင်းလာတာကိုကြည့်ပြီး သူ ပြော ပြောဆိုဆို အဲဒီလူနောက် ပြေးလိုက်တော့သည်။ ကျွန်မ ကြောင်ငေးငေးလေး ကြည့်နေစဉ်မှာပဲ ဟိုးအရှေ့ဘက် တိုက်ကြားမှ လူနှစ်ယောက် ထပ်ထွက်လာ



ပြီး သူ့ကို သေနတ်တွေနှင့်ထုတ်ပြီး တရစပ်ပစ်တော့သည်။ သူလည်း မြေ ပြင်ပေါ် ကိုယ်ကို ပစ်လှဲချပြီး ခါးကို လှိမ့်ထွက်ရင်း သူ့လက်ထဲက သေနတ် နှင့် ပြန်ပစ်သည်။ လူတစ်ယောက် သူ့ရင်ဘတ်ကို အုပ်ကိုင်ပြီး ပစ်လဲကျသွား သည်။ ကျွန်မ သူ့ကို ကြည့်လိုက်တော့ သူလည်း ဒူးထောက်ရင်း ခေါင်းငိုက် စိုက်ကျနေတာ ကျွန်မ တွေ့လိုက်ရသည်။ ကျန်နေတဲ့ သူတစ်ယောက်က သေနတ်ကို သူ့ဘက်ချိန်လိုက်တဲ့အချိန်မှာ ကျွန်မ ဘာဖြစ်သွားသည်မသိ သူ့ဆီ ကျွန်မ အော်ပြီးပြေးဝင်လိုက်မိသည်။

“ဒိုင်း” ဆိုသည့် ယမ်းပေါက်ကွဲမှုအသံနှင့်အတူ ကျွန်မ ညာဖက်လည် ပင်းနားမှာ ပူခနဲဖြစ်သွားပြီး ကျွန်မလည်း သူ့ရင်ခွင်ထဲ လဲကျသွားသည်။ သူက ကျွန်မကို အသာလေးထိန်းထားပေမယ့် သူ့ညာဘက်ရင်ဘတ်မှာ သွေးတွေရဲရဲနီနေတာကို ကျွန်မ တွေ့လိုက်ရသည်။ သည့်နောက်တော့ သူ့ကိုကြည့်ရင်း ကျွန်မ မျက်လုံးထဲမှာ ပုံရိပ်တွေက မှုန်ဝါးလာပြီး နောက်ထပ် ကျွန်မ ဘာကိုမျှ မသိတော့ပါချေ။

ကျွန်မ သတိပြန်ရတော့ ကျွန်မအဘိုးက ခေါင်းရင်းမှာရပ်ပြီး ကျွန်မ လက်ကလေးကို အသာယာဆုပ်ကိုင်ပေးနေသည်။ ကျွန်မ ခုတင်ဘေးမှာ ရဲအရာရှိနှစ်ယောက်ကို ယူနီဖောင်းဝတ်နှင့်တွေ့ရသည်။ ကျွန်မ သူ့ကို သတိ ရသွားပြီး မေးမည်လုပ်တော့ ကျွန်မ အသံထွက်မလာတော့ချေ။ ကျွန်မ အံ့ဩရတော့သည်။ ကျွန်မ လည်ပင်းကို အသာအယာစမ်းကြည့်လိုက်တော့ ပတ်တီးပတ်ထားတာ တွေ့ရသည်။ ကျွန်မ အဘိုးက ကျွန်မကို “သမီးစကား ပြောလို့မရဘူးမပြောနဲ့ ငြိမ်ငြိမ်နေနော်” ဟု သတိပေးလေသည်။

“ရဲအုပ်ကိုမင်းအင်ရဲ့မိတ်ဆွေထင်ပါရဲ့” ဟု ကျွန်မကို ရဲအရာရှိတစ်ဦးက စကားစလေသည်။ ကျွန်မက ခေါင်းညိတ်ပြမိသည်။

"ရဲအုပ်ကိုမင်းဒင်နဲ့အတူ ဒီလိုဖြစ်သွားရတာ စိတ်မကောင်းပါဘူး။ မ ........"

ကျွန်မ အဘိုးက ဝင်ပြောရသည်။

"မမေမီပါ"

"စိတ်မကောင်းပါဘူး - မမေမီ။ ကိုမင်းဒင်က ဒီမြို့လေးမှာ မူးယစ်မှောင်ခိုဂိုဏ်းတွေရဲ့လှုပ်ရှားမှုကို စောင့်ကြည့်နှိမ်နင်းဖို့ တာဝန်ပေးခံရတဲ့သူပါ"

ကျွန်မက လက်လေးထောင်ရင်း သူ ဘယ်မှာလဲလို့ အမူအရာလုပ်ပြီး မေးမိတော့။ ရဲအရာရှိက ခေါင်းညိတ်ရင်း -

"ရဲအုပ်ကိုမင်းဒင် ဒဏ်ရာရသွားတာ ပြင်းထန်တဲ့အတွက် ရန်ကုန်ကို ပြန်သယ်သွားပါတယ်။ သူ နေကောင်းသွားမှာပါ။ မမေမီ - မစိုးရိမ်ပါနဲ့။ ကျွန်တော်တို့ မမေမီအတွက်လည်း အစစ အရာရာ အကောင်းဆုံးဖြစ်အောင် စီစဉ်ထားပါတယ်"

ကျွန်မ မျက်စိထဲမှာတော့ သူ့ရင်ဘတ်မှာ ထိထားတဲ့ဒဏ်ရာကြောင့် သွေးကွက်ကြီးဖြစ်နေတာကိုပဲ မြင်နေမိတော့သည်။ ရဲအရာရှိက စကားတွေပြောနေပေမယ့် ကျွန်မ မကြားတော့ပါ။

နောက်နှစ်ပတ်လောက်အကြာမှာတော့ ကျွန်မ ဆေးရုံက ဆင်းဖြစ်သည်။ ကျွန်မအဘိုးက ကျွန်မကို ဆေးရုံမှ နေအိမ်သို့ ပြန်ခေါ်သွားသည်။ ကျွန်မလည်ပင်းက အနာကျက်သွားပေမယ့် ကျည်ဆန်က အသံအိုးကို ထိသွားတာမို့ ကျွန်မ စကားပြောလို့မရတော့ပါ။ အဘိုးကတော့ ကျွန်မကို အသက်မသေတာ ကံကောင်းလှတယ်လို့ပဲ ပြောနေတော့သည်။

ကျွန်မ ဆေးရုံကဆင်းပြီး အိမ်မှာနားနေတုန်း ကိုမင်းဒင်ကိုပဲ သတိရနေမိသည်။ ရဲအရာရှိတွေဆီကလည်း ကိုမင်းဒင် အခြေအနေကောင်းသည်ဟုသာ သိရသည်။ နောက်ထပ် ဘာမျှမသိရတော့ချေ။ သည့်နောက်ပိုင်းမှာတော့ ကိုမင်းဒင်၏သတင်းသည် ကျွန်မတို့မြို့ကလေးမှ ပျောက်ကွယ်သွားသည်။ သို့သော် ကျွန်မကတော့ သူ့ကို တစ်နေ့မျှ မေ့လို့မရနိုင်တော့ပါချေ။ ထိုသို့



မမေ့နိုင်ကြောင်းကိုပြောရန် စုလိုအခြေအနေမှာတော့ စကားလုံး မရှိပါလေ။ ရှိလျှင်လည်း စကားသံအဖြစ် ထွက်ခွင့်ရမည် မဟုတ်တော့ပေ။

ရက်များမှသည် လသို့တိုင်ခဲ့သည်။ တစ်လပြီးတစ်လ ပြောင်းသွားသည်။ ကျွန်မဘဝမှာတော့ ကိုမင်းဒင်ကို မေ့မရ။ သူတစ်နေ့ ဒီမြို့လေးကိုပြန်ရောက်လာဦးမည်ဟု မျှော်လင့်နေမိသည်။ ကျွန်မလည်း စိတ်ပြေလက်ပျောက် ပန်းချီကားတွေကိုသာ တစ်ကားပြီးတစ်ကား ဆက်တိုက်ဆွဲနေမိသည်။ အတိတ်၏ ခါးသီးသောအရိပ်ဆိုးအောက်မှ ရုန်းထွက်ရန် တစ်ခုတည်းသောလမ်းမှာ ပန်းချီ၏အရိပ်အောက်တွင် ခိုလှုံနေရန်သာ ဖြစ်တော့သည်။

သူ့ကိုသတိရတိုင်း ကျွန်မ ရင်ထဲက စိတ်ခံစားမှုတွေနှင့် ပေါင်းစပ်ပြီး ပန်းချီတွေ ဖြစ်တည်လာသည်။ ကျွန်မ ခံစားမှုရဲ့အရောင်တွေ ထွက်ပေါ်လာခဲ့သည်။ ကျွန်မအဘိုးကတော့ ကျွန်မကို အရိပ်သဖွယ်ကြည့်ရင်း မသိမသာ သက်ပြင်းတွေ ချနေလေသည်။

သည်ကြားထဲ ထူးဆန်းသည်က ကျွန်မတို့ဆိုင်ရှေ့ကို အရင်ကလိုပဲ အပြာရောင်သစ်ခွပန်းအိုးလေး ရောက်ရောက်လာနေဆဲပင်ဖြစ်သည်။ ကျွန်မစိတ်ထဲမှာတော့ ကိုမင်းဒင်များ ကျွန်မဆီ ပို့နေသလားပေါ့။ ဒါမှမဟုတ် ဘယ်သူများလဲဟု ကျွန်မစိတ်ထဲမှာ ဒွိဟစိတ်တို့ လွှန်ဆွဲနေကြသည်လေ။

ကျွန်မတို့ဆိုင်ရှေ့ကို စိမ်းရောင်လင့်ရှိတာကားတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်မှ ရုပ်ရည်အားဖြင့် ရည်မွန်သန့်ပြန့်သော လူရွယ်တစ်ယောက် ဆင်းလာသည်။ သူ ဆိုင်ထဲက ဝင်လာတာ ကျွန်မ သိသည်။ ကျွန်မ ထိုင်နေတာမြင်တော့ သူ့ခြေလှမ်းတွေ ရပ်တန့်သွားပြီး ကျွန်မကို ပြုံးပြသည်။ ကျွန်မက ပြန်ပြုံးပြစဉ်မှာပဲ အဘိုးက ရှေ့ကို ထွက်လာပြီး -

"မြေးလေးက စကားပြောလို့ မရဘူး။ မောင် - ဘာများအလိုရှိပါသလဲ"

လူရွယ်၏ မျက်နှာတစ်ချက် ပျက်သွားပြီးမှ -

"ဟုတ်ကဲ့ - အဘိုး။ ပန်းချီဆွဲတဲ့စုတ်တံလည်း ဝင်ဝယ်ရင်း ဒီဆိုင်က ပန်းချီကားလေးတွေကိုလည်း ကြည့်ချင်တာကြောင့်ပါ"

"ဩော် - ဟုတ်ပါပြီ၊ ကြည့်ပါ မောင် - ကြည့်ပါ"

"ထိုလူရွယ်က ကျွန်မကို တစ်ချက်ကွက်ကြည့်ပြီးနောက် အခန်းထဲမှာ ချိတ်ဆွဲထားတဲ့ ကျွန်မရဲ့ ပန်းချီကားလေးတွေကို လိုက်ကြည့်ပါတော့သည်၊

အတန်ကြာကြည့်ပြီးမှ နံရံက ပန်းချီကားတစ်ချပ်ကို လက်ညှိုးထိုးပြပြီး -

"အဲဒီကားလေး ရောင်းမှာလား - ကျွန်တော် ဝယ်ချင်ပါတယ်"

ကျွန်မ အမြတ်တနိုးရေးဆွဲထားသော အပြာရောင်သစ်ခွပန်းအိုးပန်းချီကား ဖြစ်သည်၊ ကျွန်မ သူ့ကို ပြုံးပြရင်း ခေါင်းခါပြမိပါသည်၊ သူကလည်း ပြန်ပြုံးရင်း သူ့လိပ်စာကတ်ပြားလေး ကျွန်မကို ထုတ်ပေးပါသည်၊

"Artist Wanna" ဆိုတဲ့ သူ့နာမည်လေးက သူ့အနုပညာကို ဖော်ပြနေသည်လေ ...၊

ကျွန်တော်လည်း ပန်းချီဝါသနာ ပါ,ပါတယ်၊ အဲဒီနာမည်နဲ့ ပန်းချီကားလေးတွေ ဆွဲပါတယ် ခင်ဗျ၊ တစ်နေ့အားရင် ကျွန်တော့်အိမ်မှာ လုပ်ထားတဲ့ ကျွန်တော့်ပန်းချီခန်းကို ဒီက မ ... ..."

"မြေးလေးရဲ့နာမည်က မေမီပါမောင်" ဟု အဘိုးက ဝင်ပြောတော့ -

"မမေမီ ဆန္ဒရှိရင် - လိုက်ကြည့်ဖို့ ဖိတ်ခေါ်ပါတယ်၊ တစ်နေ့ပေါ့"

ကျွန်မ သူ့ကို ခေါင်းညိတ်ပြမိပါသည်၊

အဲဒီကိုဝဏ္ဏဆိုတဲ့သူ ပြန်သွားပြီးနောက်ပိုင်းမှာတော့ သူ ကျွန်မတို့ဆိုင်ကလေးကို မကြာခဏဆိုသလို ရောက်ရောက်လာတယ်၊ ပန်းချီဆွဲဖို့လိုတဲ့ ဆေးနှင့် စုတ်တံတွေဝယ်တယ်၊ ပြီးရင် - ကျွန်မ ပန်းချီကားတွေကြည့်တယ်၊ နောက်တော့မှ အဘိုးနှင့်ကျွန်မကို စကားပြောပြီး ပြန်တတ်သည်၊

ကိုဝဏ္ဏက ရည်ရည်မွန်မွန်နှင့် ခင်မင်စရာကောင်းသူမို့ ကျွန်မ သူ့ကို ရင်းနှီးလာပါသည်၊ သူကလည်း ကျွန်မကို ရယ်စရာ၊ မောစရာလေးတွေပါ ထည့်ထည့်ပြောတော့ ကျွန်မ စိတ်လေး ခါတိုင်းထက် လန်းလာတာ အမှန်ပါ၊



ပြောရရင်တော့ - ကျွန်မ သူနဲ့စကားပြောနေရတဲ့အချိန်တွေမှာ ကျွန်မ လက်ရှိဘဝကို မေ့ထားနိုင်တဲ့အတွက် တစ်မျိုးကောင်းနေသည်ကို ကျွန်မ နှစ်သက်နေမိတာ အမှန်ပါ၊ တစ်ခါတစ်ခါ စဉ်းစားရင်း ခေါင်းရှုပ်လာရသည်မို့ ကျွန်မ ဖြစ်နိုင်ရင် ကိုမင်းဒင်အကြောင်းကို မတွေးချင်ပါ၊ ဒါပေမဲ့ - ကျွန်မ ခေါင်းထဲမှာ သူ ဘာလို့ ကျွန်မဆီ ပြန်မရောက်လာတော့တာလည်း သူ ဘယ်ရောက်နေလဲ၊ ဒါမှမဟုတ် သူ သေသွားတာလား၊ ကျွန်မ ဆက်မတွေးချင်တော့ပါ၊

ကိုဝဏ္ဏက ကျွန်မကိုကြည့်ရင်း ပြုံးပြနေသည်၊ သူ လက်ထဲမှာ အဘိုးရဲ့ ရှားပါးအရုပ်တစ်ခုဖြစ်တဲ့ ဒဿဂီရိဘီလူးရုပ်ကို ကိုင်ထားရင်းမှ -

"မမေမီကို ကြည့်ရတာ တစ်ခါတစ်ခါ စိတ်ပင်ပန်းနေသလိုပဲနော်၊ ဖြစ်နိုင်ရင် စိတ်ပြေလက်ပျောက် ကျွန်တော်နေတဲ့ မြို့ပြင်က အိမ်နားမှာ ရှုခင်းကောင်းကောင်းတွေ ရှိပါတယ်၊ Outdoor ထွက်ဆွဲချင်ပြောလေ၊ ကျွန်တော် လိုက်ပို့ပါ့မယ်ဗျာ၊ ပြီးတော့လည်း ပေဘာဒီအိမ်အထိ ဘေးမသီ ရန်မခအောင် ပြန်ပို့ပေးမှာပါ"

သူ့အပြောကြောင့် ကျွန်မ အသံမထွက်ဘဲ ရယ်မိသည်၊ ကျွန်မ သူ့ကို ခေါင်းညိတ်ပြလိုက်သလားတောင် မမှတ်မိတော့ပေ၊ ဒါပေမဲ့ - ကျွန်မလည်း စိတ်ထဲမှာ အဲဒီလိုလေး Outdoor ထွက်ချင်နေမိသည်လေ ...၊

အဘိုးဆီမှာ ခွင့်တောင်းပြီး ကိုဝဏ္ဏ ကျွန်မကို မြို့ပြင်က သူ့အိမ်လေးရှိရာ ခေါ်သွားပါသည်၊ နောက်ခံရော်ဘာတောအုပ်ကို အမှီပြုထားတဲ့ တစ်ထပ်တိုက်လေး ဖြစ်သည်၊ ပတ်ဝန်းကျင်က စိမ်းစိုပြီး လေကောင်းလေသန့်ရတာရယ်ကြောင့် ကျွန်မ စိတ်တွေ တစ်ခဏတော့ ပေါ့ပါးနေမိသည်၊

ကိုဝဏ္ဏအိမ်ရှေ့ခန်းတစ်ခုလုံးက ပန်းချီခန်းသဖွယ်ပင်။ အစိမ်းနုနှင့် အဝါနုရောင် နှစ်မျိုးစပ်ထားသော ဧည့်ခန်းတစ်ခုလုံး ပန်းချီကားတွေ အပြည့် ချိတ်ဆွဲထားတာ တွေ့လိုက်ရသည်။ အပူအဆ၊ အတွေးအခေါ်တွေက ဆန်းသစ်နေတာမို့ အရောင်တွေက ကျွန်မကို ဆွဲဆောင်ပြီး ဧည့်ခံကြိုဆို စကားဆိုနေသလားတောင် ထင်မိရသည်။

ကျွန်မ ကိုဝဏ္ဏပန်းချီကားတွေထဲမှာ နစ်မျောနေတုန်း ကိုဝဏ္ဏ ဖုန်းပြောသံကို မသဲမကွဲကြားနေရသည်။

"ဟုတ်ကဲ့ - အင်း - ဟုတ်ကဲ့"

"မမေမီ - အရေးပေါ်ကိစ္စ ပေါ်လာလို့ ကျွန်တော် ဒီနားခဏလေးသွားမယ်။ မမေမီ - နေလို့ရတယ်နော် - ခဏပါ"

ကျွန်မ သူ့ကို ခေါင်းညိတ်ပြပြီး သွားဖို့ခွင့်ပြုလိုက်သည်။

ခဏနေတော့ - အပြင်ဘက်မှာ ကားမောင်းထွက်သွားသံ ကြားလိုက်ရသည်။ သူ့ပန်းချီတွေကို ဖြည်းဖြည်းချင်း လျှောက်ကြည့်နေမိရာမှ ပန်းချီကားတစ်ချပ်ရဲ့ဘေးအောက်က ဗီရိုတံခါးလေးဟနေတာတွေ့ရပြီး ဘာများပါလိမ့်ဆိုကာ ကျွန်မ ဒူးထောက်ငုံ့ပြီး တံခါးကို ဆွဲဖွင့်လိုက်တော့ ကျွန်မ အံ့ဩမင်တက်သွားမိပါတော့သည်။

အပြာရောင်သစ်ခွပန်းအိုးလေး (၅)ခုကို တွေ့လိုက်ရသည်။ ဒီပန်းအိုးတွေက ကျွန်မ ဆိုင်တံခါးရှေ့မှာ လာလာပြီး ချပေးသွားတဲ့ အပြာရောင်ပန်းအိုးနှင့် တစ်ထေရာတည်း တစ်ပုံစံတည်းဖြစ်သည်။ ပန်းအိုးတွေ အများကြီးသိမ်းထားတာကိုငေးရင်း အဲဒီဗီရိုနောက်ဘက်ထဲ ဆက်ကြည့်မိလိုက်တော့မှပဲ ကျွန်မ ပိုပြီးအံ့အားသင့်ရပါတော့သည်။ ဟိုးတစ်ခါက ရေထဲပြုတ်ကျပြီး မျောသွားတဲ့ ကျွန်မ ပန်းချီကားလေးပေါ့။ တချို့နေရာတွေမှာ ရေထိပြီး ဆေးသားတွေ ပျက်တာပျက်၊ ပြယ်တာပြယ်နှင့် ဖြစ်နေသည့် မှုန်မှုန်ရေးရေး ကျွန်မ ပန်းချီကားလေးကို တွေ့လိုက်ရသည်။ ကျွန်မပန်းချီကားလေး



သူ့ဆီ ဘယ်လိုကြောင့် ရောက်နေပါလိမ့်။ ဘာအဓိပ္ပာယ်နှင့် ဒီပန်းချီကားကို သိမ်းထားရပါလိမ့်။ သူ - ဘယ်သူလဲ။ ဒါဆို - တံတားပေါ်မှာ ရေထဲကျသွားတဲ့ ကျွန်မရဲ့စုတ်တံလေးတွေ ပြန်လာချိတ်ပေးထားတာ သူလား။ သူ - ဘာရည်ရွယ်ချက်နဲ့လုပ်တာလဲ။ သူ - ကျွန်မကို ဟိုးအစောကြီးကတည်းက သိနေတာလား၊ ဒါမှမဟုတ် သူဟာ ကျွန်မကို အစောကြီးကတည်းက စိတ်ဝင်စားခဲ့သူများလား။ ကျွန်မအတွေးတွေ ရှာရှာလည်သွားသည်။

ကျွန်မ ဗီရိုလေးထဲက ကျွန်မ ပန်းချီကားကိုတစ်လှည့်၊ အပြာရောင်သစ်ခွပန်းအိုးလေးကိုတစ်လှည့် ငေးရင်းမှာပင် ကျွန်မဆီ ဖုန်းဝင်လာလေသည်။

ကျွန်မဖုန်းကို နားနားကပ်လိုက်မိသည်။ တော်တော်အံ့ဩဖို့ကောင်းသည်။ ကျွန်မ နေမကောင်းခဲ့သည့်နောက်ပိုင်း ကျွန်မကိုသိသော၊ ခင်မင်သောမိတ်ဆွေများ ဖုန်းသိပ်မဆက်ဖြစ်ပါ။ ဆက်လည်း သူတို့ကသာ ပြောပြီး ကျွန်မက "အင်း - အင်း"သာ အသံပြုနေရတာများသည်။ ခုလည်း ကျွန်မ "အင်း - အင်း"လုပ်ရပါဦးမည်။

"ဟယ်လို - မေမီလား။ ဟယ်လို - မေမီလား။ ကြားလား - မေမီ၊ ကိုယ်ပါ - မင်းဒင်ပါ"

ကျွန်မနားထဲမှာ ကိုမင်းဒင်အသံကို ကြားလိုက်ရတော့ ကျွန်မ မျက်လုံးပြူးပြီး အံ့အားသင့်သွားမိသည်။

"အင်း - အင်း"

"မေမီ - အခု - ဘယ်မှာလဲဆိုတာ ကိုယ် သိနေတယ်သိလား။ မေမီကို အခုခေါ်သွားတဲ့သူဟာ ကိုယ်ဟိုးအရင်ထဲက လိုက်ပြီးစုံစမ်းထောက်လှမ်းနေတဲ့ ထိုင်းနိုင်ငံက အထူးအလိုရှိနေတဲ့ မူးယစ်ရာဇာ ကိုဝဏ္ဏ(ခေါ်) နိုင်မောင်သွင်ပဲ - မေမီ။ သူမှာ နာမည်ဝှက်တွေအများကြီးနဲ့ မြန်မာပြည်ရဲ့မူးယစ်ဆေးလောကကို ကိုင်လှုပ်နေသူတစ်ဦးပါပဲ။ ခုလည်း - သူ့နောက်ကို ဆက်လိုက်

နေရတာမို့ - ကိုယ် - မေမီကို အဆက်အသွယ်မလုပ်တာပါ။ တကယ်တော့ ကိုယ်နေပြန်ကောင်းပြီးကတည်းက ဒီမြို့ကိုတိတ်တဆိတ်ပြန်ရောက်နေတာ ကြာပါပြီ - မေမီ။ ကိုယ် - မေမီရဲ့မလှမ်းမကမ်းမှာ အမြဲရှိနေတာ"

ဒီစကားကြားတော့ - ကျွန်မ - ကိုမင်းဒင်ပြောတာကို တအင်းအင်းသာ လုပ်နေရသည်။ ကျွန်မကို လာမတွေ့တာ အံ့ဩရသည်။ သူ့ကို ကျွန်မ ဘယ်လိုမေးရမလဲနော်။ သူ့အသံတွေ ဆက်တိုက်ကြားနေရသည်။

"မေမီကို - သူ - ဒီအိမ်ကိုခေါ်သွားတာ တွေ့လိုက်လို့ ကိုယ်နောက်က လိုက်ခဲ့တာ။ မေမီ - ဟန်မပျက်နေနေနော်။ ကိုယ်တို့အဖွဲ့အပြင်မှာရှိနေတယ်။ သူ့ကို အမိဖမ်းဖို့ အချိန်တန်ပြီ။ သက်သေခံအထောက်အထားတွေလည်း ရထားပြီ - မေမီရဲ့၊ သူ့အဲဒီပန်းချီခန်းထဲက ပန်းချီကားဘောင်လေးတွေထဲမှာ လျှို့ဝှက်မြောင်းလေးတွေ စနစ်တကျဖော်ပြီး ဘိန်းဖြူတွေကို အဲဒီထဲထည့်ပြီးတော့ တစ်ဖက်နိုင်ငံကို တင်ပို့နေတာလေ။ ကျန်တာတွေနောက်မှ ကိုယ်ပြောပြမယ်။ သူပြန်လာရင် - မေမီ - သတိနဲ့နေနော်။ ဒါပဲနော် - ကိုယ် ဖုန်းချလိုက်ပြီ"

"အင်း" ဟု ဆိုရင်း ကျွန်မ ရင်ထဲမှာ၊ ခေါင်းထဲမှာ၊ အတွေးထဲမှာ အားလုံး ရှုပ်ထွေးဝေဝါးကုန်တော့သည်မို့ ပြတင်းတံခါးဘောင်လေးကိုမှီရင်း ကျွန်မ မျက်လုံးအစုံကို မှိတ်ထားမိတော့သည်။

မှိတ်ထားတဲ့မျက်စိကို ပြန်ဖွင့်လိုက်ပြီး ပြတင်းပေါက်မှနေ အပြင်ကို ကြည့်လိုက်ချိန်မှာတော့ ကိုဝဏ္ဏ သူ့ကားပေါ်က ဆင်းလာပြီး ခြံထဲကိုဝင်လာတာ တွေ့လိုက်ရသည်။ ကျွန်မ ပြတင်းပေါက်မှန်ကနေတစ်ဆင့် ကိုမင်းဒင် တစ်ယောက် ခြံအပြင်ဘက်က ဘယ်နေရာမှာလဲဆိုတာကို ရှာကြည့်နေမိသည်။



ကိုဝဏ္ဏ အိမ်တံခါးဖွင့်ပြီး ဝင်လာသည်။ သူ့မျက်နှာပေါ်မှာ အလိုမကျမှုတွေ၊ စိတ်ရှုပ်ထွေးမှုတွေ ပေါ်လွင်နေသည်။ သူ ကျွန်မကိုကြည့်ရင်း လက်ထဲက ဖုန်းမြည်လာသဖြင့် ကိုင်လိုက်သည်။ တစ်ဖက်ဖုန်းရှင် ဘာပြောလိုက်သည်မသိရ။ သူက ရယ်ရင်းပြောနေသည်။

"ဟား - ဟား - ဟား - တယ်ရယ်ရတဲ့စကားပါလား စုံထောက်ကြီးရယ်။ ခင်ဗျား - ကျုပ်ကို ခြိမ်းခြောက်နေတာလား။ ကျုပ်က ဘာမှကြောက်စိတ်မရှိတဲ့သူနော်။ ဘယ်အရာကိုမှ လွယ်လွယ်နဲ့ အရှုံးပေးတတ်တဲ့သူ မဟုတ်ဘူး။ ကျုပ်ကို ဖမ်းမလေး၊ ဘာလေးနဲ့၊ ဟော့ဒီမှာ - ကိုယ့်လူ ကျုပ် အခု ဒီတံခါးက ထွက်လာမယ်။ ကျုပ်လက်ထဲမှာ ဘယ်သူရှိလဲဆိုတာ ခင်ဗျား တွေ့ရမယ်။ အားလုံး အသက်ရှင်ချင်တယ်ဆိုရင် ကျုပ်သွားမယ့်လမ်းကို ဖယ်ပေးပါ - ကိုမင်းဒင်။ ကျုပ် - စု ထွက်လာပြီ"

ကိုဝဏ္ဏ - ဖုန်းကို ဘောင်းဘီထဲထည့်ပြီး ဗီရိုအံဝှက်တစ်ခုကို ဖွင့်လိုက်သည်။ သူ့လက်ထဲမှာ ဒန်ရောင်လက်နေသော ပစ္စတိုသေနတ်တစ်လက် ပါလာသည်မို့ ကျွန်မ ထိတ်ခနဲဖြစ်သွားသည်။ ဘာတွေဖြစ်ကုန်ပါလိမ့်။

ကိုဝဏ္ဏ - ကျွန်မအနားကပ်လာသည်။ သူ့မျက်နှာက ခုနကလို မရှိုသာတော့ ခက်ထန်လာသည်။ ကျွန်မလက်ကို ဆွဲလိုက်ပြီး -

"ကဲ - မမေမီ၊ ရှေ့ကထွက်။ ကျုပ်နောက်က လိုက်ခဲ့မယ်"

တံခါးဖွင့်ပြီး အပြင်ကို ထွက်လိုက်တော့ အပြင်ဘက်က ခြံတံခါးဝမှာ ကိုမင်းဒင်ရပ်နေတာ တွေ့လိုက်ရသည်။ ကိုဝဏ္ဏက ကျွန်မ ခေါင်းကိုသေနတ်နှင့် ထိုးချိန်လိုက်ပြီး -

"ဟော့လူ - ဒီမှာတွေ့လား၊ ရှုတ်ရှုတ် ရှုတ်ရှုတ်မလုပ်နဲ့။ တစ်ခါတည်း ကိစ္စတုံးပစ်လိုက်မယ်။ အေးအေးဆေးဆေး ဖြစ်ချင်ရင် ကျုပ်လမ်းကို ဖယ်ပေးပါ"

ကိုမင်းဒင်ကလည်း သူ့လက်ကို ဖျတ်ခနဲ မြှောက်လိုက်သည်။ သူ့လက်ထဲမှာလည်း ခြောက်လုံးပြူးသေနတ် ပါလာသည်။ သူကလည်း သေနတ်နှင့် ကျွန်မရော ကိုဝဏ္ဏကိုပါ တည့်တည့်ချိန်ထားသည်။

"ဟေ့လူ - မဆိုင်တဲ့မေမီကို ဘေးဖယ်လိုက်ပါ၊ ခင်ဗျား လက်နက်ချပါ၊ အဖမ်းခံပါ၊ အားလုံး - ခင်ဗျားကို ဝိုင်းထားပြီကွ"

"စုံထောက်စုတ် - မင်း - ဒီမြို့ ရောက်လာပြီး ငါ့အလုပ်ကိစ္စတွေလည်း လာရှုပ်တယ်၊ ငါချစ်တဲ့ဒီမေမီကိစ္စလည်း မင်းလာရှုပ်လို့ ပျက်သွားရတာ သိရဲ့လားကွ၊ မင်းကိုပါ ပစ်ထည့်လိုက်မယ်"

သူ့စကားထဲမှာ ငါချစ်တဲ့မေမီဆိုတဲ့စကားကြားတော့ ကျွန်မ အံ့အားသင့်ရသည်၊

ကိုမင်းဒင်ကလည်း ခနဲ့တည့်တည့်လေသံဖြင့် -

"ပစ်လိုက်လေ - လွယ်တယ်ထင်ရင် လုပ်လိုက်စမ်း - ဝဏ္ဏ"

ကျွန်မခေါင်းကို သေနတ်နှင့် ထိုးရှိန်ရင်း ကိုဝဏ္ဏရှေ့ကို တစ်လှမ်းချင်း တိုးပြီး သူ့ကားရပ်ထားရာဆီသို့ တရွေ့ရွေ့လှမ်းနေသည်၊

ထိုစဉ်မှာပင် ကျွန်မတို့နှင့် ကိုမင်းဒင် ရပ်နေသည့်ကြားထဲသို့ မီးရှူးမီးပန်းလို ဒိုင်းနမိုက်လိုအရာတစ်ခု မီးစတွေ တဖျန်းဖျန်းနှင့် အဝေးကနေ ဝဲကျလာသည်၊ မျက်စိထဲမှာ လင်းခနဲဖြစ်သွားတာမို့ ကျွန်မလည်း ကိုဝဏ္ဏ လက်ကို ဆောင့်ရုန်းပြီး ကြောက်ကြောက်လန့်လန့်နှင့် မြေကြီးပေါ်ပြုန်းခနဲ ဝပ်ချလိုက်သည်၊ ထိုအခိုက်မှာပင် ဒိုင်းခနဲ ပေါက်ကွဲသံတစ်ချက်ထွက်လာပြီး ကျွန်မနောက်က ကိုဝဏ္ဏ သူ့ရင်ဘတ်ကို လက်နှင့်အုပ်ရင်း မြေကြီးပေါ် ဒူးထောက်ကျသွားသည်၊ သူ့လက်ထဲမှ ကိုင်ထားတဲ့သေနတ်ကလည်း တွဲလောင်းကျနေသည်၊ ရင်ဘတ်တစ်ခုလုံး သွေးချင်းချင်းနီသွားပြီး မြေကြီး ပေါ်သူလဲကျသွားလေသည်၊ ကျွန်မ - သူ့ကိုကြည့်မိလိုက်စဉ်မှာပင် နောက်ဆုံးအနေနှင့် ကြိုးစားအားယူပြီး ပြုံးပြလိုက်လေသလားဟုပင် ကျွန်မ ထင်မိသည်၊ သူ နာကျင်စွာ ပြုံးပြရင်းမှ ကျွန်မကို စကားတစ်ခွန်း ပြောလိုက်ပါသည်၊ တိုးညှင်းပေမယ့် ကျွန်မ ကြားလိုက်ရပါသည်၊

"မမေမီကို - ကျွန် - တော် - အန္တရာယ် - မပြု - ပါဘူး" ဟုပြောပြီး သူ လဲကျသွားတော့သည်၊



ကျွန်မအနားကို ကိုမင်းဒင် ရောက်လာပြီး ကျွန်မပခုံးလေးကို အသာ အယာသိုင်းဖက်ပြီး သူ့ရင်ခွင်ထဲ ထည့်လိုက်သည်၊ ကျွန်မလည်း အံ့ဩမှု ကြောက်ရွံ့မှုတို့နှင့် ရောပြွမ်းနေသောစိတ်ဖြင့် ကိုမင်းဒင်ကိုကြည့်ပြီး သူ့ ပခုံးပေါ် မှီလိုက်မိသည်၊

"ကိုယ် - မင်းအနားပြန်ရောက်လာပါပြီ - မေမီ၊ ဘာအန္တရာယ်မှ မရှိ တော့ပါဘူး"

ကိုမင်းဒင်ပြောတဲ့စကားကို ကျွန်မ ခေါင်းညိတ်ပြမိသည်၊ ပြီးတော့မှ ကိုမင်းဒင်ဟာ ကိုဝဏ္ဏလက်ထဲမှာ တွဲလောင်းဖြစ်နေတဲ့ ပစ္စတိုသေနတ်ကို ကောက်ကိုင်လိုက်တဲ့အချိန်မှာတော့ သူ အံ့ဩသွားမိသည်၊

"ဟင် - သူ့သေနတ်မှာ ကျည်ဆန်တောင် မထည့်ထားပါလား"

ကျွန်မ - ကိုမင်းဒင်ပြောစကားကို အံ့အားသင့်နေမိသည်၊ ကိုမင်းဒင်က ကျွန်မလက်ကိုကိုင်ပြီး ကိုဝဏ္ဏရဲ့စစ်စိမ်းရောင် လင့်ရိုဗာကားနောက်ခန်းပေါ် ထိုင်ဖို့ တံခါးဖွင့်ပေးသည်၊ သူ့တပည့်လေးက ဒရိုင်ဘာနေရာမှာ ဝင်ယူလိုက် ပြီး -

"ဆရာ - အနောက်မှာပဲ ထိုင်လိုက်ပါ"

ကိုမင်းဒင်လည်း ကျွန်မဘေးမှာ ဝင်ထိုင်လိုက်သည်၊ သည်မှာတင် ကျွန်မနှင့်ကိုမင်းဒင်အကြား ထိုင်ခုံအလယ်တွင် အရာဝတ္ထုတစ်ခုကို တွေ့ လိုက်ရသဖြင့် ကျွန်မ ပါးစပ်အဟောင်းသားနှင့် အံ့ဩခြင်းများစွာဖြင့် အာမေ ဋိတ်အသံပြုလိုက်ရတော့သည်၊

"အို ..."

အပြာရောင်သစ်ခွပန်းအိုး အသစ်လေးတစ်ခုဖြစ်နေခဲ့သည်၊ သည့် ထက်ရှင်းအောင်ဆိုရပါလျှင် ကိုမင်းဒင်နှင့်ကျွန်မ မဆုံတွေ့မီကာလကတည်း က ချစ်ကျွမ်းမဝင်မီကတည်းက ကျွန်မဆီ ရောက်ရောက်လာနေတတ်သော အပြာရောင်သစ်ခွပန်းအိုးလေး ဖြစ်နေပါတော့သည်၊

တကယ်တော့လည်း ကျွန်မကိုယ်တိုင်ကပင် အပြာရောင် သစ်ခွပန်းရှိ ကားချပ်တစ်ချပ် ဖြစ်နေခဲ့သည်မဟုတ်ပါလား။

•-○➤ လင်းသက်ခိုင်


**စာမူရှင်များသို့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သောစာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန်နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ဖုံးစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်၊

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း




# တမလွန်နယ်စပ်မှ

**နယ်စပ်တွင် ဆိုးသွမ်းနေသည့်**
**အဖွဲ့ဝင်အချင်းချင်း ရဲ့ထံ သတင်းပေါက်ကြား**
**သွားရာမှ ပစ်ခတ်ကြ ရာ ..**

ယခုတစ်လော နယ်စပ်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ တင်ပို့နေသော ပစ္စည်းများအား မကြာခဏဆိုသလို ရဲနှင့် လုံခြုံရေးတပ်ဖွဲ့များ ရှာဖွေဖမ်းဆီး လျက်ရှိသည်။ ထိုကဲ့သို့ မိမိတို့ပစ္စည်းများအား ဖမ်းဆီးနေခြင်းနှင့်ပတ်သက် ၍ အတွင်းလူပါနေသည်ဟု ဗိုလ်ကြွဲသိုး ယူဆမိပေသည်။ သို့သော် - မည်သူ မည်ဝါမှန်း နိုင်လုံစွာမသိရသဖြင့် ပို၍စိတ်တိုကာ မချင့်မရဲဖြစ်လျက် ဒေါသ ထွက်လျက်ရှိသည်။

"တောက် - ရှိန်းလိုက်တာဗျာ။ အသားထဲက လောက်ထွက်နေပြီနဲ့တူ တယ်။ ပေါ့ကောင် - တင်အောင် - ပြောစမ်းကွာ။ ငါတို့ပစ္စည်းတွေ ဒီလိုခဏ ခဏ အဖမ်းအဆီးခံနေရတာ ဘယ်သူ့လက်ချက်လို့ မင်းထင်သလဲ"

မှောင်ခိုဒုစရိုက်ခေါင်းဆောင် ဗိုလ်ကြွဲသိုး၏အမေးစကားကြောင့် တင်အောင်သည် မျက်မှောင်ကြုတ်လိုက်ပြီး တစ်ခဏ စဉ်းစားလိုက်သည်။ ယင်းနောက် -



"ကျုပ်အထင်ကိုပြောရရင် ညိုမောင်ကို မသင်္ကာဘူး - ဆရာ။ ခုတလော ညိုမောင် ခြေလှမ်းပျက်နေတယ်။ နောက်ပြီး - အဖွဲ့ထဲမှာ တစ်စုတစ်ဝေး တည်းမနေဘူး။ တစ်ခါတလေ ပျောက်နေတယ်။ သူ့ကို စစ်ကြည့်ရင် ကောင်း မယ်ထင်တယ်"

တင်အောင်၏စကားကြောင့် ဗိုလ်ကြွဲသိုးမှာ တွေဝေသွားရပြီး မျက်စိကို မှေး၍ စဉ်းစားလိုက်ပြီး -

"ဟုတ်မှလည်း လုပ်ပါကွာ။ ဒီကောင်က တို့အဖွဲ့ထဲမှာ အလုပ်လုပ်တဲ့ အကောင်ကွ။ ဒီကောင် ခိုင်းသမျှအကုန်လုပ်တယ်။ ငါတို့ကို ဒီကောင် - သစ္စာ မဲ့လိမ့်မယ်တော့ မထင်ဘူးကွ"

တင်အောင်သည် နှုတ်ခမ်းကိုမဲ့လျက် ပခုံးတွန့်လိုက်ပြီးနောက် -

"ဒါကတော့ ဆရာ့သဘောပဲလေ။ ကျုပ်ကတော့ ဒီကောင့်ကို မသင်္ကာ တာကတော့ မသင်္ကာတာပဲ"

ဗိုလ်ကြွဲသိုးသည် တွေဝေစွာဖြင့် သက်ပြင်းချလိုက်၍ မျက်မှောင်ကြုတ် လိုက်ပါ၏။ ယင်းနောက် -

"ငါကတော့ ဘယ်သူ့ဘက်မှ ဘက်မလိုက်ဘူး - တင်အောင်။ ကြွဲသိုး ဆိုတဲ့ကောင်က သစ္စာဖောက်တဲ့သူ ဘယ်သူမဆို ရက်ရက်စက်စက် အပြစ် ပေးတတ်တယ်ဆိုတာ မင်းတို့သိပါတယ်ကွာ။ ဒါပေမဲ့ - အပြစ်ပေးဖို့ဆိုတာက ဘယ်သူမဆို တိကျတဲ့သတင်းအချက်အလက်နဲ့ မှန်ကန်ဖို့တော့ လိုတာပေါ့။ ဒီမှာတင်အောင် - ညိုမောင်ဟာ တို့အဖွဲ့ထဲမှာ တက်တက်ကြွကြွ အလုပ်လုပ် တာကြောင့် သူ့ကို စွပ်စွဲချင်ရင် မသင်္ကာတာနဲ့ မပြီးဘူးကွ။ သူ့မှာ အပြစ်ရှိ ကြောင်း သက်သေအထောက်အထားတွေ လိုတယ်နော်"

ဗိုလ်ကြွဲသိုး၏စကားကြောင့် တင်အောင်သည် ရင်ကော့လျက် -

"ဒါဆိုရင် - ညိုမောင်နဲ့ပတ်သက်ပြီး မှန်ကန်တဲ့ သက်သေအထောက် အထားရရှိဖို့ သုံးလေးရက်လောက် ခဏစောင့်ပါ"

ဗိုလ်ကြွဲသိုးသည် တင်အောင်အား ခေါင်းဆတ်ပြလိုက်ပြီး တစ်စုံတစ်ရာ ကို စဉ်းစား၍ နေတော့သည်။

အမှန်စင်စစ် ခေါင်းဆောင်ဗိုလ်ကျွဲသိုးနှင့် အလျဉ်းသင့်သော ညီမောင်အား အမြင်မကြည်မလင်ခြင်းကြောင့်ဟု ပြောရမည်ဖြစ်သည်။ စုတလော ဗိုလ်ကျွဲသိုးသည် ညီမောင့်အား အရေးပေးလွန်းသည်ဟု တင်အောင် ထင်မြင်နေသည်။ ထိုထင်မြင်ချက်အရ တစ်ချိန်သောအခါတွင် ဒုတိယခေါင်းဆောင်နေရာမှာ ဖယ်ရှားခံရမည်ကို တင်အောင်တစ်ယောက် စိုးရိမ်နေသည်။ ညီမောင်၏ လှုပ်ရှားမှုများသည်လည်း တင်အောင် အထင်လွဲမည်ဆိုပါက လွဲလောက်စရာပင်။ ဗိုလ်ကျွဲသိုး၏အနားတွင် ညီမောင် အမြဲရှိ၏။ တစ်ခါ တစ်ရံ ညီမောင်နှင့် ဗိုလ်ကျွဲသိုး နှစ်ဦးသား တိုးတိုးစကားပြောကြ၏။ တစ်ခါ တလေ မသကာစရာ တံခါးပိတ်၍ စကားပြောသည်များရှိ၏။ အလုပ်လုပ်သည့် အခါတွင်လည်း ညီမောင်အား ဦးဆောင်စေသည်က များ၏။

ထိုအချက်များကြောင့် ညီမောင့်အပေါ် တင်အောင်သည် အစာမကြေ၊ သို့ဖြင့် - တင်အောင်သည် ညီမောင့်အပေါ် အပြစ်ပုံချရန် ကြိုးစားရတော့၏။ ညီမောင့်အပေါ် အပြစ်ပုံကျစေရန် တင်အောင်မှ ရှာဖွေစုံစမ်းသော်လည်း တိကျနိုင်မာသည့် သက်သေအထောက်အထားမရရှိခြင်းကြောင့် တင်အောင်သည် စိတ်ရှုပ်ထွေးသကဲ့သို့ ထိုကိစ္စနှင့်ပတ်သက်၍ ညီမောင်ထံ အပြစ်မထိရောက်ဘဲ ကိုယ့်ရှူးကိုယ်ပတ်သည့်နယ် ညီမောင် ပြဿနာတက်ရသည်။ ဗိုလ်ကျွဲသိုးမှ တင်အောင်အား -

"ဘယ်လိုလဲကွ - တင်အောင်၊ မင်းပြောတော့ ညီမောင်ဖြစ်နိုင်တယ်ဆို၊ သုံးလေးရက်အတွင်း သက်သေပြမယ်ဆို၊ အခုတော့ - ညီမောင်ဆီပစ်တဲ့ မြားက မင်းဆီ ရောက်နေပါလားကွ"

ဗိုလ်ကျွဲသိုး၏ မမျှော်လင့်သောစကားကြောင့် တင်အောင်မှာ ထိတ်ခနဲဖြစ်သွားရပြီး ဗိုလ်ကျွဲသိုးအား ဟန်ကိုယ်ဖို့ပုံစံဖြင့် မျက်လုံးလှန်ကြည့်လိုက်သည်။ ယင်းနောက် ဗိုလ်ကျွဲသိုးအား မထိတထိလေသံဖြင့် -

"ဘယ်လိုလဲ - ဗိုလ်ကျွဲသိုးရ၊ ကျုပ်စကားထက် ညီမောင့်စကားက ပိုပြီးထိရောက်နေတယ်နဲ့တူတယ်၊ ကိုယ့်ပစ္စည်းကိုယ် ရဲတွေ ဖမ်းဆီးနိုင်အောင်လို့ ကျုပ်က သတင်းပေးရတယ်လို့ ဘယ်မှာလဲ သက်သေအထောက်



အထား၊ အဓိပ္ပာယ်မရှိတဲ့စကားတွေ မပြောပါနဲ့ဗျာ၊ ကျုပ်နဲ့ခင်ဗျား ဆိုးတူကောင်းတူ ပေါင်းလာတာ အခုကတည်းက မဟုတ်ပါဘူး၊ နှစ်တွေ ဘယ်လောက်ကြာပြီလဲဗျာ"

ဗိုလ်ကျွဲသိုးနှင့်တင်အောင်တို့သည် တားပြမှုတစ်ခုဖြင့် နယ်စပ်သို့ ရှောင်တိမ်းလာခဲ့ပြီး လက်နက်ကိုင်အဖွဲ့တစ်ခုတွင် ဝင်ရောက်ခဲ့ကြသည်။ နောက်ပိုင်း ထိုအဖွဲ့အစည်းသည် အစိုးရနှင့် ငြိမ်းချမ်းရေးယူတော့မည့်သတင်းများကြားပြီးနောက် သူတို့၏ပြစ်မှုများအား ဥပဒေဖြင့် ရင်ဆိုင်ရမည်ကို စိုးရွံ့လာ၏။ ယင်းဖြင့် သူတို့နှစ်ဦးသည် ထိုလက်နက်ကိုင်အဖွဲ့မှခွဲထွက်၍ နယ်စပ်ဒေသတွင်ပင် ရေကြည်ရာမြက်နုရာ ရှာဖွေ၍ လုပ်ကိုင်စားသောက်ကြခြင်းဖြစ်သည်။

"ကဲ - ညီမောင် - မင်းသိသမျှ ပြောစမ်းကွာ"

ဗိုလ်ကျွဲသိုးမှ အမိန့်ပေးလိုက်သည်နှင့် ညီမောင်မှ မဆိုင်းမတွ -

"ပစ္စည်းတွေကို ရဲက မကြာခဏ ဖမ်းဆီးခံနေရခြင်းဟာ ဗိုလ်တင်အောင်ကိုယ်တိုင် ရဲတွေကို တိုက်ရိုက်ဆက်သွယ်တာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဆင်သေအိုင်ရွာထဲက ခင်လုံမေဆိုတဲ့ အမျိုးသမီးနဲ့ ဗိုလ်တင်အောင်တို့ ငြိစွန်းနေခြင်းကပဲ ရဲတွေဆီကို သတင်းရောက်သလို ဖြစ်ရတာပါပဲ၊ ဗိုလ်တင်အောင်ဟာ မိမိလိုချင်တာ ရရေးအတွက် ခင်လုံမေကို အဖွဲ့ရဲ့အတွင်းရေးတွေကို ပြောပြခဲ့ပါတယ်၊ တကယ်တော့ - ခင်လုံမေမှာ ဗိုလ်တင်အောင်ထက် ပိုပြီးရင်းနှီးတဲ့ ရဲသတင်းပေးတစ်ယောက်ရှိတယ်ဆိုတာ ဗိုလ်တင်အောင် မသိခဲ့ပါဘူး၊ သည်အကြောင်းတွေကို ခင်လုံမေထံကနေတစ်ဆင့် ကျုပ်ကြားလာခဲ့ရတာပါ"

တင်အောင်သည် ညီမောင်ပြောသမျှ နားထောင်လျက်မှ တဖြည်းဖြည်းမျက်နှာမည်း၍လာပါ၏။ သို့ဖြင့် ညီမောင်အား မသကာသကဲ့သို့ လှမ်းကြည့်ရင်း -

"ညီမောင် - မင်း - မင်းပြောတာတွေ အမှန်ပဲလား"

ညီမောင်မှ -

"ကျုပ်က လိမ်ပြောပါ့မလားဗျာ။ မှန်တာမှ ဟိုးဘက်တောင် လွန်သေးတယ်။ ခင်ဗျား - တကျောရှုးခဲ့လို့ ကျုပ်တို့အဖွဲ့ရဲ့လျှို့ဝှက်ချက်တွေ ပေါက်ကြားရတာ။ ဒါတောင် - ခင်ဗျားက ကျုပ်ကို လွဲချချင်သေးတယ်"

"ဒါ - ဒါဆို - အခု - ခင်လုံ့မေ - ဘယ်မှာလဲ။ မင်းနဲ့ - ဘယ်မှာ တွေ့တာလဲ။ မင်း - ခင်လုံ့မေကို သတ်လိုက်ပြီလား"

ညိုမောင်မှ တင်အောင်အား -



တင်အောင်သည် ကျည်ဆန်မှန်မှုကြောင့်
လဲကျသွားရပြီး သတိမကြာလိုက်ပါ။ အမှောင်ကမ္ဘာထဲသို့
ရောက်ရှိသွားတော့၏။ တင်အောင်၏အသိစိတ်တတ်
သည် လွတ်ကင်းမျှနေ၏။ သို့သော် ထိတ်လန့်တုန်လှုပ်နေ၏။
အမှောင်ကမ္ဘာထဲတွင် စမ်းတဝါးဝါးဖြစ်နေသော
တင်အောင်သည် အသံ တစ်ခုကို ကြားရ၏။
ထိုအသံကြောင့် တင်အောင် အားတက်သွားသည်။



"ဒီမှာ - ဗိုလ်တင်အောင် - ခင်လုံ့မေကို ကျုပ် သတ်ခြင်း၊ မသတ်ခြင်းထက် ဗိုလ်ကျွဲသိုးက ခင်ဗျားကို သတ်ခြင်း၊ မသတ်ခြင်းက ပိုပြီးအဓိကကျပါတယ်ဗျာ"

သို့ကြောင့်ပင် တင်အောင်သည် ဗိုလ်ကျွဲသိုးနှင့် မျက်နှာချင်းဆိုင်လိုက်၏။ တင့်အောင်၏မျက်နှာသည် ခင်လုံ့မေနှင့်ပတ်သက်၍ တစ်စုစု ဆုံးဖြတ်ထားသည့်ပုံပင်။ ဗိုလ်ကျွဲသိုးမှ -

"ဟော့ကောင် - တင်အောင် - ကိုယ်ကျူးလွန်ခဲ့တဲ့ အပြစ်ကို ကိုယ် သိမှာပေါ့"

တင်အောင်မှ -

"သည်ကိစ္စက ကျုပ် သစ္စာဖောက်တာ မဟုတ်ဘူး။ မလိမ့်တစ်ပတ်လုပ်တဲ့ ခင်လုံ့မေနဲ့တွေ့ပြီး ပြဿနာရှင်းလိုက်တာက ပိုကောင်းမယ် ဗိုလ်ကျွဲသိုး"

"ဟား - ဟား - ဟား - ဟား"

ဗိုလ်ကျွဲသိုးသည် တင်အောင်အား လှောင်ရယ်ရယ်လိုက်ပြီး -

"တင်အောင်ကွာ - တခြားလူကို အပြစ်ပုံချနေပြန်ပြီ။ ညိုမောင်ကိုယ်တိုင် ခင်လုံ့မေကို ရှင်းလိုက်ပြီကွာ"

ဗိုလ်ကျွဲသိုးထံမှ မမျှော်လင့်သောစကားကြောင့် တင်အောင်မှာ မျက်လုံးများ ပြာဝေလျက် အသံတဆတ်ဆတ် တုန်သွားရသည်။ သို့နှင့် -

"မင်းတို့ကွာ - လူမဆန်လိုက်ကြတာ၊ မင်းတို့လဲ"

ဟု ကြိမ်းမောင်းရေရွတ်လျက် ခါးကြားထဲမှ သေနတ်ကိုဆွဲထုတ်လိုက်သည်။ တစ်ပြိုင်နက်ဆိုသလို ဗိုလ်ကျွဲသိုးမှလည်း ပစ္စတိုကို ဆွဲထုတ်လျက် တင်အောင်အား ပစ်ချလိုက်သည်။ သို့သော် -

— ☠ —

"ဒိုင်း - ဖောင်း - ဖောင်း - ဒိုင်း"

ရုတ်တရက်ဆိုသလို လက်နက်ငယ်များ၏ ပေါက်ကွဲသံများသည် တစ်တောလုံး ဆူညံသွားတော့သည်။ ဗိုလ်ကျွဲသိုးမှာ တင်အောင်၏ လက်ဦးမှု

ရရှိသွားသဖြင့် ရင်အုံသို့ကျည်ဆန်ထိမှန်လျက် ပက်လက်လှန်ကျသွားသည်။ ဗိုလ်ကျွဲသိုး၏ပြန်လှန်ပစ်ခတ်မှုကြောင့် တင်အောင် ဘယ်ဘက်လက်မောင်းထိမှန်သွား၏။ တင်အောင်သည် လက်မောင်းထိမှန်သွားသော်လည်း ညိုမောင့်အား ပစ်ခတ်ရန်ကြိုးစား၏။ ညိုမောင်သည်လည်း လက်ထဲတွင် သေနတ်အဆင်သင့်မရှိသဖြင့် ကျည်လွတ်ရာသို့ တိမ်းရှောင်စဉ် သူ၏နောက်ကျောသို့ တင်အောင်၏ ပစ်ခတ်မှုကြောင့် ထိမှန်သွားပြီး ကျောကော့လျက် ဒလိမ့်ကောက်ကွေးလဲကျသွားရပြန်သည်။ ဗိုလ်ကျွဲသိုး၏ လက်နက်ကိုင်ရဲဘော်တချို့မှာလည်း တင်အောင်အား ပြန်လည်ပစ်ခတ်ကြသည်။ သို့တစေ လက်နက်ငယ် ကျွမ်းကျင်ပိုင်နိုင်သော တင်အောင်၏ပစ်ခတ်မှုကြောင့် ထိုလူဆိုးဂိုဏ်းသားများမှာ အတုံးအရုံး ကျဆုံးကြရသည်။ သို့သော် လူဆိုးတစ်ယောက်၏ပြန်လည်ပစ်ခတ်မှုကြောင့် တင်အောင်၏ဝမ်းဗိုက်ကို ထိမှန်သွား ရသည်။ ကျည်ဆန်ထိမှန်မှုကြောင့် တင်အောင်သည် ကြာကြာမရပ်နိုင်ဘဲ ဒူးထောက်၍ လဲကျသွားရသည်။

တင်အောင်သည် ကျည်ဆန်မှန်မှုကြောင့် လဲကျသွားရပြီး သိပ်မကြာလိုက်ပါ။ အမှောင်ကမ္ဘာထဲသို့ ရောက်ရှိသွားတော့၏။ တင်အောင်၏ အသိစိတ်မာတ်သည် လွတ်ကင်း၍မနေ၊ သို့သော် ထိတ်လန့်တုန်လှုပ်နေ၏။ အမှောင်ကမ္ဘာထဲတွင် စမ်းတဝါးဝါးဖြစ်နေသော တင်အောင်သည် အသံတစ်ခုကို ကြားရ၏။ ထိုအသံကြောင့် တင်အောင် အားတက်သွားသည်။

"ကို တင် အောင် - ကို တင် အောင် - လုံ မေ ခေါ် နေ တယ် လေ ကိုတင်အောင်"

ချစ်ရသော ခင်လုံမေ၏အသံဖြစ်နေသည်။ တင်အောင်သည် သူ၏အသံကြောင့် အမှောင်ကမ္ဘာထဲမှ ရုန်းထနိုင်အောင် ကြိုးစားလေ၏။

"ခင်လုံမေ - ခင်လုံမေ - မင်း - ဘယ်မှာလဲ၊ မင်းဆီကို ငါလာချင်တယ် လုံမေ"

တင်အောင်သည် အမှောင်ကမ္ဘာထဲ၌ အော်ဟစ်ရုန်းကန်လျက်ရှိ၏။ သို့သော် အမှောင်ထုအတွင်း၌ ရုန်းကန်နေသော်လည်း ရုန်းကန်၍မရ၊



အသံကုန် အော်ဟစ်သော်လည်း နောက်ဆုံးတွင် အသံမထွက်၊ မဖြစ်ဖြစ်အောင် ရုန်းမည်ဟူသော တင်အောင်သည် ဆုံးဖြတ်လျက် ရုန်းကန်၍နေရာမှ နှုတ်မှလည်း -

"ကျုပ်ကို ဘယ်သူဆွဲထားတာလဲ၊ ဘာကြောင့် ဆွဲထားတာလဲ၊ ကျုပ်အမှောင်ကို ကြောက်တယ်၊ အမှောင်ထဲမှာ မနေချင်ဘူး၊ ကျုပ်ကို လွှတ်ဗျာ အခုလွှတ်"

တစ်စုံတစ်ဦး၏ ကျယ်လောင်သောအသံဟိန်းများသည် အမှောင်ကမ္ဘာထဲမှ ထွက်လာသည်ဟု တင်အောင်ထင်မိသည်။ "ဟေ့ကောင် - မင်းရဲ့ကိုယ်စောင့်နတ် ငါ ဆွဲထားတာကွ၊ ပြောမရ၊ ဆွဲမရဖြစ်နေမှတော့ မင်းထိုက်နဲ့မင်းကံပေါ့ကွာ၊ မတတ်နိုင်ဘူး - ကိုင်း - ငါလွှတ်ပြီဟေ့"

အမှောင်ထဲမှ တစ်စုံတစ်ဦးမှ ပြောပြောဆိုဆိုဖြင့် တင်အောင်အား လွှတ်လိုက်ရာ အမှောင်ထဲမှ အလင်းရှိရာသို့ တင်အောင် လွင့်စဉ်ကျသွားပါ၏။ ထို့နောက် တင်အောင်သည် လဲကျနေရာမှ လူးလဲထလိုက်ပြီး ပတ်ဝန်းကျင်အား ဝေ့ဝိုက်ကြည့်လိုက်ရာ မမျှော်လင့်သော မမျှော်မှန်းသောသူများအား ထိတ်လန့်စွာ တွေ့လိုက်ရ၏။

ထိုသူများမှာ သူ၏လက်ချက်ဖြင့် လဲကျသေဆုံးနေကြသည့် ဗိုလ်ကျွဲသိုး၊ ညိုမောင်နှင့် ဒုစရိုက်သားများဖြစ်ကြပြီး မတ်တတ်ရပ်လျက်အနေထားတွင် တွေ့ရှိနေရခြင်းဖြစ်သည်။ တင်အောင်သည် လိပ်ပြာလွင့်မတတ်ဖြစ်သွားရပြီး သူတို့လက်ထက်ဦးမှုရရှိစေရန် မြေကြီးပေါ်ရှိ သေနတ်အား ပြေး၍ကောက်လိုက်သည်။ သို့သော် သေနတ်ကို ကောက်၍မရဖြစ်နေသည်။ အကြိမ်ကြိမ်ကြိုးစား၍ ကောက်သော်လည်း ကောက်၍မရသဖြင့် လွန်မင်းစွာ တုန်လှုပ်ချောက်ချားလျက် ဗိုလ်ကျွဲသိုးတို့အား လှမ်းကြည့်လိုက်သည်။ သူတို့သည်လည်း တင်အောင်ကို ငေးကြည့်လျက်ရှိ၏။ သူတို့၏အကြည့်များသည် အားကိုးရာမဲ့နေသော၊ စိုးရိမ်သောကတို့ လွှမ်းမိုးနေသောအကြည့်များ ဖြစ်သည်ကို တွေ့ရ၏။

ပို၍အံ့ဩထူးခြားသည်ကား သစ်ပင်တစ်ပင်၏မြစ်ဆုံနားတွင် ချစ်သော ခင်လုံမေကို တွေ့လိုက်ရခြင်းပင်။ ခင်လုံမေသည် သူ့အား လှမ်းကြည့်လျက် ငိုရှိုက်နေ၏။ ခင်လုံမေသည် မြေပေါ်တွင်ရှိနေသောအရာကိုကြည့်၍ ငိုရှိုက်နေပြန်၏။ တင်အောင်သည် လက်ရှိမြင်တွေ့နေရသည်များကို အဓိပ္ပာယ်ဖော်၍မရ ဖြစ်နေ၏။ သို့ဖြင့် ခင်လုံမေနှင့်ပတ်သက်၍ ညိုမောင် ပြောသည်များကို သတိရ၍ တင်အောင်သည် ညိုမောင်ထံသွားရောက်၍ ခြေဖြင့်ကန်၊ လက်သီးဖြင့်ထိုးရန် ကြိုးစား၏။ သို့သော် မထိရောက်။ ဗိုလ်ကျွဲသိုးထံသွား၍ ကန်၏၊ ထိုး၏။ သို့သော် မရ။ ဗိုလ်ကျွဲသိုးမှ ကြေကွဲသောအကြည့်များဖြင့် ကြည့်လျက် မြေကြီးပေါ်တွင် လူတစ်ယောက် လဲနေသည်ကို ထိုးပြ၏။ ဗိုလ်ကျွဲသိုးပြသောသူနားသို့ တင်အောင်မှသွား၍ကြည့်ရာ မိမိကိုယ်တိုင် သေနတ်ဒဏ်ရာများဖြင့် လဲကျနေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရ၏။ ထိုမြင်ကွင်းကြောင့် တင်အောင်မှာ မေ့မြောမတတ် ထိတ်လန့်သွားရပြီး နောက်သို့ နစ်လှမ်းသုံးလှမ်း ဆုတ်လိုက်၏။

"အမလေး - ဘုရား - ဘုရား - ကယ်တော်မူပါ" ဟု ထိတ်လန့်စွာ အော်ဟစ်၍ ကြောင်တက်တက် ဖြစ်သွားရသည်။

— ☠ —

တင်အောင်နှင့်အဖွဲ့ဝင်တချို့သည် ဆင်သေအိုင်သို့လုံခြုံရေးတပ်ဖွဲ့လမ်းကြောင်းများကို ရှောင်ရှားလျက် ရိက္ခာဝယ်ရန် လာလေ့ရှိသည်။ ဆင်သေအိုင်ရွာသည် ရိုးမတောင်တန်းကြီး၏တောင်ခြေ၌ရှိသော ရွာတစ်ရွာဖြစ်သည်။ ထိုရွာသည် မြို့နှင့်အလှမ်းကွာဝေးလွန်းလှ၏။ တင်အောင် ရိက္ခာဝယ်သော ဆိုင်ကြီး၏ပိုင်ရှင်မှာ ခင်လုံမေဟူသော အမျိုးသမီး၏ဆိုင်ဖြစ်၏။ ခင်လုံမေ၏ အလှကွန်ယက်တွင် မိနေသော တင်အောင်သည် သူမ၏ဆိုင်သို့ မကြာခဏ ရောက်ရှိလာတတ်ပြီး နောက်ပိုင်းတွင် တင်အောင်နှင့် ခင်လုံမေ ခင်မင်ရင်းနှီးမှုမှတစ်ဆင့် နောက်တစ်ဆင့် တက်လာသည်ဟု ဆိုရမည်။



သူတို့နှစ်ဦး ချစ်သူများဖြစ်လာကြသည့်အခါ တစ်ဦးအကြောင်းတ[illegible] ဖွင့်ပြောမိကြရင်း လျှို့ဝှက်ရမည့်ကိစ္စများကို တင်အောင်မှဖွင့်ပြောမိခြင်းဖြင့် ခင်လုံမေမှတစ်ဆင့် ရဲသတင်းပေးထံ လျှို့ဝှက်သတင်းများ ပေါက်ကြားသွားခြင်း ဖြစ်၏။

တစ်ဖက်တွင်လည်း တင်အောင်သည် ဒုတိယခေါင်းဆောင်နေရာမှ ခေါင်းဆောင်နေရာ ရရှိရန် ရည်မှန်းနေသူဖြစ်ခြင်းကြောင့် ဗိုလ်ကျွဲသိုးနှင့် အလျဉ်းသင့်နေသော ညိုမောင်အပေါ် မနာလို မရှုဆိတ် ဖြစ်ခဲ့ရသည်။ ဗိုလ်ကျွဲသိုးနှင့်ညိုမောင် ညီညွတ်နေခြင်းအပေါ် မကျေမနပ်ဖြစ်လျက် လျှို့ဝှက်သတင်းမှန်သမျှ ခင်လုံမေအား ရင်ဖွင့်ခြင်းဖြင့် တစ်ဖက်သို့ ရောက်ရှိပေါက်ကြားသွားခြင်း ဖြစ်သည်။ ထိုကိစ္စကြောင့်ပင် ဗိုလ်ကျွဲသိုးနှင့် တင်အောင်မှာ ပေါက်ကွဲမှုများစွာဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

လတ်တလောအနေအထားအရ ဗိုလ်ကျွဲသိုး၊ ညိုမောင်၊ ခင်လုံမေနှင့် လူဆိုးဂိုဏ်းဝင်များသည် မိမိတို့ မည်သည့်အခြေအနေ ဆိုက်နေသည်ကို ဂဃဏန သိရှိခဲ့ပြီးလား မဆိုနိုင်သော်လည်း တင်အောင်မှာမူ နားလည်နိုင်ခြင်း မရှိသေးပေ။ သူတို့သည် ခန္ဓာကိုယ်၏လှုပ်ရှားမှုမရှိဘဲ စိတ်၏လွင့်မျောရာသို့ သွားရန်တာစူနေကြပုံရ၏။ မိမိ၏ ရုပ်သဏ္ဍာန်ကိုကြည့်၍ မှင်တက်နေသော တင်အောင်သည် အံ့ဩခြင်းကြီးစွာဖြင့် ကြောင်ငေး၍နေပါ၏။ ဝမ်းနည်းခြင်းကြီးစွာဖြင့် မိမိရုပ်သဏ္ဍာန်နားသို့ တင်အောင်သည် တိုးကပ်သွားပြီး ငိုရှိုက် လျက်ရှိနေခဲ့သည်။

"လာကြပါဦး - ကယ်ကြပါဦး။ ငါတို့ကို ဘယ်ခေါ်သွားမလို့လဲ။ မလိုက်ဘူး"

ကယ်ပါ၊ ယူပါ တစာစာဖြင့် အော်ဟစ်နေသည့်အသံများကြောင့် ငိုရှိုက်နေသော တင်အောင်သည် ဗိုလ်ကျွဲသိုးတို့ရှိရာသို့ လှည့်ကြည့်လိုက်၏။ ဗိုလ်ကျွဲသိုး၊ ညိုမောင်နှင့် ခင်လုံမေတို့လူစုမှာ မြင်နိုင်စွမ်းမရှိသော အရာများမှာ အဓမ္မဆွဲခေါ်ခြင်းခံနေရသည်ကို ချောက်ချားဖွယ် မြင်တွေ့လိုက်ရ၏။

…အောင်သည် ကြောက်ရွံ့ထိတ်လန့်မှုများစွာဖြင့် မိမိ၏ရုပ်ကလာပ်နားသို့ တိုးကပ်၍သွားပြီး ရှိက်ကြီးတငင် ငိုကြွေးလျက် ရှိပေသည်။

ထိုစဉ် ရုပ်အတွင်းမှ တစ်စုံတစ်ယောက်၏အသံကို သဲသဲကွဲကွဲ ကြားလိုက်ရ၏။

"ဘယ်လိုလဲကွ - တင်အောင်၊ မင်း - အခုထိ သဘောမပေါက်သေးဘူးလားကွ၊ ငါဟာ မင်းရဲ့ ကိုယ်စောင့်နတ်၊ မင်းမသိတာ ငါ အကုန်သိတယ်၊ မင်း သူများဖြစ်နေတာတွေကို ငေးကြည့်မနေနဲ့၊ အသက်နဲ့ခန္ဓာကိုယ် မကွဲချင်ရင် လာခဲ့စမ်းကွာ - ကဲ"

ပြောပြောဆိုဆိုဖြင့် တင်အောင်၏ လက်အား ရုပ်ခန္ဓာ၏ အမှောင်တွင်းမှ ဆွဲငင်ခေါ်ယူခြင်းကို ခံစားလိုက်ရသည်။ ယင်းနောက် သူ၏အသိစိတ်သည် အလင်းကမ္ဘာထဲသို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။

— ☠ —

ဒုစရိုက်သမားအချင်းချင်း ပစ်ခတ်မှုများဖြစ်ပွားရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာချိန်တွင် ဗိုလ်ကျွဲသိုး၊ ညိုမောင်နှင့် ခင်လုံမေဟူသော အမျိုးသမီးတို့၏ အလောင်းများအပြင် ကျန်သောလူဆိုးဂိုဏ်းဝင်များလည်း သေနတ်ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့ရှိရသည်။

တင်အောင်ဟူသော ဂိုဏ်းဝင်တစ်ဦးသာ အသက်ရှင်လျက် သေနတ်ဒဏ်ရာများရထားသော်လည်း သေစေနိုင်လောက်အောင် ဒဏ်ရာ မပြင်းထန်သဖြင့် ရဲလုံခြုံရေးဖြင့် နီးစပ်ရာ ဆေးရုံဆေးခန်းသို့ ပို့ဆောင်ပေးခဲ့ကြသည်။

တင်အောင်သည် တမလွန်ခရီးအစပ်နားသို့ ရောက်ရှိခဲ့သော်လည်း သေကံမရောက် သက်မပျောက်သည့်အတွက် လူ့လောကတွင် အသက်ရှင်နေထိုင်ရဦးမည်ဖြစ်သည်။ ထိုသို့ နေထိုင်စဉ်အတွင်း အပြစ်ရှိသောရာဇဝတ်ဂိုဏ်းသားဖြစ်သည့်အတွက် တရားဥပဒေ၏ စီရင်မှုကို ခံယူရဦးမည် ဖြစ်သည်။



တင်အောင်သည် ကိုယ်တိုင် သိမြင်ရမှုအခြေအနေအပေါ် မူတည်၍ နောင်တတရား ရရှိခဲ့ပြီ ဖြစ်သည်။ တင်အောင်သည် တစ်ချိန်သောကာလတွင် တမလွန်ခရီးလျှောက်ရဦးမည်ဖြစ်ပေသည်။ သူသည် ကိုယ်တိုင်မြင်တွေ့ရသော ခရီးလမ်းဆိုးကို မလျှောက်လိုတော့ပေ။ အကောင်းနှင့်ယှဉ်၍ လျှောက်လှမ်းလိုသည့် စိတ်ဆန္ဒများကြောင့် အပြစ်ဒဏ်ကျပြီးပါက ငြိမ်းချမ်းသော လူ့ဘဝသစ်ဘက်သို့ ထာဝရကူးပြောင်းတော့မည်ဟု တင်အောင်တစ်ယောက် သန္နိဋ္ဌာန်ပိုင်ပိုင် ချနိုင်ခဲ့ပါတော့သည်။

●-○➤ မောင်သာမန် (ဓိုးကုန်း)

စာမူများ

ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

# ညို

တောင်မှူးကြီးသိန်းဝ



တိရစ္ဆာန်တွင် ကြောက်စရာ
အကောင်းဆုံးဖြစ်သည့် စပါးကြီးမြွေ၏
ထူးခြားဆန်းကြယ်သော အစွမ်းသတ္တိနှင့် အတူ
မိန်းမဆိုသည့်မှာကား . .

**ကျွန်တော်** အောက်ချိုင့်ခြံ၊ ဆီအုန်းစခန်းတွင် တာဝန်ကျစဉ်က ဖြစ်သည်။ ညနေအလုပ်သိမ်းချိန်တွင် ရှေ့တန်းပေါင်းရှင်းရဲဘက်ကြီးတပ်ခွဲက စပါးကြီးမြွေကြီးနှင့် ချေလှောင်လေးတစ်ကောင်နှင့် ဖြူကျစ်လေးတစ်ကောင် ရလာသည်။ ဆီအုန်းပင်ကေတစ်ရာကျော်အား ပေါင်းမြက်များရှင်းရရာ နေ့စဉ်ပင် ဆီအုန်းတောထဲမှ အသိုက်လုပ်နေသော တောဝက်ပေါက်ကလေးများ၊ မြွေကြွက်ကြီးများ၊ ပွေးနှင့် တောသတ္တဝါမျိုးစုံ ရတတ်သည်။ ယနေ့တော့ လူကြီးလက်ထွာဆိုင်အလုံးခန့်၊ အရှည် (၆)ပေခန့် ရှည်သော စပါးကြီးမြွေကြီးနှင့် ခြေတံရှည်ရှည်၊ ခွေးပေါက်စခန့်ရှိသော ချေလှောင်တစ်ကောင်နှင့် လယ်ကြွက်ခန့်ရှိသော ဖြူကျစ်၊ အညိုရောင်တစ်ကောင်ကို ရသည်။

ရှေ့တန်းရဲဘက်တပ်ခွဲမှူး မောင်ဝင်းတို့ အကောင်များ ဖျက်ရာသို့ ကျွန်တော်သွားကြည့်သည်။ စပါးကြီးမြွေကြီးအား ကျွမ်းကျင်သော ရဲဘက်မုဆိုးက ရင်ခွဲ၍ ဝါးထောက်များထောက်ကာ အထဲမှ ကလီစာများအား ထုတ်ယူနေသည်။ ထို့နောက် ညိုကြီးနှင့်တွဲနေသော သည်းခြေအား အစုံလိုက်ထုတ်ယူ၍ ကျွန်တော့်အား ပေးသည်။

"ဆရာကြီး - ဒါကို အခြောက်လှန်းပြီး ဆောင်ထားပါ။ လေရောဂါအမျိုးမျိုးကို နိုင်တယ်၊ စပါးကြီးသည်းခြေအစစ်က ရခဲတယ်၊ ဈေးလည်း အလွန်ကြီးတယ်၊ ဗိန္ဓောဆရာတွေအနေနဲ့တော့ ဆေးဖက်အမျိုးမျိုး အသုံးဝင်ပါတယ်"

ထို့နောက် ဖြူကျစ်အမြီးအားဖြတ်၍ ရဲဘက်မှုဆိုးက ကျွန်တော့်အား ပေးပြန်သည်၊

"ဆရာကြီး - ဒီဖြူကျစ်အမြီးက ဂမ္ဘီရဆန်တယ်၊ ပယောဂကို နိုင်တယ်၊ ဆောင်ထားသူက သမာဓိရှိရင် သိဒ္ဓိဝင်တယ်၊ ရေလဲ အမျိုးမျိုးသုံးနိုင်တယ်၊ ကျွန်တော် ကြုံဖူးတာကတော့ မိန်းကလေးအပျို ကိုယ်ဝန်ဆောင်သည်နဲ့ မွေးဖွားရခက်ခဲတဲ့ ကိုယ်ဝန်သည်များ မွေးဖွားခါနီးမှာ ဆံထုံးထဲမှာ ထည့်ပြီး စည်းထားရင် ကလေးမွေးဖွားရ လွယ်ကူတယ်၊ အသက်အန္တရာယ်မရှိဘူး၊ ယောကျ်ားဖောင်စီး မိန်းမမီးနေတဲ့၊ အသက်အန္တရာယ်များတဲ့ ကိစ္စမှာ ကူညီရတာ အလွန်မွန်မြတ်ပြီး ကုသိုလ်ရပါတယ်"

စပါးကြီးသည်းခြေမှာ အိတ်ကလေးသဖွယ် အူထဲကမည်းမည်း၊ ညို့က တောင့်ကြာခြေထောက်သဖွယ် ချိတ်ကလေးများပါကာ ချိတ်ကလေး (၁) ချောင်းလျှင် လက်(၂)ဆစ်ခန့်သာ ရှိပါလိမ့်မည်၊ ညို့အိမ်တွင်ထားရှိပြီး လိုအပ်မှ ထုတ်သုံးပုံရသည်၊ အကောင်ကြီးသော်လည်း ညို့တစ်စုံက အားရစရာမရှိ၊ သို့သော် ညို့ချက်မိပါက လွန်စွာကြောက်စရာ ကောင်းလှပေသည်၊ သိသိကြီးဖြင့် ပြန်မခုခံနိုင်၊ လည်စင်းခံရတော့သည်၊

ကျွန်တော့်ဘကြီး ဦးစံမြိုင် ကြုံရပုံကို ဖောက်သည်ချလိုပါသည်၊ ဘကြီးတို့က သယံန်းကျွန်းကြီးရွာသား သူတို့ရွာကြီးက မင်္ဂလာဒုံမြို့နယ်၊ ပြည်လမ်း စုံဘေး၊ ကန်တွင်းတောခေါ်၊ သာဓုကန်တောဖြင့် နီးသည်၊ ယခင်က အနီး ပတ်ဝန်းကျင်ကျေးရွာများ၊ သစ်ဝါးထင်းလိုအပ်ပါက အလိုရှိသလောက် ခုတ်ယူနိုင်သည်၊ တောမပြုန်းရန်လည်း ရွာသားများက စည်းကမ်းဖြင့် ခုတ်ကြသည်၊ အမဲလိုက်တော့လည်း သည်တော၊ သစ်ဝါးလိုတော့လည်း သည်တော၊ ရာသီပေါ် ဟင်းသီးဟင်းရွက်ရှာတော့လည်း သည်တော၊ စွယ်စုံ



မကြာပါ-ဖန်ခါးပင် ကိုင်းတက်ပေါ်မှ ဦးခေါင်းပေါ်သို့
အမြှုပ်နှင့် အကျိအချွဲများ ကျလာသည်။ ထိုအချိန်ကမှ ဘကြီးက
အတွေ့အကြုံအရ စပါးကြီးညှိနံ့ရပြီဖြစ်ကြောင်းသိလိုက်ရသည်။
အော်၍မရ၊ ထပြေး၍မရ အသိကလေးက ရှိသေးသဖြင့် ဓားမကြီး
အား ခြေဖဝါးနှစ်ချောင်းကြားတွင် အသွားကို အပြင်သို့လှည့်၍
ညှပ်ထားပြီး လွယ်အိတ်ထဲတွင် အသင့်ပါလာသောသံချွန်ကြီးဖြင့်
ပတ်ချည်ကာ မျှောတိုင် နှစ်လုံးကြားသို့ အလိုက်သင့် ပက်လက်
အိပ်ချလိုက်ရတော့သည်။



လိုတာရသော ရတနာတောကြီးဖြစ်သည်၊ တောကြီးမှာ သာဓုကန်ခေါ် လှော်ကားပတ်လည်ပိုင်း၌ ပဲခူးရိုးမနှင့် ဆက်နေသဖြင့် တောကောင်မျိုးစုံ မြူးတူးကျက်စားရာ တောကြီးဖြစ်ချေသည်၊

— ၂ —

ဘကြီးဦးစံမြိုင်တို့ ကာလသားအဖွဲ့က ရှာဘုန်းတော်ကြီးကျောင်း စုပေါင်းရှင်ပြုအလှူအတွက် မဏ္ဍပ်ဆောက်ရန် လိုအပ်သော သစ်ဝါးများကို လှည်းယာဉ်နှစ်စီးဖြင့် ကန်တွင်းတောအတွင်း သွားရောက်ခုတ်ယူကြခြင်း ဖြစ်သည်၊ နေ့လယ်စာ ထမင်းထုပ်များဖြင့် တစ်ပျော်တစ်ပါး တစ်နေကုန် ခုတ်ကြရမည်ဖြစ်သည်၊ တိုင်နှင့် ဆင့်ဝါး၊ တန်းဝါးများအတွက် သစ်မျှော သားနှင့် လိုအပ်သော ဝါးကောင်းဝါးသန့်ကို ရွေးချယ်၍ အဖွဲ့ခွဲကာ ခုတ်ကြ ရခြင်းဖြစ်သည်၊ လှည်းနှစ်စီးတွင် ကာလသား (၆)ဦးပါသည်၊ မျောခုတ်သူ များက ကျွမ်းကျင်သလို ဝါးခုတ်သူများကလည်း ကျွမ်းကျင်သူများ ဖြစ်ကြ သည်၊ သူတို့တွင် ကိုယ်စီထက်မြက်သော ဓားပြားကြီးတစ်ချောင်းစီသာ ပါ သည်၊ သူတို့ဓားများက သံအလွန်ကောင်းပြီး ဝါးအရင်းကိုပင် အလွှာလွှာ အကွင်းလိုက်လှီး၍ရသည်၊ ခြေသလုံးမွေးပင် ရိတ်၍ရအောင် အမွေးကျ သွေး၍ သ,ထားကြသည်၊

သစ်ခုတ်လျှင် ဘေးကင်းရာဘက်သို့လဲစေရန် ချိန်ဆခုတ်တတ်ရသလို ဝါးခုတ်လျှင်လည်း ပင်ခြေက မခုတ်ရ၊ လူ့ခါးလယ်ခန့်မှခုတ်ပြီး ဝါးရုံအရှုပ် ထဲမှ ဖြောင့်တန်းသောဝါးကို ရွေးချယ်၍ ခုတ်ပြီး ဆွဲချရသည်၊ ထိုသို့ ခုတ်စဉ် ခုတ်ထားသောဝါးက အရှိန်ဖြင့် ကျလာပြီး ဗိုက်ကို စိုက်ဝင်တတ်သည်၊ ထို့ကြောင့် ဝါးခုတ်သမားက အလွန်သတိထားရသည်၊ ဝါးချုံတစ်ချုံတွေ့ သည်နှင့် အကုန်ခုတ်၍ မရ၊ လေးငါးလုံးသာ ခုတ်၍ရသည်၊ ခုတ်ပြီးဝါးများ ကို ဝါးရုံထဲမှ ဆွဲထုတ်၍ အစက်အလက်သပ်၊ လိုအပ်သော အတိုင်းအတာ ဖြတ်တောက်၍ စုပုံထားရသည်၊ လိုအပ်တာပြည့်ပါမှ လှည်းဆီသို့ ထမ်းပိုး သယ်ဆောင်ရသည်၊

ထိုနေ့က ဘကြီးသည် ၎င်း၏ လိုတာပြည့်ရန် ဝါး(၅)လုံးခန့်သာ လိုတော့ပြီး နေမွန်းတည့်ချိန်လည်းဖြစ်ပြီး ဗိုက်ဆာလာသဖြင့် နောက်ခုတ် မည့်ဝါးရုံကို ရှာသည်၊ လူတို့ခုတ်ထားသော အိမ်တိုင်လုပ်မည့် မျောတိုင်ကြီး (၂)လုံးအနီးတွင်ကြသောင်းဝါးရုံကိုတွေ့သည်၊ မျောတိုင် (၂)လုံးမှာ ကြီးမား လွန်းသဖြင့် သစ်ခုတ်သမားများ မသယ်ဆောင်နိုင်ဘဲ ချန်ထားခဲ့ဟန်တူ သည်၊ အရှည်မှာ (၁၀)တောင်ကျော်ပြီး လုံးပတ်က တစ်ဖက်စာနီးနီးရှိနေ သည်၊ လျှိုစောင်းတွင် ဝါးရုံက ရှိနေပြီး ဖန်ခါးပင်ကြီးအရိပ်က အလွန်အေး သည်၊ ထို့ကြောင့် ဘကြီးက သစ်လုံးတွင် ဓားမကြီးအားစိုက်၍ သစ်လုံးပေါ် တွင်ထိုင်ပြီး ပါလာသော ထမင်းထုပ်အား ဖြေစားသည်၊ မစားမီ တောထုံးစံ အရ ဖန်ခါးပင်ရင်းတွင် စားဦးစားဖျား ထမင်းနှင့်ဟင်းအား ဖန်ခါးရွက်ဖြင့် ထုပ်ကာ တောတင်သည်၊ ထိုနေ့က ဟင်းက ငါးရံ့ခြောက်ကို ခရမ်းချဉ်သီး ဖြင့် ချက်ထားသောဟင်းဖြစ်သည်၊ ငရုတ်သီးက အတော်စပ်သည်၊ ချွေး ထွက်များသူများအတွက် ငရုတ်သီးစပ်သောဟင်းက လွန်စွာခံတွင်းတွေ့ စေသည်၊

— ၃ —

နေ့လယ်စာ ထမင်းစားပြီး ရေအဝသောက်၍ ဆေးလိပ်ဖွာရန် အသင့် ပါလာသော လွယ်အိတ်အတွင်းမှ ဓာတ်မီးခြစ်ကို ရှာဖွေစမ်းနေစဉ် မှုန်ထူထူ အနံ့တစ်မျိုးကို ရှူမိသည်၊ ထိုအနံ့က သတိကို မေ့လျော့သွားမတတ် ညှီစို့စို့ ဖြင့် မွှန်ထူလှသည်၊ ထို့ကြောင့် မီးခြစ်ခြစ်၍ ဆေးလိပ်ဖွာပြီး ပတ်ဝန်းကျင်ကို မီးခိုးငွေ့များ မှုတ်ထုတ်ပစ်လိုက်တော့ အနံ့ဆိုးကြီး စေတ္တပျောက်သွား သည်၊ မကြာပါ – ဖန်ခါးပင် ကိုင်းတက်ပေါ်မှ ဦးခေါင်းပေါ်သို့ အမြှုပ်နှင့် အကျိအချွဲများ ကျလာသည်၊ ထိုအချိန်ကျမှ ဘကြီးက အတွေ့အကြုံအရ စပါးကြီးညှို့ခံရပြီ ဖြစ်ကြောင်း သိလိုက်ရသည်၊ အော်၍မရ၊ ထပြေး၍မရ အသိကလေးက ရှိသေးသဖြင့် ဓားမကြီးအား ခြေဖဝါးနှစ်ချောင်းကြားတွင် အသွားကို အပြင် သို့လှည့်၍ညှပ်ထားပြီး လွယ်အိတ်ထဲတွင် အသင့်ပါလာသော သင်အူကြိုးဖြင့် ပတ်ချည်ကာ မျောတိုင်နှစ်လုံးကြားသို့ အလိုက်သင့် ပက်လက်အိပ်ချလိုက် ရတော့သည်၊

ထိုအချိန်တွင် ဖန်ခါးပင်ကိုင်းတက်ပေါ်မှ ထွာဆိုင်ခန့် အလုံးရှိသော စပါး ကြီးမြွေကြီး လျှောဆင်းလာသည်၊ အမြှုပ်ရည်များဖြင့်လည်း တဖျန်းဖျန်းမှုတ် ပန်းသည်၊ ဘကြီးမှာ သတိကို မလွတ်စေဘဲ ဘုရားဂုဏ်တော်ရွတ်၍ အသေ

ကောင်လို ငြိမ်နေရသည်။ စပါးကြီးမြွေများ၏ထုံးစံမှာ အဆိပ်မြွေပ်များဖြင့် သတ္တဝါအား မူးမေ့အောင်လုပ်ပြီး ခန္ဓာကိုယ်အား ရစ်ပတ်၍ အရိုးများ ကျိုးကြေစေကာ ပျော့ပျောင်းသွားသော ခန္ဓာကိုယ်အား အမြှုပ်များ ပက်၍ ရှောရှောရှူရှူမျိုခြင်းဖြစ်သည်။ ယခုတော့ - သစ်လုံးနှစ်တုံးကြား ဝင်အိပ်နေသော ဘကြီးအား ရစ်ပတ်၍ အရိုးများ ကျိုးကြေစေရန် လုပ်၍မရတော့။

မျိုရာတွင်လည်း ဦးခေါင်းပိုင်းက စ၍မမျို၊ ခြေဖျားမှသာ စမျိုတတ်သော အလေ့အကျင့် ရှိသည်။ ထို့ကြောင့် ထိုအလေ့အထကိုသိသော ဘကြီးက သူ့ဓားမကြီးကို ခြေဖျားညှပ်ချည်၍ အမျိုခံခြင်း ဖြစ်ပါသည်။ မြွေကြီးက ဘကြီး၏ခြေဖျားမှ စ၍မျိုသည်။ (၆)ပေခန့်အရပ်ရှည်သော ဘကြီးခန္ဓာကိုယ်အား (၁၀)ပေခန့် အလျားရှိသော စပါးကြီးမြွေကြီးက တလှုပ်လှုပ် မျိုလာရာ ဘကြီးဦးခေါင်းသာ အပြင်တွင် ကျန်ရှိတော့သောအချိန်တွင် မြွေကြီး အမျို ရပ်သွားသည်။

ထိုအချိန်တွင် တိုက်ဆိုင်စွာပင် ဘကြီး၏ အပေါင်းအဖော်များ၏ အော်ခေါ်သံကိုကြားရသဖြင့် ဘကြီးလည်း ရုတ်တရက်အော်၍ ထူးလိုက်မိသည်။

"ဟေ"

ထူး၍ရသဖြင့် ရှန်းကန်ပြီး ကယ်ပါ၊ ယူပါ အော်ရတော့သည်။ မြွေကြီးမှာ မလှုပ်တော့။ အကြောင်းကတော့ ဘကြီး၏ခြေဖျားတွင် ထောင်၍ချည်ထားသောဓားမကြီးက မြွေကြီးမျိုသည့်အတိုင်း ခန္ဓာကိုယ်အတွင်း ကလီစာများနှင့် ဝမ်းဗိုက်အား ထိုးခွဲဖြတ်တောက်သွားရာ ညှို့ကြိုးကိုလည်း ဖြတ်တောက်သွားသဖြင့် မြွေကြီးသေဆုံးပြီး အမျိုရပ်သွားခြင်းဖြစ်သည်။ ကာလသားများက မြွေကြီးအား ခုတ်ပိုင်း၍ ဘကြီးအား ဆွဲထုတ်ရန် ကြိုးစားပြန်ရာ ဘကြီးက မြွေကြီး သေဆုံးသွားပြီဖြစ်သဖြင့် ၎င်းအား ဖြည်းဖြည်းချင်း ဆွဲထုတ်ရန် အော်ရသည်။ ဘကြီးအပြင်ရောက်တော့ ဒဏ်ရာဒဏ်ချက်ပင် မရှိ၊ အလွန်ဉာဏ်ကောင်း၍ ကံထူးသောဘကြီး ဖြစ်ပါသည်။

ထိုနေ့ညနေပိုင်း ရွာပြန်ရောက်တော့ ဘကြီးသတင်းမှာ ပျံ့လွင့်သွားသည်။ ဘကြီးကလည်း သတင်းမေးလာသူတိုင်းအား စပါးကြီးမြွေသား လက်ဆောင်



ပေးသည်။ စပါးကြီးသည်းခြေကိုတော့ လေရောဂါသည်များအား လိုက်လံ၍ ဆေးကုရာတွင် အသုံးပြုသည်။ လေဖြတ်၍ မျက်နှာရွဲ့စောင်းသူ၊ လျှာတိုသွားသူ၊ ကိုယ်လက်သေသွားသူများအား စပါးကြီးသည်းခြေအား အနည်းငယ်ဖျော့၍ ရေဖြင့်သွေးပြီးတိုက်ခြင်း၊ လိမ်းခြင်းဖြင့် ချမ်းသာရာရစေသည်။ လေဖြတ်ရောဂါအတွက် အလွန်အစွမ်းထက်သောဆေးဖြစ်သည်။ စပါးကြီးသည်းခြေ စစ်၊ မစစ် စမ်းသပ်ပုံကလည်း အလွန်ထူးဆန်းသည်။ ရေဇလုံထဲတွင် စပါးကြီးသည်းခြေကိုထည့်၍ စိမ်ပါက ရေကူးသည်။ စပါးကြီးသည်းခြေအား အတန်ငယ်ဖျော့၍ လက်ဖဝါးတွင် သုတ်လိမ်းပြီး လက်ခုံဘက်က စုပ်ကြည့်ပါက အလွန်ခါးသည်။ သူ့အရသာမှာ အတော်ခါးပြီး အတန်ငယ်ညှီသည်။ စပါးကြီးသည်းခြေအစစ်မှာ အရွယ်အစားအလိုက် သောင်းနှင့်သိန်းဖြင့် တန်ဖိုးရှိသည်။ ဆင်တူသော စပါးအုံးမြွေ၏သည်းခြေကတော့ အစွမ်းမထက်သလို တန်ဖိုးလည်း မရှိပါ။

— ၂ —

ညှို့သည် ဆိုသည်မှာ ဖမ်းစားခြင်းတစ်မျိုးဖြစ်သည်။ သတ္တဝါများက သဘာဝအလျောက် ညှို့ငင်ဖမ်းစားတတ်သလို သစ်ပင်ပန်းမန်များကလည်း သဘာဝအစွမ်းဖြင့် ညှို့ငင်ဖမ်းစားတတ်ပါသည်။ ကျွန်တော် လက်တွေ့မြင်ဖူးခဲ့သည်မှာ ပဲခူးရိုးမတောအတွင်း နတ်ရေတွင်းစခန်းတွင် ဖြစ်သည်။ ထိုရေတွင်းက နွေ၊ မိုး၊ ဆောင်း မခန်း။ ခရီးသွားများနှင့် တောတိရစ္ဆာန်ငှက်အမျိုးမျိုး၊ ရှဉ့်နှင့် တောကောင်အမျိုးမျိုးအတွက် အမှီသဟဲပြုရာဖြစ်သလို တသွင်သွင် လျှံ၍ကျနေသော ရေစီးကြောင်းဘေး၌လည်း တောပင်မျိုးစုံ ပေါက်ရောက်နေရာ ဂမုန်းပင်အမျိုးမျိုးနှင့် ပန်းမျိုးစုံပွင့်ဖူးသော တောပန်းတောင်ပန်းများလည်း ပေါက်ရောက်သည်။ ထိုနေရာတွင် အလွန်လှပစွာပွင့်သော ပန်းထိမ်ငိုဟူသော ဘုရားတင်သည့်ပန်းကို စတင်မြင်ဖူးခြင်း ဖြစ်သည်။ ထိုပန်းတောအနီးတွင် ဆူးပါသော ပန်းချုံတစ်ချုံကိုလည်း မြင်ရသည်။ ပန်းထိမ်ငိုပန်းက

ရန့်မရှိသော်လည်း ထိုပန်းက ဆူးပါသည်။ ပန်းက ရန့်ရှိသည်။ ပျားရည်လို ချိုအီသောအနံ့ ဖြစ်သည်။

အပွင့်မှာ အဖြူရောင် လက်မထိပ်ဖျားခန့် ဘူးကလေးဖြစ်ပြီး ပွင့်ဖတ် အဖုံးကလေးပါသည်။ အတွင်း၌ အဝါရောင်ဝတ်ဆံ၊ ဝတ်မှုန်များ၊ ပန်းတစ်ခိုင် တွင် လေးငါးပွင့်ပါရှိသဖြင့် အဆုပ်လိုက်အလွန်လှသည်။ အဆင်းရော အနံ့ပါ ရှိသဖြင့် ပျားပိတုန်းနှင့် ယင်ကောင်များ ဝိုင်းအုံနေသည်။ အရွက်ကလည်း လက်သန်းဖျားခန့်သာ။ ပျားပိတုန်းနှင့် ယင်ကောင်ကလေးများ အပွင့်အတွင်း ဝင်၍ ဝတ်ရည်စုပ်သည်နှင့် ပွင့်ဖတ်အဖုံးက ဖျတ်ခနဲ ပိတ်သွားသည်၊ အကောင်ကလေးများမှာ ပန်းဝတ်ရည်စုပ်၍ ရုန်းကန်ရင်း သေဆုံးကြရသည်၊ ပိတုန်းလို သန်မာသည့်အကောင်ကြီးမျိုးများကတော့ ပန်းပွင့်ကို စုတ်ပြဲ အောင် ရုန်းကန်၍ ထွက်ပေါက်ရှာတတ်သည်။ အကောင်ဖမ်းမိသောပန်း ပွင့်မှာ ပွင့်ဖတ်ပိတ်ပြီးသည်နှင့် တစ်နေကုန် ပြန်မပွင့်တော့၊ နောက်တစ်နေ့ တွင် ညှိုးရော်၍ ကြွေသွားသည်၊ ထိုပန်းအကြွေကို ဖြဲ၍ကြည့်ပါက အကောင် ကလေးများ၏ အတောင်ပံနှင့် အရိုးလောက်သာကျန်ရှိတော့သည်။ ပန်းပွင့် က စုပ်ယူဝါးမျိုလိုက်ခြင်း ဖြစ်သည်။ အပင်ကြီး၍ အပွင့်သာကြီးပါက အတော် ကြောက်စရာကောင်းပေမည်။ နေ့စဉ် ရာသီမရွေး အဖူး၊ အငုံ၊ အပွင့်များဖြင့် စည်စည်ဝေနေသော အတော်လှသည့်ပန်းပင် ဖြစ်သည်။ ကျွန်တော်တို့က ပန်းဖူးထဲ ခဲထည့်ခြင်း၊ အသီးပေါက်စကလေးများ ထည့်ခြင်း၊ ဝတ်မှုန်အိတ် အား တုတ်ဖြင့်ထိုးခြင်း ပြုလုပ်သော်လည်း ပွင့်ဖတ်က ပိတ်မသွားပါ၊ သက်ရှိ အကောင် ဝင်မှသာ အလိုအလျောက် ပိတ်သွားခြင်းက အတော်ထူးဆန်း သည်၊ အသားစားပန်းပင် ဖြစ်ပါသည်။

နောက်တစ်မျိုးက စခန်းအနီးတွင်ရှိသော ညောင်ပင်၊ တရုတ်ညောင် ဖြစ်၍ အရွက်ကြီးသည်၊ အသီးလည်း ကြီးသည်၊ ညောင်မုတ်ဆိတ်ပင်မှာ အရွက်သေး၍ အမြစ်များနေရာအနှံ့က ထွက်၍ ရှုပ်ထွေးသည်၊ ဗောဓိညောင် ကတော့ အလွန်သပ်ရပ်သန့်ရှင်းသည်၊ အရွက်က အလွန်လှသည်၊ ညောင်



ပိန္နဲကျတော့ အရွက်နုများက နီရဲနေသည်၊ ညောင်ကြွတ်က ရိုးရိုးညောင်ပင်၊ ပင်စည်ကြီးသည်၊ အသီးများသည်။ ညောင်ချဉ်ကျတော့ အညွန့်အဖူးက နီကျင်ကျင်၊ အချဉ်ဓာတ်ပါ၍ နွေဦးရာသီတွင် အဖူးအညွန့်များ ထွက်သည်၊ အဖူးအားရှုး၍ အချဉ်တည်ခြင်း၊ ဟင်းချက်စားခြင်း၊ သုပ်စားခြင်းပြုကြသည်၊ အသီးက ကြီးသည်၊ အသီးမှည့်ချိန်တွင် ငှက်များ အုပ်လိုက်ကျ၍ စားသုံး ကြသည်။ ဆက်ရက်ငှက်နှင့် ကျီးကန်းများ၊ ညောင်သီးစားငှက် အမျိုးမျိုး စားသုံးကြသည်။ ညအခါတွင် လင်းနို့လင်းဆွဲ၊ လင်းဝက်များ စားသုံးကြသည်၊

ကျွန်တော်တို့ စခန်းအနီးတွင်ရှိသည်က တရုတ်ညောင်မျိုး၊ ကျွန်တော် တို့က ဖက်လိပ်ညောင်ဟုခေါ်သည်၊ ညအခါ အိပ်သော ဖက်လိပ်ညောင်က တစ်မျိုး၊ စခန်းအနီးရှိ ညောင်ပင်က အချိန်မရွေး လိပ်သည်၊ ညောင်ရွက် အရင်းမှ အရည်ကြည်တစ်မျိုး ထွက်နေပြီး ထိုအရည်ကြည်ကို လိပ်ပြာ ကလေးများ၊ ပိတုန်းများ၊ ဝတ်ရည်စုပ်ငှက်သေးကလေးများ သောက်သုံး သည်နှင့် ညောင်ရွက်မှ ဖျတ်ခနဲ လိပ်သွားပြီး အကောင်ငယ်များအား ဖမ်း စားတော့သည်၊ တစ်ခါတစ်ရံ ပျားကောင်များ၊ ယင်ကောင်များ ပိုးဖလံများ အုပ်လိုက်ကျလျှင် တဖျပ်ဖျပ် အသံမြည်၍ တစ်ပင်လုံး လိပ်သွားသည်၊ အတန်ကြာ၍ ဖက်ပြန်ဖွင့်တော့ အကောင်ငယ်ကလေးများ၏ ခန္ဓာကိုယ် အခွံသာ ရှိတော့သည်၊ အတွင်းကလီစာများအား စုပ်ယူစားသုံးလိုက်ခြင်း ဖြစ်သည်၊ အကောင်ကြီးများကိုတော့ ဖမ်းယူစားသုံးနိုင်ခြင်း မရှိပါ၊ အသား စားညောင်ပင်တစ်မျိုး ဖြစ်သည်၊ အရွက်အရင်းမှထွက်သော အရည်က ညှိုရည်ဖြစ်သည်၊ ပျစ်ချွဲချွဲဖြင့် အနီရောင်အဆင်း ရှိသည်၊ အနံ့က ညှီစို့စို့ဖြင့် အချိုဓာတ် ပါရှိပုံရသည်၊ သူလည်း သတ္တဝါကလေးများအား ညှို့ယူဖမ်းစားနိုင် သော သတ္တိထူး ရှိပေသည်၊ တဖျပ်ဖျပ်လိပ်သံက အတော်ကျယ်လောင်သဖြင့် ငှက်အုပ်များ လန့်၍ပင် ပျံပြေးတတ်ကြသည်၊

ကျွန်တော်တို့ကတော့ ထိုညောင်ပင်ကြီးကို အ,မင်္ဂလာညောင်ပင်၊ အသားစားညောင်ပင်အဖြစ် အသိအမှတ်ပြုထားသည်၊ တစ်နေ့တော့

ညောင်ပင်ကြီးမှာ အတင့်ရဲလာဟန်တူသည်။ ငှငှက်အုပ်ကျစဉ် ညောင်ရွက် ရည်သောက်မိသော ငှငှက်လေးငါးကောင်အား ငှက်ဦးခေါင်းကို ညောင်ရွက်က လိပ်၍ပတ်ထားသဖြင့် ငှက်က အလန့်တကြား ရုန်းကန်ရာမှ ညောင်ရွက် ပြတ်၍ အပင်ပေါ်မှ ငှက်ဖြင့်အတူ ပြုတ်ကျလာသည်။ ငှငှက်မှာ ခြေစိမ်းနှင့် ခြေနီဟူ၍ (၂)မျိုးရှိပြီး ဆက်ရက်ငှက်ထက်ကြီး၍ ကျီးကန်းနီးနီး ရှိသည်။ ညောင်သီးပေါ်ချိန်တွင် အတော်ဝဖြိုးသည်၊ အသားက ချိုးအသားလိုပင် အတော်ချို၍ စားကောင်းသည်။

ဤတစ်ခါတော့ လေးငါးကောင်ရသဖြင့် ကျွန်တော့်တပည့်များက အသားစားညောင်ပင်ကြီးကို သဘောကျနေကြပြန်သည်။

"ဆရာရေ-ငှငှက်တစ်ကောင် (၂၀)ကျပ်သားဆိုတော့ (၅)ကောင် ဆိုရင် တစ်ပိဿာပဲ၊ ညောင်ပင်ကြီးက နေ့တိုင်းရှာကျွေးရင်တော့ ဟင်းစား မပြတ် ရတော့မှာပဲ၊ ဒီလိုဆိုတော့လည်း ညောင်ပင်ကြီးက အားကိုးရပြန် ရော"

"အားမကိုးကြနဲ့-ဟဲ့ကောင်တွေ၊ တို့ရောက်စက ညောင်ပင်ကြီးက ယင်ကောင်နဲ့ ပိတုန်းလိပ်ပြာလောက်သာ ဖမ်းစားတာ၊ အခုတော့-ငှက် အကောင်ကြီးကြီးတောင် ဖမ်းစားလာပြီ၊ နောက်ဆို အကိုင်းအခက်အလက် တွေကပါ အသက်ဝင်လာပြီး နီးစပ်ရာလူတွေကိုပါ ဒုက္ခပေးတော့မယ်၊ သတိ ကြပ်ကြပ်ထားကြပေရော့-မမေ့ကြနဲ့"

ကျွန်တော် သတိပေးပြီး မကြာပါ၊ ကျွန်တော်တို့ စခန်းသစ်ဆောက်ရန် ကြိုးပမ်းနေခိုက် ညောင်ပင်ကြီး၏ အောက်ခြေမြစ်ဆုံပတ်လည်မှ အတက် အလက်အရွက်များ ထွက်လာပြီး စခန်းမှ တပည့်များ မွေးမြူထားသော ကြက်ပေါက်ကလေးများ အုပ်လိုက်ပါသွားတော့သည်၊ တပည့်များက ခုတ် လိုသော်လည်း ကျွန်တော်က တားထားသဖြင့် ညောင်ပင်ကြီး အသက်ရှည် နေသည်၊ ဝါးပေါသောဒေသဖြစ်သဖြင့် ကျွန်တော်က ညောင်ပင်ကြီး မြစ်ဆုံ ပတ်လည်အားဝါးကပ်ဖြင့်လုံခြုံအောင်ကာရံထားလိုက်သည်၊ တစ်လလောက်



ကြာတော့ ညောင်ပင်ကြီးကိုင်းတက်များက အပြင်သို့ ပေါက်ထွက်လာပြန် သည်၊ ညောင်ပင်ကြီးက ဆိုးချင်တော့ ကျွန်တော့်ရှေ့တန်းစခန်းခွဲသို့တာဝန်ခံ အဖြစ်နှင့် အပြောင်းတွင် နောက်တန်းစခန်းတာဝန်ခံက ညောင်ပင်ကြီးကို မြစ်ခြေမှ ကပ်ဖြတ်၍ အပြောင်ရှင်းလိုက်တော့သည်၊ ခိုက်သည်လား တိုက် ဆိုင်သည်လားတော့မသိ၊ ညောင်ပင်ခုတ်သော စခန်းတာဝန်ခံနှင့် သစ်ခုတ် အဖွဲ့ ငှက်ဖျားရောဂါဖြစ်၍ ပဲခူးဆေးရုံကြီးသို့ တင်ပို့လိုက်ရရာ မသေရုံ တစ်မည် ခံစားလိုက်ကြရသည်၊ ဆေးရုံက ဆင်းတော့လည်း မကြာခဏ ဖျားနာသဖြင့် လေ့လျော့အင်းနောက်တန်းစခန်းသို့ ပြောင်းရွှေ့ထားရသည်၊

ခုတ်လိုက်သောညောင်ပင်ကြီးအား အပိုင်းပိုင်းဖြတ်၍ ရဲဘက်ဖိုကြီး တွင် ထင်းဆိုက်ရန် ပို့ထားသော်လည်း ညောင်သားမှာ ထင်းဆိုက်မကောင်း ၍လည်းကောင်း၊ ဖိုကြီးရဲဘက်များ အကြောက်လွန်၍ မီးမဆိုက်ရဲသော ကြောင့်လည်းကောင်း၊ ပုံထားရာမှ အတက်များ ထွက်လာပြန်သဖြင့် နောက် ပြောင်းလာသော စစ်ထွက်၊ စခန်းတာဝန်ခံက အယုံအကြည်မရှိဘဲ ဒီဇယ် လောင်း၍ မီးပုံရှို့လိုက်တော့မှ ညောင်ပင်ကြီးဇာတ်လမ်းသိမ်းတော့သည်၊ ဒါတောင်-စစ်ထွက်စခန်းတာဝန်ခံ ကားပေါ်မှ မတော်တဆ ပြုတ်ကျ၍လက် ကျိုးပြီး နောက်တန်းမင်းကုန်းဆေးရုံကြီးသို့ တက်လိုက်ရသေးသည်၊ ဤ သည်မှာ ကျွန်တော် ကြုံဖူးသော ညို့ယူဖမ်းစားတတ်သည့် ညောင်ပင်ဇာတ် လမ်းဖြစ်သည်၊

ညို့ယူဖမ်းစားသည်ဆိုသည်မှာ စွမ်းအားတစ်ခုဖြစ်ကြောင်း စာဖတ်သူ လည်း အတော်အတန်သဘောပေါက်လောက်ပြီ ထင်ပါသည်၊ ဤတစ်ခါ တင်ပြလိုသည်က ညို့ယူဖမ်းစားတတ်သောသူမ၊ အမျိုးသမီးတစ်ဦး အကြောင်းပင် ဖြစ်သည်၊

—၆—

ကျွန်တော်တို့နေထိုင်သောရပ်ကွက်တွင် ဆွေမျိုးများ စုပေါင်း၍ ကိုယ့်ဝင်း၊ ကိုယ့်ခြံဖြင့် နေကြသည်။ ကျွန်တော်တို့နှင့် ခြံချင်းကပ်လျက် အဖေ့၏ ညီမအိမ် ရှိသည်။ သူ့ယောက်ျားက လျှပ်စစ်လုပ်သား။ နယ်သို့လှည့်၍ အမြဲတမ်း သွားလာနေရပြီး (၆)လခန့်ကြာမှ တစ်ခေါက်လောက် ပြန်လာတတ်သည်။ တာဝန်ကျသည်က ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းသူတို့တွင် သမီးတစ်ယောက်နှင့် သားတစ်ယောက်ရှိရာ သမီးလုပ်သူက ကျွန်တော့်ထက် အသက်ကြီးသည်။ သားက ကျွန်တော့်ထက် အသက်(၅)နှစ်ခန့်ငယ်သည်။ မောင်နှမဝမ်းကွဲများ ဖြစ်ကြသည်။

ဤတစ်ခါ (၆)လပြည့်သော်လည်း အဒေါ့်ယောက်ျားမှ ပြန်မလာတော့၊ စုံစမ်းကြည့်တော့ ရှမ်းပြည်နယ်စပ်တွင် ဆေးမိ၍ အိမ်ထောင်ကျနေကြောင်း သိရသည်။ ထို့ကြောင့် အဒေါ်၏ သမီးနှင့်သား၊ မောင်နှမမှာ ကျွန်တော်တို့ အိမ်သို့ပြောင်းလာသဖြင့် အဖေက မွေးစားရသည်။ အဒေါ်ကတော့ သီလရှင်ဝတ်ပြီး စစ်ကိုင်းရောင်တွင် သွားနေသည်။ အားလပ်နေသော အဒေါ်တို့အိမ်အား အဖေက ကလေးများ မုန့်ဖိုးရစေရန် အဖွားချထားလိုက်တော့သည်။

ထိုအချိန် ကျွန်တော်က အသက်(၂၀)ခန့် တက္ကသိုလ်သို့ ရောက်နေပြီ၊ အဒေါ်သမီး မစန်းက ကျွန်တော့်ထက် ကြီး၍ အသက်(၂၂)ခန့် ကုန်စိမ်းရောင်းသည်။ အငယ်ကောင် တောက်ထိန်က အသက်(၁၅)နှစ်ခန့် အလယ်တန်းကျောင်းသား။ အိမ်ငှားလာနေသူ ဒေါ်မာလာက အသက်(၃၀)ခန့်၊ ယောက်ျားနှင့်ကွဲပြီး (၁၄)နှစ်ခန့် သမီးတစ်ယောက်နှင့် အသက်(၅၀)ခန့် အမေအိုကြီးတစ်ယောက် ပါလာသည်။ မိန်းမသားချည်းဖြစ်၍ အဖေတို့က သနားပြီး ကူညီစောင့်ရှောက်သည့်အနေဖြင့် အိမ်ငှားထားခြင်း ဖြစ်သည်။ ဒေါ်မာလာက လည်ဝယ်သည်။ ပေါင်းသင်းဆက်ဆံရေးတတ်သည်။ အလုပ်က ဗိုလ်ချုပ်ဈေးက ပွဲစားတဲ့၊ ဘာပွဲစားမှန်းတော့မသိ၊ ကျော့နေအောင် ဖီးလိမ်းပြင်ဆင်ပြီး နေ့စဉ် ဆွဲခြင်းတစ်လုံးဖြင့် အလုပ်သွားသည်။ မနက်(၉)နာရီခန့် အိမ်ကထွက်၍ ညနေ(၅)နာရီခန့် အိမ်ပြန်လာတတ်ရာ ရုံးသမား



အတိုင်းပင်။ တစ်ပတ်တစ်ကြိမ် တနင်္ဂနွေနေ့တိုင်း အိမ်တွင် နားသည်။ ညီဝမ်းကွဲတောက်ထိန်နှင့် ဒေါ်မာလာသမီး နင်းနုတို့မှာ တစ်ကျောင်းတည်း၊ တစ်တန်းတည်း။ နဂိုကပင် သိကျွမ်းကြသော အတန်းဖော်များဖြစ်ကြသဖြင့် ရင်းနှီးသည်။ ကျောင်းသွားအတူ၊ ကျောင်းပြန်အတူ၊ အပျိုပေါက် လူပျိုပေါက်များ ဖြစ်ကြသော်လည်း ကလေးငယ်များလိုပင် နင်နှင့်ငါနှင့် မောင်နှမလိုပင် ပေါင်းကြသည်။

ဒေါ်မာလာမှာ တစ်ပတ်တစ်ခါ နားသည်နှင့် လက်ရာကောင်းကောင်းဖြင့် ဟင်းချက်၍ ကျွန်တော်တို့အိမ်သို့လည်း ပို့သည်။ သူ့အိမ်သို့လည်း အပတ်စဉ် ထမင်းဖိတ်ကျွေးသည်။ သူမက မော်လမြိုင်သူပီပီ ဟင်းချက်လက်ရာ အလွန်ကောင်းသည်။ ငါးကျည်း၊ ငါးခူကိုကြော်၍ အချဉ်ရည်ဖြင့်နှပ်သောဟင်း၊ ရဲယိုရွက်ဖြင့် ငါးရံ့ပေါင်းထုပ်ဟင်း၊ ငါးရံ့ခေါင်းနှင့် ဒန့်သလွန်သီး၊ အာလူး၊ ဘူးသီး၊ ကုလားဟင်း၊ မရမ်းသီး၊ မန်ကျည်းသီး၊ ငါးပိထောင်းတို့မှာ လွန်စွာ လက်ရာမြောက်သဖြင့် ထမင်းစား၍ အလွန်မြိန်သည်။ ကြာလာတော့ – ကျွန်တော်တို့နှစ်အိမ် ခင်မင်ရင်းနှီး၍ အဝင်အထွက် များလာသည်။ ကျွန်တော်ကတော့ တက္ကသိုလ်ကျောင်းသားဖြစ်၍ ကျောင်းပိတ်ရက်မှသာ ဒေါ်မာလာနှင့် ဆုံသော်လည်း ညီဝမ်းကွဲတောက်ထိန်ကတော့ အလယ်တန်းကျောင်းသားဖြစ်ပြီး ဒေါ်မာလာသမီးနင်းနုနှင့် သူငယ်ချင်းဖြစ်သောကြောင့် ကျောင်းကပြန်လာသည်နှင့် အတူစာကျက်ကြသည်။ တတွဲတွဲပင်။

နှစ်ပေါက်လာတော့ – ကျွန်တော်တို့နှစ်အိမ်ထောင် ပိုမိုရင်းနှီးလာကြသည်။ ဒေါ်မာလာက ကျွန်တော့်ကိုပင် ကျောင်းပိတ်ရက် ရုပ်ရှင်ကြည့်ရန် ချိန်းဆိုတတ်သည်။ ကျွန်တော်ကလည်း မတော်တဆ ကျွန်တော့်ရည်စားဖြင့် တိုးမှာစိုးသောကြောင့် လိမ္မာစွာ ငြင်းပယ်ရသည်။

ယခုတလော မောင်တောက်ထိန်တစ်ယောက် အဝတ်သစ်၊ အစားသစ်များ ပေါများနေသည်။ ကြွကြွရွရွဖြင့် ဟန်ရေးပြနေရာ မနှင်းနုဖြင့်ပင် မကြာခဏ စကားများကြသည်ကို တွေ့နေရသည်။ တောက်ထိန်တစ်ယောက်

အချိုးပြောင်းနေပြီဖြစ်သည်။ တစ်ခါတစ်ရံ အလယ်တန်းကျောင်းသားက ရာတန်ကိုင်သုံးနေသည်ကိုပင် တွေ့ရသည်။ ထိုခေတ်က ရာတန်ဆိုသည်က အကြီးဆုံးအောက်တန်းစာရေးတစ်ယောက်မှ လခ (၁၂၆)သာ စားရသည်။ အရာရှိပေါက်စက (၂၁၀)၊ စကေးအရာရှိက (၃၂၀)စကေး။ ယခုတော့ အလယ်တန်းကျောင်းသားက (၁၀၀)ကျပ်တန် ကိုင်သုံးနေပြီ ဖြစ်သည်။ ကျွန်တော် သဘောပေါက်ပါသည်။ မောင်တောက်ထိန် လူပျိုနုနုထွတ်ထွတ်ကလေးတစ်ယောက် ဒေါ်မာလာ၏ညွှတ်ကွင်းတွင် ညှို့မိနေပြီဟူ၍ဖြစ်သည်။ ကျွန်တော့်မိခင်ကတော့ မိန်းမသားချင်း အစောပိုင်းကပင် ရိပ်မိနေပုံရသည်။ ကျွန်တော့်အား တစ်ခါတစ်ရံ ပြောတတ်သည်။

"သားရေ - ဟိုဘက်အိမ်က မာလာမဟုတ်ဘူးကွဲ့၊ မာယာကြောင့် တောက်ထိန်တော့ သမီးနဲ့မရဘဲ အမေနဲ့ ရလိမ့်မယ်ထင်တယ်။ မင်းအဖေကို အရိပ်အမြွက် သတိပေးတော့လည်း ယောကျ်ားကလေးပဲ နာစရာမရှိဘူးတဲ့၊ မင်းညီကို မင်းကြည့်ပြီး သတိပေး ဆုံးမပါဦး။ တစ်ခုလပ်မက လူပျိုနုနုထွတ်ထွတ်ကလေးကို မတန်မရာ ..."

"ဟုတ်ကဲ့ပါ - အမေ၊ ကျွန်တော် - ညီလေးကို သတိပေး ဆုံးမပါ့မယ်"

ဤသို့ဖြင့် မောင်တောက်ထိန်အား ပြောမည်၊ ပြောမည်ဖြင့် ကျွန်တော် မဟဖြစ်ခဲ့၊ သူတို့ကလည်း အလွန်ပိရိအနေတတ်သည်။ မောင်တောက်ထိန် (၁၀)တန်းရောက်သောနှစ်မှ ကျွန်တော့်ညီအစ်ကိုချင်း အခွင့်အရေးရသဖြင့် မေးဖြစ်သည်။

"ညီလေး - မောင်တောက်ထိန် - မင်းက မအေနဲ့ဖြစ်တာလား၊ သမီးနဲ့ ဖြစ်တာလား။ အနေအထိုင် ဆင်ခြင်ဦးနော်"

"နှစ်ဦးစလုံးနဲ့ ဖြစ်နေတာပါ - အစ်ကို၊ မအေနဲ့ဖြစ်တာက လခစား၊ သမီးနဲ့ဖြစ်တာက အမြဲတမ်းအတွက်ပါ"

"မင်းဟာ မဟုတ်သေးပါဘူး၊ နှင်းနုက အဲဒီအကြောင်းကို မသိဘူးလား"



"သိတာပေါ့ - အစ်ကိုရာ၊ ကျွန်တော်နဲ့ဖြစ်တာကို သဘောမတူရင် နှင်းနုကို ကျောင်းထုတ်မယ်၊ အိမ်ပြောင်းမယ်၊ နှင်းနုနဲ့ကျွန်တော့်ကို ခွဲမယ်လို့ အကြပ်ကိုင်ထားတယ်။ ဒါကြောင့် - နှင်းနုလည်းမလှုပ်သာဘူး၊ ကျွန်တော်က ယောကျ်ားပဲ နာစရာမရှိပါဘူး - အစ်ကိုရာ၊ နှင်းနုသာမရှိရင် ကျွန်တော် ဒေါ်မာလာကို တကယ်ယူဖြစ်မှာ၊ ဒေါ်မာလာက ညှို့ကြိုးကောင်းတယ် အစ်ကိုရ"

"ဘာ - ဘယ်လို - ဒေါ်မာလာက အပျိုစင် နုနုထွတ်ထွတ် နှင်းနုထက် သာသတဲ့လား"

"အဟုတ်ပြောတာ - အစ်ကိုရ - သာတယ်၊ နှင်းနုက ရိုးရိုးကြီး၊ ဒေါ်မာလာက အတွေ့အကြုံများတော့ အတော်စွဲမက်စရာကောင်းတယ်၊ သူကလည်း ပွင့်ပွင့်လင်းလင်းပဲ၊ ယောကျ်ားမရှိရင် မနေတတ်ဘူးတဲ့၊ ကျွန်တော့်လို သန့်သန့်ရှင်းရှင်းဆိုတော့ သူလည်း ရောဂါမရဘူးတဲ့၊ ကျွန်တော်လည်း အတွေ့အကြုံရတာပေါ့တဲ့၊ သူ့ကိုကြိုက်တဲ့လူတွေ သူတို့ပွဲစားလောကမှာ တစ်ပုံကြီးတဲ့၊ လူကိုသာ ယူချင်တာ၊ ရေရှည်လက်တွဲနိုင်မှာ မဟုတ်ဘူးတဲ့၊ အဲ့ အစစ်အမှန်နဲ့တွေ့ရင်တော့ သူ လက်ထပ်မှာဖြစ်ပြီး ကျွန်တော်နဲ့နှင်းနုကိုလည်း ပေးစားမယ်တဲ့၊ ဒီကြားထဲ - ကျွန်တော့်ဘက်က ရှောင်ရင်တော့ သူတို့ နယ်ပြောင်းပြေးမှာတဲ့၊ ဒါကြောင့် - ကျွန်တော့်မှာ ငြိမ်နေရတာ၊ အရှုံးလည်း မရှိဘူးလေ၊ လစဉ်အသုံးစရိတ်ကိုပြည့်စုံအောင် ထောက်ပံ့လို့သူဌေးသားလို သုံးနေရတာ အစ်ကိုကြီးအမြင်ပဲလေ ..."

"အေး - ကောင်းကွာ၊ တခြားသူသာ သိသွားရင်တော့ အတော်အရုပ်ဆိုးမယ့်ကိစ္စပဲ၊ မင်းကွာ - သားအမိကို လှေနံနှစ်ဖက်နင်းရတယ်လို့ ကြားတောင် မကြားဘူးပါဘူး၊ အတော်ထူးတဲ့အကောင်ပဲ၊ တောက်ထိန့်အစားဖိုးကံထူးလို့ ပြောင်းရမလို ဖြစ်နေပြီ"

"ဟဲ - ဟဲ - ကံစီမံရာ အလိုက်သင့်နေရုံပါပဲ - အစ်ကိုရာ၊ သူ့ဟာနဲ့သူ ဖြစ်လာတာပါ"

ကျွန်တော် - တောက်ထိန်ကို အလွန်အံ့ဩသည်၊ ယောက္ခမနှင့် သမက် အရှည်သဖြင့် ဘယ်လိုဆက်ဆံကြပါလိမ့်မလဲ၊ ဒေါ်မာလာကတော့ မှင်သေသေပင်၊ သူ့စိမ်းအပြင် လူမရိပ်မိအောင်ပင် ပိပိရိရိ နေထိုင်သွားသည်၊ ကျွန်တော်တောင် ရိပ်မိရုံ၊ မေးမြန်းမှသာ အသေအချာသိရခြင်း ဖြစ်သည်၊ ကြားထဲက သမီးဖြစ်သူနှင်းန ဘယ်လိုဘယ်ပုံ ခံစားနားလည်နိုင်ပါမလဲ၊ တွေးပင်မတွေးရဲစရာအဖြစ်ပင်၊ လောက၌ ဤလိုကိစ္စမျိုးရှိသည်ဆိုသည်ကပင် အံ့ဩစရာ၊ အလွန်ပင် ညို့ယူဖမ်းစားနိုင်သောစွမ်းအားရှိသည့် ဒေါ်မာလာ (ခေါ်) ဒေါ်မာယာမင်းသမီး ဖြစ်ချေသည်၊

ကျွန်တော် ဘွဲ့ရတော့ မောင်တောက်ထိန် (၁၀)တန်းအောင်သည်၊ တက္ကသိုလ် ဆက်တက်ရေး၊ မတက်ရေး ညှိနှိုင်းကြပြီး နောက်ဆုံးတွင် ဒေါ်မာလာ၏အဆက်အသွယ်ဖြင့် မောင်တောက်ထိန် ဌာနကြီးတစ်ခုတွင် အောက်တန်းစာရေးအလုပ်ရသည်၊ ဒေါ်မာလာက ထိုလူကြီးဖြင့် အိမ်ထောင်ကျသည်၊ ထိုလူကြီးက မုဆိုးဖို၊ သားသမီးမရှိ၊ ဒေါ်မာလာက တစ်ခုလပ်ဖြစ်မှန်းသိသိကြီးဖြင့် ဒေါ်မာလာ၏ ညို့ကြိုးကြောင့် အတည်တကျ ပေါင်းသင်းကြသည်၊ မောင်တောက်ထိန်နှင့်မနှင်းနတို့လည်း အခြေအနေအရ အိမ်ထောင်ကျကြပြီး မိဘအိမ်တွင် ပြန်နေ၍ တက္ကသိုလ်အဝေးသင်သင်တန်းသို့ လင်မယားနှစ်ဦးစလုံး တက်ကြသည်၊

ကျွန်တော် ဌာနမှူးဖြစ်တော့ သူတို့လင်မယားအစိုးရဌာနကြီးတစ်ခုတွင် စာရေးများဖြစ်နေကြပြီး အဆင်ပြေနေကြပေပြီ၊ ဒေါ်မာလာကလည်း အဆင်ပြေ၍ သားသမီးများကိုပြန်လည်ထောက်ပံ့နိုင်သည်၊ အတွင်းသဘောမသိဘဲ အပြင်ကျောအမြင်ကတော့ အတော်ချစ်ခင်စရာကောင်းသည့်စံပြအိမ်ထောင်စုပင် ဖြစ်ပါသည်၊ မောင်တောက်ထိန်တို့လင်မယားက ကလေးမယူတော့ အတော်လွတ်လပ်ကြသည်၊ ရာထူးတက်မြန်ကြသလို ဒေါ်မာလာ၏ ပံ့ပိုး



ကူညီမှုကြောင့် စီးပွားဖြစ်လည်း မြန်ကြသည်၊ သူတို့အိမ်ကလေးကိုလည်း သပ်ရပ်စွာ ပြန်ပြင်ဆောက်နိုင်ကြသည်၊ မောင်တောက်ထိန်က ကျေးဇူးသိတတ်စွာ စစ်ကိုင်းချောင်မှ မိခင်ကြီးကို လိုလေသေးမရှိ ထောက်ပံ့သည်၊ မနှင်းနကလည်း တော်ရှာပါသည်၊ ယောက္ခမအပေါ် အလွန်ကောင်းရှာပါသည်၊ မကြာမီ လင်မယားနှစ်ဦးစလုံး ဘွဲ့ရကြ၍ အရာရှိများ ဖြစ်ကြသည်၊ ထိုအခါမှ ကလေးယူကြ၍ သာယာသောအိမ်ထောင်စုတစ်ခု ဖြစ်သွားသည်၊ အိမ်ဖော်နှင့်ကားနှင့် အတော်စီးပွားဖြစ်ကြသည်၊ ကျွန်တော်လည်း အိမ်ထောင်ကျပါပြီ၊ သားသမီးများဖြင့် မိဘအိမ်၌ပင် စည်စည်ကားကားဖြစ်သော်လည်း မောင်တောက်ထိန်တို့လောက် စီးပွားမဖြစ်ပါ၊ ပုံမှန်အခြေအနေသာ ဖြစ်သည်၊

ဒေါ်မာလာမှာ အသက် (၅၀) ခန့်ရှိလာသော်လည်း လှဆဲ၊ ပဆဲ၊ အလွန်သပ်ရပ်သန့်ပြန့်စွာ နေတတ်သည်၊ ဒေါ်မာလာ၏လူကြီးမှာ ကြီးမှပေါင်းသော်လည်း အလွန်တော်ရှာပါသည်၊ ဒေါ်မာလာကို အလွန်ချစ်သည်၊ ကြင်နာသည်၊ အိမ်ထောင်ရေးကံကောင်း၍ စံရိပ်ငြိမ်ရပ်ကွက်ဘက်တွင် နှစ်ထပ်တိုက်အိမ်နှင့် ခြံနှင့်ဝင်းနှင့် ကားဖြင့် ဒေါ်မာလာက အလွန်စီးပွားရေး အရှာကောင်းသည်၊ စံရိပ်ငြိမ် လမ်းမတန်းအိမ်၌ပင် အကျိုးဆောင်ကုမ္ပဏီ တည်ထောင်၍ ဝန်ထမ်းများ ခန့်ထားပြီး ကျောက်အရောင်းအဝယ်သာမက အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလုပ်ငန်းလည်း လုပ်သေးသည်၊ ဒေါ်မာလာတို့လင်မယား ညားခါစက ကြောင်စံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုး တွေ့ကြသည်၊ ဒေါ်မာလာကို ပိုင်းလုံးမဟု ထင်ကြသော်လည်း ယခုတော့ သူ့ယောကျ်ားကြီးက ပင်စင်ယူပြီးနားရိုန် ဒေါ်မာလာက အသက်ကြီးခါမှ အိမ်ထောင်စီးပွားရေးကို ဦးဆောင်နေပြီ ဖြစ်သည်၊

ဤသည်မှာ ကျွန်တော်သိသော ညို့ဓာတ်အင်အားကြီးသည့် မိန်းမတစ်ယောက်အကြောင်းဖြစ်သည်၊ မြတ်စွာဘုရားရှင်လက်ထက်ကပင် ဟတ္ထဂါကို ကာမရာဂကြီးသောမိန်းမမျိုးများ ပေါ်ထွန်းခဲ့သည်၊ ထူးခြား

ဆန်းကြယ်သောမိန်းမများ ဖြစ်သည်။ တောတောင်တွင် တောကောင်နှင့် ဆန်းကြယ်သော သစ်ပင်များက ညှို့ဓာတ်အင်အားဖြင့် ထူးခြားဆန်းကြယ် သလို လူ့သဘာဝ၊ လူ့ပတ်ဝန်းကျင်၊ နေ့စဉ်ကြုံတွေ့ပြီး ရိုးစင်းသည်ထင်ရ သော ကျား၊ မ သဘာဝမှာပင် ဆန်းကြယ်၍ညှို့ဓာတ်အင်အားကြီးမားသော မိန်းမထူးများ၏ပုံပြင်များကလည်း မရိုးနိုင်သောပုံပြင်များ ဖြစ်ကြပါသည်။

အချုပ်ဆိုရသော် သဘာဝလောကကြီးသည် လွန်စွာဆန်းကြယ်သော် လည်း နေ့စဉ်ကြုံတွေ့နေရသော လူ့သဘာဝလောကကြီးက ပို၍ ဆန်းကြယ် သည်ဟု ကျွန်တော် ထင်သည်။ ညှို့ငင်စွဲဆောင်နိုင်သော ဓာတ်သဘာဝက မရိုးနိုင်သော လောကသဘာဝကြီး၏ အခြေခံတရားပင် ဖြစ်ပါလိမ့်မည်။

●–○➤ ဆောင်မှူးကြီးသိန်းခင်


စာ မူ ရှင် သို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့
မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ပို မဂ္ဂဇင်း




စံပယ်ကျေနပ်ပါလေတော့။

## ကြိုးဆွဲချအမှုကို လိုက်လံဖော်ထုတ်ရာမှနောက်ဆုံးတွင် တရားခံကို ဖမ်းမိလိုက်တော့ ပေရာ..

**စုံထောက်ဝီလီသိန်း** ရောက်သွားတော့ အခင်းဖြစ်ပွားရာ နှစ်ထပ်တိုက်ခံ ပျဉ်ထောင်အိမ်ကြီး၏ရှေ့တွင် ဌာနအုပ်ကြီး ဦးဟာဒီနှင့်အတူ စာသင်ကြီး ဦးဖိုးဟိန်းကို တွေ့လိုက်ရသည်။ အိမ်အဝင် တံခါးမကြီးရှေ့မှာတော့ ပုလိပ်ကလေးအောင်ပါက စောင့်နေသည်။

"လာပေ့ - ဝီလီသိန်း"

စုံထောက်ဝီလီသိန်းက သူ့ကို လှမ်းခေါ်လိုက်သော ဌာနအုပ်ကြီးကို ပြုံးပြလိုက်သည်။ ပြီးတော့ - အိမ်မည်းကြီးကို လှေ့လာကြည့်ရှုလိုက်သည်။ အိမ်ကြီး၏ အပေါ်ထပ်တစ်ခုလုံး ရေနံချေး သုတ်ထားသဖြင့် အိမ်မည်းကြီးနှင့် တူနေတော့သည်။ အိမ်အောက်ထပ် လေးဖက်လေးတန်တွင်ရှိသော ပြတင်းပေါက်များအားလုံး ဖွင့်ထားသည်ကို တွေ့လိုက်ရသည်။ စိတ်ကျေနပ်လောက်အောင်ကြည့်ပြီးနောက် ဌာနအုပ်ကြီးနှင့်အတူ အိမ်ထဲသို့ ဝင်လိုက်သည်။ အိမ်အောက်ထပ်တွင် ထမင်းစား စားပွဲတစ်လုံးနှင့် ထိုင်ခုံလေးလုံးကို တွေ့လိုက်ရသည်။ ထမင်းစားပွဲပေါ်တွင် စားလက်စ ထမင်း၊ ဟင်းပန်းကန်များကို



တွေ့လိုက်ရသည်။ တစ်ယောက်တည်း စားထားသည့်အနေအထား ဖြစ်သည်။

"အလောင်းက အိမ်အပေါ်ထပ်မှာ - ဝီလီ"

"ဘယ်သူ အရင်တွေ့တာလဲ"

စုံထောက်ဝီလီသိန်းက အပေါ်ထပ်သို့ မတက်သေးဘဲ ပြန်မေးလိုက်သည်။

"ဒီအိမ်က ထမင်းချက် ဒေါ်သီးက အရင်ဆုံး စ,တွေ့တာကွ။ အိမ်အပြင်မှာ စောင့်ခိုင်းထားတယ် - ခေါ်လိုက်ရမလား"

စုံထောက်ဝီလီသိန်းက ခေါင်းညိတ်ပြလိုက်သည်။ ဌာနအုပ်ကြီးက တံခါးမကြီးနားတွင် ရပ်နေသော ပုလိပ်ကလေးအောင်ပါကို ထမင်းချက် ဒေါ်သီးအား ခေါ်ခိုင်းလိုက်သည်။ သိပ်မကြာလိုက်ပါ။ လွန်စွာမှ ဝလှသော အမျိုးသမီးကြီးတစ်ယောက် အိပဲ့အိပဲ့ဖြင့် ရောက်လာသည်။

"ကိုင်း - မင်းသိချင်တာ သူ့ကိုမေးပေတော့။ အလောင်းကို အရင်ဆုံး စ,တွေ့တဲ့ ထမင်းချက် ဒေါ်သီးဆိုတာ - သူပဲ"

ထမင်းချက် ဒေါ်သီးက စုံထောက်ဝီလီသိန်းရှေ့တွင် ဒူးတုပ်၍ ထိုင်ချလိုက်သည်။

"ခင်ဗျား - ဒီအိမ်မှာ ထမင်းချက်အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"နှစ်နှစ်လောက်တော့ ရှိပါပြီ။ ပွဲစားကြီး - ဒီကိုပြောင်းလာပြီး တစ်လလောက်ရှိတော့မှ ကျွန်မ ရောက်တာပါ။ ပွဲစားကြီးနာမည်က မောင်သိန်းကျော်ပါ။ ဘယ်ကပြောင်းလာတာလဲ မသိပါဘူး ရှင်"

"အလောင်းတွေ့ပုံကို ပြောပါဦး"

"ကျွန်မက ပွဲစားကြီးအိမ်ကို မနက်ခြောက်နာရီကျော် လောက် အရောက်လာရပါတယ်။ ဒီမနက်က ကျွန်မရောက်တော့ အိမ်ရှေ့တံခါးမကြီးက ပွင့်နေပါတယ်။ ဒါနဲ့ - ကျွန်မလည်း အိမ်ထဲဝင်ပြီး ပြတင်းပေါက်တံခါးတွေ အရင်လိုက်ဖွင့်ပါတယ်။ ညက ပွဲစားကြီး စားထားတဲ့ ထမင်းပွဲတွေကိုလည်း

စားပွဲပေါ်မှာ ဒီအတိုင်း တွေ့ရပါတယ်။ အဲဒါတွေကို မသိမ်းသေးဘဲ အိမ်ပေါ်ထပ်ကို တံမြက်စည်းလှဲဖို့ တက်သွားတာမှာ ပွဲစားကြီးကို လေထဲမှာ ကြိုးတန်းလန်းနဲ့ တွေ့ရတာပါပဲ"

"ဒေါ်သီးက ဒီအိမ်ကြီးမှာ ထမင်းချက်အပြင် ဘာလုပ်ရသေးလဲ"

"အိမ်ဖာဟီရအလုပ် အကုန်လုပ်ရပါတယ်"

"အခု သေသွားတဲ့ပွဲစားကြီးအကြောင်း ခင်ဗျား သိသလောက် ပြောပါဦး"

ဌာနအုပ်ကြီး ဦးဟာဒီက စိတ်ဝင်စားစွာ နားထောင်နေသည်။

"ပွဲစားကြီးလို့သာ ခေါ်တာပါ။ အသက်က သုံးဆယ်တောင် မကျော်လောက်သေးပါဘူး။ ခပ်ငယ်ငယ် ရှိပါသေးတယ်၊ အလုပ်ကသာ ပွဲစားလို့ ပြောပါတယ်။ တစ်ခါမှ ပွဲစားအလုပ်လုပ်တာ မတွေ့ရပါဘူး။ ပြီးတော့ နေ့ခင်းဘက်ဆို အိမ်ထဲက အိမ်ပြင်မထွက်ဘူး ရှင့်"

"အလုပ်မလုပ်ဘဲ ဘာနဲ့စားတာလဲ၊ ဘယ်ကဝင်ငွေ ရနေလဲ"

"တစ်လတစ်ခါလောက် စာတိုက်မှာ ငွေသွားထုတ်တာတော့ တွေ့ရတယ် ရှင့်၊ အဲဒီငွေနဲ့ စားတာနေမှာပေါ့"

စုံထောက်ဝီလီသိန်းက ဒေါ်သီးထံမှ သိလိုသမျှ မေးမြန်းရင်း အိမ်အောက်ထပ်တစ်ခုလုံးကို မျက်လုံးကစား၍ ကြည့်နေသည်၊ ထမင်းစားစားပွဲနှင့် ကုလားထိုင်များမှအပ အိမ်ထောင်ပရိဘောဂ တစ်ခုမျှ မရှိ။

"ကျေးဇူးတင်ပါတယ် - ဒေါ်သီး။ နောက်မှ သိလိုတာ ထပ်မေးမယ်နော်"

စုံထောက်ဝီလီသိန်းက ထမင်းချက် ဒေါ်သီးကို သွားခွင့်ပြုလိုက်ပြီးနောက် ဌာနအုပ်ကြီး ဦးဟာဒီ၊ စာသင်ကြီး ဦးဖိုးဟိန်းတို့နှင့်အတူ အိမ်အပေါ်ထပ်သို့ တက်လိုက်သည်၊ အိမ်အပေါ်ထပ် အလယ်လောက်တွင် ကြိုးတန်းလန်းနှင့် အလောင်းတစ်လောင်းကို တွေ့လိုက်ရသည်၊ အလောင်း၏ ခြေနစ်ချောင်း ကြမ်းပြင်မှ နှစ်ပေခန့်ကွာဟနေသည်ကို စုံထောက်ဝီလီသိန်း သတိထားလိုက်မိသည်၊ အလောင်းနားသို့ကပ်၍ စိတ်ကျေနပ်လောက်အောင် စစ်ဆေးပြီးနောက် -



"သူ့ကိုယ်သူ သတ်သေတာမဟုတ်ဘူး - အစ်ကိုဟာဒီ၊ စိတ်ကြိုက်နှိပ်စက်ပြီးမှ လည်ပင်းကို ကြိုးကွင်းစွပ်ပြီး ထုပ်တန်းမှာ ကြိုးနဲ့ဆွဲပြီး သတ်ထားတာဗျ။ မျက်နှာတစ်ခုလုံးလည်း ညိုမည်းဖူးရောင်နေတာပဲ၊ ရက်ရက်စက်စက် လုပ်သွားတာဗျ။ တော်တော်ကို ရန်ငြိုးကြီးကြီးနဲ့ သတ်သွားတာ၊ အော် - အစ်ကိုဟာဒီ - ထမင်းချက် ဒေါ်သီးကို ခေါ်ပေးပါဦး။ မေးစရာလေး ပေါ်လာလို့"

ဌာနအုပ်ကြီးက စာသင်ကြီး ဦးဖိုးဟိန်းကို တစ်ဆင့်နိုင်းလိုက်သည်၊ ခဏအကြာတွင် ဒေါ်သီး ရောက်လာသည်၊ ဒေါ်သီးက ကြိုးတန်းလန်းနှင့် အလောင်းကို လှည့်၍ပင် မကြည့်၊

"ဒီမှာ - ဒေါ်သီး - အလောင်းလည်ပင်းမှာ စွပ်ထားတဲ့ကြိုးက ဒီအိမ်က ကြိုးလား"

ဒေါ်သီးက အလောင်းလည်ပင်းမှ ကြိုးကို မဝံ့မရဲဖြင့် လှမ်းကြည့်ရင်း -

"ဟင့်အင်း - ဒီအိမ်ကကြိုး မဟုတ်ပါဘူး ရှင်၊ ဒီအိမ်မှာ ကြိုးဆိုလို့ အိမ်ဘေးက အဝတ်လှန်းတဲ့ကြိုးပဲ ရှိပါတယ် ရှင်"

ဒေါ်သီးကို သွားခွင့်ပြုလိုက်ပြီးနောက် ဌာနအုပ်ကြီး ဦးဟာဒီအား အလောင်းမှ ကြိုးကွင်းအား သက်သေခံပစ္စည်းတစ်ခုအဖြစ် သိမ်းဆည်းထားရန် ပြောလိုက်သည်၊ မြို့ပေါ်တွင် တစ်ယောက်တည်း အိမ်ငှားနေထိုင်သော ပွဲစားမောင်သိန်းကျော်၊ ဆွေမသိ၊ မျိုးမသိ၊ သူ့ဘဝအစကို ခြေရာကောက်နိုင်မှ အမှုမှန်ပေါ်လာမည်ဖြစ်သည်၊ ခြေရာကောက်နိုင်ရန်လည်း ထမင်းချက် ဒေါ်သီးက သဲလွန်စတစ်ခု ပေးခဲ့သည်၊ ပွဲစားမောင်သိန်းကျော်သည် တစ်လတစ်ခါ စာတိုက်မှ ငွေသွားထုတ်သည်ဟု ပြောခဲ့သည် မဟုတ်ပါလား။ သည်တော့ - စုံထောက်ဝီလီသိန်းတစ်ယောက် လူသတ်မှုဖြစ်ပွားရာ အိမ်မည်းကြီးကို ကျောခိုင်းထွက်ခွာလာခဲ့သည်၊ သူ ခြေဦးတည့်ရာကတော့ စာတိုက်ကြီးရှိရာသို့ ...။

— ❀ —

"စုံထောက်ဝီလီသိန်းတစ်ယောက် ခရီးထွက်သွားတာ တော်တော်လေး ကြာနေပြီနော်"

စာသင်ကြီး ဦးဖိုးဟိန်းက ဌာနအုပ်ကြီး ဦးဟာဒီကို လှမ်းပြောလိုက်သည်။ ဌာနအုပ်ကြီးက စားပွဲပေါ်တွင် ခြေထောက်နှစ်ချောင်းစုံတင်၍ ကုလားထိုင်တွင် ကျောမှီထိုင်နေရာမှ -

"ပွဲစားသိန်းကျော် အသတ်ခံရမှုနောက် လိုက်နေတာလေ။ စိတ်ချပါ ဝီလီသိန်း - ပြန်လာရင် တရားခံတွေ ပါလာမှာပါ"

"အစ်ကိုဟာဒီကတော့ သိပ်ကို အထင်ကြီးလွန်းနေပါပြီ"

ပြောပြောဆိုဆို ဌာနအုပ်ကြီး ဦးဟာဒီ၏ ရုံးခန်းထဲသို့ ဝင်လာသူက စုံထောက်ဝီလီသိန်း -



လည်ပင်းကို ကြိုးကွင်းစွပ်ပြီး
ထုပ်တန်းမှာ ကြိုးနဲ့ဆွဲပြီး
သတ်ထားတာဗျ။ မျက်နှာ
တစ်ခုလုံးလည်း ညိုမည်း
ဖူးရောင်နေတာပဲ။
ရက်ရက်စက်စက် လုပ်သွား
တာဗျ။ တော်တော်ကို
ရန်ငြိုးကြီးကြီးနဲ့ သတ်သွား
တာ။ အော် - အစ်ကိုဟာဒီ
ထမင်းချက်ဒေါ်ဖီးကို ခေါ်ပေးပါဦး။
မေးစရာလေး ပေါ်လာလို့...



"ဘာလဲ - တရားခံ မမိခဲ့ဘူးလား"

ဌာနအုပ်ကြီးက စုံထောက်ဝီလီသိန်း၏နောက်ကို လှမ်းကြည့်ရင်း မေးလိုက်သည်။

"အဟဲ - အချုပ်ခန်းထဲ ရောက်နေပါပြီဗျာ"

စုံထောက်ဝီလီသိန်းက ဌာနအုပ်ကြီး စားပွဲရှေ့တွင် ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"တစ်ယောက်တည်း သိုသိုသိပ်သိပ်နေတဲ့ ပွဲစားသိန်းကျော်ရဲ့အကြောင်းကို သိရရင် တရားခံကို ရှာတွေ့မှာဆိုတာကို တွေးမိထားတယ်ဗျ။ သူ့အကြောင်းကို စုံစမ်းတော့ သိတဲ့သူမရှိဘူး။ သူတို့သိထားတာက သိန်းကျော်ဟာ နေ့ဘက်မှာ အိမ်တွင်းပုန်းလုပ်နေပြီး ညကျမှ အပြင်ထွက်ပြီး ပွေရှုပ်နေတယ်ဆိုတာပဲ။ ထမင်းချက် ဒေါ်သီးကြောင့် သိန်းကျော်နောက်ကြောင်းလိုက်ဖို့ လမ်းစရတာဗျ။ တစ်လတစ်ခါ စာတိုက်မှာ ငွေသွားထုတ်တယ်လို့ ဒေါ်သီး ပြောတာ အစ်ကိုဟာဒီလည်း ကြားသားပဲ။ ဒါနဲ့ - စာတိုက်ကို သွားစုံစမ်းလိုက်တော့ ပခုက္ကူစာတိုက်ပို့တာလို့ သိလာခဲ့ရတယ်။ ကျွန်တော်စုံစမ်းလို့ သိရတာက ပွဲစားဆိုတာ အမည်ခံသက်သက်ဗျ။ ဘာအလုပ်မှမလုပ်ဘဲ ပို့တဲ့ငွေနဲ့ အငြိမ့်သားထိုင်စား၊ သုံးဖြုန်းသောက်စားနေတဲ့ ကောင်ဗျ။ ကျွန်တော်လည်း သိန်းကျော်ဆီကို ငွေပို့ပေးတဲ့ပခုက္ကူမြို့ကို လိုက်ရတာဗျ"

စုံထောက်ဝီလီသိန်းက စကားပြောတာကို ရပ်လိုက်ပြီး စားပွဲပေါ်တွင် အသင့်ရှိနေသော ရေနွေးကြမ်းခရားထဲမှ တစ်ခွက်ငှဲ့သောက်လိုက်သည်။

"ပခုက္ကူမြို့ကိုရောက်တော့ - စာတိုက် ဗိုလ်ဦးမောင်ကြီးနဲ့ ဝင်တွေ့ပြီး အကူအညီတောင်းလိုက်တော့ ပခုက္ကူမြို့နဲ့ ရေစကြိုမြို့ကြားက ရွာကလေးတစ်ရွာက ဦးတောကျော်ဆိုတဲ့ လူတစ်ယောက်က သိန်းကျော်ဆီကို တစ်လတစ်ခါ ငွေပို့ပေးနေတာလို့ သိခဲ့ရတာဗျို့။ ကျွန်တော်လည်း အဲဒီရွာကလေးကို သွားရတာပေါ့ဗျာ"

— ❀ —

ရွာလေးသာဆိုသည် အိမ်ခြေနှစ်ရာနီးပါးရှိပြီး ကားလမ်းဘေးတွင် ကပ်၍တည်ရှိလေသည်၊ ကားပေါ်က ဆင်းလိုက်သည်နှင့် ရွာထိပ်တွင် ထန်းရည်ဆိုင်လေးကို တွေ့လိုက်ရသည်၊ စုံထောက်ဝီလီသိန်းသည် အဝတ်အိတ်ကို လက်တစ်ဖက်ကဆွဲရင်း သတင်းစုံကြားနိုင်သော ထန်းရည်ဆိုင်ထဲသို့ ဝင်လိုက်သည်၊ ထန်းရည်ဆိုင်ထဲတွင် ရွာခံကာလသားများဟု ထင်ရသောသူများ ထန်းရည်သောက်နေသည်ကို တွေ့လိုက်ရသည်၊

"ကျော်လှိုင်ကြီးရေ – ဧည့်သည်လာတယ်ဟေ့"

ထန်းရည်သောက်နေသူတစ်ယောက် အော်ပြောလိုက်သည်၊ စုံထောက်ဝီလီသိန်းက ထိုသူကို ကျေးဇူးတင်သည့်သဘောဖြင့် ပြုံးပြလိုက်သည်၊

"နောင်ကြီးက မြို့က ဧည့်သည်ထင်တယ်၊ လာဗျာ – ကျုပ်တို့နဲ့ သောက်ရအောင်၊ ကျုပ်တို့က ရွာခံဆိုတော့ ထန်းရည်နဲ့ ဧည့်ခံပါ့မယ်"

ထိုစဉ် ထန်းရည်ဆိုင်ပိုင်ရှင် ရောက်လာသဖြင့် စုံထောက်ဝီလီသိန်းက ထန်းရည်နှစ်မြူ မှာလိုက်ပြီး ရွာခံများနှင့်အတူ ဝင်ထိုင်လိုက်သည်၊

"မိတ်ဖြစ်ဆွေဖြစ် ကျွန်တော်ကပဲ ဧည့်ခံပါရစေ၊ ကျွန်တော့်နာမည်က ဝီလီသိန်းပါ"

"ကျုပ်ကိုလည်း မှတ်ထားဗျာ၊ ကျုပ်နာမည်က ဟန်ညွန့်၊ သူက ဘိုအေး၊ သူက စိန်မြင့်၊ သူက ကျော်မင်းတဲ့ဗျ၊ ဒါနဲ့ – ခင်ဗျားက ကျုပ်တို့ရွာကို ဘာကိစ္စနဲ့ လာတာလဲ"

ကိုဟန်ညွန့်ဆိုသူက နှုတ်သွက်လျှာသွက်ဖြင့် မိတ်ဆက်ပေးရင်း စုံထောက်ဝီလီသိန်းကို မေးလိုက်သည်၊

"ခင်ဗျားတို့ရွာက ဦးတောကျော်ဆီကို လာတာပါ"

"ဟာ – အတော်ပဲ၊ ဟောဒီကောင် ဘိုအေးက ဦးတောကျော် တူအရင်းပါပဲဗျာ၊ အဲ – နေပါဦး၊ ဦးတောကျော်ဆီလာတာဆိုတော့ မဟုတ်မှလွဲရော သိန်းကျော် လွှတ်လိုက်တာလား"

မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် စုံထောက်ဝီလီသိန်း ဝမ်းသာသွားသည်၊ ကိုဟန်ညွန့်က သူ့ဘေးတွင် ထိုင်နေသော ပိန်ပိန်ပါးပါး လူတစ်ယောက်ကို ပုတ်ပြရင်း ပြောလိုက်သည်၊



"ဟုတ်ပါ့ဗျာ – သိန်းကျော်က လွှတ်လိုက်တာပါ၊ ပိုက်ဆံပြတ်သွားလို့ သွားတောင်းပေးပါဆိုပြီး လွှတ်လိုက်လို့ လာရတာပါ၊ ဒါနဲ့ – သိန်းကျော်နဲ့ ဦးတောကျော်က ဘာတော်တာလဲ"

စုံထောက်ဝီလီသိန်းက သိန်းကျော်အကြောင်း သိချင်တာနဲ့ ချော်လဲရောထိုင်လုပ်လိုက်သည်၊

"ဦးတောကျော်က သိန်းကျော်ရဲ့အဖေ၊ သားအဖတွေပေါ့ဗျာ၊ ဒီကောင် သိန်းကျော်က ပိုက်ဆံသုံးတာ အရမ်းကြမ်းတာပဲ၊ ပြီးခဲ့တဲ့ ဆယ်ရက်လောက်ကပဲ ပိုက်ဆံပို့ထားတာဗျ"

ကိုဘိုအေးက ဝင်ပြောလိုက်သည်၊

"သိန်းကျော်ဆီကို ပိုက်ဆံပို့ပေးရတာ – ခင်ဗျားလား"

"ဟုတ်တယ် – ကျွန်တော်က ဦးတောကျော်ရဲ့တူ၊ သိန်းကျော်နဲ့ ညီအစ်ကိုတစ်ဝမ်းကွဲ"

ကိုဘိုအေးက ထန်းရည်တစ်ခွက်ကို ခပ်သောက်ရင်း ပြောလိုက်သည်၊

"ဒါနဲ့ – သိန်းကျော်က ဘာဖြစ်လို့ သူ့အဖေနဲ့မနေဘဲ တစ်ယောက်တည်း မြို့တက်နေရတာလဲ၊ စကားလည်းပြော၊ သောက်လည်း သောက်ကြဗျာ"

စုံထောက်ဝီလီသိန်းက သိန်းကျော်အကြောင်း မေးလိုက်သည်၊

"သိန်းကျော်က ရွာမှာတော့ အရက်သမား၊ ဖဲသမား၊ ငပွေငရှုပ်ဗျ၊ ချမ်းသာတဲ့အဖေအားကိုးနဲ့ လုပ်ချင်တာလုပ်နေတဲ့ကောင်၊ နမသားရျင်း စာနာစိတ်လည်း မရှိဘူး၊ အရက်ကလေး တမြမြနဲ့ ဖဲရိုက်ရင်ရိုက်၊ ဖဲမရိုက်ရရင် ကြက်တိုက်၊ အဲဒီလိုနေတဲ့ကောင်ဗျ၊ သူ့အဖေ ဦးတောကျော်ကလည်း အမိမဲ့သားလေးဆိုပြီး အလိုလိုက်ထားတာ၊ ဖြစ်ချင်တော့ ကျားမြီးသွားဆွဲတယ်လေ၊ အဲဒီတော့ – ရွာက ခွေးပြေးဝက်ပြေး ပြေးရတာပေါ့၊ အပြေးကောင်းလို့ပေါ့နော်၊ နို့မို့ဆို – သေတာကြာလှပေါ့"

"ဘယ်လိုကျားမြီးသွားဆွဲတာလဲ – ပြောပါဦး"

စုံထောက် ဝီလီသိန်းက ကိုဘိုအေးကို မေးလိုက်သည်၊ ကိုဟန်ညွန့်နှင့် ကိုစိန်မြင့်တို့က ထန်းရည်သောက်ရင်း နားထောင်သူသက်သက်၊

"ဒီလိုဗျ - ရွာတောင်ပိုင်းမှာ ဖိုးသူနဲ့ ဖိုးလူ၊ နှမလေး ခင်စံပယ်တို့ မောင်နှမ သုံးယောက် နေကြတယ်။ မိဘတွေ မရှိကြတော့ဘူး။ သူတို့အိမ်လေးရဲ့ခြေရင်းခေါင်းရင်းမှာ ဦးကြီး၊ ဒေါ်ကြီးတွေ နေကြတယ်။ အဲဒီခင်စံပယ်လေးကို သိန်းကျော်က ကြိုက်နေတယ်။ သူ့အစ်ကိုတွေလစ်ရင် လစ်သလို ရည်းစားစကား သွားပြောတယ်။

ခင်စံပယ်လေးကလည်း ဒီကောင့်အကြောင်းကို သိနေတော့ လက်မခံဘူး။ သိန်းကျော်ကလည်း ခင်စံပယ်လေးကို အကြမ်းပတမ်း မလုပ်ရဲဘူး။ ဖိုးသူနဲ့ ဖိုးလူကို ကြောက်တယ်လေ။ အဲဒီညီအစ်ကိုနှစ်ယောက်က မဟုတ်မခံ၊ ထိတ်ထိတ်ကြဲတွေ။ နှမထိ ဓားကြည့်ဆိုတဲ့ အစ်ကိုတွေ။ သူတို့နှမလေးကို အရမ်းချစ်တာ။ ဖြစ်ချင်တော့ - ဖိုးသူနဲ့ ဖိုးလူ ညီအစ်ကိုနှစ်ယောက် မြို့တက်ပြီး ပဲရောင်းသွားတုန်း ခင်စံပယ်လေးကလည်း ဆိတ်ကျောင်းထွက်သွားတယ်။ ခင်စံပယ်လေးကို ကျားချောင်းသလို ချောင်းနေတဲ့သိန်းကျော်က တောထဲကို ဆိတ်ကျောင်းသွားတဲ့ ခင်စံပယ်လေးနောက်ကို လိုက်သွားပြီး သူ့အချစ်ကို လက်ခံဖို့ပြောတာပေါ့။

အဲဒီအချိန်မှာ သိန်းကျော်ဟာ အရက်သောက်ထားလို့ မူးလည်းမူးနေတယ်။ ခင်စံပယ်လေးက လက်မခံဘဲ အတင်းငြင်းပြီး အနားကပ်လာတဲ့ သိန်းကျော်ကို ဆောင့်တွန်းပစ်လိုက်တယ်။ အဲဒီမှာ ခင်စံပယ်လေးရဲ့လက်နှစ်ဖက်ကို ဆွဲယူပြီး သိန်းကျော်က အတင်းဖက်နမ်းပါလေရော။ အရက်ကလည်းမူး၊ အထိအတွေ့မှာ သာယာသွားပြီး ခင်စံပယ်လေးကို အနိုင်ကျင့်လိုက်မိသွားတယ်။ ခင်စံပယ်လေးက သိန်းကျော်ကို "ခွေးကြီး - ငါ့ကို ခွေးကျင့်ခွေးကြံ ကြံတယ်။

အစ်ကိုတွေကို တိုင်မယ်" ဆိုပြီး သိန်းကျော်လက်ထဲက ရုန်းထွက်ပြီး ရွာဘက်ကို ပြန်ပြေးပါလေရော။ အဲဒီတော့မှ သိန်းကျော် လူစိတ်ပြန်ဝင်လာတယ်လို့ ပြောရမှာပဲ။ ဖိုးသူနဲ့ ဖိုးလူသိရင် သူသေရတော့မယ်ဆိုတာ တွေးမိပြီး ရွာကို ခင်စံပယ်လေး အရင်ရောက်အောင် ပြန်ပြေးလာပြီး သူ့အဖေဦးတောကျော်ကို ဖြစ်ကြောင်းကုန်စင်ပြောပြပြီး ရွာကနေ ထွက်ပြေးတော့တာပဲ။ ဦးတောကျော်ဆီက ပိုက်ဆံအလုံအလောက် တောင်းသွားတာဗျ"



"ခင်ဗျားက ဒီအကြောင်းကို ဘယ်လိုလုပ်သိတာလဲ"

စုံထောက် ဝီလီသိန်းက ထန်းရည်တစ်ခွက်ကို လှမ်းပေးရင်း ကိုဘိုအေးကို မေးလိုက်သည်။

"အရီးဦးတောကျော်က ပြန်ပြောလို့ သိရတာဗျ"

ထန်းရည်ခွက်ကို လှမ်းယူရင်း ကိုဘိုအေးက ပြန်ပြောလိုက်သည်။

"တော်သေးတာပေါ့ဗျာ - သိန်းကျော်က ခင်စံပယ်လေးကို သတ်မသွားတာ"

ကိုကျော်မင်းက ဝင်ပြောလိုက်သည်။

"သတ်သွားတာနဲ့ ဘာထူးလို့လဲ။ သူ့အစ်ကိုတွေ ပြန်လာမယ့်မနက်မှာပဲ အိမ်နောက်က မန်ကျည်းပင်မှ ကြိုးဆွဲချပြီး သတ်သေသွားတယ်လေ။ ညီမလေးအတွက် အဝတ်အစားတွေ ဝယ်လာတဲ့ဖိုးသူနဲ့ ဖိုးလူတို့ ညီအစ်ကိုနှစ်ယောက်ဟာ ကြိုးတန်းလန်းနဲ့ သေနေတဲ့ ခင်စံပယ်လေးကို တွေ့လိုက်ရတော့ အံ့အားသင့်သွားတာပေါ့။ ခင်စံပယ်လေးက ပြောပြလို့ အဖြစ်မှန်ကို သိနေတဲ့ ဦးကြီး၊ ဒေါ်ကြီးတွေက အကျိုးအကြောင်းပြောလိုက်တော့ ညီအစ်ကိုနှစ်ယောက်ဟာ ခေါင်းရင်းထရံမှာ ထိုးထားတဲ့ ဇက်ကြီးတောင်ဓားတွေကိုဆွဲပြီး ဦးတောကျော်အိမ်ကို သွားတော့တာပဲ။ ဒါပေမဲ့ - သူတို့ သတ်ဖို့သွားတဲ့ သိန်းကျော်ကို မတွေ့ရပါဘူး။ ဒီအရေတွေမြင်လို့ ဟိုကောင်က ပြေးပြီလေ။ အဲဒီမှာ - ဖိုးသူနဲ့ဖိုးလူ ညီအစ်ကိုနှစ်ယောက်လည်း ဒေါသတွေပေါက်ကွဲပြီး "ပြေးထား - သိန်းကျော်။ မင်း လွတ်အောင်ပြေးကွ" လို့ အံကြိတ်ပြီး ပြောတော့တာပဲ။ သိန်းကျော် အပြေးကောင်းလို့ လွတ်သွားပေမယ့် ဖိုးသူတို့ညီအစ်ကိုက အလွတ်ပေးမှာမဟုတ်ဘူးဗျ။ အခုလည်း ညီအစ်ကိုနှစ်ယောက် ရွာမှာ မရှိဘူးဗျ။ သိန်းကျော်ကို မြေလှန်ရှာနေတယ်ထင်တယ်"

ကိုဘိုအေးက သူ့စကားကို အဆုံးသတ်လိုက်သည်။ စုံထောက်ဝီလီ

သိန်း သိချင်နေသော သိန်းကျော်အကြောင်းကို သိလိုက်ရလေပြီ။ ပွဲစားအမည်ခံထားသော သိန်းကျော် အသတ်ခံရမှုအတွက် ဖြစ်နိုင်ခြေအရှိဆုံးသော တရားခံကို ခြေရာခံမိလေပြီ။ မကြာမီ ရက်ပိုင်းအတွင်း ဖိုးသူနှင့် ဖိုးလှတို့ညီအစ်ကိုနှစ်ယောက် ရွာပြန်လာပါစေဟု ကြိတ်၍ဆုတောင်းနေမိသည်။ ရွာပြန်မလာဘဲ ခြေရာပျောက်သွားလျှင် စုံထောက်ဝီလီသိန်း ဆက်မတွေးတော့။ ရာဇဝတ်ဘေးပြေး မလွတ်လို့ ဆိုထားသည် မဟုတ်ပါလား။

"ထူးဆန်းတာ တစ်ခုရှိသေးတယ်ဗျ။ ခင်စံပယ်လေးအလောင်းကို မန်ကျည်းပင်က ဖြုတ်ချပြီးတော့ လည်ပင်းက စွပ်နေတဲ့ကြိုးကွင်းကိုဖြုတ်ပြီး ထားလိုက်တာ ပျောက်သွားတယ်။ ဘယ်သူယူသွားတာလဲ မသိလိုက်ကြဘူးဗျ"

ကိုစိန်မြင့်က ပြောလိုက်သည်။ စုံထောက်ဝီလီသိန်း၏ မျက်စိထဲတွင် သိန်းကျော်၏ လည်ပင်းမှာစွပ်နေသော ကြိုးကွင်းကို သွားမြင်လိုက်သည်။ ထို့ကြောင့် ကြိုးအမျိုးအစားကို မေးကြည့်လိုက်တော့ သိန်းကျော်လည်ပင်းက ကြိုးနှင့် တစ်ထပ်တည်း ဖြစ်နေလေသည်။

"ကိုင်း - ကျုပ်တို့လည်း မြို့သားဧည့်သည်ကြောင့် ရေရှိန်ကိုက်သွားပြီ။ ကိုဝီလီသိန်းက ဦးတောကျော်အိမ်ကို သွားမှာဆိုတော့ ကျုပ်နဲ့လိုက်ခဲ့။ မြို့ပြန်ရောက်ရင် သိန်းကျော်ကို ပြောလိုက်ပါ။ ကျုပ်နဲ့ တွေ့ခဲ့တယ်လို့"

စုံထောက်ဝီလီသိန်းတစ်ယောက် ကိုဘိုအေးနှင့်အတူ ရွာထဲဝင်လာခဲ့သည်။ ဦးတောကျော် အိမ်ရှေ့ရောက်တော့ လသာမှန်အိမ်လေးပင် ထွန်းညှိထားနေလေပြီ။ ကိုဘိုအေးက ဦးဆောင်ပြီး အိမ်ထဲသို့ဝင်လိုက်သဖြင့် စုံထောက်ဝီလီသိန်းတစ်ယောက်နောက်မှ အသာလိုက်သွားလေတော့သည်။ အသက်ခြောက်ဆယ်ကျော် အဘိုးကြီးတစ်ယောက်နှင့် စုံထောက်ဝီလီသိန်းကို မိတ်ဆက်ပေးလိုက်သည်။

"အရီး - တောကျော် - သူက ကိုဝီလီသိန်းတဲ့၊ သိန်းကျော်က လွှတ်လိုက်လို့ လာတာဟ့"

"အိမ်း - ထိုင်ကြကွဲ့၊ ဒီက ဧည့်သည်လေး ညနေစာ ထမင်းမစားရသေးဘူး မှတ်တယ်။ မောင်ဘိုအေး - မီးဖိုထဲမှာ ထမင်းဟင်း အစုံရှိတယ်။ ခူးခပ်ကျွေးလိုက်ပါကွယ်"



ဦးတောကျော်က ခုံတန်းရှည်ပေါ်တွင် ထိုင်နေရာမှ ပြောလိုက်သဖြင့် ကိုဘိုအေးသည် စုံထောက်ဝီလီသိန်းအား ထမင်းပွဲပြင်ပေးပြီးနောက် နှုတ်ဆက်၍ပြန်သွားလေသည်။

"အိမ်ရှင်မ မရှိတော့ ဖွယ်ဖွယ်ရာရာ မဖြစ်ဘူးပေါ့ကွယ်။ စားလို့ကောင်းရဲ့လား"

ထမင်းစားပြီး၍ မီးဖိုထဲမှ ထွက်လာသော စုံထောက်ဝီလီသိန်းကို ဦးတောကျော်က မေးလိုက်ခြင်းဖြစ်သည်။ စုံထောက်ဝီလီသိန်းက ဦးတောကျော်နှင့် မျက်နှာချင်းဆိုင် ခုံတန်းရှည်ပေါ်တွင် ဝင်ထိုင်လိုက်ပြီး -

"စားလို့လည်း ကောင်းပါတယ်၊ ကျေးဇူးလည်း တင်ပါတယ် အရီးခင်ဗျား"

ကိုဘိုအေး ခေါ်သလို ခေါ်လိုက်သည်။

"သားလေးက ဘာမှာလိုက်သလဲကွဲ့၊ နေလို့ထိုင်လို့ရော ကောင်းပါလေစ"

ဦးတောကျော်ကို ဘာမျှပြန်မပြောသေးဘဲ စိုက်ကြည့်နေလိုက်မိသည်။

"မောင်ရင်လေး - အရီးပြောတာ ကြားပါတယ်နော်"

"ကြားပါတယ် - အရီး၊ ကျွန်တော် ဘယ်ကစပြောရင် ကောင်းမလဲလို့ စဉ်းစားနေတာပါ"

အဖေတစ်ခု၊ သားတစ်ခုဘဝမှာ ရပ်တည်နေကြရသော အဖေတစ်ယောက်ကို ဘယ်ကစပြီး ပြောရမှန်းမသိဖြစ်နေသည်။ သားဖြစ်သူ ရက်ရက်စက်စက် အသတ်ခံရမှန်းသိလျှင် အဘယ်မျှလောက် ကြေကွဲဝမ်းနည်းမည်ဆိုတာ မခန့်မှန်းနိုင်ပါလေတော့။ စုံထောက်ဝီလီသိန်းက သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်ပြီး -

"အရီး - စိတ်ခိုင်ခိုင်ထားပါနော်" ဟု အစချီပြီး သိန်းကျော် အသတ်ခံရပုံကို ပြောပြလိုက်ရတော့သည်။ ပြီးတော့ - သူကိုယ်တိုင်လည်း သိန်းကျော်သတ်မှု တရားခံကို စုံစမ်းနေသော စုံထောက်တစ်ယောက်ဖြစ်ကြောင်း ပြောပြလိုက်သည်။

"အင်း - ဒီလိုပဲဖြစ်မှာပေါ့လေ၊ ဖိုးသူနဲ့ ဖိုးလူတို့ညီအစ်ကိုနှစ်ယောက်က သူတို့နှမလေးအတွက် အရိုးသားသိန်းကျော်ကို သတ်ချင်နေတာကွဲ့၊ အရိုးသားလေးကလည်း အသတ်ခံရအောင် သွားလုပ်တာကိုး၊ လူမဆန်တော့ လူမဆန်သလို သေရတာပေါ့လေ ..."

ဦးတောကျော်က သားမိုက်အတွက် ခံစားရသမျှ မပေါ်လွင်အောင် ထိန်းထားသည်၊

"အရိုး - အရိုးကို မေတ္တာရပ်ခံပါရစေ၊ သိန်းကျော် အသတ်ခံရတာကို ဘယ်သူမှ မသိပါစေနဲ့နော်၊ ပြီးတော့ - ကျွန်တော့်ကို အရိုးအိမ်မှာ ခဏ နေခွင့်ပြုပါနော်၊ ဘာဖြစ်လို့လည်းဆိုတော့ ဖိုးသူနဲ့ ဖိုးလူ ညီအစ်ကိုနှစ်ယောက်ဟာ သူတို့နှမလေးအတွက် လက်စားချေပြီးပြီဆိုတော့ ဘယ်နည်းနဲ့မဆို ဒီရွာကို ပြန်လာကြမှာ သေချာတယ်"

ထိုညက မိုးလင်းသည်အထိ စုံတန်းရှည်ပေါ်တွင် ထိုင်နေသူက ဦးတောကျော်၊

— ❀ —

စုံထောက်ဝီလီသိန်းတစ်ယောက် ဦးတောကျော်အိမ်တွင် နေထိုင်ရင်း ဖိုးသူနှင့် ဖိုးလူ ညီအစ်ကို ရွာပြန်လာမည့် ရက်ကို စောင့်နေသည်မှာ နှစ်ရက် ရှိသွားလေပြီ၊ ယခုလည်း ရွာအဝင် ထန်းရည်ဆိုင်တွင် ကိုဘိုအေး၊ ကိုစိန်မြင့် တို့ကို ထန်းရည်တိုက်ရင်း ဖိုးသူနှင့် ဖိုးလူညီအစ်ကို ပြန်အလာကို စောင့်နေလိုက်သည်၊ ထိုစဉ် ပခုက္ကူ - ရေစကြို ခရီးသည်တင် ဘတ်စ်ကားဆိုပြီး တစ်စီးက ရွာထိပ်လမ်းမပေါ်တွင် ရပ်လိုက်သည်၊

"ကိုဝီလီသိန်း - ဟိုညီအစ်ကို - ရွာကိုပြန်လာကြပြီ၊ ဟိုကလာနေတဲ့ သုံးယောက်ထဲက ရှေ့ဆုံးက နှစ်ယောက်ပဲ"

ကိုစိန်မြင့်က ဘတ်စ်ကားပေါ်မှ ဆင်းလာပြီး ရွာထဲသို့ဝင်လာသူ လူရွယ်သုံးယောက်ကို လက်ညှိုးထိုးပြလိုက်သည်၊ စုံထောက်ဝီလီသိန်းက



ရှေ့ဆုံးက ဝင်လာသော လူရွယ်နှစ်ယောက်ကို ကြည့်လိုက်သည်၊ လုပ်ရဲရင် ခံရဲသည့်ရုပ်မျိုး၊ တစ်ယောက်နှင့်တစ်ယောက် ပခုံးဖက်ကာ ရွာထဲဝင်သွားကြလေသည်၊ စုံထောက်ဝီလီသိန်းက ထန်းရည်ဖိုး ရှင်းပေးလိုက်ပြီ၊ ကိုဘိုအေးနှင့်အတူ သူကြီးအိမ်သို့ ထွက်လာခဲ့ကြသည်၊ သူကြီးအား အကျိုးအကြောင်း ရှင်းပြလိုက်ပြီး ဖိုးသူနှင့်ဖိုးလူကို အခေါ်ခိုင်းလိုက်သည်၊

"သူကြီး - ကျွန်တော်တို့ကိုခေါ်တာ ဘာကိစ္စလဲဗျ၊ ကျွန်တော်တို့ ရွာပြန်ရောက်တာ တစ်နာရီတောင် မပြည့်လောက်သေးဘူး"

ခြံဝိုင်းထဲသို့ ဝင်လာလာချင်း ဖိုးသူက မေးလိုက်သည်၊ သူကြီးနှင့်အတူ ထိုင်နေသော လူစိမ်းတစ်ဦးကို တွေ့လိုက်ရသည့်အတွက် ဖိုးသူတို့ညီအစ်ကို နှစ်ယောက် မျက်နှာပျက်သွားကြသည်၊

"ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘူး၊ သိန်းကျော် အသတ်ခံရတယ်၊ အဲဒါ - မင်းတို့ညီအစ်ကိုနှစ်ယောက်ကို မသင်္ကာလို့ ဟောဒီစုံထောက်မင်းက ခေါ်ခိုင်းလိုက်တာပဲ"

သူကြီးက စုံထောက်ဝီလီသိန်းကို လက်ညှိုးထိုးပြလိုက်သည်၊ ဖိုးသူနှင့်ဖိုးလူ ညီအစ်ကိုနှစ်ယောက်က ပြိုင်တူလှည့်ကြည့်လိုက်သောအခါ သူတို့အား သေနတ်တစ်လက်ဖြင့် ချိန်ထားသော စုံထောက်ဝီလီသိန်းကို တွေ့လိုက်ရသည်၊ ဖိုးသူက စုံထောက်ဝီလီသိန်းကို ကြည့်လိုက်ပြီး တဟားဟား အော်ဟစ်ရယ်မောလိုက်ပြီး -

"ပြဿနာရှာပြီးတော့ ထွက်ပြေးတဲ့လူစားထဲမှာ ကျုပ်တို့ ညီအစ်ကို နှစ်ယောက် မပါဘူးဗျ၊ လုပ်ရဲရင် ခံရဲတဲ့ သတ္တိရှိတယ်၊ ခင်ဗျားသေနတ်ကြီး ပြန်သိမ်းထားလိုက်ပါဗျ၊ ဘယ်မှထွက်မပြေးပါဘူး၊ ဟုတ်တယ်ဓနော် ဖိုးလူ"

ညီအစ်ကိုနှစ်ယောက် အတိုင်အဖောက်ညီနေကြသည်၊ ပြီးတော့ သိန်းကျော်ကိုလည်း သူတို့ညီအစ်ကိုနှစ်ယောက် သတ်ကြောင်းဝန်ခံပြီး အဖမ်းခံကြလေသည်၊ စုံထောက်ဝီလီသိန်းက ဖိုးသူနှင့် ဖိုးလူကိုကြည့်ပြီး ပြုံးလိုက်သည်၊

"မင်းတို့က ဘယ်လိုပဲဝန်ခံ ဝန်ခံ - သိန်းကျော်ကို မင်းတို့ မသတ်လိုက်ရပါဘူးကွာ၊ သိန်းကျော်ကို သတ်တာက တခြားတစ်ယောက်ပါ၊ အဲဒီတစ်ယောက်က မင်းတို့အရင် သိန်းကျော်ကို ရှာတွေ့ပြီး သတ်လိုက်တာပါ"

စုံထောက်ဝီလီသိန်းစကားကြောင့် ညီအစ်ကိုနှစ်ယောက် အမူအရာပျက်သွားကြသည်၊

"အစကတော့ မင်းတို့သတ်တာလို့ ထင်လိုက်တာပဲ၊ ပခုက္ကူစာတိုက်ကြီးကိုရောက်တော့ စာတိုက်ဗိုလ်ဦးမောင်ကြီးက ပြောတယ်၊ "ခင်ဗျားက သိန်းကျော်ဆီကို ငွေပို့တဲ့သူ ဘယ်သူလဲလို့ စုံစမ်းတယ်၊ ခင်ဗျား အရင်တစ်ပတ်လောက်ကတော့ ဦးတောကျော်က ဘယ်သူ့ဆီကို ပိုက်ဆံပို့တာလဲဆိုပြီး လူနှစ်ယောက် လာမေးသွားတယ်"လို့ ပြောတယ်၊ အဲဒီလိုစုံစမ်းတဲ့သူနှစ်ယောက်ဟာ မင်းတို့နှစ်ယောက်ပဲ ဖြစ်ရမယ်လို့ ငါ တွေးလိုက်မိတယ်၊ သိန်းကျော် လိပ်စာသိရတော့ မင်းတို့နှစ်ယောက် သိန်းကျော် ပုန်းနေတဲ့မြို့ကို လိုက်သွားကြတယ် - ဟုတ်တယ်မဟုတ်လား"

ဖိုးသူက ခေါင်းညိတ်ပြရင်း ဝန်ခံလိုက်သည်၊ ထိုစဉ် ကိုဘိုအေး၊ ကိုကျော်မင်း၊ ကိုဟန်ညွန့်တို့နှင့်အတူ လူရွယ်တစ်ယောက် ပါလာသည်၊ ထိုလူရွယ်က ဖိုးသူတို့ ညီအစ်ကိုနှစ်ယောက်နှင့်အတူ ရွာပြန်လာသောသူတစ်ယောက်၊

"သူကြီး - ဘအေးချစ်ကို ခေါ်လာပါပြီ"

ကိုဘိုအေးက ဘအေးချစ်ကို သူကြီးရှေ့သို့ လာပို့လိုက်သည်၊

"မင်းတို့ ဘယ်လိုပဲ သိန်းကျော်ကို သတ်ပါတယ်လို့ ပြောပြော၊ တကယ်သတ်တာက ဘအေးချစ်ကွ - ဘအေးချစ်"

"ဗျာ - ဘအေးချစ် သတ်ပါတယ်လို့ ခင်ဗျားက ဘယ်လိုသိတာလဲ"

စုံထောက်ဝီလီသိန်း၏ အပိုင်ပြောချလိုက်သောစကားကြောင့် ဖိုးသူက ဝင်မေးလိုက်သည်၊

"အေး - ပြောပြပါ့မယ်၊ ကြိုးဆွဲချသေတဲ့ ခင်စံပယ်လေးရဲ့အလောင်းကို မန်ကျည်းပင်ပေါ်ကချတော့ လည်ပင်းမှာ စွပ်နေတဲ့ ကြိုးကွင်းကို ဖြုတ်သိမ်းထားတာမှာ ပျောက်သွားတယ်၊ ကိုဘိုအေး - ဟုတ်တယ်နော်"



"ဟုတ်ပါတယ် - အဲဒီကြိုးကို ဘယ်သူ ယူသွားမှန်း မသိလိုက်ကြပါဘူး"

"အဲဒီကြိုးကို ယူသွားတာ ဘယ်သူလဲဆိုတာသိရအောင် ကျွန်တော်ဒီရွာရောက်နေတဲ့ နှစ်ရက်အတွင်း စုံစမ်းတော့ ဘယ်သူဆိုတာ သိလာရပါတယ်၊ ယူတဲ့သူက ဘအေးချစ်ပါ၊ ဘအေးချစ်က ဖိုးသူတို့နဲ့ အိမ်နီးနားချင်းတွေပါ၊ အဲဒီကြိုးကို ယူသွားတာ မြင်တဲ့သူလည်း ရှိပါတယ်၊ အဲဒီတော့ဘအေးချစ် - ယောက်ျားပဲကွာ - ဝန်ခံလိုက်ပါ"

စုံထောက်ဝီလီသိန်းစကားကြောင့် ဘအေးချစ်သည် ဖိုးသူတို့ကို လှမ်းကြည့်လိုက်သည်၊

"အစ်ကိုဖိုးသူ - ကျွန်တော်ကို ခွင့်လွှတ်ပါဗျာ၊ ဟုတ်ပါတယ် - ကျွန်တော် - ကိုသိန်းကျော်ကို သတ်လိုက်ပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ခင်စံပယ်လေးက ကျွန်တော့်ရည်းစား၊ ကျွန်တော့်ချစ်သူ၊ ခင်စံပယ်လေးကိုကျွန်တော် အရမ်းချစ်တယ်၊ သူနဲ့ကျွန်တော် ချစ်နေကြတာ ဘယ်သူမှ မသိပါဘူး၊ ဘယ်သူမှမရိပ်မိအောင်လည်း ကျွန်တော်တို့နေကြတယ်၊ ကျွန်တော့်ချစ်သူ ခင်စံပယ်လေးကို သိန်းကျော်က အနိုင်ကျင့်စော်ကားလိုက်တယ်၊ ခင်စံပယ်လေးဟာ ရှက်လွန်းလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားရှာတယ်၊ အဲဒီမှာ - ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်၊ သိန်းကျော်ကို သတ်ရမှ ခင်စံပယ်လေးကို ချစ်ရကျိုးနပ်မှာလို့၊ ခင်စံပယ်လေး ဆုံးသွားတဲ့မနက်မှာ ခင်စံပယ်လေးလည်ပင်းမှာ စွပ်ထားတဲ့ကြိုးကို ကျွန်တော် ဘယ်သူမှ မသိအောင် ယူလာခဲ့တယ်"

"ဒီကြိုးနဲ့ ခင်စံပယ်လေး သေရသလို သိန်းကျော်လည်း သေရမယ်ဆိုပြီး ယူခဲ့တာပေါ့"

စုံထောက်ဝီလီသိန်းက ဝင်ဟောက်လိုက်သည်၊

"ဟုတ်တယ် - ဒီကြိုးနဲ့ သိန်းကျော်လည်ပင်းစွပ်ပြီး သတ်ပစ်ခဲ့တယ်၊ အဲဒီလိုသတ်ချင်လို့လည်း သိန်းကျော်နောက်ကို လိုက်ခဲ့တာ၊ ဒီအကြောင်းကလည်း အရှောင်အတိမ်းက ကောင်းတယ်လေ၊ ပြီးခဲ့တဲ့ - ဆယ်ရက်လောက်

က သိန်းကျော်ကို စာတိုက်ကြီးမှာ တွေ့လိုက်ရတော့ သူ့နောက်ကို လိုက်ချောင်းခဲ့တယ်၊ သူနေတဲ့နေရာကို သိရတော့ သူ့အခြေအနေကို သိရအောင် တစ်နေ့လုံး စောင့်ကြည့်နေခဲ့တယ်၊ သိန်းကျော်က အိမ်ငှားပြီး တစ်ယောက်တည်းနေတာကို៖ ...၊ ထမင်းချက် အဒေါ်ကြီးတစ်ယောက်ငှားထားပြီး ဦးတောကျော်ပို့တဲ့ပိုက်ဆံနဲ့ မြို့မှာ ဇိမ်ကျနေတာဗျ"

ဘအေးချစ်ပြောသမျှ အားလုံးငြိမ်သက်စွာ နားထောင်နေကြသည်၊

"နေ့မှာ ဇီးကွက်လိုပုန်းနေပြီး ညကျမှ အလေနတော ပွေရှုပ်နေတာကို တွေ့လိုက်ရတော့ ကျုပ်ဒေါသကို မထိန်းချုပ်နိုင်တော့ဘူး၊ သိန်းကျော်ကို သတ်မယ့်ညရောက်တော့ အိမ်အပေါ်ထပ်မှာ သိန်းကျော်ပြန်အလာကို အသာလေးပုန်းပြီးစောင့်နေတာ၊ ညဆယ့်တစ်နာရီလောက်မှာ ပြန်လာတယ်၊ အရက်လည်းသောက်လာတော့ ဒယီးဒယိုင်နဲ့ အိမ်ပေါ်တက်လာတယ်၊ သိန်းကျော်ကိုမြင်လေ ခင်စံပယ်လေးကို သတိရလေ၊ ဒေါသ ပိုထွက်လေပေါ့ဗျာ၊ အသင့်ယူလာတဲ့ ဓားမြှောင်ထုတ်ပြီး အသေသတ်ဖို့ပဲ၊ ခင်စံပယ်ကို စော်ကားရင် ဒီလိုခံရမယ်ဆိုတာသိသွားအောင် ကျုပ် ထိုးကြိတ်ပစ်လိုက်တယ်၊ ကျုပ်ကိုမြင်တော့ မင်းနဲ့ဘာဆိုင်လို့လည်းလို့ မေးသေးသဗျ၊ အဲဒါနဲ့ ကျုပ်လည်းဒေါသဖြစ်ဖြစ်နဲ့ ခင်စံပယ်က ငါ့ရည်းစားကွ၊ ငါ့ရည်းစားလို့ပြောပြီး ခင်စံပယ်လေးသတ်သေတဲ့ကြိုးကွင်းနဲ့ သူ့လည်ပင်းစွပ်ပြီး သတ်ပစ်လိုက်တဲ့အချိန်မှာ အစ်ကိုဖိုးသူနဲ့ အစ်ကိုဖိုးလူတို့ ရောက်လာတာပါ၊ ကျုပ်က အရင်ရောက်တော့ အရင်သတ်လိုက်ရတာပေါ့ဗျာ၊ အစ်ကိုဖိုးသူတို့ကိုလည်း ခင်စံပယ်လေးနဲ့ ချစ်နေခဲ့တဲ့အကြောင်း ဖွင့်ပြောပြီး တောင်းပန်လိုက်ပါတယ်၊ ဒီကောင် သိန်းကျော်ကိုသတ်တာ ကျွန်တော် ဘအေးချစ်ပါ"

ဘအေးချစ်က လက်နှစ်ဖက်ကိုပူး၍ စုံထောက်ဝီလီသိန်းကို ထိုးပေးလိုက်သည်၊

အော် - အချစ်အတွက် အသက်ပင်သေသေဆိုသော အချစ်သမားလေး ဘအေးချစ်ကို စုံထောက်ဝီလီသိန်းတစ်ယောက် လက်ထိတ်မခတ်ဘဲ မြို့က အချုပ်ခန်းထဲသို့ ခေါ်ဆောင်လာနိုင်ခဲ့လေသည်၊

— ❀ —



စုံထောက်ဝီလီသိန်းက ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်သည်နှင့် ဌာနအုပ်ကြီး ဦးဟာဒီနှင့် စာသင်ကြီး ဦးဖိုးဟိန်းတို့နှစ်ယောက် ချစ်သူအတွက် ကလဲ့စားချေခဲ့သော တရားခံဘအေးချစ်ရှိရာ အချုပ်ခန်းဆီသို့ ထွက်သွားကြလေတော့သည်၊

●-○➤ ကျော်အေးရွှေ


**စာမူရှင်များသို့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သောစာမူများ၏ အချို့စာမူရှင်များသည် ဆက်သွယ်ရန်နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံဝမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မြှင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်၊

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

# လက်ချောင်းမရှိသော ဖဲသမား ကျောက်

နှင့်

# နားရွက်ပြတ် မုံကြီး

နှင်းကြေးမှုံချစ်



စုံထောက်ဝီလီသိန်းက ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်သည်နှင့် ဌာနအုပ်ကြီး ဦးဟာဒီနှင့် စာသင်ကြီး ဦးဖိုးဟိန်းတို့နှစ်ယောက် ချစ်သူအတွက် ကလဲ့စားချေခဲ့သော တရားခံဘဒအေးချစ်ရှိရာ အချုပ်ခန်းဆီသို့ ထွက်သွားကြလေတော့သည်။

●○➤ ကျော်ခေအးရွှေ

## စာမူရှင်များသို့

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သောစာမူများ၌ အချို့တာမူရှင်များသည် ဆက်သွယ်ရန်နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် တာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

# လက်ချောင်းမရှိသော ဖဲသမားကျောက်

နှင့်

# နားရွက်ပြတ် ဖုံကြီး

ခုနိုးကြော့ချင်



မြန်မာပြည်တောင်ဘက်တွင် ရှေးဟောင်းစေတီဘုရားငုတ်တိုအပြိုအပျက်များနှင့်အတူ စံအိမ်တော်ဟုခေါ်သည့် နှစ်ဆောင်ပြိုင် ရှေးဟောင်းအိမ်ကြီးအား တောချုံရိုးများက လွှမ်းမိုးဖုံးအုပ်ထားသဖြင့် ရှေးယခင် နှစ်ပေါင်းများစွာက မြို့ပိုင်မင်းတစ်ဦး နေထိုင်ခဲ့ဖူးသည်ဟု ပြောဆိုကြသည်။

ဘုရားကုန်းပျက်ကြီးဟု ရွာမှလူများက ခေါ်ဆိုကြသည်။ အဆိုပါ အရပ်ဒေသသည်မြန်မာရွာလေးနှင့်တစ်မိုင်ခန့်သာ ကွာဝေးသည်။ ဘုရားကုန်းပျက်ကြီးသို့ သွားရာလမ်းတစ်လျှောက်တွင် မြေပုံမို့မို့များ၊ သချိုင်းဂူများ၊ ဇရပ်ပျက်တစ်ဆောင်နှင့် သုသာန်ရှိသည်။ သုသာန်ဝန်းဝတွင် ကြီးမားသော ညောင်မုတ်ဆိတ်ပင်ကြီးများလည်း ရှိသည်။

သုသာန်မြေကို ဖြတ်သွားရခြင်းကြောင့် ရွာမှလူများ မသွားဝံ့, မလာဝံ့သောဒေသ ဖြစ်သည်။ ပိုဆိုးသည်မှာ မြို့ပိုင်မင်း နေထိုင်ခဲ့ဖူးသည်ဆိုသော ရှေးဟောင်းနှစ်ဆောင်ပြိုင် အိမ်အိုဟောင်းကြီးသည် တစ္ဆေသရဲများ ခိုအောင်းနေခြင်း၊ သုသာန်အဝင်ဝရှိ ညောင်မုတ်ဆိတ်ပင်များတွင် ကုန်းစီးတစ္ဆေ၊ မှင်စာလေးများ ရှိခြင်းတို့ကြောင့် မြေကြမ်းသောဒေသအဖြစ် သတ်မှတ်ထားကြသည်။

ညနေစောင်း နေဝင်သည်နှင့်တစ်ပြိုင်နက် ဘုရားကုန်းပျက်ကြီးဆီသို့ မည်သူတစ်ဦးတစ်ယောက်မှ မသွားဝံ့၊ မလာဝံ့ကြတော့ပေ။ မြန်မာရွာသူရွာသားများမှာလည်း ရိုးသားပြီး ရှေးရိုးဆန်လွန်းသူများဖြစ်ကြသည်။ မိရိုးဖလာရိုးရာအစဉ်အလာများကိုလည်း တရိုတသေ ယုံကြည်ကိုးကွယ်ကြသည်။

တစ္ဆေသရဲများ ရှိသည်ဟုလည်း လက်ခံထားကြသည်။

ဘုရားကုန်းပျက်ကြီးထဲရှိ စေတီအပြိုအပျက်များကြားမှ ချုံနွယ်ပိတ်ပေါင်းများသည် လေမတိုးဘဲ သွက်သွက်ခါအောင် လှုပ်ယမ်းခြင်း၊ ခေါ်သံ၊ အော်သံများကြားရခြင်း၊ ရှေးဟောင်းနှစ်ဆောင်ပြိုင် အိမ်မည်းမည်းကြီးဆီမှ မည်းမည်းအရိပ်များ သွားလာနေကြခြင်းနှင့် နက်မှောင်သောဆံပင်ရှည်



များကို ဖားလျားချကာ သွားလာနေတတ်သည်တို့ကို တွေ့မြင်ရသည်ဟု တစ်ဆင့်စကား တစ်ဆင့်နားကြားကာ ပြောမိ,ဆိုမိကြရာမှ စိုးရိမ်ထိတ်လန့်ကြောက်လန့်ပြီး သွားဝံ့သူမရှိသောနေရာတစ်ခု ဖြစ်လာခဲ့သည်။

နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးနှင့်ပတ်သက်၍ပြောစမှတ်တွင်အောင်ဒုက္ခိတဖြစ်သွားကြသူများ ရှိသည်။ ဒုက္ခိတဖြစ်သွားသော မှုကြီးအကြောင်းကို သိသူတိုင်း နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးကို ကြောက်လန့်နေဆဲ ဖြစ်သည်။

လက်ချောင်းများ ငုတ်တိဖြစ်သွားသူတစ်ဦးကား ဖဲသမားကျောက်ဒိုး။ မြန်မာရွာသား မဟုတ်၊ အခြားရွာဖြစ်သော ဥနှဲပုတ်ရွာသား။ နယ်တကာလှည့်လောင်းကစားသမားတစ်ဦး ဖြစ်သည်။ ဗလဆိုသည့်ကောင်က မြန်မာရွာသူကြီးဦးယက္ခသားဖြစ်သည်။ အဖေအားကိုးနှင့် ပေတေဆိုးမိုက်နေသူတစ်ဦးဖြစ်သည်။

ထိုနေ့ညက အသုဘရှိသည်။ နင်းနအဖေ ဦးကုလား ပိုးထိ၍ သေဆုံးသွားပြီး ရက်မလည်ခင် အောက်လင်းမီး တထိန်ထိန် လောင်းကစားဝိုင်းများ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ဗလတို့အတွက် အောင်ပွဲ စားပွဲ ပျော်ပွဲ ရွှင်ပွဲရက်များဖြစ်သည်။ ဒီအသုဘက ဗလအတွက် အရေးကြီးသည်။

သူ့အား ကြည့်မရသော ဦးကုလား ပိုးထိသေဆုံးသွားသောကြောင့် မောင်မင်းကြီးသား မြွေကိုပင် ကျေးဇူးတင်ပြီး အပျော်ကြီး ပျော်ရွှင်နေသော ဗလ။ ဦးကုလားတွင် သမီးတစ်ယောက်ရှိသည်။ နင်းန…။ မျက်နှာသွယ်သွယ်နှင့် သာမန်မိန်းကလေးတစ်ဦးပင် ဖြစ်သည်။ အချောအလှစာရင်းဝင်တော့မဟုတ်။ သို့သော် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်ဖြောင့်ဖြောင့်၊ ခါးသေး၊ ရင်ချီတစ်တစ်ရစ်ရစ် ပွေ့ဖက်ချင်စရာ ကောင်းသည်။

တကယ်တော့ အမျိုးရိုင်းလေး နင်းန …။ ဗလ မျက်စိ[illegible]တောက သူ့အဖေဦးကုလားက ကြည့်မရသလို၊ နင်းနကိုယ်တိုင်ကလည်း သူ့အား

သူကြီးသား လူပါးဝသည်ဟု ထင်ထားသည်။ ဦးကုလားကိုယ်တိုင်က ထောင်ထွက်လူမိုက်တစ်ဦး၊ သူကြီးဦးယက္ခ သတင်းပေးတိုင်ကြားမှုကြောင့် ထောင်ကျခဲ့ရသည်။ သူကြီးကိုအခဲမကျေသလို၊ သားဖြစ်သူဗလကိုလည်းကြည့်မရ၊ ပိုဆိုးတာက သူ့သမီးနှင်းနှကို ပိုးပန်းနေသေးသည်။ ဒီကောင်က အကျင့်မကောင်း။ ရွာမှာ ဗလ ဖျက်ဆီးယုတ်မာခံခဲ့ရသော မိန်းကလေးတွေ ဒူးနှင့်မျက်ရည် သုတ်ခဲ့ရသည်။

ဗလကလည်း ဦးကုလားအကြောင်းသိပြီး အိမ်နားကိုပင် ရစ်သီရစ်သီ လုပ်လို့မရ၊ နှင်းနှ ရွာထဲထွက်သည့်အချိန်ကို စောင့်ပြီး စကားပြောရသည်။ နှင်းနှကလည်း သူ့ကိုမကြိုက်၊ လူရှုပ်လူပွေဖြစ်သောကြောင့် နည်းနည်းလေးမှ ကြည့်မရ၊ မေတ္တာမရှိ၊ သို့သော် သူကြီးသားဖြစ်နေသောကြောင့် ကြောက်ရွံ့စွာပင် အလိုက်အထိုက်ကြည့်ပြီး ခေါ်ပြောဆက်ဆံရသည်။

ယခုတော့ - ဖခင်ဖြစ်သူ ဦးကုလား တမလွန်ရောက်သွား၍ နှင်းနှမှာ အားကိုးရာ မရှိတော့၊ မိခင်ဖြစ်သူ ဒေါ်ထွေးကလည်း မျက်မမြင်ဒုက္ခိတ၊ အရေးစိုက်စရာ မဟုတ်၊ ဗလအနေနှင့် နှင်းနှမေတ္တာကိုရဖို့ အနုနည်းနှင့်ရရ၊ အကြမ်းနည်းနှင့်ရရ ရဖို့သာ အဓိက ဖြစ်သည်။

နာရေးအသုဘအကြောင်းပြုပြီး နှင်းနှအိမ်က မခွာတော့ပေ၊ နှင်းနှကိုလည်း စေတနာ ဗရပွ အကူအညီတွေ ပေးနေသည်၊ အသုဘအိမ်ဖဲဝိုင်းသို့ ဥန္နဲပုတ်ရွာသား ကျောက်ဒိုး ရောက်လာသည်၊ ကျောက်ဒိုးကလည်း ခေသူမဟုတ်၊ လူမိုက်လူစွာ၊ လူလူချင်း ဗိုလ်မထားတတ်သူ၊ ဓားမြှောင်တစ်ချောင်း ခါးကြားထိုးပြီး ရွာစဉ်လှည့် ဖဲရိုက်နေသည့် လူမိုက်တစ်ယောက်၊

ဖဲဝိုင်းတွင် ရွာခံသူကြီးသား လူမိုက်ဗလနှင့် တွေ့ကြသည်၊ ဗလက ဒိုင်ကိုင်သည်၊ ကံက မလိုက်၊ ဒီညကျမှ ဘယ်လိုဖြစ်နေသည်မသိ၊ ကျောက်ဒိုးပါသမျှငွေတွေ ပြုတ်ပြုတ်ပြုန်းပြီး လက်မှာ စွပ်ထားသော ရွှေလက်စွပ်လေးကိုပါ ချုံးပြီးကစားရာ ဗလက တဟဲဟဲရယ်မောရင်း အပိုင်ယူ သိမ်းပိုက်လိုက်



သည်၊ ဒေါ့အပြင် အရက်မူးမူးနှင့် ရိသဲ့သဲ့ ရိတ်တိတ်တိတ်စကားများဖြင့် ရန်စလာသည်၊

"ဘယ်လိုလဲ - နာမည်ကျော် ဖဲသမားကြီးကျောက်ဒိုး၊ အခု - ဗလနဲ့တွေ့တော့လည်း ကျောက်ဒိုးလည်း မလိမ့်နိုင်တော့ဘူး၊ ကျောက်ပြားဖြစ်သွားပြီလား၊ ထိုးစရာလည်း ဘာမှမရှိတော့ဘူး၊ ဘယ်လိုလုပ်မလဲ ကျောက်ဒိုး၊ ငါတို့ ဝိုင်းသိမ်းလိုက်ရတော့မလား"

ညနေထဲက အရက်ကို ရေသောက်သလို သောက်ထားသောကြောင့် ကျောက်ဒိုးမျက်လုံးများက နီရဲလျက်ရှိသည်၊ လူက ယိမ်းချင်ယိုင်ချင်နေသည်၊ အမြင်က ကြည့်မကောင်း၊ သတိတော့ ရှိသည်၊ ခါးကြားထဲက ဓားမြှောင်ကို အသာအယာ ဖမ်းဆုပ်လိုက်သည်၊ ကျောက်ဒိုးက "တောက်" ခနဲ တက်တစ်ချက် ခေါက်ရင်း အံကြိတ်သံများ တကျွိကျွိထွက်လာပြီး မေးရိုးများ ထောင်တက်လာသည်၊

"ဖင်ခေါင်း သိပ်မကျယ်နဲ့လေ - ဗလ၊ မင်းနိုင်တုန်းတော့ စားပေါ့ကွာ၊ တစ်နေ့မဟုတ်တစ်နေ့၊ တစ်ကွေ့မဟုတ်တစ်ကွေ့ ပြန်တွေ့ကြမှာပဲ၊ လောင်းကစားဆိုတာ ကြွေတစ်လက်၊ ကြက်တစ်ခုန်ပါကွာ"

"ဒီမယ် - ကျောက်ဒိုး - ဒီရွာက ဘာရွာလဲ မင်း သိတယ်နော် - မြန်ဒီရွာ၊ မြန်ဒီရွာသူကြီး ဦးယက္ခသား ဗလဆိုတာ လူတိုင်းသိသလို၊ လူတိုင်း ဖိန့်ဖိန့်တုန်အောင် ကြောက်ကြတယ်ကွ၊ ဥန္နဲပုတ်ရွာလို သတ္တိမရှိတဲ့သူတွေနေတဲ့ ရွာ မဟုတ်ဘူး"

"ဟေ့ကောင် ဗလ - ခွေးသား - မင်းဟာမင်း သူကြီးသားမကလို့ ဘာကောင်ဖြစ်နေနေ ငါက ဘာပြုလို့ ဂရုစိုက်ရမှာလဲ"

ကျောက်ဒိုးက ဝုန်းခနဲ ထရပ်လိုက်ပြီး ခါးကြားထဲမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်၊ မီးရောင်အောက်တွင် လက်ခနဲဖြစ်သွားသည်၊ ဗလ တပည့်များက ကျောက်ဒိုးအား ဝိုင်းရံလိုက်ကြသည်၊

"ဘာစကားပြောရမှာလဲ၊ အစ - မင်းမှာပါတာတွေပြောင်ပြီ၊ ဘယ်လို ဆက်ကစားမှာလဲ"

"ငါ - တစ်နေရာရာမှာ သွားရှာပြီး ဆက်ကစားမယ်၊ မိုးမလင်းသေးပါဘူးကွာ"

"အေး - ကောင်းပြီ - ကျောက်ဒိုး၊ မင်းသတ္တိ ဘယ်လောက်ကောင်းတယ်ဆိုတာ စမ်းကြည့်ရအောင်၊ ဖဲဝိုင်းလည်း ဆက်ကစားလို့ရမယ်၊ ငါနဲ့ အလောင်းအစားလုပ်မလား"

"ဘာလုပ်မှာလဲ"

"သိပ်ခက်ခက်ခဲခဲတော့ မဟုတ်ပါဘူး၊ မင်းက နာမည်ကြီးနေတော့ မင်းသတ္တိ ဘယ်လောက်ကောင်းတယ်ဆိုတာ စမ်းကြည့်ရတာပေါ့၊ ဒီလို ဘုရားပျက်ကုန်းမှာရှိတဲ့ ဟိုတုန်းက နှစ်ဆောင်ပြိုင်စံအိမ်ဟောင်းကြီးက သရဲခြောက်တယ်ဆိုပဲ၊ ငါတော့မယုံဘူး၊ တစ္ဆေသရဲတွေ ခိုအောင်းနေတယ်လို့လည်းပြောတယ်၊ ငါတော့မထင်ဘူး၊ အဲဒီနှစ်ဆောင်ပြိုင်အိမ်ကြီးဆီ ဒီည မင်းကို ငါလိုက်ပို့မယ်၊ အဲဒီမှာ မင်း တစ်ညအိပ်နေ့ရဲလား"

"ဘာလို့မနေရဲရမှာလဲ၊ ငါနေရဲရင် မင်း ဘာပေးမလဲ"

"ကောင်းပြီ - ဒီည - ငါနိုင်ထားတဲ့ငွေတွေ အကုန်လုံးပေးမယ်၊ ဟောဒီမှာ ကစားနေတဲ့သူတွေအားလုံး သက်သေရှိတယ်၊ မနက်မိုးလင်းလို့ မင်းပြန်ရောက်လာရင် ငါပေးမယ်၊ ဒါပေမဲ့ - တစ်ခုတော့ မှာလိုက်မယ်၊ မင်းဟာ မင်း ဘာပဲဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး၊ တကယ်လို့ - တစ္ဆေ သရဲတွေက ကုပ်ချိုးသတ်လို့သေသွားရင်လည်း မင်းထိုက်နဲ့ မင်းကံပဲ၊ မင်းနိုင်ရင် ဟောဒီကငွေတွေအကုန်လုံး ရမယ်၊ မင်းရှုံးရင် အသက်ပါ ပေးရမှာ၊ ခုလိုထပ်တဲ့လောင်းကြေးကို ကျေနပ်သလား၊ မကျေနပ်ဘူးလား - သေချာစဉ်းစား"

"သွားစမ်းပါကွာ၊ မင်းတို့နှစ်ဆောင်ပြိုင်စံအိမ်ဟောင်းကြီးထဲက တစ္ဆေသရဲတွေက ဘယ်လောက်မိုက်လို့လဲ၊ မင်းပြောတဲ့တစ္ဆေသရဲတွေကို ငါ



ကိုယ်တိုင် ကုပ်ချိုးပြီး အရက်နဲ့မြည်းပစ်မယ်၊ အေး - ငါ - ချဖို့အရက်သုံးလုံးလောက်တော့ ရှာပေးလိုက်"

"ဒါဆို - မင်း - တကယ်လောင်းတယ်ပေါ့"

"ကြာသလားကွာ၊ လာ - အခုသွားမယ်"

"ဟေ့ - တာတေ - အရက်သုံးလုံး ယူလာခဲ့စမ်း၊ ထမင်းပါ ထုပ်ခဲ့ကွာ၊ ညကျ ဆာရင် စားရတာပေါ့"

ဗလက သူ့တပည့်တစ်ယောက်အား လှမ်းခေါ်ရင်း မှာလိုက်သည်၊ တာတေဆိုသည့်မျက်နှာပေါက်ဆိုးဆိုး၊ ခန္ဓာကိုယ် ဂင်တိုတိုနှင့်လူက သွက်လက်စွာဖြင့် အရက်ပုလင်းများ ဆွဲလာသည်၊ ဗလ၏တပည့်များနှင့်အတူ ဘုရားပျက်ကုန်းရှိ နှစ်ဆောင်ပြိုင်စံအိမ်ကြီးရှိရာသို့ ထွက်လာခဲ့ကြသည်၊ ရွာထဲရှိ ခွေးများက စူးစူးဝါးဝါး ထိုးဟောင်လိုက်သည်၊

"ဝူ - ဝူ - ဝူး"

ညအမှောင်ထုကို ထိုးခွဲလိုက်သော မီးတုတ်အလင်းရောင်တွင် နှစ်ဆောင်ပြိုင်အိမ်ကြီးဆီသို့ တရွေ့ရွေ့ ရှိတက်လာကြသည်၊ ဗလအားကိုးရသော လက်စွဲကျော်တပည့်တစ်ဦးဖြစ်သည့် တာတေက ရှေ့ဆုံးမှ မီးတုတ်ကို ကိုင်မြှောက်ရင်း ဦးဆောင်လာသည်၊ သချိုင်းကုန်းတောကို ကျော်လွန်လာခဲ့သည်၊

"ဝူ - ဝူ - ဝူး"

အမှောင်ထဲတွင် ရုတ်တရက်ထိုးဟောင်လိုက်ကြသော ခွေးအူသံများကြောင့် ခြေလှမ်းများ တုံ့ဆိုင်းသွားကြသလို၊ ရင်ထဲ ထိတ်သွားကြသည်၊ ဗလက အုတ်ခဲကျိုးတစ်ခုကို ကောက်ယူပြီး ခွေးများအူသောနေရာသို့ အဆက်မပြတ် ပစ်ပေါက်လိုက်သည်၊ ခွေးလေခွေးလွင့်များက သချိုင်းကုန်တောထဲမှ တဝုန်းဝုန်း ဖြတ်ပြေးသွားကြပြီး နှစ်ဆောင်ပြိုင်စံအိမ်ကြီးထဲသို့ ဝင်ရောက်သွားကြသည်၊

နှစ်ဆောင်ပြိုင်စံအိမ်ကြီးထဲမှာရှိတဲ့ သရဲတစ္ဆေတွေ လာကြပြီ။ မင်းတို့သောက်တတ်ရင် ဟောဒီမှာ အရက်ရှိတယ်။ ငါနဲ့ အတူလာသောက်လို့ရတယ်။ ဘုရားကျောင်းမျက်ထဲက ဥစ္စာစောင့်မတွေရှိရင်လည်း လာခဲ့ကြ။ ဒီည အချောဆုံး ဥစ္စာစောင့်မလေးကို ဖက်ပြီးအိပ်မယ်။ အင်း-ဒီညမှာပဲ ဥစ္စာစောင့်မလေးနဲ့ အိပ်ရတဲ့အရသာ ဘယ်လိုရှိတယ်ဆိုတာ ကောင်းကောင်းသိရမှာပေါ့



"အမယ်လေးဗျ - ကုန်းစီးမှင်စာလေးတွေ ကျလာပြီ"

ထိုစဉ်မှာပင် ဗလ၏တပည့်တစ်ဦးဖြစ်သော ဖိုးထောင်ပခုံးပေါ်သို့ ဖုတ်ခနဲ ကျလာသည်။ ဖိုးထောင်က သူ့ပခုံးပေါ်သို့ ညောင်မုတ်ဆိတ်ပင်ကြီးမှ ကုန်းစီးမှင်စာလေးများ စုန်ချလိုက်သည်ထင်မှတ်၍ အလန့်တကြား အော်လိုက်ခြင်းဖြစ်သည်။ ဖိုးထောင်အနားမှ အရာဝတ္ထုကိုကြည့်ရင်း -

"သစ်ကိုင်းခြောက် ကျိုးကျတာပါကွာ - ဘာမှမဟုတ်ပါဘူး"



ဗလက အကြောက်ပြေစေရန် ပြောလိုက်ရင်း ရှေ့သို့ဆက်လျှောက်လာကြသည်။ သူ့ခြေဘေးတွင် ပါလာသော ကျောက်ဒိုးအား လှည့်ကြည့်ပြီး -

"မယုံမရှိနဲ့ - ကျောက်ဒိုး။ နှစ်ဆောင်ပြိုင်အိမ်ကြီးထဲမှာ မင်းတစ်ယောက်တည်း နေရမှာမဟုတ်ပါဘူး။ မင်းပျင်းရင် အဖော်လုပ်ပေးမယ်။ ဥစ္စာစောင့်မချောချောလေးတွေ ရှိတယ်၊ အပျင်းပြေကစားဖို့ ကုန်းစီးမှင်စာလေးတွေလည်း ရှိတယ်"

"ဘာလဲ - မင်းက ငါ့ကို သူရဲဘောနည်းတဲ့ကောင်၊ ကြောက်တတ်တဲ့ကောင်လို့ ထင်လို့လား။ ကြောက်မွေးပါရင် ဇာဂနာနဲ့ ဆွဲနုတ်ပစ်မယ်။ မင်းဆီက ငွေတွေကို မနက်ကျရင် ငါ့ကိုပေးဖို့ အဆင်သင့်လုပ်ထား"

"စိတ်ချပါ - ကျောက်ဒိုးရာ။ နှစ်ဆောင်ပြိုင်အိမ်ကြီးထဲမှာ တစ်ညနေလို့ မင်းအသက်ရှင်ရင် လာယူလို့ရပါတယ်။ ငါ့ဘက်ကတော့ အဆင်သင့်ပဲ စောင့်နေမှာ။ နှစ်ဆောင်ပြိုင်စံအိမ်ကြီးထဲမှာ ဒီည နေရဲလား၊ မနေရဲဘူးလား ဆိုတာ လောင်းကြေးထပ်ထားတဲ့အတိုင်း မနက်ကျရင် ဘယ်လိုလုပ်ရှုံးသွားတယ်ဆိုတာ မသိလိုက်ပဲ ဖြစ်သွားမယ်။ ကဲ - ဟောဒီမှာ မင်းမှာတဲ့အတိုင်း အရက်ပုလင်း - မိုးလင်းအောင်သောက်ရင်း စောင့်ကြည့်သေးတာပေါ့ကွာ။ အော် - ဒီမှာ - ထမင်းထုပ်လည်း ယူထား။ ညကျရင် ဗိုက်ဆာတော့ စားရတာပေါ့"

ဗလတို့လူစုသည် ကျောက်ဒိုးအား နှစ်ဆောင်ပြိုင်အိမ်ကြီးထဲတွင် ထားခဲ့ပြီးနောက် အမှောင်ထုထဲတွင် မီးရောင်တလက်လက်နှင့် တရွေ့ရွေ့ပြန်သွားကြရာမှ ပျောက်ကွယ်သွားလေသည်။

— ☸ —

တစ်ယောက်တည်းကျန်ခဲ့သော ကျောက်ဒိုးသည် မီးတုတ်အား မြေတွင် ထိုးစိုက်ထားလိုက်သည်။ သူရောက်နေသော အခန်းထဲသို့ ဘေးဘီဝဲယာကို ကြည့်လိုက်သည်။ နှစ်ဆောင်ပြိုင်စံအိမ်ဟောင်းကြီးမှာ မည်းမှောင်စေတော်

မည်သည့်ကာလတွင် တည်ဆောက်ခဲ့သည်မသိ၊ သစ်တိုသစ်စများက ခြတက် ဆွေးမြည့်နေသလို ပင့်ကူမျှင်များ၊ အမှိုက်သရိုက်များနှင့် ရှုပ်ထွေးညစ်ပတ်လျက်ရှိနေသည်၊ တိတ်ဆိတ်မှုကလည်း ချောက်ချားဖွယ် ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေပေသည်၊

ကျောက်ဒိုးသည် ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်ပြီး မီးတုတ်အနားရှိ မြေပြင်တွင် စိုက်ထားလိုက်သည်၊ အရေးအကြောင်းရှိက အသင့်တိုက်ခိုက်နိုင်ရန် ဖြစ်သည်၊ ဗလပေးခဲ့သော အရက်ပုလင်းကို မော့ချလိုက်သည်၊ ရင်ထဲတွင် ပူခနဲ စီးဆင်းသွားသည်၊ သူ့ခန္ဓာကိုယ်ထဲတွင် လည်ပတ်လျက်ရှိသော သွေးများက ဆူပွက်လာသည်ဟု ထင်မှတ်လိုက်သည်၊ နဂိုထဲက သွေးမနည်းသောကျောက်ဒိုး၊ အရပ်တကာ နယ်တကာ လှည့်၊ လောင်းကစားလုပ်ရင်း လူမိုက်လုပ်လာခဲ့တာ ကျောက်ဒိုးအတွက် ကြောက်လန့်စရာ ဘာမှမရှိ၊

"နစ်ဆောင်ပြိုင်စံအိမ်ကြီးထဲမှာရှိတဲ့ သရဲတစ္ဆေတွေ လာကြပေတော့၊ မင်းတို့သောက်တတ်ရင် ဟောဒီမှာ အရက်ရှိတယ်၊ ငါနဲ့ အတူလာသောက်လို့ရတယ်၊ ဘုရားကုန်းပျက်ထဲက ဥစ္စာစောင့်မတွေရှိရင်လည်း လာခဲ့ကြ၊ ဒီည အချောဆုံးဥစ္စာစောင့်မလေးကိုဖက်ပြီးအိပ်မယ်၊ အင်း - ဒီညမှာပဲဥစ္စာစောင့်မလေးနဲ့ အိပ်ရတဲ့အရသာ ဘယ်လိုရှိတယ်ဆိုတာ ကောင်းကောင်းသိရမှာပေါ့"

ဆွေးမြည့်နေသော ကြမ်းခင်းအပြိုအပျက်ကြားမှ တရှပ်ရှပ်နှင့် ခြေသံများကို ကြားလိုက်ရသည်၊ မြေကြွက်ကြီးများ ပြေးလွှားနေတာပဲ ဖြစ်မည်ဟု ကျောက်ဒိုး တွေးမိသည်၊ နစ်ဆောင်ပြိုင်စံအိမ်တော်ကြီးနားမှ ဆွေးဆွေးမြည့်မြည့် သံရှည်ဆွဲအူလိုက်သော ခွေးအူသံများကို ကြားလိုက်ရပြန်သည်၊ ခဏကြာတော့ ခွေးအူသံများ ပျောက်သွားပြီး လူနာညည်းတွားသံကဲ့သို့ တဟင်းဟင်းညည်းညူသံများ ပေါ်ထွက်လာသည်ဟု ထင်မှတ်လိုက်သည်၊ လံင်းနို့တွေပဲ ဖြစ်မည်ဟု ကျောက်ဒိုး တွေးလိုက်သည်၊



ကျောက်ဒိုးသည် အရက်ပုလင်းကို ကိုင်မြှောက်ရင်း နောက်တစ်ကြိမ် မော့ချလိုက်သည်၊ အမူးလွန်စပြုလာသည်၊ ဒီနေ့တစ်နေ့လုံး သောက်လာသည့်အရက်ကလည်း မနည်းတော့၊ ခေါင်းထဲတွင် ရီဝေနောက်ကျိနေသည်၊ ထိုအချိန်တွင် လေပြင်းတစ်ချက် ဆောင့်တိုက်လိုက်သည်၊ မြေပြင်ပေါ်တွင် စိုက်ထားသော မီးတုတ်မှာ လဲကျသွားပြီး ဖုတ်ခနဲ မီးများ ငြိမ်းသွားသည်၊ အမှောင်ထုက မှောင်သထက် မှောင်လာသည်၊ မိမိလက်ငါးချောင်းထောင်ကြည့်လျှင်တောင် မမြင်ရတော့၊

"ဝူး - ဟူး - ဟူး"

ခွေးအူသံများ ထွက်ပေါ်လာသလို မျက်နှာကြက်ဆီမှ ညည်းတွားသံများ ကြားလာရသည်၊

"ခြောက်ချင်တဲ့ကောင်တွေ ခြောက်ကြစမ်းကွာ"

မူးမူးနှင့် ကျောက်ဒိုး အော်လိုက်သည်၊ မျက်ခွံများ လေးလံလာသည်၊ နစ်ဆောင်ပြိုင်စံအိမ်ကြီးတစ်ခုလုံး ပတ်ချာလည် လှည့်နေသည်ဟု စိတ်ထဲတွင် ထင်လာသည်၊ မျက်လုံးကိုမှိတ်ထားလိုက်သည်၊ မျက်စိမှိတ်ထားသည့်တိုင် အိမ်ကြီးတစ်ခုခုလုံး ချာချာလည်ပတ်နေသလို၊ သူ့တစ်ကိုယ်လုံးသည် ဂျင်တစ်ခုလို မွှတ်နေအောင် လည်နေသည်ဟု ထင်မိသည်၊ ရင်ထဲတွင် ပူလောင်လာသလို၊ တဂျုတ်ဂျုတ် မြည်လာသည်၊ ဗိုက်ထဲက ဆာလာသည်၊

အစုမှ ဗလပေးလိုက်သော ထမင်းထုပ်ကို သတိရသည်၊ ထမင်းထုပ်ကို ဖြေပြီး စားလိုက်သည်၊ လက်ဆေးစရာရေ မရှိသောကြောင့် ပုဆိုးနှင့်သာ သုတ်လိုက်သည်၊ ဗိုက်ထဲတွင် အစာဝင်သွားသောကြောင့် တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းလာသည်၊ ထို့နောက်တွင် ကျောက်ဒိုးသည် ကြမ်းခင်းပေါ်သို့ အသာအယာ လှဲချလိုက်ရာမှ မူးမူးနှင့် အိပ်ပျော်သွားပေသည်၊

အမူးလွန် အိပ်ပျော်သွားခြင်းကြောင့် ကျောက်ဒိုးကိုယ်တိုင် ဘာဖြစ်မှန်းမသိ၊ သရဲတစ္ဆေများကလည်း ကျောက်ဒိုးအား ခြောက်လှန့်၍မရသောကြောင့်

တစ္ဆေသရဲများပင်လျှင် စိတ်ညစ်ကောင်း စိတ်ညစ်၊ စိတ်ပျက်တောင်း စိတ်ပျက်သွားပေလိမ့်မည်။

မနက်မိုးလင်း၍ ကျောက်ဒိုး မျက်စိနှစ်လုံးကို ဖွင့်ကြည့်မိလိုက်သည်။ သူ့ဘေးနားတွင် လဲကျနေသော အရက်ပုလင်းခွံများ၊ ညကစားခဲ့သော ထမင်းထုပ်မှ စားကြွင်းစားကျန်များလည်း တက်တက်စင်ပြောင်နေသည်။

အလို – သွေးစတွေပါလား။ ဘယ်ကသွေးတွေပါလိမ့်။

ဒီတော့မှ – သူ့လက်နှစ်ဖက်စလုံးမရှိမဆုံ့နာကျင်လာသည်ကိုသိလိုက်ရသည်။ ရုတ်တရက် သူ့လက်များကို မြှောက်ပြီးကြည့်လိုက်သည်။ သူ့လက်နှစ်ဖက်စလုံး သွေးစများ ခြောက်ကပ်နေသလို၊ တုံးတိကြီးဖြစ်နေသည်။ မရှိမဆုံ့ ကိုက်ခဲနာကျင်လှသည်။

သူ့လက်ချောင်းများမရှိတော့။ ညက သရဲတစ္ဆေများက သူ့လက်ချောင်းများကို ကိုက်စားသွားတာပဲဖြစ်ရမည်။ တော်သေးသည်။ သူ့ရင်ကိုခွဲပြီး အသည်းတွေ၊ အူတွေ ထုတ်မစားသွားတာကို ကျေးဇူးတင်ရပေတော့မည်။ သူ့လက်နှစ်ဖက်စလုံးတွင် လက်ချောင်းများမရှိတော့သဖြင့် သွေးစများနှင့် ခြောက်ကပ်နေပေသည်။ ကျောက်ဒိုးသည် ကြောက်လန့်တကြားနှင့် နှစ်ဆောင်ပြိုင်အိမ်ကြီးထဲမှ ထွက်ပြေးခဲ့သည်။

ထိုအချိန်မှစ၍ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးတွင် လက်ချောင်းများကို စားသော တစ္ဆေသရဲများရှိကြောင်း သတင်းကြီးသွားပေသည်။ အစထဲက ကြောက်လန့်တကြားရှိသော နှစ်ဆောင်ပြိုင်အိမ်ကြီးအနီးသို့ ပို၍ပင် ထိတ်လန့်ကြောက်ရွံ့ကြကာ ယောင်လို့ပင် အနားမကပ်ရဲတော့ပေ။

— ❁ —



နင်းနအိမ်ဘေးရှိ ဈွားတင်းကုပ်ရှေ့ကွပ်ပျစ်လေးပေါ်တွင် ဗလနှင့် တပည့်များသည် တဟီးဟီး တဟားဟား ရယ်မောပြောင်လှောင် သောက်စားနေကြသည်။

"ကိုဗလ – စိတ်ကူးနဲ့ အကြံအစည်ကတော့ တကယ်ကောင်းတာပဲ။ ဥန္နဲ့ပုတ်သား ဖဲသမားကျောက်ဒိုးကို ပညာပေးလိုက်တာ တကယ်တော်တာပဲ။ ခုလောက်ဆို – ကျောက်ဒိုးလည်း သူမြတ်နိုးတဲ့ဖဲချပ်လေးတွေ ပွတ်လို့မရတော့ဘူး"

"ဘာဖြစ်လို့ – ဖဲချပ်လေးတွေ ပွတ်လို့မရတော့တာလဲ – ရှင်းစမ်းပါဦး"

"ဘယ်လိုလုပ် ဖဲချပ်တွေ ကိုင်လို့ရမှာလဲကွာ။ သူ့လက်နှစ်ဖက်စလုံး တုံးတိကြီးဖြစ်ပြီး လက်ချောင်းလေးတွေ မရှိတော့တာပဲ"

"ဟုတ်တယ် – တာတီး။ ငါက နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးအကြောင်းကို ကောင်းကောင်းသိထားတယ်။ အဲဒီအိမ်ကြီးမှာ လူမနေတာကြာတော့ မြေကြွက်ကြီးတွေက ကြောင်လောက်နီးနီးရှိတယ်။ ချုံတွေ၊ နွယ်တွေဖုံးထားတာ နှစ်ပေါင်းကြာလာတော့ မြွေတွေ၊ ကင်းတွေ၊ အဆိပ်ရှိတဲ့သတ္တဝါတွေ ခိုအောင်းလို့ကောင်းတဲ့နေရာတစ်ခု ဖြစ်နေတာပေါ့။ အစထဲက ငါ့အကြံနဲ့ ကျောက်ဒိုးကို အကွက်ချ စီစဉ်လိုက်တာပဲ"

"ဘယ်လိုစီစဉ်လိုက်တာလဲ – ကိုဗလ"

"ငါတို့ရွာကလူတွေ ပြော,ပြောနေတဲ့ နှစ်ဆောင်ပြိုင်စံအိမ်ကြီးမှာရှိတဲ့ တစ္ဆေသရဲတွေက လူသားစားတယ်ဆိုတာလေ။ အမှန်တော့ – တစ္ဆေသရဲတွေက လူသားစားတာမဟုတ်ဘူး။ တကယ်စားတဲ့အကောင်တွေက အင်မတန်ကြီးတဲ့ မြေကြွက်ကြီးတွေ။ အစထဲက ကျောက်ဒိုးနဲ့ အလောင်းအစားလုပ်ပြီး အရက်ပုလင်းနဲ့ ထမင်းထုပ် ပေးလိုက်တာ။ ဟိုရောက်ရင် တစ်ယောက်ထဲဆိုတော့ညမှာအရက်သောက်မယ်။ ဗိုက်ဆာလာရင်ထမင်းထုပ် ဖြေစားမယ်။ မူးမူးနဲ့ လက်မဆေးဘဲအိပ်ရင် ဟင်းစော်နံ့နေတဲ့လက်

တွေကိုအစာရေစာ ငတ်ပြတ်ဆာလောင်နေတဲ့ မြေကြွက်ကြီးတွေ ကိုက်စားသွားတာပေါ့ကွာ - ဟား - ဟား - ဟား"

"ပိုင်လိုက်လေ - ကိုဗလရာ၊ ကျောက်ဒိုးကိုယ်တိုင်က မြေကြွက်ကြီးတွေ သူ့လက်ချောင်းကို ကိုက်စားတာမသိဘဲ တစ္ဆေသရဲတွေ စားတယ်လို့ ထင်ပြီး သွေးရူးသွေးတန်းနဲ့ ဥန္နဲပုတ်ရွာကို တန်းပြေးတော့တာပဲ"

"ဒါပဲလေကွာ - ဗလကို လာယှဉ်လို့ ဘယ်ရမလဲ၊ ဗလကို လာယှဉ်တဲ့ ကောင်မှန်သမျှ တစ်နည်းနည်းနဲ့တော့ ဒုက္ခရောက်စေရမယ်"

"ဟုတ်တယ် - မှုံကြီးကို ကြည့်ပါလား"

"မှုံကြီးက ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲကွ၊ မှုံကြီးဆိုတဲ့ကောင်က ရွာက ခိုင်းဖက်ပဲ၊ နုံတုံတုံ၊ အတတ၊ ခပ်ချာချာကောင်လေ၊ ဆင်းရဲသား တစ်ကောင်ကြွက်ပေမယ့် ထမင်းတော့ မငတ်ဘူး၊ ရွာထဲမှာ ကြုံရာကျပန်း လုပ်ကိုင်စားတတ်တယ်၊ ပညာမတတ်ပေမဲ့ သဘောကောင်းတယ်၊ စေတနာထားပြီး လူတိုင်းအပေါ် ကူညီတာ တစ်ရွာလုံး အသိပဲ၊ လူချစ်လူခင်လည်း များတယ်၊ ခက်တာက ဒီကောင်က ငါကြံစည်နေတဲ့ နှင်းနုကို မတန်မရာ တစ်ဖက်သတ်ကြိုက်နေတယ်၊ ဒါနဲ့ - ဒီကောင်ကိုလည်း ငါပညာပေးလိုက်တာ နှင်းနုကို လုံးဝမကြိုက်ရဲတော့ဘူး"

"ကိုဗလက မှုံကြီးကို ဘယ်လိုလုပ်လိုက်တာလဲ"

"ဘယ်လိုလုပ်လိုက်တာလဲဆိုတာ မင်း သိချင်ရင် မှုံကြီးကို ခေါ်မေးကြည့်ပါလား၊ ဟိုမှာ - မှုံကြီး"

မှုံကြီးသည် နှင်းနုတို့အိမ်မှ ရေစည်ထဲသို့ ရေထည့်ပြီး ပြန်လှည့်ထွက်လာခိုက်ဖြစ်သည်၊ ကုန်ထမ်း ရေထမ်း ထင်းခွဲ ဗာဟီရ အလုပ်မှန်သမျှ လုပ်ကိုင်သူ ဖြစ်သည်၊

"ဟေ့ကောင် မှုံကြီး - ဒီကိုလာဦး"



ခေါ်သံကြား၍ ပြန်လှည့်ကြည့်သည်၊ ဗလက လှမ်းခေါ်လိုက်သဖြင့် ဒူးတုန်သွားသည်၊ သူကြီးသား ကိုဗလကိုတော့ မှုံကြီး အသေအလဲ ကြောက်သည်၊ မှုးလာလျှင် ပြသနာရှာ၊ ထိုးကြိတ်ရိုက်နှက်တတ်သည်၊ ယခုလည်း အရက်သောက်နေရာမှ လှမ်းခေါ်နေသောကြောင့် သူ့အား ဒုက္ခပေးတော့မည်ကို ကြိုတင်သိနေသည်၊ ထွက်ပြေးလို့လည်းမဖြစ်၊ မဝံ့မရဲနှင့် ဗလတို့ ဝိုင်းနားသို့ တရွေ့ရွေ့တိုးလာသည်၊

"မှုံကြီး - ဒီကောင်တွေက နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးမှာ တစ္ဆေသရဲတွေ ရှိတယ်ဆိုတာကို မယုံဘူးလို့ ပြောနေတယ်၊ မင်းကိုယ်တိုင် ကြုံတွေ့ခဲ့ရတာတွေကို ပြောပြစမ်းပါဦး"

"ဟုတ်လားကွ - မှုံကြီး၊ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးမှာ တစ္ဆေသရဲတွေက လူတွေကို အရှင်လတ်လတ်စားတယ်ဆိုတာ - တကယ်လား"

"ဟာ - ဟုတ်တာပေါ့ - အစ်ကိုတို့ရာ၊ မယုံမရှိနဲ့ - ကျွန်တော့်ကိုယ်တိုင်ကိုယ်တွေ့ပဲ"

"ငါတို့တော့ မယုံပါဘူးကွာ"

"မယုံရင် - ဟောဒီမှာကြည့်"

မှုံကြီးက ကုပ်ထောက်အောင် ရှည်နေသည့် သူ့ဆံပင်များကို ဖယ်ရှားပြီး ပြလိုက်သည်၊ အားလုံးက ဝိုင်းကြည့်လိုက်ရာ လန့်သွားကြသည်၊ ဟုတ်သည်၊ မှုံကြီး၏ ဘယ်ဘက်နားရွက်တစ်ဖက်မှာ လုံးဝမရှိဘဲ ဖြစ်နေကြသည်၊

"အဲဒါ - သရဲစားသွားတာပဲ၊ ကျွန်တော် ပေါ့လျော့တာလည်း ပါ,ပါတယ်"

"အဲဒီအကြောင်းတွေကို ဒီကောင်တွေသိအောင် ပြောပြလိုက်စမ်းပါကွာ"

ကိုဗလက ပြောလိုက်သဖြင့် မှုံကြီးသည် သူကြုံတွေ့ခဲ့ရသည်များကို ပြန်ပြောပြသည်၊

— ❁ —

ငယ်စဉ်ထဲက လယ်သူရင်းငှားဖြစ်သော မိဘနှစ်ပါး ဆုံးသွားခဲ့သည်။ ဆွေမျိုးသားချင်းကလည်း မရှိ။ မှုံကြီး၏ ကလေးဘဝသည် ရွာကပဲ ကျွေး၊ ရွာကပဲ မွေးခဲ့ရသည်ဟု ပြောရပေလိမ့်မည်။ အရွယ်ရောက်လာသောအခါ ကြုံရာကျပန်း လုပ်ကိုင်စားသည်။ တစ်ရွာလုံးကလည်း သဘောကောင်းသည်၊ မှုံကြီးကို ချစ်ကြသည်၊ ဆင်းရဲသား တစ်ကောင်ကြွက်ဖြစ်သလို၊ အားငယ်စိတ်များနှင့် နံရာသူတစ်ဦးဖြစ်သည်။

နှင်းနုတို့အိမ်တွင် ကူညီလုပ်ကိုင်ပေးရင်း နှင်းနုအပေါ် စိတ်ဝင်စားမိသည်။ နှင်းနုကလည်း မိဘမဲ့မို့ သနားစိတ်နှင့် ခင်မင်သည်။ နှင်းနုနှင့် ပူးတွဲပူးတွဲဖြစ်နေသည်ကိုမနာလို၊ မရှုဆိတ်ဖြစ်ရသူက ဗလ။ မှုံကြီးအနေနှင့် နှင်းနုအား တင့်တောင်းတင့်တယ် လက်ထပ်ယူဖို့ မပြောနှင့်၊ နှင်းနုအပေါ် မေတ္တာရှိသည်ကိုပင် မပြောဝံ့၊ မပြောရဲပေ။ အခြေအနေချင်းကလည်း မိုးနှင့်မြေလို ကွာခြားသည်၊ နောက်ဆုံး နှင်းနုခိုင်းသမျှ လုပ်ဆောင်ပေးနေရသည်ကိုပင် ကျေနပ်နှစ်သိမ့်နေရသည့်အဖြစ်မှ မကျော်ရဲ။

တစ်နေ့တွင် သူကြီး ဦးယက္ခ ခိုင်းသဖြင့် ခြံထဲမှ သစ်ပင်များ ခုတ်ပေးရသည်၊ ခုတ်ပြီးသော သစ်ကိုင်းများကို ထင်းအဖြစ် ဖြတ်တောက်နေစဉ် ဗလ ရောက်လာသည်၊ ဗလအနေနှင့် မှုံကြီးသည် နှင်းနုကို တိတ်တဆိတ် ကြိတ်ချစ်နေသည်ကို သိနေသည်၊ နှင်းနုအပါးမှ အဝေးသို့ လွင့်ထွက်သွားရန် မကောင်းကြံတော့သည်၊

"ဒီမယ် – မှုံကြီး – မင်း – နှင်းနုကို သဘောကျတယ်ဆိုတာ ငါသိတယ်၊ မင်း – နှင်းနုကို မလိုချင်ဘူးလား"

မှုံကြီး စိတ်ထဲတွင် ပျော်သွားသည်၊ ဘာမှတော့ ပြန်မပြောပေ၊ ကိုဗလ ဆက်ပြောနေသည်ကို နားထောင်နေမိသည်၊

"နှင်းနုကို လက်ထပ်ဖို့က မင်းမှာ စုဆောင်းထားတဲ့ငွေကြေးကလည်း မရှိဘူး၊ ပြောလည်း မပြောရဲဘူး၊ တကယ်လို့ – ငါပြောတဲ့အတိုင်းသာ လုပ်မယ်ဆိုရင် နှင်းနုနဲ့ နီးစပ်အောင် ငါပြောပေးမယ်၊ မင်းတို့ မင်္ဂလာဆောင်ဖို့ အတွက်လည်း လုံလုံလောက်လောက်ငွေတွေ ငါထုတ်ပေးမယ်"

"ကျွန်တော်က ဘာလုပ်ရမှာလဲ၊ နှင်းနုနဲ့ နီးစပ်ဖို့ရာဆိုရင် ကိုကြီးဗလ ဘာခိုင်းခိုင်း၊ ကျွန်တော် လုပ်ပါ့မယ်၊ ဒါပေမဲ့ – မကောင်းတဲ့အလုပ်တော့ ကျွန်တော် မလုပ်ချင်ဘူး"

"မကောင်းတဲ့အလုပ် မဟုတ်ပါဘူး၊ ရာဇဝတ်ပြစ်မှုနဲ့လည်း ကင်းပါတယ်၊ ဘုရားကုန်းပျက်ကြီးနားမှာရှိတဲ့ နှစ်ဆောင်ပြိုင်စံအိမ်ဟောင်းကြီးထဲမှာ မင်း တစ်ညသွားအိပ်ဝံ့သလား"

မှုံကြီး စဉ်းစားသည်၊ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးတွင် တစ္ဆေသရဲများရှိသည်၊ သရဲများက လူတွေကို အရှင်လတ်လတ်စားသည်၊ စေတီပျက်များတွင် ဥစ္စာစောင့်တွေ ရှိသည်၊ သချိုင်းလမ်းရှိ ညောင်မှတ်ဆိတ်ပင်များတွင် ကုန်းစီးတစ္ဆေလေးများ ရှိသည်၊ လူပြောများသဖြင့် ရှောင်ကွင်းထားသော နေရာဖြစ်သည်၊ သို့သော် နှင်းနုကိုသာရမည်ဆိုပါက ဘာပဲဖြစ်ဖြစ် သူ စွန့်စားကြည့်ချင်သည်၊ နှင်းနု၏ ချစ်စဖွယ်ကောင်းသောမျက်နှာလေးကို မြင်ယောင်လာသည်၊ နှင်းနုနှင့် အတူတူနေရမည့်အကြောင်းကို တွေးပြီး ပျော်သွားသည်၊

"လုပ်မယ်ဗျာ၊ ကျွန်တော် – တကယ်သွားအိပ်မယ်၊ နောက်ပြီးတော့မှ သာ ကိုကြီးဗလဘက်က တစ်မျိုးတစ်မည်လျှောက်မလုပ်နဲ့၊ မင်္ဂလာဆောင်ဖို့ ငွေက တကယ်ထုတ်ပေးမှာလား"

"ပေးမှာပေါ့ကွာ၊ မင်းသာ တစ်ညသွားအိပ်ရဲရင် ငါက ကတိတည်ပါတယ်"

အဆိုပါသတင်းမှာ မြနဒီရွာလေးတွင် ပျံ့နှံ့သွားသည်။ ဗလက ဘယ်လို အကြံအစည်ရှိသည်မသိ၊ မှုံကြီးအတွက် စိုးရိမ်သွားကြသည်။ ရွာတွင် ဆေးကုသောဆေးဆရာကြီး မဟာဒွိဂိုဏ်းဝင် ဆရာကြီး ဦးဒေဝက မှုံကြီးသတင်းကို ကြားပြီးနောက် သနားသောကြောင့် ခေါ်တွေ့သည်။

— ☸ —

ဆရာကြီး ဦးဒေဝသည် အသက်(၇၀)ကျော်ပြီဖြစ်သည်။ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးနှင့်ပတ်သက်ပြီး ရှေ့မီနောက်မီ သိရှိထားသည်။

"မင်းက နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးအကြောင်းကို ဘယ်လောက် သိထားသလဲ - မှုံကြီး"

"ကျွန်တော် ဘာမှမသိပါဘူး - ဆရာကြီး။ ရွာထဲကလူတွေ ပြောတာကတော့ တစ္ဆေသရဲတွေ ခြောက်လှန့်တတ်လို့ ဘယ်သူမှမသွားရဲဘူး ပြောကြပါတယ်"

"အေး - အဲဒီအိမ်ကြီးရဲ့နောက်ကြောင်းရာဇဝင်တွေကို ငါ့အဘိုးအဘွားတွေ ပြောပြခဲ့လို့ သိရှိခဲ့ရတယ်"

"ဘယ်လိုပါလဲ - ဆရာကြီး။ ကျွန်တော်လည်း သိချင်ပါတယ်"

"စ,ဖြစ်ပုံ ပြောရရင် ဒီလိုကွယ့်"

မဟာဒွိဂိုဏ်းဝင် ဆရာကြီး ဦးဒေဝက နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီး နောက်ကြောင်းရာဇဝင်ကို မှုံကြီးအား ပြောပြသည်။

— ☸ —



နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးကို စတင်ဆောက်လုပ်ခဲ့သူမှာ မြို့ပိုင်မင်း ဦးအောင်ဘနှင့် ဇနီးဖြစ်သူ ဒေါ်ထိပ်ထားခိုင်တို့ ဖြစ်သည်။ မြန်မာနိုင်ငံအား အင်္ဂလိပ်များ သိမ်းပိုက်ထားချိန်ဖြစ်၍ မြို့ပိုင်မင်း ဦးအောင်ဘမှ ရာထူးဂုဏ်ရှိန် မောက်လွန်းလှသည်။ ဒေါ်ထိပ်ထားခိုင်မှာလည်း နန်းတွင်းအဆက်အနွယ်မှ ဆင်းသက်လာသူဖြစ်၍ လင်မယားနှစ်ယောက်စလုံး ဘဝင်မြင့်ပြီး မာနကြီးကြသည်။ ရွာသူရွာသားများနှင့် မပတ်သက်လိုသောကြောင့် ရွာအစွန်တွင် ကြီးမားသော နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးကို တည်ဆောက်ခဲ့ကြသည်။

ဒေါ်ထိပ်ထားခိုင် ကျန်းမာရေး ဆိုးဝါးပြီး နောက်ဆုံးချိန်တွင် ပန်းချီဆရာလေး မောင်နန်းဝေကို ခေါ်ပြီး အမှတ်တရ ပန်းချီရေးဆွဲစေသည်။ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးတွင် ပန်းချီရေးဆွဲရင်း သမီးဖြစ်သူ ခင်ခင်လေးနှင့် ချစ်သူတွေ ဖြစ်လာကြသည်။ လူကြီးများမသိအောင် တိတ်တဆိတ် လျှို့ဝှက်စွာ နေခဲ့ကြသည်။ သို့သော် ဦးအောင်ဘ သိရှိသွားပြီး ဒေါသပေါက်ကွဲသွားသည်။

"အနူလက်နဲ့ ရွှေခွက်နှိုက်ချင်တဲ့ကောင်။ မှတ်လောက်သားလောက်အောင် ဆုံးမရမယ်"

တပည့်များကို အမိန့်ပေးလိုက်သည်။ ဦးအောင်ဘ တပည့်များက မောင်နန်းဝေကို ဝိုင်းဝန်းရိုက်နှက်ပြီး နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးမှ နှင်ထုတ်လိုက်ကြသည်။ ခင်ခင်လေးအဖို့ ချစ်သူနှင့် ဝေးရ၍ ဝမ်းနည်းကြေကွဲမဆုံး ဖြစ်ရသည်။

"နောက်ထပ် - ဒီကောင်နဲ့ ဆက်ဆံတာလုပ်ရင် နင်တို့နှစ်ယောက်စလုံးကို သတ်ပစ်မယ်"

ဆူပူကြိမ်းမောင်းပြီး ခင်ခင်လေးအား အခန်းတံခါး ပိတ်လှောင်ထားလိုက်ကြသည်။ ခင်ခင်လေး၏ အချစ်ဝေဒနာကို မခံစားနိုင်သော အိမ်ဖော်မကြီးက ကူညီပေးသည်။ ပန်းချီဆရာလေး မောင်နန်းဝေနှင့် အဆက်အသွယ်ပြန်ရသည်။ လပြည့်ညတွင် မောင်နန်းဝေ လာခေါ်မည်။ ချစ်သူခေါ်ရာနောက် သို့လိုက်ရန် ခင်ခင်လေး ဆုံးဖြတ်လိုက်သည်။

ရှိန်းဆိုထားသည့်အတိုင်း လပြည့်ညတွင် ခိုးရာလိုက်ခဲ့သည်၊ သို့သော် ဦးအောင်ဘနှင့် တပည့်များက အချိန်မီ သိလိုက်ကြပြီးနောက်မှ လိုက်လာကြသည်၊ သေနတ်သံတစ်ချက် ထွက်ပေါ်လာပြီး မောင်နန်းဝေ မြေပြင်ပေါ်တွင် ပုံခနဲ လဲကျသွားသည်၊ ဦးအောင်ဘ ပစ်လိုက်သောကျည်ဆန်က နောက်ကျောမှ ဖောက်ထွက်သွားသည်၊

မောင်နန်းဝေသေဆုံးသွားသည်၊ လူသတ်မှုကိုဖျောက်ဖျက်နိုင်ခဲ့သည်၊ ဦးအောင်ဘသည် မြို့ပိုင်မင်းဖြစ်သလို၊ အရှိန်အဝါကြီးသည်၊ ပန်းချီဆရာ မောင်နန်းဝေသည် သူ့အိမ်မှ ရှေးထည်ပစ္စည်းများကို ခိုးယူထွက်ပြေးသွားသောကြောင့် ယခုလိုဖြစ်ရကြောင်းနှင့် မောင်နန်းဝေ သေဆုံးမှုမှာ ပြီးပြီး ပျောက်ပျောက်ဖြစ်သွားသည်၊

ခင်ခင်လေးမှာလည်း မိမိရှေ့မှာပင် ချစ်သူဖြစ်သူ မရှုမလှ သေဆုံးခဲ့ရသဖြင့်ဆက်လက်အသက်ရှင်မနေချင်တော့ပေ၊ထိုညမှာပင်အဆိပ်သောက်ပြီး သူ့ကိုယ်သူ သတ်သေခဲ့သည်၊ ဦးအောင်ဘမှာလည်း စိတ်ဆင်းရဲမှု များစွာကြုံတွေ့ရပြီး တစ်လခန့်အကြာတွင် ကွယ်လွန်သွားသည်၊ ဦးအောင်ဘမရှိသည့်နောက် ညီဖြစ်သူ ဦးအောင်ခ ရောက်လာပြီး ချစ်တီးကုလားလက်ထဲ ရောင်းချခဲ့သည်၊

ထိုအချိန်မှစ၍ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးမှာ သရဲခြောက်သည့် အိမ်ကြီးအဖြစ် နာမည်ကြီးလာသည်၊ ကွယ်လွန်သွားကြသော ပန်းချီဆရာ မောင်နန်းဝေ၊ ခင်ခင်လေး၊ ဦးအောင်ဘ၊ ဒေါ်ထိပ်ထားခိုင်တို့မှာ မကျွတ်မလွတ်ဘဲ တစ္ဆေသရဲများဖြစ်ကာ နေကြသည်ဟု ဆိုကြသည်၊

ချစ်တီးကုလားမှာလည်း သရဲခြောက်၍ ကြောက်လန့်ပြီး ပြောင်းရွှေ့သွားသည်၊ ထိုအချိန်မှစ၍ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးမှာ အိမ်အိုအိမ်ပျက်ကြီး ဖြစ်လာသည်၊ ခွေးလေ ခွေးလွင့်များ ဝင်ရောက်နေထိုင်ကြသည်၊ ကြောင်လောက်ရှိသည့် ကြွက်ကြီးများ၊ လင်းနို့များ ခိုအောင်းရာ ဖြစ်လာသည်၊ လူမနေသည်မှာ ကြာပြီဖြစ်၍ ပြိုပျက်သောနေရာများက ပြိုပျက်လာကြသည်၊ ညအမှောင်ထဲတွင် တစ္ဆေသရဲကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသကဲ့သို့ အကြည့်ရဆိုးသော နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီး ဖြစ်သည်၊

— ☸ —

"နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးရဲ့နောက်ကြောင်းရာဇဝင်ကတော့ ဒါပဲ မှုံကြီး၊ မြို့ပိုင်မင်း ဦးအောင်ဘတို့မိသားစုဟာ အစွဲတွေ မကျွတ်နိုင်ဘဲ သေ



ထိုညက မှုံကြီးသည် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားသည်။ မနက် မိုးလင်းသောအခါ ထူးထူးခြားခြား သူ၏နားတစ်ဖက်မှာ နာကျင်နေ၍ လက်ဖြင့် စမ်းကြည့်လိုက်သည်။ သွေးစများ ပေကျံသွားသည်။ ထိုအချိန်ကျမှ မှုံကြီးတွင် ညာဘက်နားရွက်တစ်ဖက် မရှိတော့ [illegible]သည်။ သရဲစားသွားခြင်းသာ ဖြစ်ပေလိမ့်မည်ဟု ယုံကြည်သွားသည်။

သွားကြတဲ့သူတွေ ရုထိမကျွတ်မလွတ်သေးဘဲ တစ္ဆေသရဲတွေဖြစ်ချင်ဖြစ်နေမှာပေါ့ကွာ၊ အဲဒါကြောင့် - အန္တရာယ်ရှိတဲ့နေရာကို မသွားစေချင်ဘူး၊ မင်းက ဗလပြောတဲ့အတိုင်း တစ်ညသွားအိပ်မှာလား"

"တစ်ညတည်း အိပ်ရုံနဲ့ ပိုက်ဆံရမှာပဲ - ဆရာကြီးရာ၊ ကျွန်တော်က တစ္ဆေသရဲတွေကို မကြောက်ပါဘူး၊ သွားအိပ်မှာပေါ့"

"အေး - ပြောလို့မရလည်း မင်းကို ငါ တစ်ခုကူညီပေးလိုက်မယ်၊ ဒါက ငါကိုယ်တိုင်စီရင်ထားတဲ့ အစွမ်းထက်ဆီမန်းပဲ၊ မင်းယုံယုံကြည်ကြည်နဲ့ သာ အသုံးပြုပေတော့၊ အရေးကြီးတာက သွားအိပ်မယ့်ညကျရင် ရေမိုးချိုး၊ ဘုရားမှာ ငါးပါးသီလယူ၊ မင်းတစ်ကိုယ်လုံးမှာ ဆီမန်းတွေလိမ်းပြီး သွားအိပ်ပေတော့၊ မင်းကို ဘယ်သရဲတစ္ဆေကမှ ကပ်တာ၊ ခြောက်တာ၊ လှန့်တာ လုပ်လို့မရတော့ဘူး"

မှုံကြီးသည် ဆရာကြီးဦးဒေဝ ပေးလိုက်သော ဆီမန်းအားဝမ်းသာအားရ စွာ ယူပြီး ပြန်လာခဲ့သည်၊ ကိုဗလကိုလည်း ယနေ့ည နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးတွင် သွားအိပ်မည်ဖြစ်ကြောင်း ပြောပြလိုက်သည်၊

အိမ်ပြန်ရောက်သောအခါ ဆရာကြီးဦးဒေဝ မှာကြားသည့်အတိုင်း ခန္ဓာကိုယ် သန့်စင်အောင် ရေမိုးချိုးသည်၊ ဘုရားကျောင်းဆောင်ရှေ့တွင် ငါးပါးသီလ ခံယူသည်၊ ဆီမန်းကို တစ်ကိုယ်လုံးအနှံ့ လိမ်းလိုက်သည်၊ ညနေဘက်တွင် မြနန္ဒီရွာတောင်ဘက်ရှိ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးဆီသို့ ထွက်လာခဲ့သည်၊ တဖြည်းဖြည်းနှင့် ဘုရားကုန်းကျောင်းပျက်အနီးသို့ ရောက်လာသည်၊

ရှေးဟောင်းစေတီအပြိုအပျက်များမှာလည်း ပြုပြင်ထိန်းသိမ်းသူ မရှိသောကြောင့် အုတ်ပုံကြီးသာ ဖြစ်နေကြသည်၊ ထိုအထဲမှ ဥစ္စာစောင့်မလေးများ ထွက်လာမလားဟု မှုံကြီး ကြည့်သည်၊ ထူးထူးခြားခြား ဘာမှမတွေ့ရပေ၊ ဆရာကြီး ဦးဒေဝ ပေးထားသော ဆီမန်းကို တစ်ကိုယ်လုံး လိမ်းထားသော ကြောင့် ဥစ္စာစောင့်များလည်း သူ့အနားသို့ လာရဲတော့မည် မဟုတ်ပေ၊ သူကိုယ်တိုင် ယုံကြည်မှု အပြည့်အဝရှိနေသည်၊

သုသာန်အဝင် လမ်းထဲသို့ ဝင်လာခဲ့သည်၊ ကြီးမားသော ဉောင်မှတ်ဆိတ်ပင်များသို့ မော့ကြည့်လိုက်သည်၊ ကုန်းစီးမှင်စာလေးများကိုလည်း အရိပ်အယောင်မျှ မတွေ့ရပေ၊ သချိုင်းနယ်မြေကို ကျော်ပြီး နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးထဲသို့ မှုံကြီး ဝင်လာခဲ့သည်၊ ခွေးလေ ခွေးလွင့်များက အုပ်စုလိုက် ထိုးဟောင်ကြသည်၊ မှုံကြီးသည် အနီးရှိအုတ်ခဲကျိုးများနှင့် ပစ်ပေါက်ခြောက်လှန့်လိုက်သောအခါ သချိုင်းထဲသို့ ခွေးများ ပြေးဝင်သွားကြသည်၊ ဆီမန်းကို ကြောက်သွားကြပြီထင်သည်၊

စံအိမ်တော်ကြီးအတွင်းရှိ အခန်းများမှာလည်း ကျိုးပဲ့ပျက်စီးလျက် ရှိသည်၊ မှုံကြီးသည် သစ်တိုသစ်စများကို ဖယ်ရှားရှင်းလင်းပြီး ကြောက်ရွံ့စိတ်ကင်းစွာနှင့် လဲလျောင်းလိုက်သည်၊ မျက်နှာကြက်တွင် တွဲလောင်းကျနေသော လင်းနို့များလည်း တကျွိကျွိ တဖျတ်ဖျတ်နှင့် ဆူညံနေပေသည်၊ အမိုက်သရိုက်များကြားတွင် ပြေးလွှားနေသော ကြောင်လောက်နီးပါးရှိသည့် မြေကြွက်ကြီးများလည်း ရှိနေကြသည်၊

ထိုညက မှုံကြီးသည် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားသည်၊ မနက်မိုးလင်းသောအခါ ထူးထူးခြားခြား သူ၏နားတစ်ဖက်မှာ နာကျင်နေ၍ လက်ဖြင့်စမ်းကြည့်လိုက်သည်၊ သွေးစများ ပေကျံသွားသည်၊ ထိုအချိန်ကျမှ မှုံကြီးတွင် ညာဘက်နားရွက်တစ်ဖက် မရှိတော့ကြောင်း သိလိုက်ရသည်၊ သရဲစားသွားခြင်းသာ ဖြစ်ပေလိမ့်မည်ဟု ယုံကြည်သွားသည်၊

— ❁ —

ဆေးဆရာကြီး ဦးဒေဝ ပေးထားသော ဆီမန်းကို မင်းတစ်ကိုယ်လုံး လိမ်းထားလျက်သားနဲ့ မင်းနားရွက်တစ်ဖက်ကို သရဲက ဘာပြုလို့စားသွားတာလဲ၊

ဗလတို့အုပ်စုက မှုံကြီး နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးတွင် တစ်ညအိပ်ခဲ့ပုံအကြောင်းကို ဝိုင်းမေးကြသည်၊

"ကျွန်တော် ပေါ့တာပါဗျာ၊ ဆီမန်းကို လိမ်းတာတော့ တစ်ကိုယ်လုံး လိမ်းတာပဲ၊ ဒါပေမဲ့ - အဲဒီညာဘက်နားရွက်နားရောက်တော့ ဆီမန်းက ကုန်သွားတယ်၊ ကျွန်တော်လည်း ဒီလောက်တော့ ဘာမှမဖြစ်ပါဘူးဆိုပြီး ဒီအတိုင်းသွားအိပ်တာ၊ အိပ်နေတုန်းမှာပဲ ဒီသရဲက ဆီမန်းမလူးတဲ့နားရွက်ကို ကိုက်စားသွားတာပဲ၊ ကျွန်တော် သွားတော့မယ်၊ ရေထမ်းတွေ ဖြည့်ရဦးမယ်"

မှုံကြီးသည် ရေထမ်းပုံးများကို ကောက်ကိုင်ပြီး ထွက်သွားသည်၊

"ဆရာကြီး ဦးဒေဝရဲ့ ဆီမန်းက တစ္ဆေသရဲတွေ မကပ်နိုင်အောင် တော်တော်စွမ်းတာပဲ"

"ဘယ်ကဟုတ်ရမှာလဲကွာ၊ ဆရာကြီး ဦးဒေဝက နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးမှာ ကြွက်ကြီးတွေ သောင်းကျန်းမှန်းသိတယ်၊ မှုံကြီးကို ကြွက်ကြီးတွေ မကိုက်ရအောင် ဆေးဖော်ပေးလိုက်တာပဲ၊ နားရွက်မှာ မလိမ်းမိတော့ ကြွက်တွေ ကိုက်စားသွားတာပေါ့ကွာ၊ အဲဒီအချိန်ကစပြီး မှုံကြီးကို ငါ ပြောလိုက်တယ်၊ မင်း အခု ဒုက္ခိတဖြစ်သွားပြီ၊ နားရွက်တစ်ဖက်လည်း မရှိတော့ဘူး၊ နင်းနက မကြိုက်တော့ဘူး ပြောလိုက်တာနဲ့ ဒီကောင် နင်းနကို ရှောင်တော့တာပဲ၊ ဘယ်နှယ့်လဲ - ငါ့အကြံ ပိုင်တယ်မဟုတ်လား"

"ဟုတ်တာပေါ့၊ ဒါကြောင့်မို့လို့လဲ - ကျွန်တော်တို့က ကိုဗလကို ဆရာတင်ထားတာလေ"

ဗလ၏တပည့်များဖြစ်ကြသော တာတေ၊ ဖိုးထောင်တို့မှာ အထင်ကြီးလေးစားစွာဖြင့် ဗလအား မော့ကြည့်လိုက်ကြသည်၊ ဗလမျက်နှာမှာတော့ အရက်အဆီပြန်လျက်၊ သူ့ ဦးနှောက်ထဲတွင် ပက်စက်ယုတ်မာကောက်ကျစ်သော အကြံအစည်များ အပြည့်အဝ ထည့်သိုထားသည်၊

— ☸ —

ဗလကိုယ်တိုင် ဝဋ်လည်သွားသည်လားမသိ၊ ရက်အနည်းငယ်ကြာသောအခါ ဘုရားကြီးကုန်းပျက်တွင် ဦးခေါင်းအား လေးလံသောလက်နက်ဖြင့် ထုနက်ထားခံရပြီး သွေးများစိုရွှဲနေသော ဗလအလောင်းကို တွေ့ရှိလိုက်ကြရသည်၊ သူကြီးဦးယက္ခသည် သားတော်မောင်လူဆိုးလူမိုက်ကြီးအတွက် ဘာလုပ်ရမှန်းမသိတော့ပေ၊ ဘဝတစ်လျှောက်လုံး ပေတေဆိုးမိုက်လာသောဗလအား မကျေနပ်သူ၊ ရန်ငြိုးထားသူတွေ များလှသည်၊ ဗလကို သတ်သွားသော တရားခံကိုလည်း ဖော်ထုတ်နိုင်ခြင်း မရှိပေ၊

ထိုအချိန်မှစပြီး ဥန္နပုတ်ရွာသား လက်ရှောင်းများမရှိသော ဖဲသမားကျောက်ဒိုးနှင့်မြနဒီရွာမှ နားရွက်ပြတ်မှုံကြီးတို့လည်း မသိမသာ ရွာမှပျောက်ဆုံးသွားကြသည်၊